ကြေးမုံ

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957 *The* Mirror Daily

၁၃၇၇ ခုနှစ် တန်ခူးလဆန်း ၉ ရက် စနေနေ့ 16, Saturday April 2016 (စာမျက်နှာ ၁၃)

ကြေးမုံသတင်းစာ (၅၉)နှစ်ပြည့် အထူးထုတ်

ကြေးမုံသတင်းစာ လွမ်းစရာ

မောင်စွမ်းရည် — အထူးထုတ် စာမျက်နှာ ၁

ကြေးမုံခင် ပျောက်ဆုံးခြင်း

မင်းကိုနိုင် — အထူးထုတ် စာမျက်နှာ ၁

အဲဒီအချိန်က သတင်းစာက သွက်တယ် သတင်းစာအင်္ဂါနဲ့ ပြည့်စုံတယ်

တစ်ချိန်က ကြေးမုံကို ဝိုင်းဝန်းခဲ့သူများ
ဟန်ဂေရီဦးကိုကိုကြီး၊ ဦးမြတ်ဆွေ၊ ကြေးမုံဦးသော်တို့နှင့် အင်တာဗျူး

ခင်ဘုန်းသွယ် — အထူးထုတ် စာမျက်နှာ ၄

ရန်ကုန်သင်္ကြန် ပြုပြင်ရန်

ပြန်လည်ဖော်ပြခြင်း

သော်တာဆွေ — အထူးထုတ် စာမျက်နှာ ၄

နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဒိန်းမတ်နိုင်ငံ ဘုရင်မကြီးမွေးနေ့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၁၆

၂၀၁၆ ခုနှစ် ဧပြီ ၁၆ ရက်တွင် ကျရောက်သော ဒိန်းမတ်နိုင်ငံ ဒုတိယမြောက် မာဂရိသ် ဘုရင်မကြီး၏မွေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ဒိန်းမတ်နိုင်ငံ ဒုတိယမြောက် မာဂရိသ် ဘုရင်မကြီးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၆ ခုနှစ် ဧပြီ ၁၆ရက်တွင် ကျရောက်သော ဒိန်းမတ်နိုင်ငံ ဒုတိယမြောက် မာဂရိသ် ဘုရင်မကြီး၏ မွေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ဒိန်းမတ်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လားဂ(စ်) လော့ကီး ရတ်စ်မူဆင် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

မဟာသင်္ကြန် ဒုတိယအကြတ်နေ့ နေပြည်တော်တစ်ခွင်၌ ပျော်ပျော်ရွှင်ရွှင် ရေကစားသူများဖြင့်စည်ကား

နေပြည်တော် ဧပြီ ၁၅

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ လမ်းမကြီးများ၏ လမ်းဘေးဝဲ၊ ယာ တစ်ဖက်တစ်ချက်စီတွင် ဝါရှေ့ရည်ဆင်းအလှနှင့် ရှုမငြီးဖွယ် တင့်တယ်စွာ ဖူးပွင့်နေကြသည့် ဥရွေ့ဝါနှင့် ပိတောက်တို့သည်လည်း ခါသင်္ကြန်၏အဓိပ္ပာယ်ကို ပိုမိုသက်ဝင် နိုးကြွလာစေရန် ကူပံ့ပွင့်ဖူးလျက်ရှိကြသည်။ အလှတွင် အယဉ်ဆင့်ဟု ဆိုရလောက်အောင် စိန်ပန်းနီနီ ပွင့်ချပ်ညီတို့က ဥရွေ့ဝါနှင့် ပန်းပိတောက်တို့၏အလှကို ထပ်ဆင့်ပံ့ပိုးကူညီ၍ အလှချင်းပြိုင်ကာ ဖူးပွင့်နေကြသည်ကို လည်း တွေ့ရသည်။

မြန်မာ့ရိုးရာမဟာသင်္ကြန်ကို ချစ်မြတ်နိုးကြသည့် သင်္ကြန်ချစ်သူ လူကြီး၊ လူငယ်၊ ကလေးသူငယ်အစုံတို့၏ မျက်နှာများထက်တွင် အေးချမ်းပျော်ရွှင်သည့် အပြုံးတို့ကို တွေ့မြင်ရသည်။

၁၃၇၇ ခုနှစ် မဟာသင်္ကြန် အကြတ်နေ့ (ဒုတိယနေ့)တွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ ဟိုတယ်အေစီအီး ရေကစားမဏ္ဍပ်၊ ရွှေသံလွင် မိသားစုရေကစား မဏ္ဍပ်၊ နေပြည်တော်-တောင်ညိုလမ်းပေါ်ရှိ နေပြည်တော် စည်ပင်သာယာရေး မိသားစု ရေကစားမဏ္ဍပ်အပြင် နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်၊ ရပ်ကွက်များအလိုက် ရေကစားမဏ္ဍပ်များ၌ မဟာသင်္ကြန်အတာရေ သဘင်ပွဲကို ပျော်ရွှင်အေးချမ်းစွာ ဆင်နွှဲကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❐

ကြေးမုံ

တာဝန်ရှိရှိ တာဝန်သိသိ အစိုးရ ဖြစ်စေရေး

စိုစိုရွှဲနေသော လုလင်လုံမတို့၏ပုံရိပ်များနှင့်အတူ သင်္ကြန်သီချင်းသံများ၊ ရေလောင်းရေပက်သံများ၊ သင်္ကြန်သံချပ်သံများက နှစ်သစ်နှီးစက်ဖြစ်နေသည်။ နှစ်ဦးရောက်ပြီဟူသော အသိနှင့် နိုင်ငံသားတို့ မျှော်လင့်ချက်သစ်တို့ဖြင့် အားတက်နေကြသည်။

မျှော်လင့်ချက်သစ်၊ အိပ်မက်သစ်တို့နှင့်အတူ အပြောင်းအလဲဆိုသော စကားရပ်က မြန်မာနိုင်ငံတစ်ခုလုံးလွှမ်းခြုံထားသည်ကို သတိထားမိပါသည်။ အပြောင်းအလဲဆိုသည့် စကားရပ်ကိုယ်နှိုက်က ပြည်သူပြည်သားများ၏ နေ့စဉ်သုံးဝေါဟာရထဲမှာ ပါဝင်လာသည့်စကားရပ်တစ်ခုအဖြစ် တွင်ကျယ်လာနေသည်။

နိုင်ငံရေးအပြောင်းအလဲ။ စီးပွားရေးအပြောင်းအလဲ။ လူမှုရေးအပြောင်းအလဲ။ ယဉ်ကျေးမှုအပြောင်းအလဲ။ ဘက်စုံ၊ ကဏ္ဍစုံ၊ နေရာစုံ၊ နယ်ပယ်စုံတို့မှာ ပြောင်းလဲဖို့ မျှော်လင့်နေကြသည်။

သည်အပြောင်းအလဲများကို ယနေ့ မြန်မာ့နိုင်ငံရေး ခေါင်းဆောင်တို့က ဦးဆောင်ကြွေးကြော်ခဲ့ပြီး အပြောင်းအလဲဖြစ်ရေးကို အကောင်အထည်ဖော်ရာ၌ ပြည်သူတို့က ဝိုင်းဝန်းပါဝင်ဆောင်ရွက်နေကြသည်။ ပြည်သူတို့၏ ပါဝင်မှုက ပင်မထောက်ပံ့အားပဲ ဖြစ်ပါသည်။ ပြည်သူတို့ကလည်း မိမိတို့ လုပ်သင့်သည်ဟု ယူဆသည်များကို ထောက်ခံအားပေး လုပ်ဆောင်နေကြသည်။ ကဏ္ဍအသီးသီး၊ အစိတ်အပိုင်းအသီးသီးမှာ မိမိတာဝန်ရှိသည်ဟု ခံယူထားသည့်အပိုင်းကို တာဝန်ယူ ဆောင်ရွက်နေကြသည်ကို အားတက်ဖွယ်တွေ့မြင်နေရသည်။

သင်္ကြန်ကာလ ရုံးပိတ်ရက်က ရှည်ကြာလွန်းသည်။ သည်လို ရုံးပိတ်ရက်ရှည်ထဲမှာ အစိုးရအဖွဲ့ဝင်သစ်များ အလုပ်ဆင်းနေကြ၊ လုပ်နေကြသည်များကို တွေ့မြင်နေရသည်။ အလုပ်တစ်ရက်နားလျှင် တစ်ရက်နောက်ကျသွားနိုင်သည်များ ရှိနေသည်ဟု ယူဆရသည်။ တာဝန်ရှိသူများက မိမိကိုယ်ကို တာဝန်ရှိသူအနေဖြင့် ခံယူကာ တာဝန်ယူနေကြခြင်းကိုပဲ ပြည်သူတို့မှာ ကျေနပ်အားရရှိနေကြသည်။ ဒါကိုပဲ ကျေးဇူးတင်နေရသည်။

တာဝန်ရှိသူတို့ တာဝန်ရှိသည့်အတိုင်း အလုပ်လုပ်ကြရတာ အထူးကျေးဇူးတင်စရာလားဟု မေးခွန်းထုတ်စရာရှိသည်။

ပြည်သူလူထုအတွက်တော့ ကိုယ့်တာဝန်ကိုယ်ယူပြီး အလုပ်လုပ်နေကြသည်ကို ကျေးဇူးတင်နေရခြင်းဖြစ်သည်။

တာဝန်ရှိသူတို့ တာဝန်ရှိသည့်အတိုင်း အလုပ်မလုပ်ကြတာ၊ တာဝန်မဲ့ကြတာ၊ တာဝန်ပျက်ကွက်ခဲ့ကြတာ၊ မိမိတာဝန်ကို ကျေပွန်အောင်မလုပ်ဘဲ မိမိနှင့် မဆိုင်သည့်တာဝန်ကို ဝင်ရောက်စွက်ဖက်တာတို့ကို နှစ် ၅၀ ကျော်ကြာအောင် ပြည်သူတို့ တွေ့ကြုံစိတ်ပျက်ခဲ့ကြရသည် မဟုတ်ပါလား။

သည်တော့ ယခုလို ပြည်သူတို့အရေးအတွက် တာဝန်ရှိသူတို့က တာဝန်သိတတ်စွာဖြင့် အလုပ်ကြိုးစားလုပ်ကိုင်နေကြခြင်းကို ပြည်သူတို့က ကျေးဇူးတင်ကြခြင်းမှာ မဆန်း။

ထို့အပြင် သည်လို တာဝန်ရှိရှိလုပ်ကိုင်ဆောင်ရွက်ခြင်းသည် ခေါင်းဆောင်လုပ်သူတို့အတွက် အလွန်အရေးကြီးသည်ဆိုသော စိတ်ဓာတ်အမွေကောင်းကို အုတ်မြစ်ချ ထူထောင်နေသည့် အဓိပ္ပာယ်ရောက်သည့်အတွက် ပို၍ပို၍ ကျေးဇူးတင်နေကြခြင်း ဖြစ်ကြောင်းပါ။ ။



ရန်ကုန်မြို့တော် မဟာသင်္ကြန်အကြတ်နေ့ (ဒုတိယနေ့)၌ သံရုံးမိသားစုဝင်များပါဝင်ဆင်နွဲ

ရန်ကုန် ဧပြီ ၁၅

၁၃၇၇ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ရန်ကုန်မြို့တော်မဟာသင်္ကြန်အကြတ်နေ့(ဒုတိယနေ့) တွင် မြန်မာနိုင်ငံဆိုင်ရာ အီဂျစ်နိုင်ငံသံအမတ်ကြီး H.E.Mr.Hany Riad Moawad ဦးဆောင်သော မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် ၎င်းတို့၏ မိသားစုဝင်များသည် ရန်ကုန်မြို့တော် အတာသင်္ကြန်၌ တပျော်တပါး ပါဝင်ဆင်နွဲကြသည်။

ရှေးဦးစွာ သံအမတ်ကြီးများနှင့် ၎င်းတို့၏ မိသားစုဝင်များသည် နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့တော်ခန်းမ သို့ ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဇနီးဒေါ်ခင်မိမိကြွယ်၊ တိုင်းဒေသကြီးလွတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ မြို့တော်ဝန်၊ ကော်မတီဝင်များနှင့် ၎င်းတို့၏ဇနီးများက ကြိုဆိုကြပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများက မြန်မာ့ရိုးရာအစဉ်အလာအတိုင်း သပြေခက်ဖြင့် ရေပက်ဖျန်းကြသည်။

ထို့နောက် သံအမတ်ကြီးများနှင့် ၎င်းတို့၏မိသားစုဝင်များသည် ရန်ကုန်မြို့တော်မဟာသင်္ကြန်ဗဟိုမဏ္ဍပ်၌ တေးသံရှင်များနှင့် ယိမ်းအဖွဲ့များ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းမိသားစုဝင်များ၊ ပြည်သူများနှင့်အတူ နှစ်သစ်ကူးအတာသင်္ကြန်ကို ပျော်ရွှင်စွာ ပါဝင်ဆင်နွဲ ရေကစားကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီးတို့က ရန်ကုန်မြို့တော်ခန်းမ ပထမထပ်ရှိ ခန်းမကြီး၌ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံပြီး သံအမတ်ကြီးများနှင့် ၎င်းတို့၏ မိသားစုဝင်များသည် သာဘင်အနုပညာရှင်များ၊ ယိမ်းအဖွဲ့များနှင့် တေးသံရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြပြီး မန်းတောင်ရိပ်ခိုသီချင်းကို သံပြိုင်သီဆိုကြကာ တပျော်တပါး ကပြခဲ့ကြောင်း သိရသည်။

စောသိန်းဝင်း

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းဆောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလုံသင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလုံ

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)မြန်မာ
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

The Mirror Established in 1911
၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆-၃၄၁၂၆၊ စာတည်းအဖွဲ့ ၀၆-၃၄၁၂၅၊ ၀၆-၃၄၁၃၀၀၊ ဖက်စ် ၀၆-၃၄၁၃၃၀၊
ရန်ကုန်မိုးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဝန္တုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ ဈေးမ/ဌေးရင်း ၀၁-၂၉၁၈၃၀၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၃၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၅

ကြေးမုံ

ပြည်တွင်းရေးရာ

မြန်မာ့ဥဒေါင်း

စိန်မျိုးမြင့်

မကြာမီကထွက်ရှိလာသော "ရွှေဖိုးခေါင်" ဂျာနယ်တွင် "ခွဲခြားသိထားသင့်သော မြန်မာ့ဥဒေါင်းနှင့် အိန္ဒိယဒေါင်းပြာ" ဟူသည့် ဆောင်းပါးတစ်ပုဒ်ကို ဖတ်ရပါသည်။ ဆောင်းပါးရှင်မှာ 'ကျော်မျိုးနိုင်' ဖြစ်ပါသည်။

ထိုဆောင်းပါးတွင် မကြာသေးမီက လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ပုံနှစ်ပုံတွေ့ခဲ့ရကြောင်း၊ တစ်ပုံမှာ ဒေါ်အောင်ဆန်းစုကြည်အား ဂုဏ်ပြုထားသောပုံတစ်ပုံဖြစ်၍ ဒေါ်အောင်ဆန်းစုကြည်၏ ဓာတ်ပုံဘေးတွင် ဒေါင်းမြီးကွက်များဝန်းရံ၍ လှပခန့်ညားသော ဒေါင်းတစ်ကောင်က ဒေါ်အောင်ဆန်းစုကြည်အား လည်ပြန်ကြည့်နေပုံဖြစ်ပါသည်။ နောက်တစ်ပုံမှာ အေးသာယာဝိုင်အမှတ်တံဆိပ်ကို ဒေါင်းကနေပုံရေးဆွဲချက်ဖြင့် ကြော်ငြာထားပုံဖြစ်ပါသည်။ ထိုပုံများထဲတွင် အသုံးပြုထားသောဒေါင်းများမှာမြန်မာတို့အနေဖြင့် အလေးအမြတ်ထားသော ဥဒေါင်းပုံများကို ဂုဏ်ယူဖော်ပြထားဟန်တူပါသည်။

သို့သော် ဆရာကျော်မျိုးနိုင်ထောက်ပြထားသလို ထိုဒေါင်းပုံများကား မြန်မာ့ရိုးရာအစဉ်အလာ ဂုဏ်ယူအလေးထားသော မြန်မာ့မျိုးရင်းဒေါင်းမျိုး ဒေါင်းစိမ်း(Green Peafowl သတ္တဗေဒအခေါ် Pavo muticus)မဟုတ်ဘဲ အိန္ဒိယနိုင်ငံ၏ အမျိုးသားငှက်အဖြစ်သတ်မှတ်ထားသော ဒေါင်းပြာ(Indian Peafowl Blue Peafowl သတ္တဗေဒအခေါ် Pavo Cristatus)ဖြစ်နေကြပါသည်။

မြန်မာနိုင်ငံတွင် မြန်မာ့မျိုးရင်းဖြစ်သော ဒေါင်းစိမ်းကို အလေးအမြတ်ထားကြသည်မှာ ရှေးအခါကပင်ဖြစ်ပါသည်။ ရှေးအခါက မြန်မာဘုရင့်တပ်မတော်တွင် အလံ၌ ဒေါင်းရုပ်ရေးခြယ်အသုံးပြုခဲ့ကြသည်။ ငွေကြေးဒင်္ဂါးတွင် ဒေါင်းပုံသုံးခဲ့သည်။ မြန်မာ့လွတ်လပ်ရေးတိုက်ပွဲကာလ၌ မြန်မာ့နိုင်ငံရေးအဖွဲ့အစည်းများသည် ဒေါင်းကို အလံတွင်လည်းကောင်း၊ အဖွဲ့အစည်းအမှတ်တံဆိပ်တွင်လည်းကောင်း သုံးခဲ့ကြ၏။ လွတ်လပ်ရေးရပြီးကာလတွင်လည်း အလေးထားရမည့်နေရာအများအပြား၌ ဒေါင်းစိမ်းပုံ၊ ကဒေါင်းပုံ၊ ခွပ်ဒေါင်းပုံတို့ကို အလေးအမြတ်အသုံးပြုခဲ့ကြ၏။ မြန်မာ့အားကစားလောကတွင် အမြင့်ဆုံးအဖွဲ့အစည်းဖြစ်သည့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၏အမှတ်အသားတွင်လည်း ဒေါင်းပုံသုံးခဲ့သည်။ စာတိုက်တံဆိပ်ခေါင်း၌လည်း ဒေါင်းပုံပါခဲ့ဖူး၏။ မြန်မာနိုင်ငံအတွင်း လှည့်လည်သုံးစွဲသော မြန်မာ့ငွေကြေးကျပ်ငွေစက္ကူတွင်လည်း ဒေါင်းပုံသုံးစွဲခဲ့ဖူးသည်။ လက်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ကျောင်းသားသမဂ္ဂတို့တွင်လည်း ခွပ်ဒေါင်းပုံအသုံးပြုလျက်ရှိသည်။

ကမ္ဘာပေါ်တွင် ရစ်ဌက်အနွယ်ဝင်အများအပြားရှိသည့်အနက် ဒေါင်းအနွယ်ဌက် ၂၂ မျိုးမှာ အာရှဒေသ နိုင်ငံ ၁၀ နိုင်ငံတွင် တွေ့ခဲ့ရသည်ဟု ဌက်ပညာရှင်များက မှတ်တမ်းပြုထားကြပါသည်။ မျက်မှောက်ကာလတွင် ဒေါင်းအနွယ်ဝင်အများအပြားမှာ မျိုးသုဉ်းပျောက်ကွယ်နေပြီဟု ဆိုပါသည်။ မလေးရှား၊ ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယတို့တွင် သဘာဝတောများ၌မျိုးသုဉ်းကွယ်ပျောက်သွားပြီဟု ဌက်ပညာရှင်တို့က ဆို၏။ ဒေါင်းမျိုးနွယ်များကို တရုတ်တောင်ဘက်ပိုင်း၊ လာအို၊ ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ ဂျာဗားနှင့် မြန်မာနိုင်ငံတို့တွင် သဘာဝတောများ၌ တွေ့နိုင်သေးသည်ဟု ဌက်ပညာရှင်များကဆိုသည်။

မြန်မာနိုင်ငံတွင် ရှေးက ဥဒေါင်းဌက်(ဒေါင်းစိမ်း)ကို မြန်မာနိုင်ငံမြောက်ပိုင်း၊ အနောက်ပိုင်း၊အလယ်ပိုင်းနှင့် တောင်ပိုင်းတို့တွင် အကောင်ရေသောင်းချီ၍ တွေ့ခဲ့ရကြောင်း မှတ်တမ်းများကဆိုသည်။ ယခုအခါတွင်မူ တောပြန်းခြင်း၊ ဌက်မုဆိုးများ၏ ဖမ်းဆီးသတ်ဖြတ်ခြင်းတို့ကြောင့် အကောင်ရေများစွာကျဆင်းသွားပြီး ရှားပါးနေပြီဖြစ်သည်။

စာရေးသူသည် ၁၉၇၇ ခုနှစ်က ရောဝတီမြစ်ရိုး၌ စစ်ကိုင်းတိုင်းနှင့် ကချင်ပြည်နယ်ဝန်းကျင် အထူးသဖြင့် ရောဝတီ ဒုတိယမြစ်ကျဉ်းတစ်ဝိုက်၌ အကောင်ရေများစွာကို မျက်မြင်တွေ့ခဲ့ဖူးသည်။ ၂၀၀၀ ပြည့်ကျော်နှစ်များအတွင်းက ငါးနှစ်ဆက်တိုက် ရောဝတီမြစ်ရိုးခရီးသွားခဲ့ရာ ဒုတိယမြစ်ကျဉ်း၌ တစ်ကြိမ်သာ ရှားရှားပါးပါး ဒေါင်းနှစ်ကောင်ကို ၂၀၀၈ ခုနှစ်က မြင်လိုက်ရဖူးသည်။

၂၀၁၃ ခုနှစ် ဒီဇင်ဘာနောက်ဆုံးရက်များတွင် မြန်မာနိုင်ငံဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးအသင်းမှ အဖွဲ့တစ်ဖွဲ့သည် မြန်မာနိုင်ငံ အလယ်ပိုင်း မကွေးတိုင်းဒေသကြီး ရွှေစက်တော်ထိန်းသိမ်းတောဝန်းကျင် မင်းတုန်း၊ စေတုတ္တရာနယ်၌ လေ့လာခဲ့ရာ ဥဒေါင်းဌက် ၂၀ တွေ့ခဲ့ရကြောင်း မှတ်တမ်းတွေ့ရသည်။ သမင်ကတုတ်ရှာ၊ ဂန့်ဂါရှာ၊ မိုးသောက်ရှာနှင့် အောင်ချမ်းသာရှာဝန်းကျင်၌ဖြစ်ကြောင်း သိရသည်။

စာရေးသူတို့သည် ဌက်ဓာတ်ပုံရိုက်သမားများစုစည်း၍ အဖွဲ့လေးတစ်ခုဖွဲ့ထားရာ ထိုအဖွဲ့မှာ မြန်မာနိုင်ငံအနှံ့အပြား ဌက်ဓာတ်ပုံရိုက်ထွက်ကြရင်း ဥဒေါင်းသတင်း စနည်းနာကြပါသည်။ ပြီးခဲ့သည့် နှစ် ၂၀၁၅ ခုနှစ် နှစ်လယ်ပိုင်းတွင် သတင်းတစ်ခုရခဲ့ပါသည်။ စာရေးသူ၏ မိတ်ဆွေကြီးတစ်ဦးဖြစ်သူ ဗိသုကာဦးအောင်စိုးမြင့်က ဒေါင်းတွေအကြောင်းပြောလာခြင်းဖြစ်ပါသည်။ သူညွှန်သောနေရာမှာ ပြည်၊ ပေါက်ခေါင်းမှ တောင်ဝူ၊ အုတ်တွင်းသို့ ဖြတ်လမ်း၌ ဒေါင်းတွေ့ခဲ့ကြောင်း ဆိုပါသည်။ သူ့သတင်းပေးချက်တို့အပြင် သူ့အကူအညီဖြင့် စခန်းချရန်နေရာပါရ၍ ၂၀၁၅ ခုနှစ် အောက်တိုဘာ၊ ဒီဇင်ဘာနှင့် ၂၀၁၆ခုနှစ် မတ်လတို့တွင် သုံးကြိမ်သွားရောက်၍ ဒေါင်းရှာဖွေရေးခရီးထွက်ခဲ့ကြပါသည်။

ထိုလမ်းမှာ ပြည်မှ အုတ်တွင်းသို့ ၁၂၃ မိုင်လမ်းဖြစ်သည်။အုတ်တွင်းမရောက်မီ မိုင် ၁၂၀ ခန့်၌ ရန်ကုန်-မန္တလေး အမြန်လမ်းနှင့်ဆုံသည်။ အလယ်ရိုးမ(ပဲခူးရိုးမ)ဖြတ်လမ်းဖြစ်သည်။ ထိုလမ်းရှိ ပြည်မှ ၃၉ မိုင်ခန့်ရှိ ညောင်ဝန်းရွာမှ ၆၃ မိုင်ခန့်ရှိ ကရင်မသေရွာကြား ဝ/ယာ တော ကျွန်းသစ်တော

များနှင့် ကျွန်းစိုက်ခင်းများကြား၌ ဒေါင်းများကျက်စားနေခြင်း ဖြစ်သည်။ မတ်လ ၁၆ ရက် ညနေက တောတိုးရှာဖွေကြရင်းမှ ဥဒေါင်းငါးကောင်အုပ်ကိုတွေ့ရှိလိုက်ရပြီး ဓာတ်ပုံရိုက်ကူးလိုက်နိုင်သည်။

ရှားရှားပါးပါးမြန်မာ့သဘာဝတောအတွင်း၌ ဒေါင်းစိမ်းမြန်မာ့မျိုးရင်း (Green Peafowl) များရှိနေသေးသည်ကို မှတ်တမ်းပြုနိုင်ခဲ့ပါသည်။

မြန်မာတို့တန်ဖိုးထားအလေးအမြတ်ထားသည့် ဒေါင်းပုံကို ဖော်ပြအသုံးပြုကြရာ၌ မမှားကြစေရန် ယခုဆောင်းပါးအား ရေးသားလိုက်ပါသည်။

မြန်မာ့မျိုးရင်းဒေါင်းစိမ်းကို မြင်တွေ့လေ့လာလိုပါက ရန်ကုန်နှင့်မန္တလေး တိရစ္ဆာန်ဥယျာဉ်များတွင် ရှိနေပါသည်။ လေ့ာ်ကားသဘာဝဥယျာဉ်တွင်လည်း စောင့်ရှောက်ထားသော ဒေါင်းစိမ်းများရှိပါသည်။ သွားရောက်လေ့လာနိုင်ကြပါသည်။ ဥဒေါင်းခေါ် ဒေါင်းစိမ်းသည် နိုင်ငံတကာသဘာဝအရင်းအမြစ်များ ထိန်းသိမ်းရေးအဖွဲ့က ကမ္ဘာပေါ်တွင် မျိုးသုဉ်းမှုအန္တရာယ်ရှိသော မျိုးစိတ်စာရင်းသွင်းထားပါပြီ။ ဒေါင်းစိမ်းမှာ အရွယ်အစားအားဖြင့် အဖိုမှာ ဦးခေါင်းမှ အမြီးဖျားအထိ အလျားလေးပေ(၄၈ လက်မခန့်)၊ အမမှာ သုံးပေကျော်(၃၈ လက်မခန့်)အထိ ရှိတတ်ပါသည်။ ရှက်ကြောက်တတ်၍ လူအကပ်မခံတတ်ကြပေ။ ဒေါင်းထီးမှာ ဒေါင်းမကိုချဉ်းကပ်ရာ၌ အတောင်များဖြန့်၍ ကချိန်တွင် အလွန်လှပသည်။

မြန်မာ့ဥဒေါင်းတန်ဖိုးထားဖို့ မျိုးသုဉ်းမပျောက်ကွယ်ဖို့ ပိုင်းဝန်းစောင့်ရှောက်ကြဖို့ လိုနေပြီ။

ဂျပန်အနောက်တောင်ပိုင်း အင်အားပြင်းငလျင်လှုပ် ကိုးဦးသေဆုံး၊ ၇၆၁ ဦး ဒဏ်ရာရ

တိုကျို ဧပြီ ၁၅

ဂျပန်နိုင်ငံ အနောက်တောင်ပိုင်း၌ အင်အားပြင်း မြေငလျင်လှုပ်ခတ်မှုကြောင့် လူကိုးဦးသေဆုံးရပြီး နေအိမ်များ ပျက်စီးခြင်းနှင့် မီးလောင်ခြင်းတို့ ဖြစ်ပေါ်ခဲ့ကြောင်း၊ လူရာပေါင်းများစွာမှာ ထိခိုက်ဒဏ်ရာရရှိခဲ့ရကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဧပြီ ၁၅ ရက်တွင် သတင်းထုတ်ပြန်သည်။

ဂျပန်နိုင်ငံ ကျူရှူးကျွန်း၌ ဧပြီ ၁၄ ရက်က အင်အား ၆ ဒသမ ၅ ရှိ မြေငလျင်လှုပ်ခဲ့ရာတွင် ဒေသခံပြည်သူ သိန်းပေါင်းများစွာမှာ ၎င်းတို့၏ နေအိမ်များမှ ဘေးလွတ်ရာသို့ ထွက်ပြေးခဲ့ကြရသည်။

မြေငလျင်ကြီးလှုပ်ပြီးနောက် နောက်ဆက်တွဲ မြေငလျင်ငယ် ဒါဇင်ပေါင်းများစွာ လှုပ်ခဲ့သည်။ ဧပြီ ၁၄ ရက် ည ၉ နာရီ ၂၆ မိနစ်တွင် မြေငလျင်လှုပ်ခဲ့ခြင်းဖြစ်ပြီး ပြိုကျသော အဆောက်အအုံများအောက်၌ ပိတ်မိနေသူများကို ကယ်ဆယ်ရေးအဖွဲ့များက ကယ်တင်နိုင်ရန် ကြိုးပမ်းလျက်ရှိကြသည်။

ဧပြီ ၁၅ ရက် နံနက်ပိုင်းအထိ မြေငလျင်ကြောင့် ၇၆၁ ဦးထက်မနည်း ဒဏ်ရာရရှိကြောင်း အစိုးရတာဝန်ရှိသူများက အတည်ပြုခဲ့သည်။ ဒဏ်ရာရသူများအနက် ၄၄ ဦးထက်မနည်းမှာ ဒဏ်ရာပြင်းထန်သည်ဆို၏။

ဒေသတွင်းရှိ ရေကလီးယား စက်ရုံများမှာ မြေငလျင်ကြောင့် ထိခိုက်မှုမရှိပေ။ ဟွန်ဒါ ဘရေ့ဂ်စတုန်းနှင့် ဆိုနီ စသည့် ကုမ္ပဏီများသည် ဒေသတွင်းရှိ စက်ရုံများ၏ ထုတ်လုပ်မှုလုပ်ငန်းများကို ခေတ္တဆိုင်းငံ့ထားကြောင်း၊ ရထားခရီးစဉ်များကိုလည်း ယာယီဆိုင်းငံ့ထားကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

မြေငလျင်ကယ်ဆယ်ရေး လုပ်ငန်းတွင် စစ်ဘက်ဆိုင်ရာ တပ်ဖွဲ့ဝင် ၁၆၀၀ ခန့်၊ ရဲတပ်ဖွဲ့ဝင် ၂၀၀၀ ခန့်နှင့် မီးသတ်တပ်ဖွဲ့ဝင် ၁၃၀၀ ကျော်ပါဝင်ဆောင်ရွက်လျက်ရှိသည်။

ကျိုဒို။

ဂျီ ၇ ပတ်ဝန်းကျင်ရေးရာဝန်ကြီးများ ကမ္ဘာကြီးပူနွေးလာမှုပြဿနာကို ဆွေးနွေးမည်

တိုကျို ဧပြီ ၁၅

ဂျပန်နိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ရေးရာဝန်ကြီး အမျိုးသမီး တာမာယို မာရှုကူဝါက ၎င်းနှင့်အတူ ဂျီ ၇ နိုင်ငံများမှ သဘာဝပတ်ဝန်းကျင်ရေးရာဝန်ကြီးများသည် ကမ္ဘာကြီးပူနွေးမှု၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အရင်းအမြစ်ပြဿနာနှင့် အခြားသောပြဿနာများကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဂျီ ၇ နိုင်ငံများမှ သဘာဝပတ်ဝန်းကျင်ရေးရာဝန်ကြီးများ၏ အစည်းအဝေးကို ဂျပန်နိုင်ငံအလယ်ပိုင်း တိုယာမာမြို့၌ မေ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ကျင်းပသွားရန်စီစဉ်ထားသည်။ ယင်းကဲ့သို့တွေ့ဆုံဆွေးနွေးမှုကို ၂၀၀၉ ခုနှစ်တွင် အီတလီနိုင်ငံ၌ တွေ့ဆုံပြီးနောက်ပိုင်း ပထမဆုံး အကြိမ်တွေ့ဆုံခြင်းဖြစ်သည်။

ယင်းဆွေးနွေးပွဲအစီအစဉ်တွင် အကြောင်းအရာခုနစ်ခု ဆွေးနွေးသွားမည်ဖြစ်ကြောင်း ဧပြီ ၁၅ ရက်တွင် မာရှုကူဝါက သတင်းထောက်များကို ပြောကြားသည်။ အဆိုပါ အကြောင်းအရာများတွင် ကမ္ဘာကြီးပူနွေးလာမှုကို ခုခံကာကွယ်သွားရန်နှင့် လွန်ခဲ့သည့်နှစ် ဒီဇင်ဘာတွင် ပြင်သစ်နိုင်ငံ ပါရီမြို့၌ ဆွေးနွေးခဲ့သည့် ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ ညီလာခံသဘောတူညီချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ပါဝင်သည်။

ထို့ပြင်ဝန်ကြီးများသည် ပြန်လည်ဖြည့်ဖြိုးမြဲစွမ်းအင်အရင်းအမြစ်များ တိုးတက်ရှာဖွေရေး၊ ပင်လယ်ပြင်ညစ်ညမ်းမှုတိုင်းတာရေး၊ ဓာတုပစ္စည်းပါဝင်မှုထိန်းချုပ်ရေးနှင့် သက်ရှိသတ္တဝါများ ထိန်းသိမ်းစောင့်ရှောက်ရေးတို့ကိုလည်း ဆွေးနွေးသွားမည်ဖြစ်သည်။ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ဂျပန်နိုင်ငံက ပူးတွဲကြေညာချက် ထုတ်ပြန်နိုင်ရန်ကြိုးပမ်းလျက်ရှိသည်။ **အင်နန်အိတ်ချ်ကေ။**

ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများ ဘင်္ဂလားဒေ့ရှ်အစိုးရအပွဲ့ ဆက်လက်တည်ဆောက်ဖွယ်ရှိ

ဒါကာ ဧပြီ ၁၅

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများ တိုးချဲ့တည်ဆောက်ခြင်းမပြုရန် ဒေသခံပြည်သူများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားသူများက ကန့်ကွက်ဆန္ဒပြမှုများ ရှိလင့်ကစား အစိုးရအဖွဲ့က အစီအစဉ်အတိုင်း ဆက်လက်တည်ဆောက်ဖွယ်ရှိကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဧပြီ ၁၅ ရက်တွင် သတင်းထုတ်ပြန်သည်။

ယခုလအစောပိုင်းက စစ်တကောင်းပြည်နယ် ဘန်ရှာခါလီမြို့၌ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံတည်ဆောက်မည့် အစီအစဉ်ကို ဒေသခံပြည်သူများက ကန့်ကွက်ဆန္ဒပြခဲ့ကြရာတွင် ရဲတပ်ဖွဲ့က အကြမ်းဖက်သူ ဆန္ဒပြသမားများကို သေနတ်ဖြင့် ပစ်ခတ်ခဲ့ရာ လေးဦးထက်မနည်း သေဆုံးခဲ့ရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံအရှေ့တောင်ပိုင်း ပင်လယ်ကမ်းရိုးတန်းဒေသ၌ လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၁၃၂၀ ထုတ်လုပ်မည့် ဓာတ်အားပေးစက်ရုံ တည်ဆောက်မှုနှင့် ပတ်သက်၍ သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်မှုနှင့် ပတ်သက်၍ သုံးသပ်လေ့လာချက်ပေါ် ထွက်ချိန်အထိ တည်ဆောက်ရေးလုပ်ငန်းကို ရပ်ဆိုင်းထားမည်ဟု အစိုးရတာဝန်ရှိသူတစ်ဦးက အလွတ်သဘော ပြောကြားခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် ၂၀၂၂ ခုနှစ်ထက်နောက်မကျဘဲ ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ ၂၅ ရုံ ထူထောင်ကာ လျှပ်စစ်ဓာတ်အား ၂၃၆၉၂ မဂ္ဂါဝပ် ထုတ်လုပ်ရန် အစီအစဉ်ရေးဆွဲထားသည်။ အဆိုပါ လျှပ်စစ်ဓာတ်အားပေး စက်ရုံများအနက် ၁၆ ရုံကို ပြည်သူပိုင်ကဏ္ဍမှ တည်ဆောက်ရန်နှင့် စက်ရုံ ကိုးရုံကို ပုဂ္ဂလိကကဏ္ဍမှ တည်ဆောက်ရန် ရည်မှန်းထားသည်။ **ပီတီအိုင်။**

ပါရီနှင့်ဘရပ်ဆဲလ်မြို့ အကြမ်းဖက်တိုက်ခိုက်မှု သင်္ကာမကင်းသူငါးဦးအား ပြိတိန်ရဲဖမ်းဆီး

လန်ဒန် ဧပြီ ၁၅

ပါရီနှင့် ဘရပ်ဆဲလ်မြို့အကြမ်းဖက်တိုက်ခိုက်မှုများတွင် ပါဝင်ပတ်သက်ခဲ့သည်ဟု သင်္ကာမကင်းဖြစ်သူငါးဦးအား ပြိတိန်ရဲအရာရှိများက ဖမ်းဆီးလိုက်ပြီးဖြစ်ကြောင်း ယနေ့ရိုက်တာသတင်းတစ်ရပ်အရသိရသည်။

အမျိုးသားသုံးဦးနှင့် အမျိုးသမီးနှစ်ဦးအား ဘာမင်ဂမ်မြို့တွင် ဧပြီ ၁၄ ရက်က ဖမ်းဆီးခဲ့ပြီး ကျန်အမျိုးသားတစ်ဦးကို ဧပြီ ၁၅ ရက်အစောပိုင်းက လန်ဒန်မြို့ရှိ ဂတ်ဝစ်ခ်လေဆိပ်တွင် ဖမ်းဆီးနိုင်ခဲ့ကြောင်းသိရသည်။

ပြိတိန်နိုင်ငံတွင် မည်သည့်အကြမ်းဖက်မှုကိုမျှကျူးလွန်ရန် စီစဉ်ထားခြင်းမရှိကြောင်း ဖမ်းဆီးထားသူများ၏ ပြောကြားချက်ကိုကိုးကားပြီး ရဲအရှိများက ဆိုသည်။

ပြိတိန်နိုင်ငံအတွင်း အကြမ်းဖက်မှုတားဆီးနှိမ်နင်းနိုင်ရေးအတွက် ဘယ်ဂျီယံနှင့် ပြင်သစ်အာဏာပိုင်များအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်း ထောက်လှမ်းရေးအဖွဲ့များနှင့် အကြမ်းဖက်မှုဖြိုခွင်းရေးကွန်ရက်တို့ ပူးပေါင်းပြီး အကြမ်းဖက်မှုများကို တားဆီးနှိမ်နင်းလျက်ရှိသည်။ အဆိုပါ ငါးဦးအား ပြိတိန်ရဲအရာရှိများအပါအဝင် ယင်းအဖွဲ့များ၏ကြိုးပမ်းမှုဖြင့် ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြထားသည်။

အဆိုပါငါးဦးနှင့်ပတ်သက်ပြီး အခြားသတင်းအချက်အလက်များကို ထုတ်ဖော်ပြောကြားခြင်းမရှိဘဲ ပါရီမြို့နှင့် ဘရပ်ဆဲလ်မြို့ အကြမ်းဖက်တိုက်ခိုက်မှုများတွင် ပါဝင်ပတ်သက်ခဲ့သည်ဆိုသည်ကိုသာ ရဲအရာရှိများက မီဒီယာသို့ပြောကြားခဲ့သည်။

ဘာမင်ဂမ်မြို့တွင် အဆိုပါငါးဦး၏ ပိုင်ဆိုင်မှုများရှိ၊ မရှိကိုမူ ရဲအရာရှိများက စုံစမ်းလျက်ရှိသည်။ယင်းငါးဦးအနက် ဘရပ်ဆဲလ်မြို့အကြမ်းဖက်မှုတွင် ပါဝင်သည်ဟု ယုံကြည်ရသူ မိုဟာမက် အဗရီနီသည် ဘာမင်ဂမ်မြို့သို့ ယမန်နှစ်က အလည်အပတ်ရောက်ရှိခဲ့ကြောင်း မီဒီယာများက ဆိုသည်။ **ရိုက်တာ။**

အမေရိကန်လုပ် ပရီဒေတာမောင်းသူမဲ့လေယာဉ်များဝယ်ယူရန် အိန္ဒိယ ဆွေးနွေးနေမှု တရုတ်နှင့်ပါကစ္စတန် စောင့်ကြည့်နေ

နယူးဒေလီ ဧပြီ ၁၅

အမေရိကန် ပြည်ထောင်စုထံမှ ပရီဒေတာအမျိုးအစား မောင်းသူမဲ့ကင်းထောက်လေယာဉ် အစင်း ၄၀ ဝယ်ယူရေးအတွက် နှစ်နိုင်ငံဆွေးနွေးမှုများ ပြုလုပ်နေကြောင်း အိန္ဒိယအစိုးရတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အိန္ဒိယနိုင်ငံသည် မောင်းသူမဲ့လေယာဉ်များအသုံးပြုကာ ၎င်း၏ ကာကွယ်ရေးစွမ်းပကားမြှင့်တင်နိုင်ရန် ကြိုးပမ်းချက်၏ ကနဦးခြေလှမ်းဖြစ်သည်။

သို့ရာတွင် ယင်းဆောင်ရွက်ချက်ကြောင့် ပြိုင်ဘက်ပါကစ္စတန်နိုင်ငံအား စိတ်အနှောင့်အယှက်ဖြစ်စေဖွယ်ရှိကြောင်း သတင်းတွင်ဖော်ပြသည်။

အိန္ဒိယနိုင်ငံသည် ၎င်းနှင့် နယ်နိမိတ်ချင်းထိစပ်နေသော တရုတ်နှင့် ပါကစ္စတန်နိုင်ငံတို့၏ နယ်ခြားဒေသများ၌ တိုက်ခိုက်ရေးစွမ်းအင်တိုးမြှင့်ရေးနှင့် ထောက်လှမ်းရေးသတင်းအချက်အလက်များ တိုးမြှင့်ရယူရေးအတွက် မောင်းသူမဲ့လေယာဉ်ဆိုင်ရာနည်းပညာများ တိုးမြှင့်ရရှိရန် ကြိုးပမ်းနေသည်။ နိုင်ငံနှင့်ထိစပ်နေသည့် နယ်ခြားဒေသများကဲ့သို့ အိန္ဒိယသမုဒ္ဒရာအား အနီးကပ်စောင့်ကြည့်ရန် မောင်းသူမဲ့ကင်းထောက်လေယာဉ်များလိုအပ်နေသည်။

အိန္ဒိယနိုင်ငံသည် တောင်ကုန်းတောင်တန်းထူထပ်သော ကက်ရှ်မီးယားဒေသတွင် ကင်းထောက်မှုများ ပြုလုပ်ရန်အစွမ်းရှိသော မောင်းသူမဲ့လေယာဉ်များကို အသုံးပြုလျက်ရှိသည်။ ဒေသအတွင်းမှ ရေကလီးယားလက်နက်များပိုင်ဆိုင်ထားသည့် ပြိုင်ဘက်နိုင်ငံများဖြစ်သော အိန္ဒိယနှင့် ပါကစ္စတန်တို့သည် စစ်ပွဲသုံးကြိမ်ဖြစ်ပွားခဲ့ဖူးရာ နှစ်ကြိမ်မှာ ကက်ရှ်မီးယားဒေသကို အကြောင်းပြုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ **ရိုက်တာ။**

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်းရေလေ)မိသားစုရေကစားမဏ္ဍပ်တွင် ရေကစားသူများဖြင့် စည်ကား

နေပြည်တော် ဧပြီ ၁၅

မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ် မြန်မာ့ရိုးရာနှစ်သစ်ကူး မဟာသင်္ကြန် ဒုတိယအကြိတ်နေ့ဖြစ်သော ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုရေကစားမဏ္ဍပ်တွင် ရေပက်ကစားသူများ၊ ရေပက်ခံလာသူများဖြင့် စည်ကားပျော်ရွှင်စွာ ဆင်နွှဲကြပြီး အနုပညာရှင်များ၊ တေးသံရှင်များနှင့် ယိမ်းအဖွဲ့များက တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုရေကစားမဏ္ဍပ်သို့ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့သည် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်ထဲရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေနှင့်ဇနီး၊ ကာကွယ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်းနှင့်ဇနီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်နှင့်ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီး ဆင်နွှဲကြသည်။

ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုရေကစားမဏ္ဍပ်တွင် အတူတကွ ပါဝင်ဆင်နွှဲစဉ်။ (မြဝတီ)

ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုရေကစားမဏ္ဍပ်တွင် အတူတကွ ပါဝင်အဖွဲ့ဝင်များသည် သီဆိုကပြ ဖျော်ဖြေခဲ့ကြသော ယိမ်းအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

နေပြည်တော်မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာဆင်နွှဲ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီးတို့ တက်ရောက်အားပေး

နေပြည်တော် ဧပြီ ၁၅

မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ် မြန်မာ့ရိုးရာနှစ်သစ်ကူး မဟာသင်္ကြန် ဒုတိယအကြိတ်နေ့ဖြစ်သော ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဝင်းအတွင်းရှိ မိသားစုရေကစားမဏ္ဍပ်နှင့် ဇေယျာသီရိကုန်တိုက်အနီးရှိ ရေကစားမဏ္ဍပ်များတွင် မဟာသင်္ကြန်ရေသဘင်ပွဲတော်အား စည်ကားသိုက်မြိုက်စွာ ဆင်နွှဲလျက်ရှိရာ မွန်းလွဲပိုင်းတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့ သွားရောက်ကြည့်ရှုအားပေးကြပြီး ပါဝင်ဆင်နွှဲကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အဖွဲ့သည် မဏ္ဍပ်များအလိုက် ကပြဖျော်ဖြေခဲ့သော ယိမ်းအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ထို့အတူ နေပြည်တော် ဇေယျာသီရိမြို့နယ်အတွင်း တပ်မတော်ဆေးရုံကြီးရှေ့ရှိ ရေကစားမဏ္ဍပ်များ၊ နေပြည်တော် တည်းခိုရေးစခန်းရှေ့ရှိ ရေကစားမဏ္ဍပ်နှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် ရေကစားမဏ္ဍပ်တို့၌ ရေပက်ခံသူများ၊ ရေပက်ကစားသူများက ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြပြီး မိသားစုသင်္ကြန်ယိမ်းအကအဖွဲ့များ၊ အနုပညာရှင်များ၊ တေးသံရှင်များက တေးသီချင်းများ၊ ယိမ်းအကများဖြင့် သီဆိုကပြဖျော်ဖြေကြကာ စတုဒိသာအကျွေးအမွေးများဖြင့် တည်ခင်းဧည့်ခံခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

ရန်ကုန်သင်္ကြန် မိသားစုအုန်းလက်ရေကစားမဏ္ဍပ်များ ပိုများလာ

သတင်း-မင်းသစ်၊ ဓာတ်ပုံ-ဖေဇော်

ရန်ကုန် ဧပြီ ၁၅

မဟာသင်္ကြန်ပွဲတော်တွင် ရန်ကုန်မြို့တော်၌ စီးပွားဖြစ်မဏ္ဍပ်ကြီးများ ဆောက်လုပ်မှုကို တိုင်းဒေသကြီးအစိုးရအဖွဲ့က ထိန်းချုပ်လိုက်သည့်အတွက် မြို့နယ်အနှံ့တွင် ရေကစားမဏ္ဍပ်ကြီးများအစား မိသားစုအုန်းလက်ရေကစားမဏ္ဍပ်များ ပိုမိုများပြားလာပြီး မိသားစုလိုက် ပျော်ရွှင်စွာ ရေကစားကြသည်ကို တွေ့ရသည်။

ယနေ့မဟာသင်္ကြန်ဒုတိယအကြိတ်နေ့တွင်လည်း ရန်ကုန်တိုင်းဒေသကြီး မြို့နယ်များတွင် မိသားစုအုန်းလက်မဏ္ဍပ်များဖြင့် ရေကစားသူများ၊ ရေပက်ခံသူများဖြင့် စည်ကားလျက်ရှိပြီး စတုဒိသာအလှူမဏ္ဍပ်များတွင်လည်း အကျွေးအမွေးများဖြင့် ဧည့်ခံကျွေးမွေးလျက်ရှိသည်။

"နှစ်တိုင်းမဏ္ဍပ်ထိုးပြီး ကစားတယ်။ဒီနှစ်မှာ မဏ္ဍပ်ဆောက်ခွင့်က အရင်နှစ်တွေနဲ့မတူတော့လို့ မဏ္ဍပ်ဆောက်ပြီး ရေမကစားတော့ဘူး။ ခြံရှေ့မှာ အုန်းလက်မဏ္ဍပ်ထိုးပြီး သူငယ်ချင်းတွေစုပြီး ကစားလိုက်တော့တယ်"ဟု လှိုင်မြို့နယ် အင်းစိန်လမ်းမကြီးပေါ်၌ အုန်းလက်မဏ္ဍပ်ထိုး၍ ရေကစားနေသည့် ကိုသူရက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က ယခုနှစ်မဟာသင်္ကြန်ပွဲတော်ကို ရန်ကုန်မြို့တွင် ခရိုင်အလိုက် ပျော်ရွှင်စွာ ရေကစားနိုင်ရန် ခရိုင်လေးခုတွင် ဗဟိုမဏ္ဍပ်ကြီးများ တည်ဆောက်ခွင့်ပြုခဲ့သော်လည်း သွားလာရေးခက်ခဲမှုကြောင့် ယခင်နှစ်များကဲ့သို့ စည်ကားမှုမရှိကြောင်း ရေပက်ခံသူများထံမှ သိရသည်။

"လိုင်းကားတွေကလည်း သိပ်မထွက်ဘူး။ ထွက်တဲ့ကားကျတော့လည်း ကားခက အဆမတန်ဈေးကြီးတော့ ဘယ်သူမှ သိပ်မသွားကြဘူး။ တက္ကစီတွေကလည်း ကျပ် ၃၀၀၀ ခရီးကို ကျပ် ၆၀၀၀ လောက်တောင်းနေတော့ မဏ္ဍပ်တွေသွားဖို့ အခက်အခဲတွေရှိတယ်။ဒါကြောင့် အိမ်ရှေ့မှာပဲ အုန်းလက်မဏ္ဍပ်ထိုးပြီး ရေကစားလိုက်တော့တယ်"ဟု သုဝဏ္ဏမြို့နယ်နေ ကိုမောင်မောင်သန်းက ပြောသည်။

ရန်ကုန်မြို့၌ ယခုနှစ်သင်္ကြန်တွင် မဏ္ဍပ်ကြီးများနည်းပါးသွားသော်လည်း မြို့နယ်အသီးသီးတွင် အုန်းလက်မဏ္ဍပ်များထိုး၍ ရေကစားသူများ ယခင်နှစ်များထက် ပိုမိုများပြားလာသည်။

"ဒီနှစ်သင်္ကြန်က ရန်ကုန်မှာ မဏ္ဍပ်ကြီးတွေ သိပ်မတွေ့ရဘူး။ မြို့နယ်တွေမှာတော့ အုန်းလက်မဏ္ဍပ်လေးတွေလောက်ပဲ တွေ့ရတယ်။ ရေပက်ခံကားတွေလည်း ဒီနှစ် နည်းသွားတယ်။ စီးပွားဖြစ်မဏ္ဍပ်ကြီးတွေ နည်းသွားတော့ အရင်တုန်းကလို သရုပ်ပျက်တာတွေ မတွေ့ရတော့ဘူး"ဟု ပုဇွန်တောင်မြို့နယ်နေ ကားဖြင့်ရေပက်ခံထွက်သည့် ကိုအေးမင်းက ဆိုသည်။

ရန်ကုန်မြို့၌ တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် တည်ဆောက်ထားသည့် ရန်ကုန်မြို့တော်မဟာသင်္ကြန်ဗဟိုမဏ္ဍပ်နှင့် ခရိုင်များ အပါအဝင် ရွှေသံလွင်မိသားစုမှ တည်ဆောက်ထားသည့်မဏ္ဍပ်နှင့် ပြည်လမ်းမပေါ်ရှိ မဏ္ဍပ်ကြီးများသာ ရေကစားသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

အနောက်ပိုင်းခရိုင်မဏ္ဍပ်တွင် လုံခြုံရေးအဖြစ် တာဝန်ယူဆောင်ရွက်နေသည့် လှိုင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းသူအောင်က"ခရိုင်မဏ္ဍပ်တွေမှာ အရင်နှစ်နဲ့မတူ ထူးခြားတဲ့အစီအစဉ်အနေနဲ့ သံချပ်အဖွဲ့တွေပါလာတယ်။ ယိမ်းအဖွဲ့တွေနဲ့ ဖျော်ဖြေရေးအစီအစဉ်တွေလည်း စီစဉ်တင်ဆက်သွားမှာဖြစ်လို့ မဏ္ဍပ်ပိတ်ချိန်အထိ လူစည်ပါတယ်"ဟု ပြောသည်။

ရေကစားသူများ၊ ရေပက်ခံသူများ အေးချမ်းပျော်ရွှင်စွာ ကစားနိုင်ရန် လူစည်ကားသည့်မဏ္ဍပ်များတွင် သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးအဖွဲ့များနှင့်အတူ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များကလည်း လုံခြုံရေးတာဝန်ယူ ဆောင်ရွက်နေသည်ဟု ၎င်းကဆက်လက်ပြောသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရိုင်လေးခုရှိ ရေကစားမဏ္ဍပ် ၉၆ ခုတို့တွင် မူးယစ်ရမ်းကားမှုများ၊ ရေကစားသူများအချင်းချင်း ခိုက်ရန်ဖြစ်ပွားမှုများ မရှိစေရေးအတွက် ရဲတပ်ဖွဲ့ဝင်များက ထိန်းသိမ်းဆောင်ရွက်ပေးခဲ့ပြီး ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက်လည်း ယာဉ်ထိန်းရဲတပ်ဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ကြေးမုံကောက်ကြောင်း

အေးအောင်သွန်း

(၅၄) နှစ်ကြာကာလတစ်ခုကို လွန်မြောက်ပြီးသည်တွင် ပထမဆုံးအရပ်သားအစိုးရသည် ၂၀၁၆ ဧပြီ ဆန်းစဉ် ထွက်ပေါ်ခဲ့ပြီဖြစ်၏။ ၂၀၁၆ နိုဝင်ဘာ ၈ ရက် ရွေးကောက်ပွဲ၊ ပြည်သူလူထု၏ တစ်ခဲနက်ရွေးချယ်မှုမှ ပေါက်ဖွားလာသောရလဒ်ဖြစ်သည်။

အစိုးရသစ်စတင်သည်နှင့်တစ်ပြိုက်နက် နိုင်ငံပိုင် သတင်းစာနှစ်စောင်ဖြစ်သော မြန်မာ့အလင်းနှင့် ကြေးမုံတို့ ဆက်တိုက်စောင်ရေတက်သွားသည်ဟူသော သတင်းက ဝမ်းသာပီတိအလွန်ဖြစ်ကြရသည်။

စင်စစ် မြန်မာ့အလင်းနှင့်ကြေးမုံတို့အပေါ် သမိုင်းကြောင်း ကောင်းမွန်ခိုင်ခံ့ပြီး ဂုဏ်သိက္ခာပြည့်ဝသော သတင်းစာကြီးများအဖြစ် ပြည်သူများ ယုံကြည်ကိုးစားခဲ့ကြပြီးသားဖြစ်သည်။ လောက၏အလှည့်အပြောင်းများကြောင့်သာ ခေတ္တယာယီ တောင်တောင်အီအီနှင့် ထွေလီကာလီဖြစ်နေခဲ့ကြရာမှ ယခုဆိုပြည်သူ့ဒီမိုကရေစီ အရပ်သား အုပ်ချုပ်မှုသစ်တွင် သွင်တစ်မူခြားကာ မူလဇာတိ ရုပ်ကို တစ်ဖန်ပြန်ဖော်ထုတ်နိုင်ကြတော့မည်ဟု အားရဝမ်းသာ ရှိကြရပြီဖြစ်သည်။

ယခင်ယခင်က ဂါးဒီးယန်းဦးစိန်ဝင်း၊ နေးရှင်းဦးလောရုံ၊ ဗမာ့ခေတ်ဦးအုန်းခင်၊ အင်ဒီပင်းဒင့် ဒေါ်စန်း၊ မြန်မာ့အလင်း ဦးတင်၊ သူရိယဘကြီးဘဖေ၊ ထွန်းနေစဉ် ဦးထွန်းဖေ၊ အိုးဝေဦးညိုမြ၊ လူထုဦးလှ၊ တိုင်းချစ်သခင်သိန်းဖေ၊ ဂျာနယ်ကျော်ဦးချစ်မောင်၊ သူကြီးဂေဇက်ဦးခင်မောင်၊ အထောက်တော်အုန်းမြင့်၊ ကြေးမုံဦးသောင်း၊ ဟံသာဝတီ ဦးဝင်းတင် အစရှိသည်ဖြင့် အယ်ဒီတာများကို သူတို့သတင်းစာများဖြင့် ခွဲမရအောင် ပြည်သူကတွဲလျက်သား အသိအမှတ်ပြု လက်ခံကြည်ဖြူ နှစ်သက်ခဲ့ကြသည်။ ယင်းအမည်များဖြင့် သက်ဆုံးတိုင် ထင်ရှားကျော်ကြားခဲ့ကြသည်။

ထိုအစဉ်အလာမှာ ၁၉၆၂ ခုနှစ်တွင် တော်လှန်ရေးကောင်စီတက်လာပြီး ၁၉၆၄ ခုနှစ်တွင် သတင်းစာများကို ပြည်သူပိုင်သိမ်းလိုက်သည်မှစ၍ နိဋ္ဌတံသွားခဲ့သည်မှာ ယနေ့ထက်တိုင်ပင်ဖြစ်တော့သည်။

၂၀၁၂ ခုနှစ်နှောင်းပိုင်းတွင် စာပေစိစစ်ရေးကို ရုပ်သိမ်းခဲ့သည်မှစ၍ ပုဂ္ဂလိကစာနယ်ဇင်းများ အသက်ဝဝ ရှင်ခွင့်ရလာသည်။ ဤတွင် ကိုယ်ပိုင်သတင်းစာများလည်း အလျှိုအလျှိုထွက်လာကြသည်။

ဂျာနယ်လက်ကိုင်ရှိထားနှင့် ပြီးသူတို့က နေ့စဉ်သတင်းစာကို ပူးတွဲထုတ်ဝေလာကြသလို သတင်းစာသက်သက်သာထုတ်ဝေသူများလည်း ပေါ်လာသည်။ စာပေလွတ်လပ်ခွင့်၊ သတင်းလွတ်လပ်ခွင့်နှင့် စာနယ်ဇင်းလွတ်လပ်ခွင့်တို့ ရှေ့တန်းရောက်လာသည်။ စာပေအဖွဲ့အစည်းများ၊ သတင်းအဖွဲ့အစည်းများ၊ သတင်းလုပ်ငန်းသင်တန်းများဖြစ်တည်လာသည်။ B.A (Journalism) ဘွဲ့များ ပေးအပ်နိုင်လာသည်။ သတင်း၏ အခန်းကဏ္ဍမှာ ပိုမိုထင်ရှားလာသည်။ စတုတ္ထမဏ္ဍိုင်၏အရေးပါမှုကို ပို၍ သတိထားမိလာခဲ့ကြသည်။

သတင်းသမားတို့မှာ ပုံနှိပ်မီဒီယာနှင့် အီလက်ထရွန်နစ်မီဒီယာတို့အကြား လွန်းထိုးနေရပြီဖြစ်၏။ ရေဒီယို သက်သက်၊ အသံသက်သက်နှင့် မလုံလောက်တော့ဘဲ အရုပ်ကိုပါပြနိုင်အောင် အားထုတ်ကြရသည်။ အချိန်နှင့် တစ်ပြေးညီဟူသောကိစ္စကို အလေးထားလာကြရသည်။ လူတစ်ကိုယ် ဖုန်းတစ်လုံးဖြစ်လာသည့်အခိုက် သတင်းတို့၏ ပျံ့နှံ့စီးမျှောမှုက အားကောင်းကောင်းဖြင့် လျင်လျင်မြန်မြန် ဖြစ်ထွန်းလာသည်။

ယနေ့ကြေးမုံသည် ယခု ဧပြီ ၁၆ ရက်နေ့တွင် (၅၉) နှစ် အရွယ်တိုင်ခဲ့ပြီဖြစ်ရာ လက်ရှိမြန်မာ့သတင်းစာလောက၌ သက်တမ်းအရှည်ဆုံး တစ်စောင်တည်းသော သတင်းစာအဖြစ် အထင်အရှားရပ်တည်လျက်ရှိနေပြီဖြစ်သည်။

ဤတွင် ကြေးမုံ၏ သမိုင်းကြောင်းသည် မေ့ကောင်းစရာအတိတ်မဟုတ်။ ပျောက်ပျက်စရာဇာတ်ကြောင်းမဟုတ်သည့်အလျောက် သူ၏ Fact File ကြည့်လိုက်သည်တွင် ကြေးမုံသည် ၁၉၅၆ အောက်တိုဘာမှ ၁၉၅၇ မတ်အထိ အပတ်စဉ်ထုတ်ဂျာနယ်အဖြစ် ကနဦးရပ်တည်ပြီး ခြေကုပ်ယူခဲ့သည်။ ကြေးမုံကို တည်ထောင်သူတို့မှာ ဦးသောင်း (အောင်ဗလ)၊ ဦးသိန်း(ဇဝန)၊ ဦးခင်မောင်ရီ (စိန်ခင်မောင်ရီ)နှင့် ဦးသော်(ကြော်ငြာမန်နေဂျာ)တို့ဖြစ်ပြီး အယ်ဒီတာ အဖွဲ့မှာ ဦးသောင်းနှင့် ဦးခင်မောင်ရိတို့နှစ်ဦးတည်းသာဖြစ်သည်။ သတင်းစာတိုက်တည်နေရာမှာ (၃၉၈)ဘိုးလိမ်းလမ်း ကျောက်မြောင်း ရန်ကုန်မြို့ဖြစ်သည်။

လန်ဒန်မှ ကမ္ဘာကျော် Daily Mirror ကို အတိအကျ အားကျအတုယူ အသေအချာမှီငြမ်းပြီး ထိုစဉ်က ထွက်ဆဲ သတင်းစာများနှင့် အစစအရာရာ ကွဲပြားခြားနားစေလျက် အရွယ်အစားမှအစ အထားအသို အပြင်အဆင် အလယ်ကော်လံခွဲပုံအဆုံး ဆန်းသစ်တီထွင်မှုများကို ယုံကြည်ချက်ခိုင်ခိုင် နည်းစနစ်ကျကျဖြင့် ၁၉၅၇ ဧပြီ ၁၆ ရက်မှစ၍ ထူးခြားစွာ စတင်ထုတ်ဝေခဲ့ရာ နှစ်လအကြာတွင် မြန်မာပြည်၌ စောင်ရေအမြင့်ဆုံးစံချိန်ကို ၁၃၀၀၀ ဖြင့် ရရှိခဲ့သည်မှာ သတင်းစာလောကၨ သမိုင်းတွင်သော ကြေးမုံဖြစ်ခဲ့သော ဟူ၏။

"အယ်ဒီတာ့အာဘော်" ကို နေ့စဉ်မထည့်သွင်းဘဲ လိုအပ်မှသာရေးသားခြင်း၊ ၁၅"×၁၀" စာမျက်နှာကို ငါးကော်လံခွဲရာ၌ စာသားကို ကိုးလက်မခွဲယူကာ အနားအဖြူသားကိုလျှော့၍ စာသားကို ပို့ပေးထားခြင်း၊ အများစုသော သတင်းစာများက ကျောဖုံး (Back Cover)တွင် ကြော်ငြာများထည့်ကြသည်ကို ကြေးမုံကကြော်ငြာမထည့်ဘဲ သတင်းကိုသာထည့်သွင်းခြင်းနှင့် ကာတွန်းအောင်ရိန်၏ 'ခင်'ကို ပင်တိုင်တင်ဆက်နိုင်ခြင်းတို့မှာ ကြေးမုံကို လူထုက မဖတ်ရမနေနိုင်အောင် ဆွဲဆောင်စေသည့်အချက်များ ဖြစ်သည့် တီထွင်ချက်များပင်ဖြစ်သည်။

မြန်မာသတင်းစာတို့အတွက် ခေတ်သစ်ပြောင်းသည့် ကိစ္စကို ကြေးမုံကစွမ်းဆောင်ခဲ့ရာ သမိုင်းသစ်တစ်ရပ်အဖြစ် မှတ်တမ်းတင်ရသောကိစ္စများ၌ ခေတ်မီစက်ကိရိယာများကို တပ်ဆင်သုံးစွဲရကောင်းမှန်းသိသည့် ဉာဏ်ရည်မြင့်မားမှုကလည်း အထူးအရေးပါခဲ့သည်။

ထိုစဉ်က ကြေးမုံဝယ်ယူအသုံးပြုခဲ့သော Photo Litho ပတ်လည်စက်မှာ အာရှတိုက်တွင် ပထမဆုံးသုံးသည့် စက်ဖြစ်ပြီး ၃၂ မျက်နှာသတင်းစာကို ဖြတ်ပြီး ခေါက်ပြီး တစ်နာရီလျှင် ၂၃၀၀၀ ကျသည်။

ပုံနှိပ်စွမ်းရည်အားသာချက်ကြောင့် သူတကာ သတင်းစာတို့ ည ၉ နာရီ ဖောင်ပိတ်ကြသော်လည်း ကြေးမုံက နောက်တစ်နေ့အကူး ၂ နာရီမှဖောင်ပိတ်ကာ ညဉ့်နက်နက် သတင်းထူးများရှိပါက အချိန်မီထည့်သွင်းခွင့်ရခဲ့သည်။ တစ်ဆက်တည်းမှာပင် ကြေးမုံသည် မြန်မာဘာသာ မိုနိုဖိုတိုဖလင် စာလုံးစီစက်ကို ဦးဆုံးတီထွင်အသုံးပြုခဲ့သည်ဖြစ်ရာ ". . . ဤသို့ဖြင့် ပထမဆုံး မြန်မာဘာသာ ဖလင်စာလုံးစီစက်ကိုရခဲ့ပြီးနောက် ကြေးမုံသည် အာရှ၌ ပထမဆုံးသော လစ်သိုပတ်လည်စက်ကို အသုံးပြုသည့် သတင်းစာကြီးအဖြစ် ၁၉၆၃ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် သတင်းစာပုံနှိပ်စက်သစ်သမိုင်းကို ရေးလိုက်လေသည်။

ကြေးမုံ၏ အသွင်အပြင်မှာ ကမ္ဘာအရပ်ရပ်မှ သတင်းစာအမြောက်အမြား၏ အဆင့်အတန်းထက် အဆပေါင်းများစွာသာလာခဲ့သည်။ ထင်ရှားပြတ်သားသော ဓာတ်ပုံများ၊ စာသားများနှင့် ပုံနှိပ်လောကၨ အလှဆုံး၊ အရှင်းဆုံး၊ အထင်ဆုံး၊ အသန့်ဆုံးပုံနှိပ်နည်းကို အာရှ၌ ပထမဆုံးသုံးခြင်းဖြင့် ကြေးမုံသည် ဝုန်းခနဲ စောင်ရေ ၅၀၀၀၀ ကျော်သွားတော့သည်"။ (ဗမာ့ခေတ်မှ ကြေးမုံသို့)

ကြေးမုံ၏ဖန်တီးရှင်ဦးသောင်း (ဆရာအောင်ဗလ)မှာ ၁၉၄၇ ခုနှစ်က တစ်နေ့နှစ်ကျပ်စား သတင်းထောက်ကလေးဘဝမှ အယ်ဒီတာချုပ်၊ ထိုမှအကျော်ကြားဆုံး သတင်းစာကြီးတစ်စောင်ကို ပျိုးထောင်နိုင်ခဲ့သည်အထိ အဆင့်ဆင့်ကျော်လွှားလာခဲ့သော သတင်းစာသမား (journalist)တစ်ဦးဖြစ်ရာ သူ၏ထူးခြားသော အမြင်အတွေးစိတ်ကူးနှင့်ကြံဆမှုများမှ သူမတူသော ဇွဲ၊ လုံ့လ၊ ဝိရိယတို့ဖြင့် ရောစပ်ကာ မြန်မာ့သတင်းစာတစ်ခေတ်ကို အပိအပြင်ဖြစ်ထွန်းစေခဲ့သည်ဖြစ်ရာ ယနေ့ခေတ်ကာလ မျိုးဖြင့်သာ ကြုံကြိုက်ခဲ့ပါလျှင် သတင်းလောက၊ သတင်းစာလောကအတွက် ထိရောက်ပေါက်မြောက်သော စွမ်းဆောင်ချက်များ အကြံကောင်းဉာဏ်ကောင်းများ ဆရာအောင်ဗလ (ကြေးမုံဦးသောင်း)၏ ဦးနှောက်အတွင်းမှ မည်ရွေ့မည်မျှ၊ မည်သို့မည်ပုံထွက်လာအံ့နည်း ဟုတွေးမျှော်ကာ လာမည့် ၂၀၁၇ တွင် နှစ် (၆၀) ပြည့်တော့မည့် ကြေးမုံဟူသော သက်တော်ရှည်မြန်မာ့သတင်းစာကြီးကို မွေးနေ့အမှတ်တရ ဂုဏ်ပြုလိုက်ပါသည်။ ။

မဟာသင်္ကြန် (ဒုတိယအကြိတ်)နေ့တွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ မဟာသင်္ကြန်ဗဟိုမဏ္ဍပ်အဝင်၌ ရမည်းသင်းခရိုင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကြည်စိုးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ခရိုင်၊ မြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ သင်္ကြန်ပွဲတော်ကာလအတွင်း မလိုလားအပ်သော ပြဿနာများ မဖြစ်ပေါ်စေရေးအတွက် စစ်ဆေးဆောင်ရွက်နေသည်ကိုတွေ့ရစဉ်။

လှိုင်သန်းတင့်(ရမည်းသင်း)

မင်းဘူးမြို့၌ သင်္ကြန်ပွဲတော် အေးချမ်းပျော်ရွှင်စွာ ဆင်နွဲ

မင်းဘူး ဧပြီ ၁၅

မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်(အကြတ်နေ့) ဒုတိယမြောက်နေ့တွင် မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ် ဗဟိုမဏ္ဍပ်နှင့် မြို့ပေါ်ရပ်ကွက်များရှိ ရေကစားမဏ္ဍပ်များတွင် ဒေသခံပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေကစားလျက်ရှိကြောင်းသိရပြီး ရေကစားမဏ္ဍပ်များတွင်လည်း ရပ်ကွက်များအလိုက် ဒေသခံပြည်သူများက စုပေါင်းကာ စတုဒိသာများ ဧည့်ခံကျွေးမွေး၍ ကုသိုလ်ပြုကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ယင်းသို့ဒေသခံပြည်သူများ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကြီး အေးချမ်းပျော်ရွှင်စွာ ကျင်းပနိုင်ရေးအတွက် ခရိုင်/မြို့နယ်အဆင့် ယာဉ်ထိန်းရဲတပ်ဖွဲ့မှားနှင့် ရဲတပ်ဖွဲ့စခန်းများမှ တာဝန်ရှိသူများက ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးတာဝန်များကို မြို့တွင်းရှိ ရေကစားမဏ္ဍပ်တိုင်းတွင် အရှိန်အဟုန်မြင့် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

(ခရိုင်မြန်/ဆက်)

ကြေးမုံသတင်းစာ လာရာလမ်းကြောင်း

မြင့်ဆွေဦး

၁၉၅၇ ခုနှစ် ဧပြီလ ၁၆ ရက်နေ့သည် မြန်မာ့သတင်းစာသမိုင်းတွင် ထူးခြားသောနေ့တစ်နေ့ဖြစ်သည်။ ထိုနေ့သည် မြန်မာနှစ်ဆန်းတစ်ရက်နေ့လည်းဖြစ်ပြီး သတင်းစာအသစ်သုံးစောင် တစ်ပြိုင်နက်တည်းထွက်လာ၍ဖြစ်သည်။ ထိုသတင်းစာတို့မှာ ကြေးမုံ၊ အထောက်တော်သတင်းစာနှင့် ပြည်တော်စိုးသတင်းစာတို့ဖြစ်သည်။

ကြေးမုံသတင်းစာကို ဦးစီးသူမှာ ကြေးမုံဦးသောင်း(အောင်ဗလ)ဖြစ်သည်။ ထိုစဉ်က မြန်မာသတင်းစာလောကမှာ အမေရိကန်သြဇာခံလက်ယာသတင်းစာနှင့် ရုရှားသစ္စာခံလက်ဝဲသတင်းစာဟူ၍ ရှိကြသောသတင်းစာနှစ်မျိုးသာရှိသည်။ လက်ဝဲသတင်းစာများက အမေရိကန် ဝေါဟာရစာလုံးကို အသုံးပြုတိုင်း 'အမေရိကန်နယ်ချဲ့သမား' ဟု ဂုဏ်ထူးဝိသေသ တပ်ဆင်ရေးသားလေ့ရှိသည်။ လက်ယာသတင်းစာများက လက်ဝဲနိုင်ငံများ၏ အနယုတ္တသတင်းများကို ပုံကြီးချဲ့၍ ရေးသားကြသည်။

ကြေးမုံဦးသောင်းသည် ဗမာ့ခေတ်သတင်းစာ၏ အယ်ဒီတာချုပ်ဖြစ်သည်။ ဗမာ့ခေတ်က ကွန်မြူနစ်ဆန့်ကျင်ရေးသတင်းစာဖြစ်သော်လည်း အမေရိကန်ဒီမိုကရေစီကို ဝေဖန်ရေးသားနိုင်ခဲ့သည်။ သို့သော် ဦးသောင်းသည် ဗမာ့ခေတ်၌ မပျော်နိုင်။ အဘယ်ကြောင့်ဆိုသော် လစာနှုန်းထားကို မကျေနပ်၍ဖြစ်သည်။

ထိုအချိန်က ကြေးမုံဦးသောင်းသည် ကိုယ်ပိုင်လုပ်ငန်းအဖြစ် သောကြာဟာသစာစောင်ကို ဆရာဇဝနနှင့် ရှမဝ ဦးကျော်တို့ အကူအညီဖြင့်ထုတ်ဝေရာ ရောင်းမလောက်အောင် ထူးထူးခြားခြားအောင်မြင်မှုရခဲ့သည်။ သည်နောက်မှာ ဗမာ့ခေတ်ပိုင်ရှင်ဦးအုန်းခင်ထံ အရေးဆိုသည်။ ဗမာ့ခေတ် အမှုထမ်းအားလုံး လစာနှုန်းနိမ့်နေပါသည်။ ထို့ကြောင့် စာစီကစပြီး သတင်းထောက်များ၊ အယ်ဒီတာများထိ လစာတိုးပေးပါဟု လစာစာရင်းသစ်ပြု၍ အရေးဆိုခဲ့သည်။ လစာနှုန်းထားထိုက်သင့်သလိုပေးပါဟု တောင်းစဉ်က မပေးလျှင် ဘာလုပ်မည်ဟု အစီအစဉ်မရှိသော်လည်း မိမိတောင်းသည့်အတိုင်းမရသည့်အခါ ဗမာ့ခေတ် အယ်ဒီတာချုပ်ရာထူးမှ နုတ်ထွက်လိုက်သည်။

ဗမာ့ခေတ်မှထွက်ပြီး လအနည်းငယ်အကြာတွင် ကြေးမုံဂျာနယ်ကို စတင်တည်ထောင်သည်။ စောင်ရေ ၇၀၀၀ အထိ ရောင်းရသဖြင့် အောင်မြင်သော်လည်း သတင်းများ၊ ဆောင်းပါးများကို ခုနစ်ရက် စောင့်ဆိုင်းပြီးမှ ရေးသားရသည်ကို အားမလိုအားမရဖြစ်လာသည်။ သတင်းကောင်းများ ရှာနိုင်ပါလျက်မရေးနိုင်သည်မှာ ခြေတုပ်ထားသကဲ့သို့ ဖြစ်နေသည်။

ထို့ကြောင့် ဦးသောင်းသည် နေ့စဉ်သတင်းစာထုတ်ဝေရန် ပြင်ဆင်လေသည်။ ဦးသောင်းသည် သတင်းစာထုတ်ဝေရန် ပြင်ဆင်သည့်အနေဖြင့် ရှမဝမဂ္ဂဇင်းတွင် သတင်းစာမထွက်ခင် လေးငါးခြောက်လအလိုကပင် သတင်းစာသစ်တစ်စောင်ထွက်တော့မည်ဟု အောက်ပါအတိုင်း ကြော်ငြာခဲ့သည်။

လက်ရှိသတင်းစာတို့နှင့်မတူဘဲ တစ်မူထူးခြားမည့် သတင်းစာတစ်စောင်ထွက်တော့မည်ဖြစ်၏။

ထိုသတင်းစာမှာ ယခုကြေးမုံအပတ်စဉ်ကို နေ့စဉ်သတင်းစာအဖြစ်ပြောင်းလဲမည့် ကြေးမုံသတင်းစာဖြစ်လေသည်။

ကြေးမုံသတင်းစာကို အထားအသိုအသွင်အပြင် မင်ကျမင်နသပ်ရပ်သန့်ရှင်းလှပစေရန်အတွက် မည်သည့်သတင်းစာ၌မျှ အသုံးမပြုဖူးသေးသော ပုံနှိပ်စက်အသစ်စက်စက်ကြီးများကို နိုင်ငံခြားမှ အထူးမှာယူရိုက်နှိပ်မည်ဖြစ်၏။

ကြေးမုံအဖွဲ့တွင် လက်ရှိသတင်းစာလောကမှ လူငယ်သတင်းစာဆရာများ အင်အားတောင့်တင်းစွာပါရှိသဖြင့် သတင်းဦး သတင်းထူးစုံလင်စွာ ပါရှိမည်ဖြစ်၏။ ဒေါက်တာအေးမောင်၊ ရွှေဥဒေါင်း၊ ဇဝန၊ မောင်ထင်၊ သိန်းဖေမြင့်၊ တက်တိုး၊ တင့်တယ်၊ မာလာ၊ သန်းဆွေ၊ သာဂဒိုး၊ အောင်ဗလ၊ မေတ္တာရှင်၊ ရေကျော်မောင်မောင် စသည်ဖြင့် အလှည့်ကျ ရေးသားမည့်သူစာရင်းကြည့်လျှင် ကြေးမုံသည် ဆောင်းပါးရှင်ကြီးများ အင်အားအတောင့်တင်းဆုံး သတင်းစာဖြစ်ကြောင်း တွေ့ရလေသည်။

နာမည်ကျော်စာရေးဆရာ ရုပ်ရှင်ဒါရိုက်တာ ဦးသုခက အပတ်စဉ်ဝတ္ထုတိုများ ရေးသားမည်ဖြစ်လေသည်။

တစ်ဦးတည်းသော ရုပ်ရှင်ဝေဖန်ရေးဆရာ ခင်မောင်ရီက ဗမာ့ရုပ်ရှင်လုပ်ငန်းတိုးတက်ရေးအတွက် ရှေးရှုကာ မကြောက်မည့်ဘာမျက်နှာမရွေး ကြေးမုံမှဝေဖန်မည်ဖြစ်သည်။

ကြေးမုံအပတ်စဉ်၌ ပါမြဖြစ်သော နိုင်ငံခြားရုပ်ရှင်ဇာတ်လမ်း၊ သတင်းမှစ၍ အခြားကဏ္ဍများကို ကြေးမုံအပတ်စဉ်အထူးထုတ်၌ ယခုအတိုင်းပါရှိမည်ဖြစ်သည်။

နာမည်ကျော် ရုပ်ပြောင်ဆရာဦးဖေသိန်းက နေ့စဉ် ရုပ်ပြောင်ခန်းတစ်ခုဖွင့်ပြီး ဦးသန်းကြွယ်ကလည်း တစ်ခန်းဖွင့်မည်ဖြစ်သည်။

ကြေးမုံကို ဦးစီးထုတ်ဝေမည့် သူတို့မှာ စာပေလောက၊ သတင်းစာလောကၭ ထင်ရှားသောလူငယ်များဖြစ်သူ သတင်းစာဆရာအသင်းအတွင်းရေးမှူး ဦးသောင်းနှင့် စာရေးဆရာအသင်း အတွင်းရေးမှူးဦးခင်မောင်ရီတို့ဖြစ်သည်။

ကြေးမုံသည် မကြာမီထွက်တော့မည်ဖြစ်၏။

ထိုကြော်ငြာနှင့်အတူ "ကုန်သွယ်ပြန်စာကတ်"ကို ထည့်၍ ကြေးမုံသတင်းစာခြောက်လအတွက် ငွေ ၂၀ နှင့် ရယူနိုင်မည်ဟု ကြော်ငြာပါလေသည်။

ဦးသောင်းသည် သောကြာစာစောင်က ရရှိထားသော ငွေရင်းအပြင် ဆွေမျိုးမိတ်ဆွေငါးဦးနှင့် အိုးဝေကြော်ငြာ မန်နေဂျာ ဦးသော်ထမ်မ ငွေရင်းအနည်းငယ်တောင်းခံပြီး ငွေရင်းအစုစုကျပ်သုံးသောင်းမျှနှင့် တည်ထောင်သော အခါတွင် ဆရာဇဝနနှင့် ကိုခင်မောင်ရီတို့ကိုလည်း အစုဝင်လာနိုင်ရန် လစာပိုပေးပြီး အစုရှင်များအဖြစ် ပါဝင်စေသည်။ ပထမဆုံးသော အယ်ဒီတာများ စုပေါင်းပိုင်ဆိုင်သည့် သတင်းစာဖြစ်ပြီး ထိုအချိန်က အတော်ဆုံးသတင်းထောက်များကို စည်းရုံးခေါ်ယူထားသဖြင့် တစ်ဟုန်ထိုး တိုးတက်ရောင်းချရတော့သည်။

နှစ်ဆန်း ၁ ရက်၊ ပထမနေ့က ကြေးမုံစောင်ရေ ၇၀၀၀ ပုံနှိပ်သည်ကို ၃၀၀၀ ရောင်းရသည်။ ဒုတိယနေ့တွင် ၃၀၀၀ ရောင်းရပြီး တတိယနေ့တွင် ၄၅၀၀၊ ပဉ္စမနေ့၌ ၇၀၀၀ ရောင်းရသဖြင့် ငါးရက်အတွင်း သတင်းစာကြီးများနှင့် ရင်ပေါင်တန်းလိုက်နိုင်ခဲ့သည်။ တစ်လကြာသောအခါတွင် စောင်ရေ ၁၃၀၀၀ ရောင်းရ၍ သုံးလအကြာတွင် စောင်ရေ ၂၀၀၀၀ ရောင်းရသောကြောင့် ဗမာ့ခေတ်ကို ကျော်လွန်ပြီး အကြီးဆုံးသတင်းစာတစ်စောင်ဖြစ်လာခဲ့သည်။

သတင်းစာဆရာကြီး ဟံသာဝတီဦးဝင်းတင်သည် ကြေးမုံသတင်းစာ စတင်တည်ထောင်ကတည်းက ပါဝင်လာသူဖြစ်သည်။ ထိုစဉ်က သူ့အတွေ့အကြုံကို အောက်ပါအတိုင်း ပြောပြခဲ့ဖူးသည်။

"ကျွန်တော်က အယ်ဒီတာ၊ ကြေးမုံသတင်းစာ စထောင်တဲ့ထဲမှာလည်း ကျွန်တော်ပါတယ်။ ကျွန်တော်တို့ ကြေးမုံသတင်းစာက အယ်ဒီတာချုပ်တွေ ဘာတွေမရှိဘူး။ ဆရာဇဝနကို အယ်ဒီတာချုပ်လို့ ပြောတာလည်း ရှိတယ်။ ကိုသောင်းကိုလည်း အယ်ဒီတာချုပ်လို့ ထင်တဲ့သူတွေလည်း ရှိတယ်။ ကိုခင်မောင်ရီကိုရော၊ ကျွန်တော့်ကိုရော အယ်ဒီတာချုပ်လို့ ထင်တဲ့လူတွေရှိတယ်။ လုပ်တဲ့ပုံသဏ္ဌာန်က ဘယ်လိုဖြစ်လာလဲဆိုတော့ ဆရာဇဝနက ဘာမှမလုပ်ဘူး။ အိမ်မှာပဲနေပြီးတော့ညနေဆိုရင် သွားခေါ်ရင်ခေါ်၊ မခေါ်ရင် သူ့ဘာသာသူလာတယ်။ သတင်းစာတိုက်ရောက်ရင် ဟိုသတင်းထောက်မေး၊ ဒီသတင်းထောက်မေးနဲ့ ရေးလို့ကောင်းတဲ့ အိုင်ဒီယာပေါ့။ မေးပြီးရင်သူ့စက္ကူကို ဆုတ်ပြီးတင်ပြီးရင် သူ့ကို ဘီယာသုံးလုံးပေးရတယ်။ ဘဲကင်တို့ ဘာတို့လည်းပေးရတယ်။ အယ်ဒီတာခန်းမှာတောင် မရေးဘူး။ အုပ်ချုပ်ရေးဌာနတို့ ကြော်ငြာဌာနတို့ စားပွဲတွေမှာ သွားပြီးရေးတာပဲ။ ဆရာဇဝနက စာရေးတဲ့နေရာမှာ ဖျက်ရာခြစ်ရာမရှိ တစ်ခါတည်း တန်းရေးတာ။ များသောအားဖြင့် အကုန်လုံးကောင်းတယ်။ တစ်ခုပဲရှိတယ်။ ဘာလဲဆိုတော့ ကျွန်တော့်ကို (ဝင်းတင်စာကြောင်းနည်းနည်းပိုရင် ဟိုဘက်မျက်နှာရွှေ့ ဒီဘက်မျက်နှာကူးမလုပ်နဲ့၊ အညွှန်းနဲ့လိုက်ထည့်မနေနဲ့ ဖြတ်ပစ်)ဆိုပြီး ကျွန်တော့်ကို ခိုင်းတယ်။ အဲဒီလို ယုံယုံကြည်ကြည်နဲ့ အပ်ထားတာရှိတယ်။

ကိုသောင်းကျတော့ သူ့ယောကျ္ဍမတွေဆီက ငွေကြေးနဲ့ ဘာနဲ့ဆိုတော့ သူက ဦးဆောင်လုပ်တယ်။ ကိုသောင်းက တကယ့်ထူးချွန်တဲ့ သတင်းစာဆရာပါ။ အမြဲတမ်းလည်း ကြိုးစားအားထုတ်နေတယ်။ ငွေကြေးတို့ ဘာတို့လည်း ရှာတတ်တယ်။ ပြီးတော့ သူက အရက်သောက်တာတွေ ဘာတွေမရှိဘူး။ အမြဲတမ်း သံရုံးသွားတယ်။ သတင်းတွေ ယူတယ်။သူ့ဆီကို (ကိုသောင်း၊ သတင်းတစ်ပုဒ်လိုချင်တယ်၊ သတင်းခန်းနေတယ်)လို့ ပြောလိုက်ရင် အချိန်မရွေး သတင်းတစ်ပုဒ်ဆွဲထုတ်ပေးတယ်။ အဲဒီလို အစွမ်းအစရှိတယ်။ဒါပေမယ့် သူက သတင်းစာတိုက်မှာ မထိုင်ဘူး။ အကြောင်းကြောင်းကြောင့် ကျွန်တော်က ခရီးထွက်နေတယ်။ ကိုခင်မောင်ရီကလည်း အစည်းအဝေးတို့ဘာတို့ သွားနေတယ်ဆိုရင် လူမရှိဘူးပေါ့။ အဲလိုဆိုရင်တော့ ဖောင်တွေဘာတွေ ဝင်ကိုင်တယ်။ ပုံမှန်ဖောင်ကိုင်တာက ကိုခင်မောင်ရီနဲ့ ကျွန်တော်နှစ်ယောက်ပေါ့။

ကြေးမုံသတင်းစာကို လူထုက လက်ခံအားပေးလာခြင်းမှာ သတင်းထူး၊ သတင်းဦးကို ရဲဝံ့စွာဖော်ပြနိုင်ခြင်းနှင့် မြန်မာ့ရှုထောင့်ကို ရှေးရှုသောမူဝါဒကြောင့် ဖြစ်သည်။ အခြားသတင်းစာများက အန္တရာယ်များသည့် သတင်းဆောင်းပါးများကို ရှောင်လေ့ရှိသည်။ ကြေးမုံနှင့် ဗမာ့ခေတ်ကမူ လူထုသိသင့်သည့်သတင်းကို ရရှိကြပါက မိမိတို့ရင်ဆိုင်ရမည့် ဘေးရန်များကိုသိကြပါလျက် တာဝန်ကျေပွန်စွာ ပုံနှိပ်ဖော်ပြလေ့ရှိသည်။

ကြေးမုံအာဘော်နှင့် ပတ်သက်၍ မြန်မာ့ရှုထောင့်က မြင်ကြည့်သည့် သတင်းစာဖြစ်ရစေမည်။ ဘက်မလိုက်သည့် သတင်းစာဖြစ်ရစေမည်ဟု ကြိုးစားစေကာမူ သတင်းဖြစ်ပေါ် သမျှကို တင်ပြဝေဖန်ရာ၌ လွတ်လွတ်လပ်လပ်ရေးလေသဖြင့် လက်ဝဲ၊ လက်ယာ အင်အားစု နှစ်ဖက်စလုံးက မကြည်ကြပါ။ (ယင်းတို့က အနောက်အုပ်စုကိုသာ အသားပေးလွန်းတယ်)ဟု ဆရာသိန်းဖေမြင့်က ဝေဖန်သည်။ ဆရာဦးညိုမြက တစ်ဖန်ကြေးမုံက လက်ဝဲဘက်ကို ဘေးတီးပေးသည်ဟု အပြစ်တင်ခဲ့လေသည်။

မြန်မာ့သတင်းစာသမိုင်းတွင် တာဝန်ကျေပွန်စွာနှင့် သတင်းစာတာဝန်ကို ထမ်းဆောင်ခဲ့သော ကြေးမုံသတင်းစာသည် စစ်အစိုးရလက်ထက်တွင် ခိုပ်ပိတ်ခံရသည်။ ၁၉၆၂ ခုနှစ် စစ်တပ်ကအာဏာသိမ်းလိုက်ပြီးနောက် ကြေးမုံသတင်းစာက ပွင့်ပွင့်လင်းလင်းဝေဖန်ရေးသားခဲ့သဖြင့် ကြေးမုံဦးသောင်းအပါအဝင် သတင်းစာအယ်ဒီတာများကို ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ အာဏာသိမ်းပြီး နှစ်နှစ် အကြာတွင် ကြေးမုံသတင်းစာအား ၁၉۶၄ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် ပြည်သူပိုင်သိမ်းခဲ့လေသည်။

ဤသို့ဖြင့် မြန်မာ့သတင်းစာလောကတွင် ပုဂ္ဂလိကပိုင် သတင်းစာများ အခန်းကဏ္ဍကွယ်ပျောက်သွားရလေတော့သည်။ ။

သင်္ကြန်ကာလအတွင်း ရေးဟောင်းနယ်မြေများသို့ ပြည်တွင်းပြည်ပဧည့်သည်များ လည်ပတ်မှုများပြား

မန္တလေး ဧပြီ ၁၅

ယခုနှစ်သင်္ကြန်ကာလအတွင်း မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရေးဟောင်းနယ်မြေများသို့ လာရောက်လည်ပတ်မှုများပြားလျက်ရှိပြီး ပြည်တွင်းသာမက ပြည်ပဧည့်သည်များပါ လာရောက်လည်ပတ်ကြကြောင်း သိရသည်။

ရေးဟောင်းနယ်မြေများဖြစ်သည့် မင်းကွန်းဒေသနှင့် အင်းဝမြို့ဟောင်းများသို့ သင်္ကြန်ကာလအတွင်းလာရောက်လည်ပတ်မှုမှာ ယခင်နှစ်ထက် ယခုနှစ်တွင် ပိုမိုများပြားစွာလာရောက်ကြပြီး ပျော်ရွှင်စွာရေကစားကြသည့်အပြင် မြန်မာ့အနုပညာလက်ရာများပါ စိတ်ဝင်တစားလာရောက်လေ့လာကြခြင်းဖြစ်ကြောင်း မင်းကွန်းဒေသမှ ဒေသခံတစ်ဦးဖြစ်သူ ကိုမိုးသူကဆိုသည်။

"ဒီနှစ်တော်တော်လာတယ်။ ပြည်တွင်းရော ပြည်ပဧည့်သည်ပါအစုံလာတဲ့ သဘောဖြစ်နေတော့ ကျွန်တော်တို့ အတွက်ကတော့ အရောင်းအဝယ်ကောင်းတာပေါ့။ သင်္ကြန်မဏ္ဍပ်တွေလည်းရှိတော့ ပြည်ပဧည့်သည်တွေဆို ဝင်ကကြတာတွေ ရေပက်ကြတာတွေလုပ်ပြီးပျော်ကြတယ်။ သင်္ဘောစီးပြီးလာကြသလို ပြည်တွင်းက သင်္ကြန်ရေပက်ခံတဲ့သူတွေက ကားနဲ့လာကြပါတယ်"ဟု ၎င်းကပြောကြားသည်။

သင်္ကြန်ကာလအတွင်းမြို့တွင်းရှိ သင်္ကြန်အင္ဂေ့အသက်များကို ရှောင်ရှားပြီး ရေးဟောင်းနေရာများတွင် သင်္ကြန်အင္ဂေ့အသက်ဆန်းတစ်ခုကိုရယူလိုသည့် အပြင် မြန်မာ့အနုပညာလက်ရာများပါ လေ့လာခြင်းကြောင့် မင်းကွန်းဒေသသို့ လာရောက်လည်ပတ်ခြင်းဖြစ်ကြောင်း မိသားစုလိုက် လာရောက်လည်ပတ်သည့် မန္တလေးမြို့မှ ကိုအောင်ညွှန့်က ဆက်လက်ပြောကြားသည်။

"သင်္ကြန်ဆို နှစ်တိုင်းမြို့တွင်းမှာလည်းဖြစ်တာများတယ်။ ဒီနှစ်တော့မြို့ထဲလည်ရတာ ပြီးငွေ့လာလို့ မိသားစုလိုက်တိုင်ပင်ပြီး ထွက်လာတာပါ။ ထင်တာထက်ပိုပျော်စရာကောင်းတာတွေ့ရတယ်။ နောက်နှစ်လည်းဒီလိုပဲ လည်ဖြစ်မယ်ထင်တယ်"ဟု ၎င်းကပြောသည်။

အင်းဝမြို့ဟောင်းသို့ လာရောက်လည်ပတ်သည့် ဂျာမနီနိုင်ငံသားတစ်ဦးကလည်း မြန်မာနိုင်ငံမှာလည်ပတ်ရတာပျော်ပါတယ်။ ဒီနှစ်လာလည်တော့ သင်္ကြန်ပွဲနဲ့ တိုးနေတဲ့အတွက် အင်းဝကိုလာလည်ရင်း လမ်းတွေမှာရေပက်တဲ့သူတွေနဲ့အတူ ပျော်ခဲ့ပါတယ်။ နောက်နှစ်လည်း ဒီအချိန်လာခဲ့ဦးမယ်"ဟု ၎င်းကပြောသည်။

သင်္ကြန်ကာလအတွင်း အများဆုံးလာရောက်လည်ပတ်သည့်နေရာများမှာ မင်းကွန်းဒေသတွင် မင်းကွန်းခေါင်းလောင်းကြီး၊ ပုထိုးတော်ကြီး၊ မြသိန်းတန်စေတီနှင့် အင်းဝမြို့ဟောင်းတွင် မယ်နုအုတ်ကျောင်း၊ ဗားကရာကျောင်းတိုက်တို့ကို လာရောက်လည်ပတ်ကြကြောင်း သိရသည်။ **(အောင်ရဲသွင်)**

ဒိန်းမတ်နိုင်ငံ ဘုရင်မကြီးမွေးနေ့ ဒေါ်အောင်ဆန်းစုကြည် သဝဏ်လွှာပို့

နေပြည်တော် ဧပြီ ၁၆

၂၀၁၆ ခုနှစ် ဧပြီလ ၁၆ ရက်နေ့တွင် ကျရောက်သော ဒိန်းမတ်နိုင်ငံ ဒုတိယမြောက် မာဂရိသ် ဘုရင်မကြီး၏ မွေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်ထံမှ ဒိန်းမတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ခရစ်စ်တီရန် ဂျန်ဆန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

❒ ရှေ့ဖုံးမှ

အလားတူ နေပြည်တော်၊ ပျဉ်းမနားရှိ ပန်းခင်းနှင့် ကုန်းမြင့်ရပ်ကွက်များတည်ရှိရာ ပန်းခင်းလမ်းမကြီးထက်တွင် အုန်းလက်ရေကစားမဏ္ဍာပ်ငယ်များနှင့် အစုအဖွဲ့လိုက် ရေပက်ကစားလျက်ရှိနေကြသော လူငယ်များ၊ သင်္ကြန်ချစ်မြတ်နိုးသူများကို လမ်းတစ်လျှောက်တွင် တွေ့မြင်ခဲ့ရသည်။

ပျဉ်းမနား-တောင်ညိုလမ်းမကြီးတစ်လျှောက်၊ ပျဉ်းမနားမြို့တွင်းလမ်းများ၊ ဗိုလ်ချုပ်လမ်းမကြီး စသည့်လမ်းများထက်တွင် ပျော်ရွှင်စွာဖြင့် ရေပက်ကစားလျက်ရှိသည့် ရေကစားမဏ္ဍာပ်များ၊ အစုအဖွဲ့လိုက် ရေပက်ခံထွက်လာကြသည့် မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များကို တွေ့မြင်ရသည်။

ကားတစ်စီးနှင့်တစ်စီး၊ ဆိုင်ကယ်တစ်စီးနှင့်တစ်စီး မျက်နှာချင်းဆိုင်ဖြတ်သန်းသွားခိုက်တွင် တစ်ဦးနှင့်တစ်ဦး ပြုံးပျော်ရွှင်မြူးစွာ အသိအမှတ်ပြုနှုတ်ဆက်ကြကာ ရေပက်ခံထွက်ကြသည့် သင်္ကြန်ချစ်သူများ၏ မျက်နှာများထက်တွင် တူညီသည့် သိဂ်ီရက် ရသ ခံစားမှုတစ်ခုဖြစ်သည့် "ကြည်နူးချမ်းမြေ့နေသော လွတ်လပ်ပျော်ရွှင်မှု"ကို တွေ့မြင်နေရသည်။

ရေကစားမဏ္ဍာပ်များနှင့် ဖျော်ဖြေရေးမဏ္ဍာပ်များမှ လွင့်ပျံ့ထွက်ပေါ်လာနေသည့် တေးသီချင်းသံများနှင့်အပြိုင် မော်တော်ဆိုင်ကယ်များ၊ ရေပက်ခံကားများဖြင့် ရေပက်ခံထွက်လာကြသူများက စည်းချက်နှင့်အညီ လိုက်ပါကခုန်နေကြသည်ကို မြင်ရသည်မှာလည်း မြန်မာ့ရိုးရာအတာသင်္ကြန်၏ ချစ်စရာလေ့နှင့် မြတ်နိုးဖွယ်ရာ အကျင့်စရိုက်တစ်ခုဟု ဆိုရမည်ဖြစ်ပေသည်။

ဇေယျာသီရိမြို့နယ် (သိုက်ချောင်း)တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံးရေကစားမဏ္ဍာပ်၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး မိသားစု ရေကစားမဏ္ဍာပ်များတွင် ပျော်ရွှင်လွတ်လပ်ပျေါပါးစွာ ရေပက်ကစားနေကြသူများအား တွေ့ရသည်။

အတာသင်္ကြန်ရေကစားကြသူများ လွတ်လပ်ပျော်ရွှင် လုံခြုံစွာ ရေကစားနိုင်ရန်အတွက် ရဲတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက အန္တရာယ်ဖြစ်စေနိုင်သည့် လက်နက်များအား ရှာဖွေသိမ်းဆည်းခြင်း၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းအောင် ဆောင်ရွက်ပေးလျက်ရှိသည်ကိုလည်း တွေ့မြင်ရသည်။

မွန်းလွဲပိုင်းတွင် ရေပက်ခံမဏ္ဍာပ်များ၌ ရေကစားသူများ ခေတ္တအနားယူကြသကဲ့သို့ နေပြည်တော်တစ်ဝန်းလုံးမှ ရေပက်ခံထွက်လာကြသည့် မိသားစုများ၊ မိတ်ဆွေသင်္ဂဟများသည်လည်း အစုအဖွဲ့များအလိုက်၊ တစ်ဦးချင်းအလိုက် နေပြည်တော် ဆာဖာရီဥယျာဉ်၊ လှေခွင်းတောင်၊ နေပြည်တော် တိရစ္ဆာန်ဥယျာဉ်၊ နေပြည်တော်အမျိုးသားအထိမ်းအမှတ်ဥယျာဉ်၊ ရေပန်းဥယျာဉ်နှင့် အရိပ်ရနေရာများတွင် အပန်းဖြေကြသည်ကိုလည်း တွေ့မြင်ရသည်။

သင်္ကြန်ရေကစားကြသူများနှင့် အယုတ် အလတ် အမြတ်မရွေး ဝင်ရောက်စားသောက်နိုင်ရန် မြန်မာလူမျိုးတို့၏ မွေးရာပါ စေတနာသဒ္ဓါတရား၊ စိတ်ထက်သန်မှုတို့ဖြင့် လျှုဒါန်းကျွေးမွေးလျက်ရှိသည့် စတုဒိသာ အကျွေးအမွေးမဏ္ဍာပ်များကိုလည်း နေရာအနှံ့တွင်တွေ့မြင်ရသည်။

မဟာသင်္ကြန်ပွဲတော်၌ ပျော်ရွှင်စွာ ရေကစားကြသူများရှိသကဲ့သို့ နှစ်သစ်ဦး အခါသမယတွင် ကုသိုလ်သဒ္ဓါတရားပွားများလိုကြသည့် လူကြီး၊ လူငယ်အရွယ်စုံမှာလည်း ဘုရားကျောင်းကန်၊ စေတီပုထိုးများနှင့် တရားစခန်းများ၌လည်း ဥပုသ်သီလစောင့်ထိန်းခြင်း၊ တရားဘာဝနာ ရှုမှတ်ပွားများခြင်းတို့ဖြင့် ကုသိုလ်ယူနေကြသည်ကို တွေ့ရှိရသည်။

(သတင်းစဉ်)

ရန်ကုန်မြို့တာမွေမြို့နယ်ဗညားဒလလမ်းမိသားစုက သီတာလမ်းနှင့် အောင်မင်္ဂလာကြားရှိ စတုဒိသာမဏ္ဍာပ်၌ မဟာသင်္ကြန်အကြတ်နေ့ (ဒုတိယနေ့)တွင် ကြာဆံချက်၊ မုန့်လုံးရေပေါ်နှင့် အအေးတို့ကို ကျွေးမွေးလျှုဒါန်းစဉ်။ ဌေးအောင်(ကြေးမုံ)

မဟာသင်္ကြန်အကြတ်နေ့ နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး(အရှေ့ခြမ်း) ရွှေကျင်မြို့နယ် မဟာသင်္ကြန်ဗဟိုမဏ္ဍာပ်၌ သင်္ကြန်ချစ်သူများ အေးချမ်းပျော်ရွှင်မြူးထူးစွာ အတာသင်္ကြန်ပွဲဆင်နွှဲနေကြသူများကို တွေ့ရစဉ်။ (ပိန်းဇလုတ်-သိန်းညွှန့်)

"လမြတ်တန်ခူး မြူးထူးပျော်ရွှင်တာသဘင်"၏ ရန်ကုန်မဟာသင်္ကြန် အကြတ်နေ့(ဒုတိယနေ့)တွင် အထူးစည်ကား

သတင်း - ကိုသက်
ဓာတ်ပုံ - ဌေးအောင်၊ ခင်မောင်ဝင်း(ကြေးမုံ)

ပြည်လမ်း အင်းလျားကန်ပေါင်ရှေ့ ရေကစားမဏ္ဍပ်များတွင် အထူးစည်ကားနေသည်ကိုတွေ့ရစဉ်။

မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ်မှ ၁၃၇၈ ခုနှစ်အကူး မဟာသင်္ကြန်အကြတ်နေ့(ဒုတိယနေ့)တွင် ရန်ကုန်မြို့၌ ရေပက်ခံထွက်သူများ၊ ရေကစားသူများ၊ သင်္ကြန်မဏ္ဍပ်ကြီးများတွင် ဖျော်ဖြေရေးအစီအစဉ်များ၊ နိုင်ငံခြား ခရီးသွားများနှင့် ရပ်ကွက်၊ လမ်းများ၌ စတုဒိသာကျွေးမွေးခြင်းများ စသည့် ပီတိဖြစ်ဖွယ်မြင်ကွင်းများကို တွေ့မြင်ခဲ့ရသည်။

ရှေးဦးစွာ နံနက်အစောပိုင်း၌ ရန်ကုန်မြို့တော်ဝန်(ဗဟိုမဏ္ဍပ်) မဏ္ဍပ်ကို သွားရောက်ခဲ့ရာ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ ဖျော်ဖြေတင်ဆက်လျက်ရှိသည့် ဖျော်ဖြေပွဲသို့ လာရောက်ကြည့်ရှုသူများ၊ ပြည်သူများမှာ တစ်ခဲနက်ပြည့်နှက်နေသလို ရေပက်ခံမော်တော်ယာဉ်များမှာလည်း အစီအရီပျော်ရွှင်စွာ ရေပက်ခံနေသည်ကို တွေ့မြင်ခဲ့ရသည်။

ထို့နောက် လသာမြို့နယ်ရှိ အနော်ရထာလမ်းမပေါ် ၁၉ လမ်းနှင့် စဉ်အိုးတန်းလမ်းကြားရှိ mntv နှင့် Life buoy သင်္ကြန်မဏ္ဍပ်သွားရောက်ရာ အဆိုပါမဏ္ဍပ်မဖွင့်ခင်ကတည်းက ရေပက်ခံမော်တော်ယာဉ်များ၊ ဖျော်ဖြေရေးအစီအစဉ်များ ကြည့်ရှုရန်အတွက် ကြိုတင်လာရောက်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။ မဏ္ဍပ်ဖွင့်ပြီး နောက်ရေပက်ခံယာဉ်များနှင့် လာရောက်ကြည့်ရှုသူတို့မှာ များသည်ထက်များလာပြီး နိုင်ငံကျော်အဆိုတော်များ၊ မြန်မာတစ်နိုင်ငံလုံးမှ စိတ်ဝင်စားမှုရရှိခဲ့သည့် Myanmar Idol ပြိုင်ပွဲမှ ပြိုင်ပွဲဝင် ၁၁ ဦးနှင့် Dancer အဖွဲ့များက လာရောက်ကြည့်ရှုသူပရိသတ်များ စိတ်ကျေနပ်မှုရရှိအောင် ဖျော်ဖြေပေးခဲ့ပြီး နေ့စဉ်နေ့တိုင်း မြန်မာ့ရိုးရာအစားအစာများ၊ ထမင်း၊ ဟင်းတို့ကို စတုဒိသာကျွေးမွေးခြင်းဖြင့် မည်သူမဆို လာရောက်စားသောက်နိုင်အောင်စီစဉ်ထားကြောင်း သိရသည်။

ယင်းနောက် ရန်ကုန်မဟာသင်္ကြန်တွင် အထူးအစည်ကားဆုံးဟု ဆိုနိုင်သော ပြည်လမ်းသို့ သွားရောက်ရာ၌ လမ်းတစ်လျှောက်လုံးတွင် မြန်မာ့ရိုးရာသင်္ကြန်၏ အထင်ကရ အမှတ်တံဆိပ်ဟုဆိုနိုင်သည့် အုန်းလက်ရေကစားမဏ္ဍပ်များကို ယခင်နှစ်ထက် ပိုမိုတွေ့မြင်ခဲ့ရသလို မြန်မာတို့၏ ဓလေ့ထုံးတမ်းစဉ် သဒ္ဒါတရားကို ထင်ဟပ်ပေါ်လွင်စေသည့် စတုဒိသာကျွေးမွေးမှုများမှာလည်း နေရာတိုင်းလိုလို ချစ်စရာလေ့ကို တွေ့မြင်ခဲ့ရသည်။

ထို့နောက် ပြည်လမ်းသို့ရောက်ရှိခဲ့ရာ ရန်ကုန်သင်္ကြန်၌ မဏ္ဍပ်ကြီးများ အများဆုံးနှင့် အစည်ကားဆုံးဟုပြောလို့ရသည့်အတိုင်း အထူးစည်ကားလျက်ရှိသည်။ မဏ္ဍပ်ကြီးများအလိုက် လူကြီး၊ လူငယ်ကြိုက်ဂီတရသမျိုးစုံဖျော်ဖြေပေးနေပုံကို တွေ့မြင်ခဲ့သလို mpt မဏ္ဍပ်၌ အများပြည်သူများအတွက် အကျီ၊ ရေစိုခံလွယ်အိတ်၊ ရေစိုခံဖုန်းအိတ်၊ ဦးထုပ်၊ လက်ပတ်ပဝါတို့ကို ဝေပေးနေသည်ကိုလည်း တွေ့မြင်ခဲ့ရသည်။

ယခုနှစ် ရန်ကုန်မဟာသင်္ကြန်တွင် ထူးခြားမှုအနေဖြင့် ယာဉ်မတော်တဆပြစ်မှုနှင့် ထိခိုက်ဒဏ်ရာရရှိမှုတို့မှာ ယမန်နှစ်များထက် သိသိသာသာလျော့နည်းသွားပြီး လူအသေအပျောက်လုံးဝမရှိသေးကြောင်း အကြတ်နေ့(ဒုတိယနေ့) နံနက်ပိုင်းထိ သတင်းရရှိသည်။

"ဒီနှစ် ကျွန်တော်တို့လသာမြို့နယ်မှာ ယနေ့နံနက်ပိုင်းထိ ယာဉ်မတော်တဆမှုလုံးဝမဖြစ်သေးပါဘူး။ ယာဉ်တိုက်မှုလျော့နည်းပြီးမဖြစ်ပွားအောင် ကျွန်တော်တို့ တပ်စုမှာရှိတဲ့ ယာဉ်ထိန်းရဲ၊ ရဲမတွေ အကုန်လုံးကို တာဝန်ချထားပေးတယ်။ နောက်ပြီး ရဲတပ်ဖွဲ့၊ မီးသတ်၊ ကြက်ခြေနီ၊ မဏ္ဍပ်လုံခြုံရေးတွေနဲ့အတူတူ ပူးပေါင်းလုပ်ဆောင်လို့လဲ ဒီလိုယာဉ်မတော်တဆမှုတွေ အတော်ကိုလျော့နည်းသွားတာပါ။ နောက်ပြီး ရေပက်ခံယာဉ်တွေ၊ ပြည်သူတွေက သူတို့အသိစိတ်ဓာတ်လေးတွေနဲ့ ထိန်းထိန်းသိမ်းသိမ်းလုပ်ဆောင်သွားတာကိုလည်း တွေ့ရပါတယ်"ဟု အမှတ်(၄၈)လသာမြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့စုမှူး ဒုရဲမှူးအေးထွန်းမောင်က ပြောကြားသည်။

လသာမြို့နယ် စည်ပင်သာယာရေးကော်မတီရွေးချယ်ခံ ကိုယ်စားလှယ် ဦးမျိုးကျော်သူက "ကျွန်တော်သိသလောက်တော့ ရန်ကုန်ဆေးရုံကြီးအရေးပေါ် ဌာနမှာ ယနေ့အချိန်ထိ မတော်တဆဖြစ်လို့ လာရောက်ဆေးဝါးကုသသူ ၁၀ ယောက်လောက်တောင်မရှိဘူးလို့ သတင်းရတယ်။ ဒီမနက်ထိပေါ့နော်။ မနွေလေးဆိုရင် ၃၀၀ ကျော်လောက်ရှိပါတယ်လို့ ကျွန်တော်ကြားသိရပါတယ်။ ဒီလိုသင်္ကြန်ပွဲတော်မှာ မတော်တဆဖြစ်ပွားမှုက ဖြစ်ပွားလွယ်သော်လည်း အားလုံးက သူတို့အသိစိတ်ဓာတ်ကိုယ်စီထိန်းသိမ်းလုပ်ဆောင်ခဲ့တဲ့အတွက် ကျွန်တော့်အနေနဲ့ ဂုဏ်ယူပါတယ်" ဟု ပြောကြားခဲ့သည်။

ပြည်လမ်း၌ တာဝန်ကျရဲအရာရှိကြီးတစ်ဦးက "ကျွန်တော်တို့ ဒီနေရာက နှစ်စဉ်နှစ်တိုင်း စည်ကားတဲ့နေရာပါ။ ဒီလိုစည်ကားတဲ့နေရာတွေက မတော်တဆမှုဖြစ်လွယ်ပါတယ်။ ဒါပေမယ့် ဒီနှစ်ယခုအချိန်ထိလူသေဆုံး၊ ပျောက်ဆုံးမှုတစ်မှုမှ မရှိပါဘူး။ ပုဂ္ဂလိကလူနာတင်ယာဉ်တွေကလည်း ယခုနှစ်အများပြည်သူတွေအတွက် ကူညီစောင့်ရှောက်ရန်အသင့်အနေထားမှာ ရှိနေပါတယ်။ ယခင်ကဆို ယာဉ်ထိန်းတပ်ဖွဲ့ရဲ့ ၅၀၀၀၀၅ လူနာတင်ယာဉ်သာ အားပြုနေရပါတယ်။ ယခုတော့ မတော်တဆအန္တရာယ်ကြုံခဲ့ရင်တောင် လူနာတင်ယာဉ်အလုံအလောက်အနေအထားမှာရှိပါတယ်"ဟု ပြောကြားသည်။

ယခုနှစ် ရန်ကုန်သင်္ကြန်အတွင်း ခါးပိုက်နှိုက်မှုများ အထူးကျဆင်းရေးအတွက် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ အရပ်ဝတ်အသွင်ဆောင်ကာ အများပြည်သူများ၏ လုံခြုံရေးအတွက် ကာကွယ်စောင့်ရှောက်ဖော်ထုတ်ဖမ်းဆီးပေးလျက်ရှိကြောင်း သတင်းရရှိသည်။

■■

ကြည့်မြင်တိုင်မြို့နယ်အတွင်းရှိ ကလေးငယ်များ ပျော်ရွှင်စွာရေပက်ကစားနေကြစဉ်။

မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်၏ အနှစ်သာရကို ပေါ်လွင်စေသည့် ငွေဖလားနှင့် ရေပက်နေသည်ကို ကြည့်မြင်တိုင်မြို့နယ်တွင် တွေ့ရစဉ်။

မြန်မာ့ရိုးရာနှစ်သစ်ကူးပွဲတော် အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွဲ့

ထားဝယ် ဧပြီ ၁၅

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ မြန်မာ့ရိုးရာအစဉ်အလာမပျက်နှစ်သစ်ကူးပွဲတော်ကို အေးချမ်းပျော်ရွှင်စွာဖြင့် ဒေသခံပြည်သူများ ပါဝင်ဆင်နွဲ့လျက်ရှိပြီး ယနေ့သင်္ကြန်အကြတ်နေ့တွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ကကြီးမှူးကျင်းပသည့် ဌာနဆိုင်ရာသင်္ကြန်မဏ္ဍပ်များတွင်လည်း သင်္ကြန်ယိမ်းအဖွဲ့များ၊ သီဆိုဖျော်ဖြေမှုများအပြင် အအေး၊ ဖျော်ရည်၊ စတုဒိသာ ဧည့်ခံကျွေးမွေးမှုများဖြင့် စည်ကားလျက်ရှိသည်။

ထို့အပြင် ထားဝယ်မြို့ပေါ် ရပ်ကွက်တိုင်း၌လည်း သက်ဆိုင်ရာ ရပ်ကွက်များအလိုက်၊ လမ်းများအလိုက်တွင် ရေကစားမဏ္ဍပ်များဖြင့် အေးချမ်းပျော်ရွှင်စွာ ရေကစားကြသကဲ့သို့ စတုဒိသာကျွေးမွေးဧည့်ခံမှုများ ရေကစားမဏ္ဍပ်အလိုက် ကုသိုလ်ဒါနပြုပေးလျက်ရှိသည်။

ထားဝယ်ခရိုင်(ပြန်/ဆက်)

❒ ကျောဖုံးမှ

သက်မွန်မြင့် (အကယ်ဒမီဆုရှင်)

မန္တလေးက ပရိသတ်တွေရဲ့အားပေးမှုကြောင့် တအားပျော်ပါတယ်။သက်မွန်က သီချင်းမဆိုတတ်ပေမယ့် သင်္ကြန်မှာ ကိုယ်ချစ်တဲ့ပရိသတ်တွေနဲ့တွေ့ချင်လို့ လာရောက်သီဆိုပေးတာပါ။ ဘေးအန္တရာယ်ကင်းစွာနဲ့ နှစ်သစ်ကိုဖြတ်သန်းနိုင်ပါစေလို့ ဆုတောင်းပေးပါတယ်။

ဖြူဖြူကျော်သိန်း (တေးသံရှင်)

ပြည်သူတွေအားလုံး ပိုပြီးပြည့်ဝတဲ့ခံစားမှုတွေနဲ့ မင်္ဂလာရှိတဲ့နှစ်သစ်ကို ကူးပြောင်းသွားတဲ့အတွက် ဖြူဖြူလည်းထပ်တူထပ်မျှ ဝမ်းသာပါတယ်။ဖြူဖြူရဲ့ အဆိုတော်သက်တမ်း ၁၃ နှစ်မှာ နှစ်နှစ်ပဲ ရန်ကုန်သင်္ကြန်မှာဖျော်ဖြေခဲ့ပြီး ၁၁နှစ်က မန္တလေးသင်္ကြန်မှာပဲ လာရောက်ဖျော်ဖြေခဲ့တာပါ။မန္တလေးက အနုပညာရှင်တွေကို ချစ်ကြတဲ့မြို့ဖြစ်လို့ တကယ်အားပေးကြပါတယ်။သီချင်းအသစ်တွေထွက်ရင်လည်း အားပေးမှုကောင်းတဲ့အတွက် ဆိုရတာအားရှိပါတယ်။ အရင်နှစ်တွေထက်ပိုပြီး ပျော်ရွှင်နိုင်ကြပါစေလို့။

နီနီခင်ဇော်(တေးသံရှင်)

မကြာခင်ကာလမှာ နှစ်သစ်ကူးပြောင်းတော့မှာဖြစ်လို့ နှစ်သစ်မင်္ဂလာမှာ ချစ်တဲ့ပရိသတ်တွေ စိတ်ချမ်းသာကိုယ်ကျန်းမာပါစေ။ မျှော်မှန်းထားတဲ့ အနာဂတ်တွေ ကိုယ်စီပိုင်ဆိုင်နိုင်ပါစေ။မန္တလေးပရိသတ်ကြီးက

အောင်ကျော်ညွှန့် (ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်)

ရွှေရည်မြင့်မြတ်အေး (စမ်းချောင်းမြို့ နယ်၊ရန်ကုန်)

နေပူထဲမှာ လမ်းအပြည့် အားပါးတရ လာရောက်အားပေးတဲ့အတွက် သူတို့ရဲ့ အနုပညာချစ်စိတ်ကို လေးစားပြီး ပိုချစ်ပါတယ်ရှင်။

အောင်ကျော်ညွှန့် (ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်)

ရန်ကုန်မှာက ဒီနှစ်မဏ္ဍပ်တွေသိပ်မရှိကြတော့ မန္တလေးကို လာဖို့ အာရုံရသွားတာပါ။ မန္တလေးသင်္ကြန်က ဆိုင်ကယ်သင်္ကြန်လို ဖြစ်နေတယ်။ ရေပက်ခံထွက်တာက ဆိုင်ကယ်တွေနဲ့ထွက်တာများပြီး ကားကနည်းနေတယ်။ ဝတ်စားဆင်ယင်မှုကတော့ အတိုအဟိုက်အပြတ်တွေ သိပ်မတွေ့ရဘူး။ ဒီနှစ်သင်္ကြန်ကတော့ မန္တလေးက ပိုပြီးစည်ပါတယ်။လည်ပတ်စရာနေရာများတဲ့အတွက်လည်း ပျော်ပါတယ်။ နောင်နှစ်တွေလည်း လာဦးမယ်လို့စဉ်းစားထားပါတယ်။ နှစ်သစ်ကို ပျော်ပျော်ရွှင်ရွှင်နဲ့ ဖြတ်သန်းနိုင်ကြပါစေလို့ ဆုတောင်းပေးခဲ့ပါတယ်။

ရွှေရည်မြင့်မြတ်အေး(စမ်းချောင်းမြို့ နယ်၊ရန်ကုန်)

မန္တလေးသင်္ကြန်က ရန်ကုန်ထက်ပိုစည်လို့ တကယ်ကို ပျော်ပါတယ်။ မနေ့က ကျုံးပတ်လည် မဏ္ဍပ်တွေကို ရေပက်ခံထွက်ပြီး ဒီနေ့နာမည်ကြီးတဲ့ ဦးပိန်တံတားကို လာလည်တာပါ။ မန္တလေးနွေကအလွန်ပူပေမယ့် သင်္ကြန်ရေကြောင့်အေးပါတယ်။ နောင်နှစ်တွေလည်း မန္တလေးသင်္ကြန်ကို သူငယ်ချင်းတွေ ကိုခေါ်ပြီးလာခဲ့ပါဦးမယ်။ နှစ်သစ်မှာ ပျော်ရွှင်စရာအသစ်တွေ ပိုင်ဆိုင်နိုင်ကြပါစေ။

တင်မောင်၊မင်းထက်အောင်(မန်းကိုယ်ပွား)

တိုးမပေါက်အောင်စည်ကားတဲ့မန်းသင်္ကြန်ပွဲ အနယ်နယ်အရပ်ရပ်ကပျော်ရွှင်စွာပါဝင်ဆင်နွဲ

မန္တလေး ဧပြီ ၁၅

မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို ပျော်ရွှင်စွာဆင်နွဲကျင်းပရာတွင် မန္တလေးမြို့တော်၏မဟာသင်္ကြန်ပွဲတော်သည်အထူးပင်စည်ကားလှပြီး ဧပြီ၁၅ရက် သင်္ကြန်ဒုတိယအကြိတ်နေ့တွင် သင်္ကြန်ချစ်သူပြည်သူများသည် ရိုးရာယဉ်ကျေးမှုနှင့်အညီ မဟာရေသဘင်ပွဲတော်ကိုအေးချမ်းပျော်ရွှင်စွာ ကျုံးတော်ကြီးရေဖြင့်ပက်ဖျန်းရေကစားကြရာ မန္တလေးမြို့ကျုံးတော်ကြီးပတ်လည်ရှိ သင်္ကြန်ရေကစားမဏ္ဍပ်တို့တွင် တိုးမပေါက်အောင် အထူးစည်ကားလျက်ရှိပြီး မန္တလေးမြို့နှင့်အနယ်နယ်အရပ်ရပ်မှပြည်သူများ၊ နိုင်ငံတကာမှကမ္ဘာလှည့်ခရီးသည်များကိုပါ တွေ့ရသည်။

သင်္ကြန်ဒုတိယအကြိတ်နေ့တွင်မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များသည် ကြံ့ခိုင်ရေးကောင်ဘီလပ်မြေရေကစားမဏ္ဍပ်၊ပြည်ထဲရေးဝန်ကြီးဌာန(စစစ)မိသားစုရေးကစားမဏ္ဍပ်နှင့်မြို့တွင်းသင်္ကြန်မဏ္ဍပ်များသို့ လှည့်ပတ်ကြသွားရောက်၍ သင်္ကြန်တေးများ၊ ခေတ်ပေါ်တေးသီချင်းများကို ရုပ်ရှင်ဂီတအနုပညာရှင်များ၊ သင်္ကြန်တေးအဆိုတော်များ၊ယိမ်းအဖွဲ့ဝင်များ၏အဆို၊အတီး၊အကများဖြင့်ဖျော်ဖြေတင်ဆက်မှုတို့ကိုအားပေးကြည့်ရှုပြီး ချမ်းမြေ့ပျော်ရွှင်စွာ ရေသဘင်ပွဲတော်ကို ပါဝင်ဆင်နွဲကြသည်။

လမ်း ၃၀ ရှိ ဆေးတက္ကသိုလ်(မန္တလေး)သင်္ကြန်မဏ္ဍပ်အပါအဝင် ကျုံးပတ်လည်ရှိဌာနဆိုင်ရာနှင့်ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ၏သင်္ကြန်ရေကစားမဏ္ဍပ်တို့တွင်ရေပက်ခံလှည့်လည်သူများ ပါဝင်ဆင်နွဲကြပြီး ရေသဘင်မဏ္ဍပ်များတွင်လည်းသင်္ကြန်ပွဲ လာရည့်သည်များကို မုန့်ဟင်းခါး၊ကြာဆံဟင်းခါး၊ ရွှေရင်အေး၊ဖျော်ရည်နှင့် အချိုရည်၊ အကြော်စုံတို့ဖြင့် ဧည့်ခံကျွေးမွေးကြသည်။

နေ့လယ်ပိုင်းတွင်မန္တလေးတောင်ခြေရိုကုသိုလ်တော်စန္ဒာမုနိဘုရား၊ အမရပူရမြို့နယ်ရှိ တောင်သမန်အင်း၊ မယ်ဇယ်ပင်တန်းနှင့်ဦးပိန်တံတားတို့တွင်မော်တော်ယာဉ်များ၊ ဆိုင်ကယ်များ၊ စက်ဘီးများဖြင့်သွားရောက်နားခိုအပန်းဖြေကြသူများ၊ ရေပက်ခံလာရောက်ကြသူများဖြင့်အထူးစည်ကားလျက်ရှိပြီး မန္တလေးမြို့၆၂ လမ်း ပါတိတ်တိုင်းပြည်မိသားစုသင်္ကြန်ရေကစားမဏ္ဍပ်အပြင် ကျွဲဆည်ကန်ရှိ အေးအေးအောင်မိသားစုမဏ္ဍပ်တွင် သွားရောက်၍ပျော်ရွှင်စွာ ရေကစားဆင်နွဲလျက်ရှိသောအများပြည်သူများကို သင်္ကြန်ရက်အတွင်း စတုဒိသာသင်္ကြန်ထမင်းကျွေးမွေးလျက်ရှိရာ အထူးစည်ကားလျက်ရှိသည်။

မန္တလေးမြို့တော် မဟာသင်္ကြန်ကော်မတီအသီးသီးကလည်း လုပ်ငန်းကော်မတီအလိုက် သတ်မှတ်ထားသောစည်းကမ်းများကိုထိန်းသိမ်းလျက်ရှိရာ သင်္ကြန်ချစ်သူပြည်သူများသည် ရိုးရာသင်္ကြန်ပွဲတော်ကိုမြန်မာ့ဓလေ့ထုံးတမ်းစဉ်လာနှင့်အညီ ရေသဘင်ပွဲတော်ကို ယဉ်ကျေးပျော်ရွှင်အေးချမ်းစွာပါဝင်ဆင်နွဲကြသည်။

မန္တလေးမြို့တော်မဟာသင်္ကြန်မဏ္ဍပ်မှကျန်ရှိနေသေးသည့်ပြိုင်ပွဲဝင် အလှပြယာဉ်များနှင့်အလှပြမဏ္ဍပ်များကို အကဲဖြတ်အမှတ်ပေးကြပြီး သင်္ကြန်ဒုတိယအကြိတ်နေ့တွင် နောက်ဆုံးစိစစ်၍ အတက်နေ့ညပိုင်းတွင် ဆုများချီးမြှင့်မည်ဖြစ်သည်။

မန္တလေးမြို့တော်မဟာသင်္ကြန်မဏ္ဍပ်မှ ခေတ်ပေါ်တေးဂီတနှင့် နိုင်ငံကျော်အနုပညာရှင်များ၊ အဆိုတော်များနှင့် အမေများအဖွဲ့ကလည်း သင်္ကြန်တေး ခေတ်ပေါ်တေးသီချင်းများဖြင့် အဆို၊ အကများနှင့်တွဲဖက်ဧည့်ခံဖျော်ဖြေကြ၍ မန္တလေးမြို့တော်ဝန် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာရဲလွင်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများ၊လွှတ်တော်ကိုယ်စားလှယ်များ၊ဧည့်သည်များက ကြည့်ရှုအားပေးကြပြီး သင်္ကြန်မဏ္ဍပ်ရှေ့တွင် ရေသဘင်ပွဲကြည့်ရှုသူများဖြင့် တိုးမပေါက်အောင်အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)၊အောင်ရဲသွင်

သင်္ကြန်ကာလစားသောက်ကုန်ဈေးနှုန်းများတည်ငြိမ်၊ ဈေးများတွင်ဈေးဝယ်သူများဖြင့်စည်ကား

မန္တလေး ဧပြီ ၁၅

မန္တလေးမြို့တွင်သင်္ကြန်ကာလဆန်လက်လီလက်ကားဈေးကွက်တွင် ဆန်ကြမ်း ဇီယာဆန်အမျိုးအစားများ ဈေးကျဆင်းလာသောကြောင့် ရောင်းအားပြန်လည်မြင့်တက်လာပြီး အရည်အသွေးမြင့်ရွှေဘိုမနော်၊ မဂျမ်းတော၊ ပေါ်ဆန်မွှေးအမျိုးအစားများမှာ အိတ်အလိုက် ဈေးနှုန်းများမြင့်တက်ခြင်းမရှိသောကြောင့် ပုံမှန်ရောင်းအားတွင်ရှိကြောင်း ဆန်စပါးကုန်စည်ဒိုင်မှသိရသည်။ ပုသိမ်ကြီး၊အမရပူရမြို့နယ်များတွင်စိုက်ပျိုးသော မနောသုခကတစ်အိတ်လျှင် ကျပ်၂၄၀၀၀ခန့်ရှိသည်။ပြည်ပသို့ထွက်သော Export လမ်းကြောင်းများလည်းပိတ်လျက်ရှိသဖြင့်နွေစပါးများ လည်းထွက်လျက်ရှိရာ မနောသုခတစ်အိတ်လျှင် ကျပ်၂၃၀၀၀အထိ ဈေးကျဆင်းလျက်ရှိသည်။

ရောဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးမှ ဝင်ရောက်သော ပေါ်ဆန်မွှေးတစ်အိတ် ကျပ်၃၂၂၀၀၊ ဆင်းသွယ်မွှေးတစ် အိတ် ကျပ် ၃၂၂၀၀နှင့်ရွှေဘိုမနော်သုခတစ်အိတ်ကျပ် ၃၃၀၀၀၊မဂျမ်းတောကျပ် ၃၆၀၀၀ ဝန်းကျင် ဈေးရှိသည်။စားအုန်ဆီအဝင်နည်းသဖြင့် တစ်ပိဿာ လက်လီကျပ်၂၀၀၀ဝန်ကျင်ရှိပြီး ပဲဆီသန့် တစ်ပိဿာကျပ် ၅၂၀၀ ရှိသည်။ထိုင်းနိုင်ငံနှင့်မလေးရှားနိုင်ငံတိုကမှ ဝင်ရောက်သော ဟင်းရွက်ဆီ 1kg ၁၈၀၀ ခန့်ဈေးရှိသည်။စားသောက်ကုန်ဈေးကွက်တွင်ဗမာကြက် တစ်ပိဿာကျပ် ၉၀၀၀၊ စီပီမွေးမြူရေးကြက် တစ်ပိဿာ ကျပ် ၇၀၀၀၊ ဆိတ်သာတစ်ပိဿာ ကျပ်၁၃၀၀၀၊အမဲသား တစ်ပိဿာကျပ်၁၂၀၀၀၊ ဝက်တစ်ပိဿာကျပ် ၈၀၀၀ ဝန်းကျင်ရှိပြီး မန္တလေးသိရိမန္တလာစျေးငါးဒိုင်များသို့ ရန်ကုန်မှရေခဲရိုက် မွေးမြူရေးငါးများနှင့်ပင်လယ် ငါးများ၊ ပုဇွန်များအဝင်များ လာသည်။ငါးမြစ်ခြင်းတစ်ပိဿာ ကျပ်၆၀၀၀၊မြစ်ငါး တစ်ပိဿာ ကျပ် ၈၀၀၀ စျေးရှိကြောင်း သိရသည်။

သီဟကိုကို(မန္တလေး)

မဟာသင်္ကြန်ကာလအတွင်း သဖန်းဆိပ်ဆည်ကမ်းစပ်တစ်လျှောက် အပန်းဖြေရေကစားသူများဖြင့်စည်ကားလျက်ရှိ

ကျွန်းလှ ဧပြီ ၁၅

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျွန်းလှမြို့နယ်ရှိ သဖန်းဆိပ်ဆည်ကမ်းစပ်တစ်လျှောက်တွင် အပန်းဖြေရေကစား လာရောက်ကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။ သဖန်းဆိပ်ဆည်မှနွေသီးနှံစိုက်ပျိုးရေထုတ်လွှတ်ပေးလျက်ရှိသည့်အပြင် နွေရာသီကာလ ရေနည်းချိန်ဖြစ်သဖြင့် ပြည်သူများဆည်အတွင်းကမ်းစပ်တစ်လျှောက်နှစ်စဉ်သင်္ကြန်ပွဲတော်ကာလအားလပ်ရက် အပန်းဖြေရေကစားလာရောက်ကြခြင်းဖြစ်ကြောင်း သိရသည်။

ဆည်အနီးကျေးရွာများမှဒေသခံပြည်သူများအနေဖြင့် စားသောက်ဖွယ်ရာများရောင်းချခြင်းဖြင့် အဆင်ပြေလျက်ရှိကြောင်း သိရသည်။"ကျွန်မတို့သင်္ကြန်ကာလရောက်တိုင်း နှစ်စဉ်မုန့်ဟင်းခါ၊ မုန့်တီ၊ ကြာဆန်ဟင်းခါ၊ အကြော်စုံရောင်းပါတယ်။ မနှစ်ကနဲ့စာရင် ဒီနှစ်ရောင်းအားနည်းပါတယ်။ အရက်၊ဘီယာရောင်းချခြင်းမပြုဖို့ တားမြစ်ထားတာကြောင့်ရောင်းအားတစ်ဝက် လောက်ကို ကျသွားတယ်။ မနှစ်က တစ်ရက်ကိုသုံးသိန်း ကျော်လေးသိန်းဖိုးလောက် ရောင်းရပြီးဒီနှစ်တော့ နှစ်သိန်း ဖိုးရောင်းရဖို့တောင် အနိုင်နိုင်ကြိုးစားရောင်းရတယ်။ စျေးဆိုင်နေရာကတော့သတ်မှတ်ပေးတာမရှိသလိုဘာကြေးမှလည်းလာမကောက်ပါဘူး"စျေးရောင်းချသူတစ်ဦးက ပြောကြားသည်။

ယင်းဆည်သို့အပန်းဖြေရေကစားလာရောက်ကြသူများမှာကျွန်းလှမြို့နယ်၊ ကန့်ဘလူမြို့နယ်နှင့်ကောလင်းမြို့နယ်များမှ အများဆုံးလာရောက်ကြကြောင်း သိရသည်။ လာရောက်အပန်းဖြေရေကစားသူများဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့် လုံခြုံရေးကျိုးပေါက်မှုမရှိစေရန် မြို့နယ်ရဲတပ်ဖွဲ့နှင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ကင်းစခန်းဖွင့်စောင့်ရှောက်လျက်ရှိကြောင်း သိရသည်။

မောင်ထိန်(iprd)

တောင်ကြီးမြို့ မဟာသင်္ကြန်ပွဲတော်ဒုတိယအကြိတ်နေ့ ရေကစားသူများအေးချမ်းပျော်ရွှင်စွာဆင်နွဲ

တောင်ကြီး ဧပြီ ၁၅
မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် ဒုတိယအကြိတ်နေ့ နံနက်ပိုင်းမှစ၍ တောင်ကြီးမြို့တစ်မြို့လုံး ရေကစားသူများ များပြားလာပြီး အယုတ်အလတ်အမြတ်မရွေး၊ ဆင်းရဲချမ်းသာ လူမျိုးမရွေးလာရောက်သူများကိုကျွေးမွေး၍ကုသိုလ်ယူခဲ့ကြသည်။ နံနက်ပိုင်းတွင် ဘုရားကျောင်းကန်များ သွားရောက်ကာ ကုသိုလ်များယူကြပြီး သက်ကြီးရွယ်အို ဘိုးဘွားများက ဥပုသ်ဆောက်တည်ခဲ့ကြသည်။ သင်္ကြန်ချစ်သူများက အေးချမ်းပျော်ပျော်ရွှင်စွာ ရေကစားကြသည်။

မိသားစု ရေကစားမဏ္ဍပ်များတွင် စတုဒိသာကျွေးမွေးသူများ များပြားလာပြီး အယုတ်အလတ်အမြတ်မရွေး၊ ဆင်းရဲချမ်းသာ လူမျိုးမရွေးလာရောက်သူများကိုကျွေးမွေး၍ကုသိုလ်ယူခဲ့ကြသည်။ နံနက်ပိုင်းတွင် ဘုရားကျောင်းကန်များ သွားရောက်ကာ ကုသိုလ်များယူကြပြီး သက်ကြီးရွယ်အို ဘိုးဘွားများက ဥပုသ်ဆောက်တည်ခဲ့ကြသည်။ သင်္ကြန်ချစ်သူများက အေးချမ်းပျော်ရွှင်စွာ ရေဆော့ကစားကြသည်။

ညပိုင်းတွင်ဗဟိုမဏ္ဍပ်၊ တောင်ကြီးဂီတလူငယ်အဖွဲ့မဏ္ဍပ်နှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ ရွှေနေကြာ ရေကစားမဏ္ဍပ်တို့၌ ယိမ်းအက၊ တေးသီချင်း ဖျော်ဖြေမှုများနှင့် အကများကို ပြည်သူများက စိတ်ဝင်တစားကြည့်ရှုအားပေးလျက်ကြကြောင်း သိရှိရသည်။

စိုင်းသန်းကျော်(တောင်ကြီး)

■

ရတနာပုံတိရစ္ဆာန်ဥယျာဉ်(၂၇)နှစ်မြောက် သင်္ကြန်ကာလလာရောက်လည်ပတ်သူများဖြင့် စည်ကား

မန္တလေး ဧပြီ ၁၅
မန္တလေးမြို့အောင်မြေသာစံမြို့နယ်(၁၂)လမ်းရှိ မန်းရာပြည့်ကွင်းကြီးသည် မြေကေ ၅၃ ဒသမ ၂ဧကေရှိပြီး အစိုးရအဆက်ဆက် မန္တလေးနှစ်(၁၀၀)ပြည့်ပွဲ၊ လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့ အခမ်းအနားများ ကျင်းပခဲ့ပြီး ၁၉၈၈ ခုနှစ်လူထုအရေးအခင်းတွင် မြန်မာနိုင်ငံ၌ အကြီးဆုံးလူထုအစည်းအဝေးပွဲကြီး ကျင်းပခဲ့သော နေရာဖြစ်သည်။ တပ်မတော် အစိုးရလက်ထက်တွင် မန်းရာပြည့်အား ရတနာပုံ တိရစ္ဆာန်ဥယျာဉ်အဖြစ် ပြောင်းလဲတည်ဆောက်ခဲ့ပြီး ၁၉၈၉ ခုနှစ် ဧပြီ ၈ ရက်တွင် ဖွင့်လှစ်ပေးခဲ့သည်။ ၁၉၉၅ ခုနှစ်တွင် သစ်တောရေးရာဝန်ကြီးဌာန သဘာဝတောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းရေးဌာနခွဲသို့ လွှဲပြောင်းပေးခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် ပုဂ္ဂလိကကုမ္ပဏီသို့ နှစ်ရှည်အကျိုးတူ ငှားရမ်းပြီး ရတနာပုံ တိရစ္ဆာန်ဥယျာဉ်အဆင့်မြှင့်တင်ခြင်း၊ နိုင်ငံခြားတိရစ္ဆာန်ဥယျာဉ်များနှင့် ချိတ်ဆက်ပြီး တိရစ္ဆာန်များ ဖြည့်တင်းခြင်း၊ သစ်ပင်ပန်းမန်များ စိုက်ပျိုးခြင်းများ ဆောင်ရွက်ခဲ့သည်။

ရတနာပုံ တိရစ္ဆာန်ဥယျာဉ်တွင် တိရစ္ဆာန်မျိုးစိတ်ပေါင်း ၁၃၀ ကျော်ရှိပြီး ရှားပါးတိရစ္ဆာန်ရေမြင်း၊ ကျား၊ သစ်ကုလားအုပ် အပါအဝင်တိရစ္ဆာန် ၁၀၀၀ ကျော် မွေးမြူပြုသထားသည်။ ကမ္ဘာ့ရှားပါး တိရစ္ဆာန်မျိုးနွယ်ဝင် လိပ်မျိုးနွယ်ဖြစ်သော ကြယ်လိပ်များကိုလည်း မျိုးပွားအောင်ဆောင်ရွက်ပေးပြီး ၎င်းတို့နေထိုင်ကျက်စားရာ ဒေသများသို့ လွှတ်ပေးသည်။

မန္တလေးရတနာပုံ တိရစ္ဆာန်ဥယျာဉ်(၂၇)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားကိုလည်း ဧပြီ ၈ ရက်က ကျင်းပခဲ့ပြီး တိရစ္ဆာန်အလိမ္မာပြပွဲ၊ ကလေးငယ်များ ပျော်ပွဲရွင်ပွဲများဖြင့် ကျင်းပပေးခဲ့ပြီး သင်္ကြန်ကာလ အနယ်နယ်အရပ်ရပ်မှ မန္တလေးမြို့သို့လာရောက်သူများ ရတနာပုံ တိရစ္ဆာန်ဥယျာဉ်သို့ လာရောက်ကြည့်ရှုကြရာ အထူးစည်ကားခဲ့ကြောင်း သိရသည်။ **သီဟကိုကို(မန္တလေး)**

ပခုက္ကူမြို့တွင် မဟာသင်္ကြန်ဒုတိယအကြိတ်နေ့ အေးချမ်းပျော်ရွှင်စွာ ဆက်လက်ရေကစားလျက်ရှိ

ပခုက္ကူ ဧပြီ ၁၅
မြန်မာ့ရိုးရာယဉ်ကျေးမှု နှစ်သစ်ကူးသင်္ကြန်ဒုတိယသင်္ကြန်အကြိတ်နေ့ဖြစ်သည့် ဧပြီ ၁၅ ရက် နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းက ဧရာအနောက်မြို့တော် ဗဟိုရေကစားမဏ္ဍပ်နှင့် မြို့မလမ်း၊ မြိုင်လမ်း၊ လမ်းထိပ်များ၊ ရပ်ကွက်များတွင် မိမိအစီအစဉ်နှင့် အုန်းလက်မဏ္ဍပ်များဖြင့် အေးချမ်းပျော်ရွှင်စွာ ဆက်လက်ရေပက်ကစားလျက်ရှိသည်။

ပခုက္ကူမြို့အတွင်း မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များဖြင့် ရေပက်ခံထွက်သူများ၊ ရေပက်သူများသည် မြို့မလမ်းတစ်လျှောက်နှင့် မြိုင်လမ်း၊ မြို့တွင်းလမ်းများတွင် စည်ကားလျက်ရှိပြီး ရေကစားသူများအားယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ခိုက်ရန်ဖြစ်ပွားမှုမရှိစေရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကလည်း ရေကစားမဏ္ဍပ်များတွင် ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ ယနေ့မွန်းလွဲပိုင်း ဒုတိယသင်္ကြန်အကြိတ်နေ့တွင် ပြည်ပနိုင်ငံမှ ခရီးသွားဧည့်သည်များပါ မော်တော်ကားဖြင့် မြို့တွင်းလှည့်လည်၍ ပျော်ရွှင်စွာအတာရေသဘင်ပွဲဆင်နွဲကြကြောင်း သိရသည်။ **(ခရိုင်မြန်/ဆက်)**

မဟာသင်္ကြန်အတွင်း လူမှုကယ်ဆယ်ရေးကုသိုလ်ပြုအသင်းများကူညီဆောင်ရွက်

တွံတေး ဧပြီ ၁၅
ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်၌ မဟာသင်္ကြန်အကျနေ့မှ အတက်နေ့အထိ အရေးပေါ်လူနာတင်ယာဉ် ၁၂ စီး၊ လူအင်အား ၅၂ ဦးဖြင့် တွံတေးမြို့လမ်းဆုံများတွင် ကူညီဆောင်ရွက်ပေးရန် အသင့်ရှိကြောင်း သိရသည်။

တွံတေးမြို့တွင်း၌ မဟာသင်္ကြန်အတွင်း အရေးပေါ် လူနာများအား အသင့်ကူညီနိုင်ရန်အတွက် စိတ္တသုခ ကုသိုလ်ပြု လူငယ်အဖွဲ့က လူနာတင်ယာဉ်ကိုးစီး လူအင်အား ၄၀၊ စေတနာ ကုသိုလ်ပြုလူငယ်အဖွဲ့မှ လူနာတင်ယာဉ်သုံးစီး၊ လူအင်အား ၁၂ ဦးဖြင့် အဓိကကျသော လမ်းဆုံလမ်းခွများတွင် ပြည်သူများအား ကူညီနိုင်ရန်အသင့်ရှိကြောင်း စိတ္တသုခကုသိုလ်ပြုလူငယ်အဖွဲ့ နာယကဦးမင်းဇော်ထိမှ သိရသည်။

စိတ္တသုခ ကုသိုလ်ပြုနာယကက "ကျွန်တော်တို့အသင့်ရှိနေတာက ယာဉ်မတော်တဆမှု၊ နာမကျန်းဖြစ်တဲ့ သူတွေအတွက် အရေးပေါ်အသက်ကယ်နိုင်ဖို့ အသင့်အနေအထားနဲ့ စီစဉ်ဆောင်ရွက်ထားပါတယ်"ဟု ပြောကြားခဲ့သည်။

မျိုးလှိုင်(တွံတေး)

■ ■

ကျောက်ပန်းတောင်းမြို့နယ်တွင် အပူချိန်မြင့်မားသော်လည်း သင်္ကြန်ရေပက်ခံထွက်သူများ အထူးစည်ကားများပြား

ကျောက်ပန်းတောင်း ဧပြီ ၁၅
မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် မြန်မာ့ရိုးရာမဟာသင်္ကြန်ဒုတိယအကြိတ်နေ့ ဧပြီ ၁၅ ရက်က ရာသီဥတုအပူချိန် ပိုမိုမြင့်မားလျက်ရှိသော်လည်း သင်္ကြန်ရေပက်ခံထွက်သည့်မော်တော်ကားများ၊ မော်တော်ဆိုင်ကယ်များ ပိုမိုများပြားလျက်ရှိပြီး ဗဟိုမဏ္ဍပ်တည်ရှိရာ ရန်ကုန်-ပြည်-မန္တလေး လမ်းတစ်လျှောက် လမ်းပိတ်ဆို့မှုများဖြစ်ပေါ်ခဲ့သော်လည်း ငြိမ်းငြိမ်းချမ်းချမ်းဖြင့် လွတ်လပ်ပျော်ရွှင်စွာရေကစားလျက်ရှိနေကြကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် မဟာသင်္ကြန်ပထမအကြိတ်နေ့ ညနေပိုင်းက မိုးပေါက်ကျရုံမျှ မိုးရွာချခဲ့ပြီး မဟာသင်္ကြန် ဒုတိယအကြိတ်နေ့တွင် အပူချိန်မှာပိုမိုမြင့်မားလာကြောင်းသိရသည်။ သို့သော်သင်္ကြန်ချစ်သူများမှာ အယ်နီညိုရာသီဥတု၏ ပူပြင်းမှုကိုအံတုရ၍ အမိုးဖွင့်မော်တော်ကားများ၊ မော်တော်ဆိုင်ကယ်များဖြင့် မြို့အနှံ့လှည့်လည်ကြပြီးနောက် ကျောက်ပန်းတောင်း-ပုပ္ပားလမ်းပေါ်ရှိ ဆည်ပေါက်ရွာ ခြေသေ့သုံးကောင်ရေကစားမဏ္ဍပ်မှတစ်ဆင့် ပုပ္ပားသို့ခရီးဆက်ကြကြောင်းသိရသည်။

မဟာသင်္ကြန် ဒုတိယအကြိတ်နေ့တွင် ကျောက်ပန်းတောင်းမြို့နယ် ကျေးရွာအသီးသီးမှ မော်တော်ဆိုင်ကယ်များဖြင့် ရေပက်ခံလာကြသည်များရှိသလို အနီးဝန်းကျင်မြို့များဖြစ်သည့် ချောက်မြို့၊ ရေနံချောင်းမြို့နှင့် နတ်မောက်မြို့၊ ညောင်ဦးမြို့များမှလာရောက်၍ ဆင်နွဲပျော်ရွှင်ခဲ့ကြခြင်းများရှိကြောင်းသိရသည်။

ကိုနေ(ကျောက်ပန်းတောင်း)

ဂျနီဖာအန်နစ်စတန်ကို နှစ်အတော်ကြာစွဲလမ်းခဲ့ဖူးကြောင်း ဖွင့်ဟလာတဲ့ ဂျိတ်ခ်ဂျယ်လန်ဟော



ဟောလိဝုဒ်ကြယ်ပွင့်တစ်ဦးဖြစ်တဲ့ မင်းသားဂျိတ်ခ်ဂျယ်လန်ဟောက သူ့အနေနဲ့ အတူတွဲဖက်သရုပ်ဆောင်ခဲ့ဖူးတဲ့ မင်းသမီး ဂျနီဖာအန်နစ်စတန်ကို နှစ်အတော်ကြာနှစ်သက် စွဲလမ်းခဲ့ဖူးကြောင်းနဲ့ သူ့ရဲ့နှစ်သက်မှုဟာ အန်နစ်စတန်ရဲ့ ရုပ်ရည်လှပမှုကြောင့်မဟုတ်ဘဲ သူ့ရဲ့ပုဂ္ဂိုလ်ရေးအရည်အချင်းများနဲ့ ကောင်းမွန်တဲ့ စာရိတ္တတို့ကြောင့်သာဖြစ်ကြောင်း ပီးပဲလ် မဂ္ဂဇင်းနဲ့ ပြုလုပ်ခဲ့တဲ့အင်တာဗျူးမှာ ဖွင့်ဟပြောကြားခဲ့ပါတယ်။

အဆိုပါအင်တာဗျူးမှာ ဂျိတ်ခ်ဂျယ်လန်ဟောက သူ့ရဲ့အနုပညာသက်တမ်းတစ်လျှောက် အလှအပရေးရာမှာ နာမည်ကျော်တဲ့ အန်နီဟက်သဝေး၊ ရီနေးရက်စို၊ ရေချယ်လ်မက်သ်အဒမ်၊ နာတယ်လီပေါ့ထ်မန်းနဲ့ ရီးစ်ဝစ်သားစပွန်းတို့လို မင်းသမီးချောတွေနဲ့လည်း တွဲဖက်သရုပ်ဆောင်ခဲ့ဖူးပေမယ့် ဂျနီဖာအန်နစ်စတန်ကသာ သူ့ရဲ့ရင်ခုန်နှုန်းတွေကို မြန်အောင်ပြုစားနိုင်တဲ့ တစ်ဦးတည်းသော သရုပ်ဆောင်ဖက်ဖြစ်ခဲ့ကြောင်း ဆိုခဲ့ပါတယ်။

အသက် (၃၅)နှစ် အရွယ်မင်းသားနဲ့ ၂၀၁၅ခုနှစ်အတွင်းက မင်းသားဂျက်စတင်သယ်ရက်ဇ်နဲ့ တရားဝင်လက်ထပ်ခဲ့ပြီးဖြစ်တဲ့ (၄၇)အရွယ် အန်နစ်စတန်တို့ဟာ ၂၀၀၂ ခုနှစ်အတွင်း "The Good Girl" ရုပ်ရှင်ရိုက်ကူးစဉ်ကတွေ့ဆုံခဲ့ကြပြီး အဆိုပါရုပ်ရှင်မှာ ဂျနီဖာအန်နစ်စတန်ရဲ့ အချစ်ကို ရဖို့အတွက် ကြိုးစားခဲ့ရသူအဖြစ် ပါဝင်သရုပ်ဆောင်ခဲ့ရတဲ့ အတွေ့အကြုံကို ဘယ်တော့မမေ့နိုင်မှာ မဟုတ်ကြောင်းလည်း ဂျယ်လန်ဟောက ပြောကြားခဲ့တယ်လို့ အေ့စ်ရှိုးဘေ့ဇ်ဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။

အေး ပြည့် - စု စည်း ရေး သား သည်

ပျော်စရာအဆုံးသတ်နဲ့ "Descendants of the Sun"

လတ်တလောတောင်ကိုရီးယားနဲ့ တရုတ်နိုင်ငံတွေမှာ အအောင်မြင်ဆုံး ရုပ်သံဇာတ်လမ်းတွဲဖြစ်နေတဲ့ "Descendants of the Sun" ဒရမ်မာဇာတ်လမ်းတွဲရုပ်ရှင်ရဲ့ နောက်ဆုံးအပိုင်းကို ပြီးခဲ့တဲ့ကြာသပတေးနေ့က KBS 2 ရုပ်သံလိုင်းကနေ ထုတ်လွှင့်ပြသခဲ့ရာမှာတော့ ခေါင်းဆောင်မင်းသားနဲ့ မင်းသမီးတို့ရဲ့ အချစ်ဇာတ်လမ်းဟာ ပျော်စရာအဆုံးသတ်နဲ့ ပြီးဆုံးသွားခဲ့ကာ ဒုတိယဇာတ်လိုက်တွေရဲ့ အချစ်ရေးဟာလည်း ပျော်စရာအဆုံးသတ်တွေကို ပိုင်ဆိုင်ခဲ့ကြကြောင်း ဟန်စင်းနီးမားဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။

ယခုလို ပျော်စရာအဆုံးသတ်တွေနဲ့ ပရိသတ်ကို နှုတ်ဆက်ခဲ့တဲ့ အဆိုပါရုပ်ရှင်ဟာ ရုပ်ရှင်ရဲ့နောက်ဆုံးအပိုင်းကို တောင်ကိုရီးယားမှာ ရုံတင်ပြသခဲ့ရာမှာတော့ ကြည့်ရှုသူပရိသတ် ၃၈ ဒသမ စရာခိုင်နှုန်း ရှိခဲ့တာကြောင့် ယနေ့အချိန်ထိ တောင်ကိုရီးယားမှာ ရုံတင်ပြသခဲ့တဲ့ ဇာတ်လမ်းတွဲရုပ်ရှင်တွေအနက် ကြည့်ရှုသူအများဆုံးရုပ်ရှင်အဖြစ် စံချိန်တင်နိုင်ခဲ့ပါတယ်။

အဆိုပါဇာတ်လမ်းတွဲဟာ စတင်ပြသခဲ့တဲ့အချိန်ကစပြီး ပရိသတ်တွေကို အထူးစွဲဆောင်နိုင်ခဲ့ကာ ပရိသတ်အကြားရေပန်းစားခဲ့တဲ့ရုပ်ရှင်ဖြစ်ပါတယ်။ ယင်းရုပ်ရှင်မှာ ခေါင်းဆောင်မင်းသားအဖြစ် ပါဝင်သရုပ်ဆောင်ထားတဲ့ မင်းသားဆောင်ဂျန်ကီဟာ လတ်တလောမှာ တရုတ်နိုင်ငံအတွင်း အကျော်ကြားဆုံးသော အနုပညာရှင်ဖြစ်လာခဲ့ကာ ယင်းရုပ်ရှင်နဲ့ ယင်းရုပ်ရှင်မှာ ပါဝင်တဲ့ ဇာတ်ဆောင် မင်းသားမင်းသမီးတွေကို အလွန်အကျွံမစွဲလမ်းမိစေဖို့ တရုတ်နိုင်ငံက တာဝန်ရှိသူတွေက သူ့ရဲ့ပြည်သူတွေကို သတိပေးရတဲ့အထိ ပရိသတ်တွေအပေါ် လွှမ်းမိုးနိုင်ခဲ့တဲ့ ဇာတ်လမ်းတွဲလည်း ဖြစ်ပါတယ်။ ဒဲ့အပြင် အဆိုပါရုပ်ရှင်ဟာ ၂၀၁၂ခုနှစ်က တောင်ကိုရီးယားမှာ ထုတ်လွှင့်ပြသခဲ့တဲ့ "The Moon Embracing the Sun" ရုပ်ရှင်ရဲ့ ကြည့်ရှုသူအများဆုံးစံချိန်ကို ချိုးဖျက်နိုင်ခဲ့တဲ့ ပထမဦးဆုံးသော ဇာတ်လမ်းတွဲလည်းဖြစ်ပါတယ်။

မဂ္ဂဇင်းမျက်နှာဖုံးရှင်ဖြစ်လာတဲ့ တေလာဆွစ်

အမေရိကန်ပေါ့ပ်အဆိုတော် တေလာဆွစ်ဟာ ယခုနှစ်အတွင်းကျင်းပခဲ့တဲ့ တေးဂီတဆုပေးပွဲတွေမှာ ဆုတွေအများဆုံးသိမ်းပိုက်နိုင်ခဲ့ပြီး သူ့ရဲ့အောင်မြင်မှုတွေအတွက် ယခုနှစ် မေလထုတ် "Vogue" မဂ္ဂဇင်းကြီးမှာ မျက်နှာဖုံးရှင်အဖြစ် ဖော်ပြခြင်းခံခဲ့ရပါတယ်။

အဆိုပါမဂ္ဂဇင်းအတွက် မျက်နှာဖုံးဓာတ်ပုံတွေကို ရိုက်ကူးခဲ့ရာမှာလည်း ထူးခြားတဲ့အပြင် အဆင်တွေနဲ့ ပြင်ဆင်ရိုက်ကူးခဲ့တာကြောင့် တေလာဆွစ်ဆိုသည်ကို မမှတ်နိုင်လောက်အောင်ပင် ထူးခြားကာ ဆွဲဆောင်မှုရှိသူတစ်ဦးအဖြစ် မြင်တွေ့ရကြောင်း နယူးစ်ဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။

ဒဲ့အပြင် ယင်းမဂ္ဂဇင်းမှာပါရှိတဲ့ အင်တာဗျူးမှာတော့ ပေါ့ပ်ကြယ်ပွင့်တေလာဆွစ်နဲ့ သူ့ရဲ့ လတ်တလောမှာ လက်တွဲတွေ့ခိုင်မြဲနေဆဲဖြစ်တဲ့ချစ်သူ ဒီဂျေပညာရှင် ကယ်လ်ဗင်ဟဲရစ်တို့ရဲ့ အချစ်ရေးနဲ့ ပတ်သက်ပြီး တေလာဆွစ်ကို မေးမြန်းထားတာတွေပါဝင်ကြောင်းလည်း သိရပါတယ်။ တေလာဆွစ်က သူ့အနေနဲ့ ကယ်လ်ဗင်ဟဲရစ်နဲ့ ဆက်ဆံရေးကို ဆက်လက်ထိန်းထားလိုပြီး သူဟာချစ်ရေးနဲ့ပတ်သက်လာရင် ကံအလွန်ကောင်းတဲ့သူတစ်ဦးတော့မဟုတ်ကြောင်း ဖွင့်ဟခဲ့ပါတယ်။

တေလာဆွစ်နဲ့ ကယ်လ်ဗင်ဟဲရစ်တို့နှစ်ဦးဟာ ပြီးခဲ့တဲ့လအတွင်းက ကျရောက်ခဲ့တဲ့ချစ်သူသက်တမ်းတစ်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် လူမှုကွန်ရက်မီဒီယာပေါ်မှာ အမှတ်တရဓာတ်ပုံတွေ အပြန်အလှန်ပေးပို့ခဲ့ကြပါတယ်။ ကယ်လ်ဗင်ဟဲရစ်က တေလာဆွစ်လို့ ရေးသားထားတဲ့ အသည်းပုံ ရွှေရောင်ဆွဲသီးကို လက်ဆောင်အဖြစ်ပေးခဲ့ပါတယ်။ မကြာသေးမီက သူတို့နှစ်ဦးရဲ့အချစ်ရေးဟာ အေးစက်သွားခဲ့ပြီလို့ သတင်းတွေထွက်ခဲ့ပေမယ့် ပြီးခဲ့တဲ့ ဧပြီ ၃ ရက်က လော့အိန်ဂျလိစ်မှာ ကျင်းပခဲ့တဲ့ ၂၀၁၆ခုနှစ်အတွက် "iHeartRadio Awards" တေးဂီတဆုပေးပွဲကြီးမှာ နှစ်ဦးအတူတက်ရောက်ကာ ပျော်ပျော်ရွှင်ရွှင်ဆင်နွဲခဲ့တာမို့ ကောလာဟလတွေကို ရုပ်သိမ်းသွားစေခဲ့ပါတယ်။ အသက် (၂၆)နှစ် အရွယ် ပေါ့ပ်အဆိုတော် တေလာဆွစ်ဟာ သူ့ရဲ့နှစ်ဆယ်ပြည့်နှစ်တွေအတွင်းမှာ အနုပညာရှင်များစွာနဲ့ ချစ်သူတွေအဖြစ် လက်တွဲခဲ့သူဖြစ်ပြီး သူ့ရဲ့ချစ်သူဟောင်းတွေထဲက နာမည်ကျော်တွေကတော့ ပြိတိန်ပေါ့ပ်တေးဂီတအဖွဲ့ "One Direction" ရဲ့ အဖွဲ့ဝင် ဟယ်ရီစတိုင်လ်နဲ့ ဟောလိဝုဒ်ရဲ့ ထိပ်တန်းမင်းသားဇက်အဖရွန်တို့ပဲ ဖြစ်ကြပါတယ်။

ရုပ်မြင်သံကြားအစီအစဉ်များ

[၁၆ - ၄ - ၂၀၁၆ (စနေနေ့)]

မြန်မာ့ရုပ်မြင်သံကြား News Channel

- ၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၃၅ ခါသကြီန်အဆိုအကများ
- ၈း၃၅ ရန်အောင်နှင့် ပြည်သူချစ်သော သကြီန်
- ၉း၁၅ ခါသကြီန်အဆိုအကများ
- ၉း၃၀ ၁၃၇၇ ခုနှစ် မဟာသကြီန် အတက်နေ့၊ မန္တလေး မဟာသကြီန်မြင်ကွင်း တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
- ၁၂း၃၅ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မြင့်မိုရ်မေမေ" (အပိုင်း-၃၄) (ဇာတ်သိမ်း)
- ၃း၀၀ ၁၃၇၇ခုနှစ်၊ မဟာသကြီန် အတက်နေ့၊ ရန်ကုန် မဟာသကြီန်မြင်ကွင်း တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
- ၅း၀၀ ၁၃၇၇ ခုနှစ်၊ မဟာသကြီန် အတက်နေ့၊ ရန်ကုန် မဟာသကြီန်မြင်ကွင်းပိတ်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
- ၅း၃၀ ၁၃၇၇ ခုနှစ်၊ မဟာသကြီန် အတက်နေ့၊ မန္တလေး မဟာသကြီန်မြင်ကွင်းပိတ်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
- ၆း၂၀ ခါသကြီန်အဆိုအကများ
- ၆း၃၅ ချစ်စရာ့တာသကြီန်
- ၇း၂၀ မြူးကြွတေးသံ၊ NRC သကြီန် (အပိုင်း ၂)
- ၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာ သတင်း၊ မိုးလေဝသအခြေအနေ
- ၉း၀၀ ပြည်တွင်းသတင်း -ဆေးရောင်စုံရုပ်ရှင် "ယောက္ခမဆိုတာတစ်ခါတုန်းက သမက်ပါပဲ" (အပိုင်း-၂) (ဇာတ်သိမ်း) (ကျော်သူ၊ ရန်အောင်၊ လွင်မိုး၊ မို့မို့မြင့်အောင်၊ ခိုင်သင်းကြည်) [ဒါရိုက်တာ-မောင်မျိုးမင်း (ရင်တွင်းဖြစ်)]

မှတ်ချက်။ နာရီတိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါမည်။

MRTV- 4

- ၅း၀၀ ပဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မဂ်လသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၄၀ "တစ်ယောက်တည်းနေရန် ဝိပဿနာ"တရားတော် [ဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မ ကိတ္တိသာရ(အောင်ဆန်း ဆရာတော်)]
- ၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၃၃)
- ၇း၅၀ တန်ခိုးကြီးမား ဘုရားစေတီပုထိုးများ (ဇီနမာရ်အောင်စေတီတော် မြတ်ကြီး)
- ၈း၀၅ Cartoon Series (Go Go Giggles)
- ၉း၀၀ Summer Festival Recap
- ၉း၃၀ Coca Cola Summer Festival 2016 (LIVE)
- ၁၂း၃၀ တန်ခိုးကြီးမား ဘုရားစေတီပုထိုးများ (မဒ္ဒိမဒေသ၏ ဗုဒ္ဓဝယာ မြေမြတ်မဟာမှ မဟာဗောဓိမဏ္ဍိုင်)
- ၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" [ဝဋ်ကြွေးရှိသမျှကျေပါစေ (အပိုင်း-၂)]
- ၃း၄၀ သကြီန်တေးသီချင်းများ
- ၄း၅၀ သဲပုံစေတီစုပေါင်းနွဲ
- ထူးမြတ် လတပေါင်းပွဲ (အပိုင်း-၂)
- ၅း၃၀ ခေတ်သစ်ပျိုမေ
- ၆း၃၀ Health Fix
- ၆း၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၃၄)
- ၇း၀၀ Let's Talk
- ၇း၃၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" [အကြွေး (အပိုင်း-၁)]
- ၈း၂၀ Coca Cola Summer Festival 2016 Overall Highlight
- ၉း၂၀ ရန်ကုန်မြို့တော် မဟာသကြီန် ရေသဘင်ဗဟိုမဏ္ဍပ် Highlight
- ၉း၃၅ မဟာသကြီန် အတက်နေ့မြင်ကွင်း
- ၉း၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၈၂)
- ၁၀း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အသက်ကလေးရယ်ရှည်စေလို" (အပိုင်း၆၃+၆၄)
- ၁၁း၅၅ Forever Music Tribute Water Party ရေ Party (အပိုင်း-၂)
- ၃း၃၅ ရေဆန်စီးတဲ့မြစ်
- ၄း၀၅ World of Knowledge (Built For The Kill: Grassland)

mitv

- 07:26 Great Shwedagon-The Sacred Hair Relics Hailing Pogodas
- 07:53 Sagaing: Gold Leaf
- 08:00 Live: Thingyan Festival
- 03:00 Live: Thingyan Festival
- 06:03 News
- 06:26 Bago: A City Of Famous Historic Pagoda
- 06:47 Thingyan Songs & Dances
- 07:26 Interesting Features of Rakhine
- 07:47 Today Myanmar
- 08:03 News
- 08:25 An Aficionado Of Alluring Antiques (ဦးစိန်မြင့်၊ ရွှေချည်ထိုးရှေးဟောင်းပစ္စည်း)
- 08:56 Myanmar Masterclass: Fantastic Art
- 09:26 Myanmar Game Changer (Episode - II)
- 09:53 A Nun's Creation in Fruit Carving
- 04:26 Auspicious and Traditional Thingyan
- 04:36 The Beauty In The North Of Myanmar
- 04:53 Thingyan Songs & Dances

ချန်ပီယံလီဂ်ဆီမီးဖိုင်နယ်ပွဲစဉ်တွင် မန်စီးတီးနှင့် ရီးယဲလ်၊ အက်သလက်တီကိုနှင့် ဘိုင်ယန်တွေ့မည်

ဌေးကြယ်

ယူအီးအက်ဖ်အေချန်ပီယံလီဂ်ပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ယနေ့မဲခွဲဆုံးဖြတ်ခဲ့ရာတွင် ပရီမီယာလီဂ်ကလပ် မန်စီးတီးအသင်းသည် စပိန်လာလီဂါကလပ်ရီးယဲလ်မက်ဒရစ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး စပိန်လာလီဂါကလပ်အက်သလက်တီကိုမက်ဒရစ်အသင်းသည် ဂျာမန်ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ဆီမီးဖိုင်နယ်ပွဲစဉ်တွင် မန်စီးတီးအသင်းသည် ရီးယဲလ်မက်ဒရစ်အသင်းနှင့် ထိပ်တိုက်တွေ့ဆုံခဲ့ခြင်းကြောင့် ဘိုင်ယန်မြူးနစ်အသင်းနည်းပြ ဂွါဒီယိုလာ၏ ဆန္ဒပြည့်ဝခဲ့ပြီး နည်းပြ ဂွါဒီယိုလာသည် လာမည့်ဘောလုံးရာသီတွင် မန်စီးတီးအသင်းအား နည်းပြအဖြစ်တာဝန်ယူကိုင်တွယ်မည်ဖြစ်သောကြောင့် မန်စီးတီးအသင်းနှင့် ထိပ်တိုက်တွေ့ဆုံခြင်းကို ရှောင်ရှားလိုနေသူဖြစ်သည်။

မန်စီးတီးအသင်းသည် ချန်ပီယံလီဂ်သမိုင်းကြောင်းတစ်လျှောက်တွင် ပထမဆုံးအကြိမ်အဖြစ် ဆီမီးဖိုင်နယ်အဆင့်သို့ တက်လှမ်းလာခဲ့ခြင်းဖြစ်ပြီး ဆီမီးဖိုင်နယ်အဆင့်သို့ ပထမဆုံးအကြိမ်တက်လှမ်းလာခဲ့ချိန်တွင် ချန်ပီယံလီဂ်ဖလားကို (၁၀)ကြိမ်အထိ ရယူဆွတ်ခူးထားနိုင်ခဲ့သည့် ရီးယဲလ်မက်ဒရစ်အသင်းနှင့် ထိပ်တိုက်တွေ့ဆုံခဲ့ခြင်းဖြစ်သည်။

အက်သလက်တီကို မက်ဒရစ်အသင်းသည်လည်း ချန်ပီယံလီဂ်ပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်အဆင့်သို့ နှစ်ကြိမ်သာ တက်လှမ်းနိုင်ခဲ့ပြီး ၁၉၇၃-၁၉၇၄ ဘောလုံးရာသီနှင့် ၂၀၁၃-၂၀၁၄ ဘောလုံးရာသီတို့တွင် တက်လှမ်းခဲ့ခြင်းဖြစ်သည်။ အက်သလက်တီကို မက်ဒရစ်အသင်း ယှဉ်ပြိုင်ရမည့် ဘိုင်ယန်မြူးနစ်အသင်းသည် ချန်ပီယံလီဂ်ဖလားကို ငါးကြိမ်အထိ ဆွတ်ခူးထားနိုင်ခဲ့ပြီး ၁၉၇၃-၁၉၇၄၊ ၁၉၇၄-၁၉၇၅၊ ၁၉၇၅-၁၉၇၆၊ ၂၀၀၀-၂၀၀၁၊ ၂၀၁၂-၂၀၁၃ ဘောလုံးရာသီ တို့တွင် ဆုဖလားများဆွတ်ခူးထားနိုင်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် မန်စီးတီးအသင်းသည် ပရီမီယာလီဂ်အမှတ်ပေးပြိုင်ပွဲ၌ အဆင့်(၄)နေရာတွင် ရပ်တည်လျက်ရှိပြီး ရီးယဲလ်မက်ဒရစ်အသင်းမှာမူ လာလီဂါအမှတ်ပေးပြိုင်ပွဲ၌ အဆင့်(၃)နေရာတွင် ရပ်တည်လျက်ရှိသည်။ အဆိုပါနှစ်သင်း၏ ချန်ပီယံလီဂ်ဂိုးသွင်းရှင်များအဖြစ် မန်စီးတီးအသင်းတွင် ဒီဘရူနီနှင့် စတာလင်းတို့ရှိနေပြီး ရီးယဲလ်မက်ဒရစ်အသင်းတွင်မူ တိုက်စစ်မှူးစီရိုနယ်လ်ဒိုက သွင်းဂိုး ၁၆ ဂိုးအထိ သွင်းယူပေးထားနိုင်ခဲ့သည်။

အက်သလက်တီကို မက်ဒရစ်အသင်းသည် လာလီဂါအမှတ်ပေးပွဲပြိုင်ပွဲ၌ အဆင့်(၂)နေရာတွင် ရပ်တည်လျက်ရှိပြီး ဘိုင်ယန်မြူးနစ်အသင်းမှာမူ ဘွန်ဒက်စ်လီဂါ အမှတ်ပေးပြိုင်ပွဲ၌ အဆင့်(၁)နေရာတွင် ရပ်တည်လျက်ရှိသည်။ အဆိုပါနှစ်သင်း၏ ချန်ပီယံလီဂ်ဂိုးသွင်းရှင်များအဖြစ် အက်သလက်တီကို မက်ဒရစ်အသင်းတွင် ဂရစ်ဇီမန်းရှိနေပြီး ဘိုင်ယန်မြူးနစ်အသင်းတွင်မူ သောမက်စ်မူလာနှင့် လီဝမ်ဒေါစကီးတို့ရှိနေသည်။

ယခုနှစ်ချန်ပီယံလီဂ်ပြိုင်ပွဲဆီမီးဖိုင်နယ်အဆင့်၏ ထူးခြားချက်အဖြစ် ဆီမီးဖိုင်နယ်သို့ တက်လှမ်းလာခဲ့သည့် အသင်းများသည် ကွာတားဖိုင်နယ်အဆင့်တွင် နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် အသင်းများဖြစ်ပြီး ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်များကို ပထမအကျော့ပွဲစဉ်အဖြစ် ဧပြီ ၂၆၊ ၂၇ ရက်တို့တွင်လည်းကောင်း၊ ဒုတိယအကျော့ပွဲစဉ်အဖြစ် မေ ၃၊ ၄ ရက်တို့တွင်လည်းကောင်း ယှဉ်ပြိုင်သွားမည်ဖြစ်သည် ချန်ပီယံလီဂ်ပြိုင်ပွဲ၏ နောက်ဆုံး ပိုလ်လုပွဲကို အီတလီနိုင်ငံ မီလန်မြို့ရှိ ဆန်စီရိုကွင်းကြီးထဲ၌ မေ ၂၈ ရက်တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

လီဗာပူး၊ ဆီဗီလာ၊ ဗီလာရီးယဲလ်နှင့် ရှက်တာဒိုးနက်ခ်တို့ အကြိုပြိုလ်လုပွဲအဆင့်သို့ တက်ရောက်နိုင်ခဲ့တဲ့ ယူရိုပါလီဂ်

မေလဲ့သင်း

ဧပြီ၁၅ရက်နေ့ နံနက်အစောပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ယူရိုပါလီဂ်ကွာတားဖိုင်နယ်အဆင့်(ဒုတိယအကျော့) ပွဲစဉ်တွေမှာ လက်ရှိချန်ပီယံ ဆီဗီလာ၊ ဗီလာရီးယဲလ်၊ လီဗာပူးနဲ့ ရှက်တာဒိုးနက်ခ်တို့ဟာ ပြိုင်ဘက်တွေကို အနိုင်ယူပြီး အကြိုပိုလ်လုပွဲအဆင့်ကို တက်ရောက်နိုင်ခဲ့ကြပါတယ်။ ရှက်တာဒိုးနက်ခ်တစ်သင်းတည်းသာ ပထမအကျော့ အဝေးကွင်းမှာ အနိုင်ရခဲ့လို့ နောက်တစ်ဆင့်ကို တက်ရောက်ဖို့အလားအလာကောင်းပိုင်ဆိုင်ခဲ့ပြီး ကျန်တဲ့သုံးပွဲကတော့ အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ရပါတယ်။

ဆီဗီလာ ၁ - ၂ ဘီဘာအို

နှစ်ကျော့ပေါင်း(သုံးဂိုး-သုံးဂိုး)
ပင်နယ်တီငါးဂိုး-လေးဂိုးဖြင့် ဆီဗီလာ
အကြိုပိုလ်လုပွဲ အဆင့် တက်ရောက်

ဆီဗီလာအသင်းဟာ ပွဲအစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပေမယ့် အနိုင်ရလဒ်အတွက် အသေချာပြင်ဆင်လာတဲ့ ဘီဘာအိုကလည်း ရှိန်မနေဘဲ အကောင်းဆုံးတုံ့ပြန်ခဲ့တာကြောင့် ဆီဗီလာတို့ အခက်တွေ့ခဲ့ပါတယ်။ ပွဲချိန် ၅၇မိနစ်မှာ ဘီဘာအိုမှ အူဒရစ်ဇီက အဖွင့်ဂိုးစတင်သွင်းခဲ့ပေမယ့် ပွဲချိန် ၅၉မိနစ်မှာတော့ ဂါမီရိုက ချေပဂိုးပြန်သွင်းခဲ့လို့ တစ်ဖက်တစ်ဂိုးစီသရေကျနေခဲ့ပါတယ်။ ဒါပေမယ့် ပွဲချိန်မိနစ် ၈၀ မှာ ရာအူးလ ဂါစီယာက ဘီဘာအိုအတွက် အနိုင်ဂိုးသွင်း ပေးခဲ့တာကြောင့် ဘီဘာအိုတို့ နောက်တစ်ဆင့်တက်ရေး မျှော်လင့်ချက်တွေ ရှင်သန်ခိုင်မာခဲ့ပါတယ်။ နှစ်ကျော့ပေါင်းရလဒ် သုံးဂိုးစီသရေရလဒ် ထွက်ပေါ်နေတာကြောင့် ပင်နယ်တီ အဆုံးအဖြတ်ခံယူရာမှာ ဆီဗီလာက ငါးဂိုး-လေးဂိုးနဲ့ အနိုင်ယူပြီး အကြိုပိုလ်လုပွဲအဆင့်ကို တက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်။ ဒီနေရာမှာ ဥရောပအတွေ့အကြုံ ပိုမိုကြွယ်ဝတဲ့ ဆီဗီလာရဲ့ တည်ငြိမ်မှုက ဘီဘာအိုကို နောက်ကောက် ချနိုင်ခဲ့တယ်လို့ မှတ်ချက်ပြုရမှာပါ။

စပါတာပရပ်ဂ် ၂ - ၄ ဗီလာရီးယဲလ်

နှစ်ကျော့ပေါင်း ခြောက်ဂိုး-သုံးဂိုးဖြင့် ဗီလာရီးယဲလ်
အကြိုပိုလ်လုပွဲအဆင့်သို့ တက်ရောက်

စပါတာပရပ်ဂ်နဲ့ ဗီလာရီးယဲလ်တို့တွေ့ဆုံမှုဟာတော့ နှစ်ဖက် ဂိုးသွင်းပြိုင်တဲ့ ပွဲလို့ ဆိုရလောက်အောင် ဂိုးပေါင်းများတဲ့ ပွဲဖြစ်ခဲ့ပါတယ်။ အိမ်ရှင် ပရပ်ဂ်အသင်းဟာ ဧည့်သည် ဗီလာရီးယဲလ်အသင်းကို ဖိကစားပေမယ့် နောက်တန်းခံစစ်တည်ငြိမ်မှု ကင်းမဲ့တာကြောင့် အခုလောက်အထိ ပေးဂိုးတွေများသွားခဲ့ရတာဖြစ်ပါတယ်။ ဒီပွဲမှာ ဗီလာရီးယဲလ် တိုက်စစ်မှူး ဘက်ကမ်ဘူဟာ ပွဲချိန် ငါးမိနစ်မှာ အဖွင့်ဂိုး တစ်ဂိုး စတင်သွင်းယူပြီးနောက်မှာ ကယ်ဆီလီဗျိုနဲ့ ဘရူနိုက ပွဲချိန် ၄၃ မိနစ်နဲ့ နာကျင်အချိန်ပို ၄၅ မိနစ်မှာ သွင်းဂိုးတွေ ဆက်တိုက်သွင်းယူခဲ့တာကြောင့် ပထမပိုင်းမှာတင် သုံးဂိုးပြတ်နဲ့ ဗီလာရီးယဲလ်က ဦးဆောင်နေခဲ့ပါတယ်။ ဒုတိယပိုင်းပြန်စချိန်မှာလည်း ဗီလာရီးယဲလ်ဟာ ကစားအားမချဘဲ ဆက်ကစားခဲ့တာကြောင့် ၄၉ မိနစ်မှာ တိုက်စစ်မှူး ဘက်ကမ်ဘူကပဲ သွင်းဂိုးတစ်ဂိုးထပ်သွင်းခဲ့လို့ လေးဂိုးပြတ်နဲ့ ဦးဆောင်နေခဲ့ပါတယ်။ အဲဒီနောက် နောက်ပိုင်းပွဲချိန်တွေမှာ ဗီလာရီးယဲလ်ဟာ ကစားအားပြန်ချခဲ့လို့ စပါတာပရပ်ဂ်က ချေပဂိုး နှစ်ဂိုးပြန်သွင်းသွားခဲ့တာဖြစ်ပါတယ်။

လီဗာပူး ၄ - ၃ ဒေါ့မွန်

နှစ်ကျော့ပေါင်း ငါးဂိုး-လေးဂိုးဖြင့် လီဗာပူးအသင်းအကြိုပိုလ်လုပွဲအဆင့်သို့တက်ရောက်

လီဗာပူးအသင်းဟာ ပထမအကျော့မှာ တစ်ဂိုးစီသရေကျထားကြောင့် အနိုင်ရလဒ်အတွက်တိုက်စစ်ဖွင့်ကစားခဲ့သလို ဒေါ့မွန်ကလည်း အကောင်းဆုံးတုံ့ပြန်ကစားခဲ့တာကြောင့် ကြည့်ကောင်းတဲ့ ပွဲစဉ်တစ်ပွဲဖြစ်ခဲ့ပါတယ်။ ပွဲစလျှင်စချင်း ဒေါ့မွန်အသင်းက ကစားကွက် အသာစီးရခဲ့ပြီး တရစပ်ထိုးဖောက်တိုက်စစ် ဆင်ကစားခဲ့တာကြောင့် မီခီတာယန်းနဲ့ အော့ဘာမီယန်တို့က ပွဲချိန် ၁၀ မိနစ်မပြည့်ခင်မှာပဲ နှစ်ဂိုးဆက်တိုက် သွင်းယူခဲ့ပါ တယ်။ ပွဲချိန် ၄၈မိနစ်မှာ အော်ရီဂီက လီဗာပူးအတွက် ချေပဂိုးတစ်ဂိုးစတင်သွင်းယူခဲ့ပေမယ့် ၅၇မိနစ်မှာ မာကိုရူးစ်က ဒေါ့မွန်အတွက် တတိယမြောက်သွင်းဂိုးကို သွင်းယူသွားခဲ့လို့ လီဗာပူးအသင်း ကွာတားဖိုင်နယ် အဆင့်ကနေပဲ လှည့်ထွက်ရမလိုဖြစ်ခဲ့ပါသေးတယ်။ ဒါပေမယ့် ဒေါ့မွန်အသင်းကို နှစ်ပေါင်းများစွာ ကိုင်တွယ်ဖူးတဲ့ ဂျာဂင်ကလော့က အသင်းဟောင်းကို အနိုင်ယူနိုင်ဖို့ အကောင်းဆုံးနည်းဗျူဟာ၊ လူစာရင်းကို ပြောင်းလဲနိုင်ခဲ့လို့ ပွဲချိန်မိနစ် ၉၀ ပြည့်လို့ နာကျင်အချိန်ပိုကစားချိန်မှာ လော့ဖ်ရန်က လီဗာပူးအသင်းအတွက် လိုအပ်နေတဲ့ အဖိုးတန် အနိုင်ဂိုးကို သွင်းယူပေးနိုင်ခဲ့တဲ့အတွက် လီဗာပူးအသင်း ၂၀၀၉ ခုနှစ်နောက်ပိုင်း အကြိုပိုလ်လုပွဲအဆင့်ကို ပထမဦးဆုံး အကြိမ် တက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်။ လီဗာပူးအတွက် သွင်းဂိုးတွေကို အော်ရီဂီ၊ ကော်တင်ဟို၊ ဆာခိုနဲ့ လော့ဖ်ရန်တို့က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

ရှက်တာဒိုးနက်ခ် ၄ - ၀ စပို့တင်းဘာရာဂါ

နှစ်ကျော့ပေါင်း ခြောက်ဂိုး-တစ်ဂိုးဖြင့် ရှက်တာဒိုးနက်ခ်
အကြိုပိုလ်လုပွဲအဆင့်သို့တက်ရောက်

နှစ်သင်းတွေ့ဆုံမှုမှာတော့ ပေါ်တူဂီကလပ် ဘာရာဂါဟာ အိမ်ကွင်း၊ အဝေးကွင်းနှစ်ကျော့စလုံးမှာ အဆိပ်မရှိတဲ့ ပုံစံနဲ့ ကစားသွားခဲ့ပြီး အခုပွဲမှာ ပေးလိုက်ရတဲ့ ဂိုးနှစ်ဂိုးဟာ နောက်ခံလူ ဖာရဲရားရဲ့ ကိုယ့်ဂိုးကိုယ်သွင်းယူခဲ့မှုကြောင့် ရလဒ်ပိုင်းပိုမိုဆိုးရွားသွားခဲ့တာ ဖြစ်ပါတယ်။ ဘာရာဂါအသင်းဟာ ပွဲကစားချိန် ၂၃ မိနစ်နောက်ပိုင်း ကစားကွက်လုံးဝပျောက်သွားခဲ့ပြီး ရှက်တာဒိုးနက်ခ် အသင်းရဲ့ ဖိအားပေးမှုအောက်ရောက်ရှိသွားခဲ့ပါတယ်။ ဒါပေမယ့် ပွဲရဲ့ရလဒ်ပိုင်းကို အပြောင်းအလဲဖြစ်စေခဲ့တာကတော့ ဒိုင်လူကြီးခရာလိုဗစ်ချဲရဲ့ ဆုံးဖြတ်ချက် အချို့ကြောင့်ဖြစ်ပြီး ဘာရာဂါအသင်းကို ပင်နယ်တီပေးဖို့ ပျက်ကွက်ခဲ့တာ၊ အိမ်ရှင်ပရိသတ်တွေရဲ့ ဖိအားအောက်ကို ရောက်ခဲ့တဲ့ ဆုံးဖြတ်ချက်ပုံစံတွေကြောင့် ဘာရာဂါနည်းပြ ပေါ်လိုဖွန် ဆီကာပေါက်ကွဲခဲ့တာဖြစ်ပါတယ်။ ဒီပွဲမှာ ရှက်တာဒိုးနက်ခ်နောက်ခံလူ ဆာနာက ကိုယ်တိုင်ဂိုးသွင်းယူနိုင်သလို သေချာပေါက် ပေးဂိုးအချို့ကို အနာခံပြီး ကာကွယ်သွားခဲ့တာကြောင့် ဒီပွဲရဲ့ သူရဲကောင်းဖြစ်ခဲ့ပေမယ့် ဘာရာဂါနောက်ခံလူ ဖာရဲရားကတော့ နှစ်ဂိုးတောင် ကိုယ့်ဂိုးကိုယ်သွင်းယူခဲ့တာကြောင့် ယခုပွဲရဲ့ အဓိက ဗီလိန်ဖြစ်ခဲ့ရပါတယ်။

ရေကစားမဏ္ဍပ်ရှေ့တွင် ရေကစားသူထံမှ ဖုန်းနှိုက်ယူသူအား အရေးယူထား

နေပြည်တော် ဧပြီ ၁၅

မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ ဧပြီ ၁၃ ရက်ညနေ ၅ နာရီတွင် အောင်မြေသာစံမြို့နယ် ၂၆ လမ်း၊ (၇၉×၈၀)လမ်းကြားရှိ Ninja ရေကစား မဏ္ဍာပ်အနီး၌ ခိုး၊ ဆိုး၊ နှိုက်သတင်းများ စုံစမ်းနေစဉ် ခါးပိုက်နှိုက်မှု ကျူးလွန်ထားကြောင်း ကြိုတင်သတင်းရရှိထားသူ အောင်မြေသာစံမြို့နယ်နေ အောင်အောင်စိုး(ခ)အောင်စိုး(ခ)စိုးအောင် (၁၉)နှစ်အား တွေ့ရှိသဖြင့် ခေါ်ယူစစ်ဆေးခဲ့သည်။ စစ်ဆေးချက်အရ မဏ္ဍာပ်ရှေ့တွင် ရေကစားနေသူတစ်ဦးထံမှ လက်ကိုင်ဖုန်းတစ်လုံးအား နှိုက်ယူထားကြောင်း စစ်ဆေးသိရှိရသဖြင့် သက်သေခံဖုန်းသိမ်းဆည်းကာ ၎င်းအား အောင်မြေသာစံမြို့နယ် အမှတ်(၂)နယ်မြေရဲစခန်းက (၀)၅၁/၂၀၁၆၊ ပြစ်မှုပုဒ်မ ၃၇၉(နှိုက်)/ကျင့် ၅၄ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ရဲပြန်ကြား)

၂၀၁၆ ခုနှစ် မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များက ဗဟိုလမ်း၌ တုတ်၊ ဓား၊ လက်နက်၊ အရက်၊ ဘီယာပုလင်းများ မပါရှိစေရေး စစ်ဆေးဆောင်ရွက်နေစဉ်။ (ရဲပြန်ကြား)

မြဝတီမြို့ ချစ်ကြည်ရေးတံတားအောက် သောင်ရင်းမြစ်အတွင်း ရေကစားရာမှ လူသုံးဦး ရေနစ်သေဆုံး

မြဝတီ ဧပြီ ၁၅

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ အမှတ်(၁) ချစ်ကြည်ရေးတံတားအောက် သောင်ရင်းမြစ်ကမ်းစပ်တွင် နှစ်စဉ်နှစ်တိုင်း ရေကစားသူများဖြင့် စည်ကားလျက်ရှိရာ ဧပြီ ၁၄ ရက် သင်္ကြန်ပထမအကြတ်နေ့က ရေကစားရာမှ လူသုံးဦး ရေနစ်သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အမှတ်(၁)ချစ်ကြည်ရေးတံတားအောက် သောင်ရင်းမြစ်ထဲ၌ ရေကစားနေကြသော မဝိုင်းဝိုင်းထွန်းမှာ သောင်ရင်းမြစ်ရေနက်ပိုင်းတွင် ရေနစ်နေသဖြင့် အစ်မဖြစ်သူ မစိုးစိုး(ခ)မတင်တင်ထွန်းက လိုက်လံဆယ်ယူရာ နှစ်ဦးစလုံးရေနစ်နေ၍ အမည်မသိအမျိုးသားမှ လိုက်လံဝိုင်းဝန်းဆယ်ယူရာ ၎င်းအမျိုးသားပါ ရေနစ်သွားကြောင်း၊ သောင်ရင်းမြစ်အတွင်း ရေကစားသူများက ဝိုင်းဝန်းဆယ်ယူခဲ့ကြရာ ရေနစ်သူ သုံးဦးစလုံး သေဆုံးနေသည်ကိုတွေ့ရှိရ၍ မြဝတီဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သေဆုံးသူမိန်းကလေး နှစ်ဦးနှင့် အတူပါလာသော အသိဖြစ်သူ ချောင်းဆုံမြို့နယ် ဘီလူးကျွန်းကျေးရွာနေသူ ဒေါ်လဲ့လဲ့က ပြောပြခဲ့သည်။

သေဆုံးသူ မဝိုင်းဝိုင်းထွန်းနှင့် မစိုးစိုး(ခ)မတင်တင်ထွန်းတို့မှာ မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ဘီလူးကျွန်းကျေးရွာမှဖြစ်ပြီး ဦးဝင်းခိုင်၏ သမီးများဖြစ်ကာ မဝိုင်းဝိုင်းထွန်းမှာ အသက်(၁၁) နှစ်ရှိပြီး မစိုးစိုး(ခ)မတင်တင်ထွန်းမှာ အသက်(၁၆)နှစ်ရှိပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ညီအစ်မနှစ်ဦးအား ကယ်ဆယ်ပေးသူ အမျိုးသားအား အမည်နှင့် နေရပ်လိပ်စာ စုံစမ်းဆဲဖြစ်ကြောင်း သိရသည်။

ထိန်လင်းအောင်(မြန်/ဆက်)

သင်္ကြန်မဏ္ဍပ်ရှေ့ ဓားကိုင်ရမ်းကားသူအမှုဖွင့်အရေးယူ

မန္တလေး ဧပြီ ၁၅

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်(၂၆)လမ်း၊ (၇၈)လမ်းနှင့် (၇၉)လမ်းကြားNinjaမဏ္ဍာပ်ရှေ့တွင် ဧပြီ ၁၄ ရက် နံနက် ၁၁ နာရီခွဲက စိုးသူအောင်(၁၉)နှစ် ပုဏ္ဏားကုန်းရပ်အောင်မြေသာစံမြို့နယ်နေသူမှာ အရိုးအသွား ၁၀ လက်မခန့်ရှိ ဓားအားကိုင်ဆောင်ရမ်းကားနေသဖြင့် လုံခြုံရေးတာဝန်ကျ ဒုရဲအုပ်အောင်မျိုးနှင့်အဖွဲ့က ထိန်းသိမ်း၍ ချမ်းအေးသာစံမြို့မရဲစခန်းသို့ပို့အပ်ရာ ၎င်းတွင်ဒဏ်ရာများရရှိထားကြောင်း တွေ့ရသဖြင့် ရဲအုပ်နေဇာဦးနှင့်အဖွဲ့က မန္တလေးဆေးရုံကြီးသို့ ပို့ဆောင်ဆေးကုသပေးပြီး ချမ်းအေးသာစံမြို့မရဲစခန်းက စိုးသူအောင်အား အမှုဖွင့်ဖမ်းဆီးစစ်ဆေးလျက်ရှိသည်။

မောင်ပြည်သူ(မန္တလေး)

ဆိုင်ကယ်စီးသူများအား ဓားဖြင့်လိုက်ခုတ်နေသူကိုအရေးယူ

နေပြည်တော် ဧပြီ ၁၅

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာအောင်မြေမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဧပြီ ၁၃ ရက် ညနေ ၄ နာရီ ၂၅ မိနစ်တွင် (၇၈) လမ်း၊ (၃၇×၃၈) လမ်းကြားရှိ ဟိုတယ်မန္တလေးရေကစားမဏ္ဍာပ်၌ လုံခြုံရေးဆောင်ရွက်နေစဉ် ပြည်ကြီးတံခွန်မြို့နယ် ငွေတော်ကျီ ကုန်းရပ်ကွက်နေ ငြိမ်းချမ်းဇော်(၁၉)နှစ်သည် လမ်းပေါ်တွင်သွားလာနေသည့် ဆိုင်ကယ်များအား အရိုးအသွား(၂၂)လက်မခန့်ရှိ စတီးဓားဦးချွန်ဓားရှည်ဖြင့် လိုက်လံခုတ်နေ၍ သွားရောက်ဖမ်းဆီးကာ ၎င်းအား မဟာအောင်မြေမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားသည်။

(ရဲပြန်ကြား)

ကျုံးရေပြင်တွင် အမျိုးသားတစ်ဦးရေနစ်သေဆုံး

မန္တလေး ဧပြီ ၁၅

မန္တလေးမြို့အောင်မြေသာစံမြို့နယ်(၁၂)လမ်းနှင့် လမ်း (၇၀)ထောင့်တွင် ဧပြီ ၁၄ ရက်ညနေ ၃ နာရီခွဲခန့်က ကျုံးရေပြင်တွင် သေဆုံးသူတစ်ဦးတွေ့ရှိကြောင်း သတင်းအရ အမှတ်(၂) နယ်မြေရဲစခန်းမှျား ရဲအုပ်ဇော်ဝင်းမိုးနှင့်အဖွဲ့ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ အမည်မသိအသက်(၂၀)ခန့် အမျိုးသားတစ်ဦးဖြစ်ပြီး ဂျင်းဘောင်ဘီရှည်၊ တီရှပ်အနက်ရောင်လက်တို ဝတ်ဆင်လျက်တွေ့ရပြီး ဆယ်ယူစစ်ဆေးရာ ပြင်ပဒဏ်ရာတစ်စုံတစ်ရာမရှိဘဲ ရေနစ်သေဆုံးကြောင်း တွေ့ရသဖြင့် မန္တလေးဆေးရုံကြီးသို့ ပို့အပ်ခဲ့သည်။

သေဆုံးသူ၏ဖခင်ဦးစိန်ဝင်း မန္တလေးဆေးရုံကြီးသို့ရောက်ရှိ အတည်ပြုချက်အရ သေဆုံးသူမှာ မျိုးမင်းသိန်း(၂၀)နှစ် ကျောက်အရောင်းအဝယ် မန်ကျီးပင်ကျေးရွာ စစ်ကိုင်းမြို့နယ်နေသူဖြစ်ပြီး သင်္ကြန်ရေကစားရန်ထွက်သွားခြင်းဖြစ်ကြောင်းသိရသဖြင့် အမှတ် (၂)နယ်မြေရဲစခန်းက သေမှုသေခင်းအမှတ်စဉ် ၂၂/ ၂၀၁၆ ရေးဖွင့်စစ်ဆေးလျက်ရှိကြောင်းသိရသည်။

မောင်ပြည်သူ(မန္တလေး)

၂၀၁၆ ခုနှစ်၊ နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် မဟာသင်္ကြန်နှင့်ပတ်သက်သည့် မှုခင်းဖြစ်ပွားမှုစာရင်းချုပ်

စဉ်	ရက်စွဲ	လူသတ်မှု			ခိုးမှု	ခိုးမှု (ဆိုင်ကယ်)	ခိုးယူခံရမှု၊ ခိုးပိုက်ခံရမှု	ယာဉ် တိုက်မှု			နာကျင်စေမှု			ကားယိမ်းဖြိုး ဖျက်ဆီးမှု			ဝတ္ထုရား နောင့်ယှက်မှု			အခြား အမှု			လက်နက်မှု	ယစ်မျိုး ဖမ်းဆီး အရေးယူမှု			သေမှု သေခင်း			စုစုပေါင်း		
		ကိုယ်ချင်း	ရန်ပွေ	ကိုယ်ကျင့်	ကိုယ်	ကိုယ်	ကိုယ်	ကိုယ်	ရန်ပွေ	ကိုယ်ကျင့်	ကိုယ်	ရန်ပွေ	ကိုယ်ကျင့်	ကိုယ်	ရန်ပွေ	ကိုယ်ကျင့်	ကိုယ်	ရန်ပွေ	ကိုယ်ကျင့်	ကိုယ်	ရန်ပွေ	ကိုယ်ကျင့်	ကိုယ်			ကိုယ်	ရန်ပွေ	ကိုယ်ကျင့်	ကိုယ်	ရန်ပွေ	ကိုယ်ကျင့်
၁	၁၂-၄-၂၀၁၆	-	-	-	-	-	၆	၂	၁	၈	၃	၆	-	-	-	-	-	-	-	-		-	-	-	၁၁	၁	၁၄
၂	၁၃-၄-၂၀၁၆	၁	၁	-	-	-	၂၁	၂	-	၅၀	၇	၇	-	-	-	-	၃	၁	၃	၆		၂	၂	၂	၄၅	၄	၅၇
၃	၁၄-၄-၂၀၁၆	-	-	-	၁	၁	၁၆	၁၈	၇	၄၉	၁၇	၂၅	၄	၁	-	-	၁	-	၃	၉		၆	၈	၇	၇၆	၁၅	၇၁
၄	၁၅-၄-၂၀၁၆																										
၅	၁၆-၄-၂၀၁၆																										
စုစုပေါင်း		၁	၁	-	၁	၁	၄၃	၂၂	၈	၁၀၇	၂၇	၃၈	၄	၁	-	-	၄	၁	၆	၁၅		၈	၁၀	၁၃၂	၂၀	၁၄၆

Asia Top 09431641 18,09421099574,098635520
သင်္ကြန်အစီအစဉ်များကြိုတင်လက်မှတ်ရောင်းပြီ ကျိုက်ထီးရိုး/ရေခဲသေတ္တာ
▲ မန်းနေ့ရောက်တော်၊ မစတွေ့ပြသလွန်၊ ကျောင်းတော်ရာ၊ ဝဏ္ဏနိမ်ဆာ၊ ခုတ်ရွက်၊ ပြည်ဘုရားဆုံ 45000
▲ ရေခဲလက်တော်၊ ဘာလောင်းတော်ကသယ၊ စစ်ကိုင်း၊ ပုံရွာ လမ်းဘုရားဆုံ 75000
▲ ရေခဲလက်တော်၊ ပုဇဲ (ခွယ်တော်လေးဆူ)၊ ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ-သီတိုင်ရွှင် 70000
▲ ဘာလောင်းတော်ကသယ၊ ဗန္ဓလေး၊ စစ်ကိုင်း ပုံရွာ 55000 ဆက်ကျိ- ပြင်ဦးလွင်ပါ 75000
▲ တောင်ကြီး၊ ဘင်းဒေလ၊ ပင်းတလ၊ ကုန်လုံ၊ ထမိုးစမ်း၊ ကတ္တူ၊ တောင်ပေါ်တန်းဘုရားဆုံ 65000
▲ ထားဝယ်ရွှင်ကိုးကွင်း၊ ခမောင်းတန်တမ်းရြေ၊ ဓမ္မာ့ရုပ်၊ ကျိုက္ကမီ၊ ဓက်ခဲတမ်းခြေ 100000
▲ ပုဇဲ (ခွယ်တော်လေးဆူ)၊ ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ-သီတိုင်ရွှင် 60000 အမတ်ကဉ်-သောက္ကြ
▲ ဓက်လမ်ပြင်း ကျိုက္ကမီ၊ ဓက်ခဲတမ်းခြေ၊ လမ်းဘုရားဆုံ 25000 ကားမျိုးနှစ်မျိုးလုံးရောနစ်ရောင်းပေးပါသည်။
▲ ရန်ခိုင် ဘေပြာတင်ဦး၊ ဓကျောက်တော်၊ စစ်တေ၊ ပေလီ၊ တမ်းသောယာ 140000 ဝယ်ယူသူတိုင်း Air-con လေအေးပေး

အမှားသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်(၁၉)ရပ်ကွက်၊စည်ပင်လမ်းအမှတ်(၄၅)ဟုခေါ်တွင်သောမြေတိုင်းရပ်ကွက်အမှတ်(၁၉)လူနေရပ်ကွက်(-)မြေကွက်အမှတ်(၄၅)၊ဧရိယာ(၀. ၀၅၉)ကေဒီနှစ်(၆၀)ဝရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်မှီဆက်နွယ်သည့်အကျိုးခံစားခွင့်အရရပ်ရန့်ပတ်သက်၍ အမှားသိစေရန်ကြေညာချက်၊

အထက်ဖော်ပြပါမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့မှာရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမြို့ပြေတရားလုံးတွင် ကျွန်တော်ဦးခင်ဇော်အမည်ပေါက်တည်ရှိသည့် မြေကွက်ဖြစ်ပြီး၎င်းမြေကွက်သည် ကျွန်တော်တစ်ဦးတည်းပိုင်ဆိုင်ခြင်း၊အခြားသူတစ်ဦးတစ်ယောက်အားလွဲပြောင်းသားခြင်း၊ရောင်းချထားခြင်း၊ပေးကမ်းထားခြင်း၊ပေါင်နှံထားတို့မပြုပါကြောင်း၊ဝရန်မူရင်း၊စာရွက်စာတမ်းမူရင်းများသည်ကျွန်တော်၏လက်ဝယ်တွင်သာရှိပါကြောင်းအမှားသိစေရန်ကြေငြာအပ်ပါသည်။

ဦးခင်ဇော်
(၁၂/လမတ(နိုင်)၀၀၇၁၉၂)
(H/RGN-၀၃၆၂၉၂)
အမှတ်(၁၁၉)အောင်ဝေယျလမ်း၊ အလုံမြို့နယ်၊ရန်ကုန်မြို့။

"သာဂရမြို့ အာစရိယပူဇော်ပွဲ"

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ သာဂရမြို့၊ အခြေခံပညာအထက်တန်းကျောင်း၏ အာစရိယပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပါမည်။

နေ့ရက် - ၂၀-၄-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)
အချိန် - နံနက် ၇နာရီမှ မွန်းတည့် ၁နာရီ
နေရာ - အခြေခံပညာအထက်တန်းကျောင်း၊ သာဂရမြို့။

သို့ဖြစ်၍ ယင်းကျောင်းတွင် ပညာသင်ကြားပေးခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများအားလုံးနှင့် ပညာသင်ယူခဲ့ကြသော ကျောင်းသား/သူများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ၊ ကြွရောက်ကြပါရန် ပူဇော်ပွဲဖြစ်မြောက်ရေး ကော်မတီမှ လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်လျှောက်ထားရန်-
(၁)ဦးစိုးနိုင်ဦး(သာဂရမြို့) Ph:09-795281168
(၂) ဦးခင်မောင်သိန်း(ရန်ကုန်မြို့) Ph:09-73149777
(၃) ဒေါ်ခင်မာကြည်(ရန်ကုန်မြို့)Ph:09-5076983
(၄) ဦးခင်မောင်ဆွေ(ရန်ကုန်မြို့) Ph:09-43098456
(၅) ဦးမြင့်စိုး(ရန်ကုန်မြို့) Ph:09-43074805

ကန်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ ကျောင်းကုန်းကျေးရွာအား ရပ်ကွက်အဆင့် ပြန်လည်ပြင်ဆင်နေရာချထားခဲ့ရာတွင် ပါဝင်သည့်ဦးတင်လိုင်ထွန်း(၁၂/ရပသ(နိုင်)၀၄၃၀၂၆)သည်မြေတိုင်းရပ်ကွက်အမှတ်-(နှ/၅၃)၊ မြေကွက်အမှတ်(၂၈၅)၊ အကျယ်အဝန်း ၀၊(၃၀×၆၀)တွင်ပြန်လည်နေရာချထားပေးခဲ့ပါသည်။ ဖော်ပြပါ မြေကွက်သည် မြေခွဲပါမစ်ထုတ်ရသေးပါသဖြင့် ပါမစ်ထုတ်ယူခွင့်ပြုပါရန် အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့်ဝယ်ယူထားသူဒေါ်အေးအေးကြူ၁၄/ ကကန(နိုင်)၀၉၈၀၈၀၂မှ ၎င်းပိုင်ဆိုင်ကြောင်းငွေသွင်းချလန်မူရင်း၊ အရောင်းအဝယ်စာချုပ်၊ ရပ်ကွက်ထောက်ခံစာများ ပူးကွပ်တင်ပြ၍ ပါမစ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ မြေပိုင်ဆိုင်မှုနှင့် ပတ်သက်၍ထုတ်ပေးရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ဤရုံးသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါကမြေခွဲပါမစ်ထုတ်ပေးရေးဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြေယာဌာနခွဲ
မြို့မြေနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
ရွှေပြည်သာမြို့နယ်

ကန့်ကွက်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ကာယဥာဏရန်ပေးစီမံချက်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၅ ၂ စီ"၊ မြေကွက်အမှတ်၁/၁၁၉၊ ဧရိယာ၀. ၅၈၈၈၊ မြေကွက်တည်နေရာအမှတ်(၉၅) ကာယ(ဂလမ်းနှင့် ၅လမ်း)ကြား ကာယဥာဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ် ကာယဥာဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ကာယဥာဏရန်ပေးစီမံချက် ငယ်စာရင်းအမည်ပေါက် "ဒေါ်နိုရာဌေး" ဟု မှတ်သားထားသော မြေကွက်အား "ဒေါ်နိုရာထေ" ထံမှ အရောင်းအဝယ်စာချုပ်ဖြင့် ပိုင်ဆိုင်ခဲ့သူ ဦးရဟနာဝထွန်းထွန်း(၁၂/ဥကတ(နိုင်)၁၅၀၉၈၁)မှ သယံနံးကျွန်းကြီး ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ကာယဥာဏရပ်ကွက် မြေဝန်ခွဲထားပေးရေးအထောက်အကူအဖွဲ့တို့မှ ကန့်ကွက်ရန် မမှီကြောင်း ထောက်ခံချက်၊ ဒေါ်နိုရာထေးနှင့် ဒေါ်နိုရာဌေးသည် တစ်ဦးတည်းဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးနှုန်း၏ ထောက်ခံစာတစ်ဦးတည်းဖြစ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ နှစ်(၆၀)ဝရန် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

(ဝေလင်းဖြိုးဆောက်လုပ်ရေး)ကန်ထရိုက်တာ ဦးနေဝင်း ၂၁/သကတ(နိုင်)၁၂၈၈၆ခ)နှင့်အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဗဟအေးရပ်ကွက်၊ မင်းရဲကျော်စွာ(၁)လမ်း၊ အမှတ်(၄၅၆)နေ ဦးကျော်ကျော်(DBN-၀၀၈၃၁၄)နှင့် ဦးချစ်ကို(၈/မလန (နိုင်)၀၀၁၇၁၀)တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေး ကြေညာအပ်ပါသည်။

အထက်ပါလိပ်စာတွင် မြေရှင်များဖြစ်ကြသော ဦးကျော်ကျော်၊ ဦးချစ်ကိုတို့နှင့် ကန်ထရိုက်တာ ဦးနေဝင်းတို့ ၁၉-၉-၂၀၁၃ရက်တွင် ကန်ထရိုက်စာချုပ်ချုပ်ဆို၍ အဆောက်အအုံဆောက်လုပ်ရန် သဘောတူခဲ့ပြီးထပ်မံညှိနှိုင်း၍ ၂၃-၆-၂၀၁၃ရက်တွင် စာချုပ်သစ်ထပ်မံ၍ ချုပ်ဆိုခဲ့ပြီး လုပ်ငန်းဆောင်ရွက်ခဲ့ပါသည်။ ကန်ထရိုက်တာအနေဖြင့် စာချုပ်ပါ သဘောတူညီချက်များအား လုံးဝလိုက်နာမှုမရှိဘဲ ဥပဒေပြင်ပမှ ခွင့်ပြုချက်မဲ့ အဆောက်အအုံအား ဆောက်လုပ်သဖြင့် မြေရှင်များ တရားစွဲဆိုခြင်းခံရသည့် အခြေအနေသို့ရောက်ရှိခဲ့ပါသည်။ ကန်ထရိုက်တာ အနေဖြင့် လာရောက်တွေ့ဆုံခြင်း အလျှင်းမရှိ၊ သွားရောက်တွေ့ဆုံရာတွင် အတွေ့မခံဘဲ ရှောင်တိမ်းနေပါသဖြင့် ယနေ့မှစတင်၍ ယင်းနှင့်သဘောတူညီထားသည့် ကန်ထရိုက်တိုက် ဆောက်လုပ်ခြင်းလုပ်ငန်းအား လုံးဝဖျက်သိမ်းပါကြောင်း ၎င်းရယူထားသော ဂရန်မူရင်း၊ စာရွက်စာတမ်းများကို ပြန်ပေးရန်၊ ယင်းနှင့်ပတ်သက်သည့် ကိစ္စအရပ်ရပ်အား မြေရှင်များအနေဖြင့် တာဝန်ယူဖြေရှင်းပေးလိမ့်မည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးလှဦး
အထက်တန်းရှေ့နေ (စဉ်-၄၄၄၉)
အမှတ်(၂၄)၊ ဝိုလ်ချုပ်လမ်း၊ ဗဟအေးရပ်ကွက်၊ ဒေါပုံမြို့နယ်။
ဖုန်း-၀၉-၉၆၁၆၀၆၁၆၀

ကမ္ဘာ့ကျန်းမာရေးနေ့အခမ်းအနား သထုံ၌ကျင်းပ

သထုံ ဧပြီ ၁၅

မွန်ပြည်နယ် သထုံမြို့ရှိ သထုံခရိုင်ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမတွင် ဧပြီလဆန်းက ၂၀၁၆ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ အခမ်းအနားကို ကျင်းပခဲ့ပြီး ယင်းအခမ်းအနားကို ယခုနှစ်မှစတင်ကာ မြို့နယ်များအဆင့်တွင် ပထမဆုံးစတင် ကျင်းပနိုင်ခြင်းဖြစ်ကြောင်း သထုံခရိုင်ကျန်းမာရေးဌာနမှ တာဝန်ရှိသူ တစ်ဦး၏ ပြောကြားချက်အရ သိရသည်။

"အရင်တုန်းကတော့ မြို့နယ်အဆင့်၊ ခရိုင်အဆင့် ကမ္ဘာ့ကျန်းမာရေးနေ့ အခမ်းအနားဆိုပြီး လုပ်ခဲ့တာမျိုးမရှိဘူး။ ဒီအစီးရသစ်လက်ထက်မှ ဝန်ကြီးကလည်း WHO ရဲ့ ပုံစံအတိုင်း ဒီမှာ ဘယ်ရောဂါက ပေါ်ပြုလာဖြစ်နေတာလဲဆိုတာ လေ့လာခိုင်းတယ်။ ပြီးတော့ ဒီအခမ်းအနား ပြုလုပ်ပြီး အဲဒီရောဂါနဲ့ ပတ်သတ်တဲ့ အသိပညာပေးမှုတွေ၊ ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းတွေကို မြို့နယ်အလိုက်လုပ်ဖို့ ညွှန်ကြားထားပါတယ်" ဟု သထုံခရိုင် ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်သင်းသင်းအိက ပြောသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ စစ်တမ်းများအရ ကမ္ဘာပေါ်တွင် ဆီးချိုရောဂါဖြစ်ပွားမှု၊ သေဆုံးမှု တဖြည်းဖြည်း မြင့်တက်လာရာ ၂၀၁၆ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့၏ ဆောင်ပုဒ်အဖြစ် 'ကျန်းမာစေသည့်လူနေမှုဘဝ၊ နေ့စဉ်ရွေးချယ်နေထိုင်မှု ဆီးချိုသွေးချိုကင်းဝေးရ' ဟု သတ်မှတ်ကာ ဆီးချိုသွေးချိုရောဂါ ကင်းဝေးရေးကို အလေးထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

"ကျေးရွာတွေကိုဆင်းပြီး လူထုအတွင်း ဆီးချိုသွေးချိုရောဂါနဲ့ ပတ်သက်တာကို ပညာပေးမယ်။ ရောဂါရှိတဲ့သူတွေကို ဖော်ထုတ်မယ်။ သက်တမ်းစေ့နေနိုင်ဖို့ နည်းလမ်းတွေကို ညွှန်ပေးမယ်။ အဓိကကတော့ ရောဂါရှင်တွေက သောက်နေကျဆေးကို ပုံမှန်သောက်ဖို့နဲ့ နေထိုင်မှုပုံစံပြောင်းလဲရင်တော့ သက်တမ်းစေ့နေနိုင်ပါတယ်" ဟု ခရိုင်ဆေးရုံအုပ်ကြီးက ဆိုသည်။

အဆိုပါအခမ်းအနားတွင် သထုံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်က အမှာစကားပြောကြားပြီး ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်သင်းသင်းအိက ကမ္ဘာ့ကျန်းမာရေးနေ့ ကျင်းပရသည့် ရည်ရွယ်ချက်နှင့် ဆီးချိုသွေးချိုရောဂါအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားခဲ့သည်။ အခမ်းအနားအပြီးတွင် တက်ရောက်လာသူများအား ဆီးချိုသွေးချိုရောဂါကို အခမဲ့သွေးဖောက်စစ်ဆေးပေးခဲ့ကြသည်။

ကမ္ဘာ့ကျန်းမာရေးဌာန (WHO)၏ စစ်တမ်းများအရ ၂၀၀၈ ခုနှစ်တွင် တစ်ကမ္ဘာလုံး၌ ဆီးချိုဝေဒနာရှင် ၃၇၂ မီလီယံ အထိရှိခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် လေးဆကျော် မြင့်တက်ခဲ့ကြောင်း ၂၀၁၂ ခုနှစ် စစ်တမ်းတွင် ဆီးချိုဝေဒနာကြောင့် သေဆုံးသူ ၁ ဒသမ ၅ မီလီယံအထိ သေဆုံးခဲ့ကြောင်း သထုံခရိုင်ကျန်းမာရေးဌာနမှ သိရသည်။

သက်ဦး(သထုံ)

ကျီတော်ကုန်းရပ်ကွက် ပထမဆုံးသက်ကြီးပူဇော်ပွဲပြုလုပ်မည်

မိတ္ထီလာ ဧပြီ ၁၅

မိတ္ထီလာတွင် ၂၀၁၆ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်၌ ဗဟို ရေကစားမဏ္ဍပ်ဆောက်လုပ်ခြင်း မရှိသော်လည်း ရပ်ကွက်အလိုက် ရေကစားမဏ္ဍပ်များဆောက်လုပ်၍ မဟာသင်္ကြန်ပွဲတော်အား စည်ကားသိုက်မြိုက်စွာ ကျင်းပဆင်နွှဲရန် ပြင်ဆင်လျက်ရှိရာ ကျီတော်ကုန်း မိသားစုရေကစားမဏ္ဍပ်တွင် ယင်းရပ်ကွက်၏ သက်ကြီးပူဇော်ပွဲကို ပထမဆုံးအကြိမ်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ကျွန်တော်တို့ ကျီတော်ကုန်း ရေကစားမဏ္ဍပ်ကို မနှစ်ကလည်း ဒီအချိန်ဆို စတင်ဆောက်လုပ်ပြင်ဆင်နေကျပါ။ မနှစ်က မဟာသင်္ကြန်ပွဲတော်မှာ ကျီတော်ကုန်း မိသားစု ရေကစားမဏ္ဍပ်က မြို့မှာ ရေကစားသူ၊ သင်္ကြန်ပွဲလည်ပတ် ပျော်ရွှင်သူတွေနဲ့ အစည်ကားဆုံး မဏ္ဍပ်တစ်ခုဖြစ်ပါတယ်။ ဒီနှစ်လည်း အဲဒီလို စည်ကားသိုက်မြိုက်စွာနဲ့ မဟာသင်္ကြန်ပွဲတော် ကျင်းပဆင်ယှဉ်နိုင်ဖို့ ရေကစားမဏ္ဍပ် ဆောက်လုပ် ပြင်ဆင်နေပါတယ်။ ရေကစားမဏ္ဍပ်မှာ ရပ်ကွက်အတွင်း လူငယ်တွေ ပျော်ပျော်ရွှင်ရွှင် လွတ်လွတ်လပ်လပ်နဲ့ အေးအေးချမ်းချမ်း ရေကစားနိုင်ဖို့ စီစဉ်ပေးထားမှာပါ။ ဒီနှစ်သင်္ကြန်မှာ ကျီတော်ကုန်းရပ်ကွက်အနေနဲ့ ပထမဆုံး သက်ကြီးပူဇော်ပွဲကိုလည်း ထည့်သွင်းပြုလုပ်သွားမှာပါ" ဟု ကျီတော်ကုန်းရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးခင်မောင်ထွေးက ပြောသည်။

ကျီတော်ကုန်းရပ်ကွက်တွင် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာပါဝင်ဆင်ယှဉ်နိုင်ရန် ရေကစားမဏ္ဍပ်ဆောက်လုပ်ပြင်ဆင်နေသကဲ့သို့ ရတနာမာရ၊ ဝန်ဇင်း၊ ဝမ်းတော်ပြည့်တိုးချဲ့နှင့် Relax စားသောက်ဆိုင်ရေကစားမဏ္ဍပ်များလည်း ဆောက်လုပ်လျက်ရှိသည်။

ချမ်းသာ(မိတ္ထီလာ)

သင်္ကြန်ကာလမှူခင်းကျဆင်းရေးအတွက်ဆေးဆိုင်နှင့် ကွမ်းယာဆိုင်များအားစစ်ဆေး

ထားဝယ် ဧပြီ ၁၅

မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကာလအတွင်း လူငယ်များ အရက်သေစာသောက်စား မူးယစ်ရမ်းကားခြင်း၊ စိတ်ကြွဆေးများ ဝယ်ယူသုံးစွဲကာ မှူခင်းဖြစ်စဉ်ကျူးလွန်ခြင်းများ မဖြစ်ပေါ်စေရေးအတွက် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မူးယစ်တပ်ဖွဲ့စု (၃၃) မှ ဒုတပ်ဖွဲ့စုမှူး ဒုတိယရဲမှူးမြင့်လွင်၊ ခရိုင်ရဲတပ်ဖွဲ့ ဒုရဲမှူးသန်းထွန်းနှင့် တာဝန်ရှိသူများသည် ဧပြီလဆန်းက ထားဝယ်မြို့ပေါ် ရပ်ကွက်များရှိ ဆေးဆိုင်နှင့် ကွမ်းယာဆိုင်များသို့ လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် ထားဝယ်မြို့ မူးယစ်တပ်ဖွဲ့စု(၃၃)မှ ဒုတပ်ဖွဲ့စုမှူး ဒုတိယရဲမှူးမြင့်လွင်နှင့် တာဝန်ရှိသူများက သင်္ကြန်ကာလအတွင်း စိတ်ကြွဆေးများ၊ မူးယစ်ဆေးများ၊ စိတ်ငြိမ်ဆေးဝါးများ၊ ထိန်းချုပ်ဆေးဝါးများ၊ အမှတ်တံဆိပ်အမျိုးမျိုးဖြင့် တရားမဝင်တင်သွင်းလာသည့် ကာမန္ဒီးဆွစေသည့် ဆေးဝါးများနှင့် ရက်လွန်ဆေးဝါးများ၊ မှတ်ပုံတင်မရှိသော ဆေးဝါးများရောင်းချခြင်း ရှိ၊ မရှိနှင့် ရောင်းချခြင်း မပြုကြရန် သတိပေးပညာပေးလုပ်ငန်းများဆောင်ရွက်နေကြောင်း သိရသည်။

(ထားဝယ်ခရိုင်မြန်/ဆက်)

သီပေါတွင် ရှင်လောင်းလှည့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဧပြီ ၁၅

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်မှ အလျှုရှင်မိသားစုက မတည်လှူဒါန်းသောဒေသခံ တိုင်းရင်းသားရင်သွေးငယ် ၁၀၈ ဦးအား ရှင်ပြုအလှူတော်မင်္ဂလာပြုလုပ်ခြင်း ရေစက်ချပွဲ အခမ်းအနားကို ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ဘော်ကြိုဘုရားကြီးကျောင်းတိုက်နှစ်ထပ်ဆောင်ခန်းမ၌ ဧပြီလဆန်းက ကျင်းပသည်။

ရှေးဦးစွာ ရှင်လောင်းများအား ရှမ်းယဉ်ကျေးမှုဝတ်လေ့ထုံးစံနှင့် အညီ ပုခုံးထမ်းရွှေထီးဆောင်းပြီး ရှမ်းအိုးစည်ဗုံမောင်းများ တီးခတ်ကာ သမိုင်းဝင်ဘော်ကြိုမုဒ္ဒောစေတီတော်မြတ်ကြီးအား လက်ယာရစ်သုံးပတ်ပတ်၍ ရှင်လောင်းလှည့်ပွဲကိုတပျော်တပါးစည်ကားစွာ ကျင်းပကြသည်။

အဆိုပါရှင်ပြုအလှူရေစက်ချပွဲ အခမ်းအနားသို့ သီပေါမြို့နယ် သံယနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ မိလိန္ဒ၊ ဘော်ကြိုဘုရားကြီးကျောင်းတိုက်ဆရာတော် ဓမ္မကထိကဗဟုဇနဟိတဓရဘဒ္ဒန္တဒေဝိန္ဒ MA (သီရိလင်္ကာ)နှင့် ဆရာတော်များ ကြွရောက်တော်မူပြီး အလှူရှင်မိသားစုများ၊ ရှင်လောင်းမိဘဆွေမျိုးများနှင့် ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြည်ညိုကြသည်။

(သီပေါ–ကိုလတ်)

သက်ကြီးဘိုးဘွားများအား ဆေးဝါး၊ အသုံးအဆောင်နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့လှူဒါန်း

မြင်းမူ ဧပြီ ၁၅

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းပြီး ဧပြီ ၆ ရက်က မြို့ပေါ် ရပ်ကွက်များမှ အသက် ၇၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား ဆေးဝါးများ၊ အသုံးအဆောင်ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

"မြင်းမူမြို့နယ်အတွင်းမှာရှိတဲ့ အမျိုးသမီးရေးရာနဲ့ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များရဲ့ စုဆောင်းငွေနဲ့ အသက် ၇၅ နှစ်အထက် သက်ကြီးဘိုးဘွားတွေကို ဆေးဝါးနဲ့ အသုံးအဆောင်ပစ္စည်းတွေကို ထောက်ပံ့လှူဒါန်းခဲ့ခြင်းဖြစ်ပါတယ်။

'အခုလှူဒါန်းမှုမှာ သက်ကြီးဘိုးဘွား ၂၄ ဦးကို ထောက်ပံ့လှူဒါန်းနိုင်ခဲ့ခြင်းဖြစ်ပါတယ်" ဟု မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်း အတွင်းရေးမှူး ဒေါ်ခင်ပြည့်က ပြောသည်။

အလားတူ မြင်းမူမြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းပြီး အသက် ၆၀ နှစ်နှင့် အထက် သက်ကြီးဘိုးဘွားများအား ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းနှင့် အာဟာရကျွေးမွေးခြင်းများကို အပတ်စဉ်ဗဟုဟူးနေ့တိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အောင်စိုးဝေ

ပေါက်မြို့၌ တစ်နှစ်အောက်ကလေးငယ်များအား ဝက်သက်ကာကွယ်ဆေး အခမဲ့ထိုးနှံပေး

ပေါက် ဧပြီ ၁၅

ပေါက်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တစ်နှစ်အောက်ကလေးငယ်များအား ဝက်သက်ကာကွယ်ဆေး (အခမဲ့) ထိုးနှံပေးခြင်းလုပ်ငန်းကို ဧပြီလဆန်းက စတင်ထိုးနှံပေးခဲ့ကြောင်း သိရသည်။

ယင်းသို့ထိုးနှံပေးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆရာမများ၊ ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များနှင့် အရန်မီးတပ်သတ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများပူးပေါင်းကာ ဆေးထိုးနှံခြင်းလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေးခဲ့ကြသည်။

ဥာဏ်တိုး(ပေါက်)

ဖာပွန်မြို့ရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဖွင့်

ဖာပွန် ဧပြီ ၁၅

ကရင်ပြည်နယ် ဖာပွန်မြို့နယ်တွင် ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၏ ရပ်ရွာဖွံ့ဖြိုးတိုးတက်မှုနှင့် အုပ်ချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးသင်တန်းကို ဧပြီလဆန်းက ယွန်စလင်းခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဆန်းဦးက အုပ်ချုပ်ရေးအတတ်ပညာသည် နက်နဲသိမ်မွေ့သောအတတ်ပညာဖြစ်ပြီး အုပ်ချုပ်မှုအခြေခံသဘောတရား အထူးသဖြင့် ရပ်/ကျေးအုပ်ချုပ်ရေးမှူးက ဥပဒေ၊ နည်းဥပဒေများကို သိရှိကျွမ်းကျင်ရန် ပို့ချမှုအပေါ် လိုက်နာအသုံးချရန်ပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းတွင် အစီအစဉ်ဖြင့် ဖာပွန်မြို့နယ်နှင့် ကမမောင်းမြို့ပေါ် ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ၃၂ ဦးအား အထွေထွေအုပ်ချုပ်ရေး၊ လူဝင်မှုကြီးကြပ်ရေး၊ ရဲ၊ ပညာရေး၊ ကျန်းမာရေး၊ ကျေးလက်၊ တရားရေး၊ ဥပဒေ၊ စိုက်ပျိုးရေး၊ စက်မှုသီးနှံ၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း၊ စည်ပင်၊ နတလ၊ လမ်းဦးစီး၊ မွေးကု၊ စီမံကိန်း၊ သစ်တာ၊ မီးသတ်၊ လျှပ်စစ်၊ ပြန်/ဆက်ဦးစီးဌာနတို့မှ အုပ်ချုပ်ရေး၊ ဥပဒေ၊ နည်းဥပဒေ၊ ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာလုပ်ငန်းများ၊ ကျန်းမာရေးလုပ်ငန်းများ၊ မြေလွတ် မြေရိုင်းဥပဒေ၊ နည်းဥပဒေ၊ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် စီတန်းလှည့်လည်ခြင်းဆိုင်ရာ ကိစ္စများ၊ ကယ်ဆယ်ရေးလုပ်ငန်းများ၊ မွေးမြူရေးဆိုင်ရာ သိကောင်းစရာများ၊ လယ်ယာမြေဥပဒေ၊ နည်းဥပဒေများအကြောင်းကို အသေးစိတ်ရှင်းလင်းပို့ချသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ ဧပြီ ၆ ရက်မှ ၈ ရက်အထိ သုံးရက် သင်ကြားပေးခဲ့ကြောင်း သိရသည်။

သိန်းစိုးမြင့်(ပြန်/ဆက်)

ဆောင်းပါး

လက်ရေးစင်းရာအမှတ်အသားပါ အုတ်ချပ်ခဲများ၏ခေတ်ပြသမိုင်း

à မာန်သစ်ငြိမ်း(ရှေးဟောင်းသုတေသန)

မြန်မာ့ရှေးဟောင်းမြို့တော်များ၌ လက်စင်းရာအမှတ်အသားပါ အုတ်ချပ်ခဲများကို ကွင်းဆင်း လေ့လာမှုအရလည်းကောင်း၊ တူးဖော်မှုများအရလည်းကောင်း တွေ့ရလေ့ရှိသည်။ ထိုအုတ်ချပ်ခဲများ၏ ပုံသဏ္ဌာန်နှင့် တွေ့ရှိရာနေရာတို့ကို နှိုင်းယှဉ်ဖော်ပြမှုများကို လွန်ခဲ့သောနှစ်ပေါင်း ၂၀ ကျော်မှပင် စတင်လေ့လာတင်ပြခဲ့ကြပေသည်။

ရှေးဟောင်းသုတေသန လေ့လာမှုပြုရာတွင် ရှေးမြို့တော်ဟောင်းများ၌ သုတေသနပြုတူးဖော်၍ တွေ့ရှိသည့် ရှေးဟောင်းပစ္စည်းများကိုသာ အရေးယူ တန်ဖိုးထားသည်။ မည်သည့်မြေလွှာ၊ မည်သည့်အနက်ပေမှ တူးဖော်တွေ့ရှိသည်ကို သိရှိသဖြင့် သက်တမ်းကိုလည်း တွက်ချက်ခန့်မှန်းနိုင်သည့် အခွင့်အရေးရှိသည်။ ရိုးရိုးမြေပြင်၌ ကောက်ယူတွေ့ရှိသည့် ရှေးဟောင်းပစ္စည်းများကိုမူ သုတေသနတူးဖော်တွေ့ရှိသည့် ပစ္စည်းများလောက် အဓိကမထားပေ။

သို့သော်လည်း ရှေးဟောင်းသုတေသနပညာရှင်တို့က သုတေသနပြု တူးဖော်ခြင်းမဟုတ်ဘဲ ရှေးဟောင်းနေရာဒေသများ၌ ရေတွင်းတူးခြင်း၊ အိမ်သာကျင်းတူးခြင်း၊ ကျောင်း၊ အိမ်စသည်များဆောက်လုပ်ရန်၊ လမ်းဖောက်လုပ်ရန်စသည်ဖြင့် တူးဖော်မှုပြုရာတွင် တွေ့ရှိသည့် ရှေးဟောင်းပစ္စည်းများကိုမူကား မည်သည့်နေရာတွင် မည်သို့တွေ့ရှိသည်၊ မည်သူတွေ့ရှိသည် စသည်ဖြင့် သုတေသီများ၊ ပညာရှင်များက တွေ့ရှိသူများနှင့်တိုက်ရိုက် တွေ့ဆုံမှတ်တမ်းတင်ပြစုထားရှိမှုများကိုမူ လက်ခံလေ့ရှိကြပေသည်။

မြေပြင်၌တွေ့ရသည့် ပစ္စည်းများမှာ ထိုဒေသ၌ မူလတည်ရှိသည့် ပစ္စည်းများဖြစ်နိုင်ကြောင်း သို့မဟုတ် အခြားတစ်ပါးမှ သယ်ယူခဲ့ပြီး ဤနေရာတွင် ကျန်ခဲ့သည့် ပစ္စည်းများလည်း ဖြစ်နိုင်သဖြင့် ထိုအရပ်ဒေသမှ ထွက်သည့် သို့မဟုတ် ပြုလုပ်သည့်ပစ္စည်းဖြစ်သည်ဟု ကျိန်းသေမယူဆကြပေ။

ရှေးဟောင်းမြို့ရိုးကြီးများ တည်ဆောက်ရာတွင်လည်းကောင်း၊ ရှေးဟောင်းမြို့တော်ဟောင်းများအတွင်း သို့မဟုတ် ဝန်းကျင်၌ တည်ဆောက်ထားသည့် စေတီ၊ ဘုရားပုထိုးများနှင့် သာသနိက အဆောက်အအုံ၊ ထုံးဧလေ့ဆိုင်ရာ အဆောက်အအုံ များမှ လည်းကောင်း၊ ပျက်စီးယိုယွင်း၍ ပေါ်ထွက်လာသည့် အုတ်ခဲ၊ အုတ်ကျိုးများမှာမူကား အခြားမည်သည့် နေရာဒေသကမှ သယ်ယူခဲ့သည့် ပစ္စည်းများ မဟုတ်နိုင်ပေ။ အများအားဖြင့် တည်ဆောက်မည့် နေရာဒေသဝန်းကျင်မှာပင် ဖုတ်လုပ်ကြသည့် အုတ်များဖြစ် နိုင်ပေသည်။ အုတ်ပြား၊ အုတ်ချပ်ပေါင်းများစွာ သုံးစွဲတည်ဆောက်ရမည်သာ ဖြစ်သည်။ အထူးသဖြင့် ကြီးမားကျယ်ဝန်းသော မြို့ကြီးတစ်မြို့၏ မြို့ရိုးတံတိုင်းတည်ဆောက်ရန် တံတိုင်းဆောက်လုပ်ရန် အုတ်များမှာ ထောင်သောင်းမကသန်းပေါင်းများစွာ အသုံးပြုကြရမည်ဖြစ်သည်။

ပုဂံခေတ်ဦးပိုင်း ဘုရားပုထိုးဟောင်းများ၏ အုတ်ချပ်များအချို့၌သာ လက်အရေးအစင်းရာပါသည့် အုတ်များကိုတွေ့ရသည်။ ပျူမြို့များကဲ့သို့ များများစားစားမတွေ့ရှိရပေ။ လက်ရေးစင်းရာပါသည့် အုတ်ချပ်တချို့ကို အိန္ဒိယနှင့်ပါကစ္စတန်နိုင်ငံ၊ ဗုဒ္ဓဂါယာနှင့် တက္ကသီလာ (SIND) ပြည်နယ်၊ တချို့သော ဗုဒ္ဓ ဘုရားပုထိုးပျက်များ၏ အုတ်များတွင်လည်း အနည်းအပါးတွေ့ရှိရသည်။ ဘီစီ(၁) ရာစုနှင့်(၂)ရာစု သက်တမ်းရှိသည်။ ဆင်းပြည်နယ် ခါပုရ်ခေတ် ဗုဒ္ဓပုထိုးဌာပနာတိုက်တွင် ပျူခေတ်များ၌ တွေ့ရသည့် လက်စင်းရာပါ အုတ်ချပ်ကို တွေ့ရသည်။ ထိုပုထိုးကို အေဒီ (၄)ရာစုခန့်ရှိမည်ဟု ပညာရှင်များက ခန့်မှန်းခဲ့ရာ အေဒီ (၁)မှ(၉)ရာစုထိ တည်ရှိခဲ့သည့် မြန်မာနိုင်ငံ ပျူခေတ်ပိုင်း ကာလအတွင်းဖြစ်နေသည်ကို တိုက်တိုက်ဆိုင်ဆိုင်တွေ့ရသည်။

အုတ်ချပ်များ၌ပါရှိသည့် လက်ရေးစင်းရာအရေးအစင်းများမှာ အုတ်ချပ်များကို အလုအပမွမ်းမံမှု အတွက်မဟုတ်ဘဲ ပြုလုပ်သူတို့၏ အမှတ်အသား သို့မဟုတ် ထုတ်လုပ်သည့် ဒေသ၏ အမှတ်အသား သက်ေတများသာ ဖြစ်နိုင်စရာရှိသည်။ ထိုအချက်ကို ယခုမိမိတို့ ခေတ်ကာလ အုတ်များ၏ အမှတ်သင်္ကေတများကိုကြည့်ပါက သက်သေအဖြစ် တွေ့မြင်နိုင်မည် ဖြစ်သည်။ အလွန်ကြီးမားထည်ဝါလှသည့် မြို့ရိုးတံတိုင်းတည်ဆောက်မှု လုပ်ငန်းတစ်ရပ်အတွက် ကျေးရွာအုပ်စုများက မိမိတို့ခွဲတမ်းကျ တာဝန်အရ ထုတ်လုပ်သည့် ပစ္စည်းတွင် အမှတ်အသားပြုပြီး မိမိတို့ပြုလုပ်သည့် အုတ်ပုံများတွင် မိမိတို့၏ အမှတ်အသားပါ အုတ်ချပ်တချို့ကို ထည့်သွင်းစုပုံ၍ အပ်နှံဖွယ်ရှိပေသည်။ ထို့ပြင် များပြားသည့် အုတ်အရေအတွက်ကို သယ်ယူပို့ဆောင်ရာတွင် ယေဘုယျအားဖြင့် လေးပင်ပြီး ဝန်ကျယ်သဖြင့် ခရီးဝေးမှ သယ်ယူရန်မှာ ပို၍ပင်မဖြစ်နိုင်သကဲ့သို့ တွက်ချေလည်းမကိုက်ပေ။ သို့ဖြစ်၍ အုတ်ထုတ်လုပ်မှုကို အဆောက်အအုံ ဆောက်လုပ်မည့်ဒေသတွင်း သို့မဟုတ် နီးစပ်ရာဒေသတွင်း၌သာ ထုတ်လုပ်လေ့ရှိခဲ့သည်။

မြို့ရိုးအုတ်တံတိုင်းတို့ တည်ဆောက်ရန်အတွက် အုတ်ထုတ်လုပ်ခြင်း အုတ်ဖုတ်ခြင်းတို့ကို ဒေသခံများက လုပ်ဆောင်ခဲ့ကြပေသည်။ အုတ်လုပ်ငန်းတွင် ဒေသတွင်း၌ ကျွမ်းကျင်လုပ်သားမရှိခဲ့ပါမူ အခြားဒေသမှခေါ်ယူကာ နည်းပေးလမ်းပြပြုခဲ့ကြပေလိမ့်မည်။ ဤနည်းဖြင့် အုတ်ထုတ်လုပ်ခြင်း နည်းပညာကို အလွယ်တကူ ပြန့်ပွားနိုင်ခဲ့ပေသည်။ အုတ်ခဲမျက်နှာပြင်ပေါ်မှ အမှတ်အသားပုံသဏ္ဌာန်အပြောင်းအလဲမှာမူ အုတ်နည်းပညာ ပြန့်ပွားခြင်းကို ဖော်ဆောင်ပေးသည့် အဓိပ္ပာယ်ဟု ဆိုနိုင်ပေသည်။ အုတ်ခဲချပ်ပေါ်မှ လက်စင်းရာ အမှတ်အသားများမှာလည်း အုတ်အမြောက်အများထုတ်လုပ်ရာတွင် မည်၍မည်မျှထုတ်လုပ်ပြီးသည်ကို လိုအပ်သလို မှတ်သားဖော်ပြရန်အတွက် ဖြစ်ပေသည်။ တွေ့ရှိထားပြီးဖြစ်သော ပုံစံများကို ဖွဲ့စည်းပြုလုပ်မှု အဆင့်ဆင့်ကိုလိုက်၍ ခုနှစ်မျိုးခွဲ ခြားနိုင်သည်။

(၁) ကြိုတင် ပုံဖော်ထားခြင်းမရှိသည့် ဖြစ်ကတတ်ဆန်းပုံသဏ္ဌာန်၊

(၂) ရိုးရိုးမျဉ်းဖြောင့်နှင့်မျဉ်းကွေး သို့မဟုတ် ထောင့်ချိုးရာများပါသည့် အသုံးများသော ပုံသဏ္ဌာန်၊

(၃) ရိုးရိုးမျဉ်းဖြောင့်နှင့်မျဉ်းကွေး သို့မဟုတ် ထောင့်ချိုးရာများပါသော ပို၍ရှုပ်ထွေးဟန်ရှိသည့် ပုံသဏ္ဌာန်၊

(၄) လက်ချောင်းဖြင့် ရေးဆွဲထားသည့် ဂဏန်း၊ အမှတ်အသားနှင့် အကွာရာပုံသဏ္ဌာန်များ၊

(၅) တံဆိပ်ရိုက် အမှတ်အသား၊ ဂဏန်း သို့မဟုတ် အကွာရာအတိုကောက် ပုံသဏ္ဌာန်များ သို့မဟုတ် လက်စင်းရာမျဉ်းကြောင်းပေါ်ရှိ ထပ်ဆင့်အမှတ်အသားများ၊

(၆) ရေးသား၊ ဖိနှိပ်၊ တံဆိပ်ရိုက်ထားသည့် အုတ်ခဲထပ်ဆင့် အမှတ်အသားမှ အကွာရာပုံများပေါ်မှ အကွာရာပုံများ၊

(၇) ဖောင်းကြွရုပ်၊ တံဆိပ်အမှတ်အသားနှင့် အမွမ်းအမံ ပုံသဏ္ဌာန်ပါသော အုတ်ချပ်များ ဟူ၍ဖြစ်သည်။

ပျူနှင့်မွန် မြို့တော်ဟောင်းများ၏ အကာအရံတည်ဆောက်မှုနှင့် အုတ်ထုတ်လုပ်ခြင်းနည်းပညာရပ်တို့တွင် တစ်စုနှင့်တစ်စုအကြားဆက်နွယ်မှုရှိသည်ဟု မှတ်သားရပါသည်။ မြို့ခင်းပုံသဏ္ဌာန် လက်ရေးစင်းရာ အုတ်ချပ်များ တူညီမှုတို့သည် ယဉ်ကျေးမှုနှစ်ခုအကြားရှိ ရိုးရာအဆောက်အအုံအစဉ်အလာနှင့် ဒေသတွင်းပြောင်းလဲမှု အဆင့်အတန်းမြင့်မားပုံကို လှစ်ဟဖော်ပြရာ ရောက်ပေသည်။ ထိုင်းနိုင်ငံ ဦးထောင်ပြတိုက်မှ လက်ရေးစင်းရာပါ အုတ်ချပ်များ တွေ့ရှိရမှုသည် ဆက်လက် သုတေသနပြုရန် လမ်းစများပင်ဖြစ်သည်။

အမှတ်အသားပါ အုတ်ချပ်များကို မြို့ရိုး၊ စေတီပျက်နှင့် မြို့အဆောက်အအုံဟောင်းများမှ တွေ့ရလေ့ရှိရာ အင်းဝခေတ်အချိန်ထိတိုင်ဖြစ်သည်။ အမှတ်အသား၊ ပုံသဏ္ဌာန်များကို လက်ချောင်းတစ်ချောင်း သို့မဟုတ် အတွဲလိုက်ပူးကာ မီးမဖုတ်ခင်၊ မခြောက်သွေ့ခင် ရွှဲအုတ်မျက်နှာပြင်ပေါ်တွင် ရေးဆွဲခြင်းဖြစ်သည်။ လက်စင်းရာများကို အုတ်ချပ်၏ ကျယ်ပြန့်သော မျက်နှာဘက်အလယ်တွင် လည်းကောင်း၊ အစွန်းတစ်ဘက်မှ တစ်ဘက်သို့လည်းကောင်း၊ အကျယ်ဆုံးနေရာကို ဖြတ်၍လည်းကောင်း၊ အမှတ်အသား ပြုလုပ်လေ့ရှိသည်။ ရံဖန်ရံခါတွင် အုတ်ခဲမျက်နှာပြင်ကျယ်ကို မျဉ်းဖြောင့်အတိုင်း သို့မဟုတ် ကန့်လန့်ဖြတ်စောင်း၍ ရေးခြစ်ကြသည်။ အနည်းအကျဉ်းအားဖြင့်လည်း ပုံမှန်မဟုတ်သော မျဉ်းကွေးများကိုလည်း တွေ့ရတတ်သည်။ ထိုသို့ သော အမှတ်အသားများစွာကို လက်ချောင်းများဖြင့် ရေးဆွဲလေ့ရှိကြောင်းကို သိသာထင်ရှားစေပါသည်။

ပျူနှင့် မွန်ရှေးဟောင်းနေရာဒေသတို့မှ အမှတ်လက္ခဏာပါသော အုတ်များတွေ့ရှိရပြီး အရွယ်အစား ကွဲပြားမှုရှိသည်။ အဓိက အရွယ်အစားနှစ်မျိုးတွေ့ရသည်။ အလျား၊ အနံ၊ ဒုအရွယ်အစားကြီးသော အုတ်မှာ (၄၃-၅၀ စင်တီမီတာ×၁၉-၂၅ စင်တီမီတာ×၆-၉ စင်ထီမီတာ)ပမာဏရှိသည်။ အရွယ် အစားသေးငယ်သော အုတ်မှာ(၄၁-၄၃ စင် တီမီတာ×၁၈-၁၉ စင်တီမီတာ×၆-၇ စင်တီမီတာ)ဖြစ်သည်။ ယေဘုယျအားဖြင့် နေရာဒေသတစ်ခုခုမှ ရရှိသော အုတ်တို့၏ အရွယ်အစားသည် တစ်ခုမဟုတ် အခြားတစ်ခု၏ အရွယ်အစား အုပ်စုနှင့် အကျုံးဝင်ပေလိမ့်မည်။ သို့သော် သရေခေတ္တရာမှ အုတ်အရွယ်အစားတို့မှာ အကြီးအသေးရောနှောနေသည်။ သဲကုန်းမြို့ဟောင်းဝန်းကျင်မှ အုတ်ချပ်တို့သည် အရွယ်အစားသေးငယ်သည့် အုတ်စုနှင့်နှယ်၍ (၃၅-၄၁ စင်တီမီတာ× ၁၅-၁၈ စင်တီမီတာ× ၅-၆ စင်တီမီတာ) ပမာဏခန့်ရှိသည်။

အမှတ်အသားပါသည့် အုတ်ချပ်များတွေ့ရာ ရှေးဟောင်းမြို့များကို အောက်ပါအတိုင်း သိရှိနိုင်ပြီး ထိုဒေသတို့၏ တည်နေရာကို ကွင်းဆင်းလေ့လာပြီး ဖြစ်သကဲ့သို့ ထပ်မံရှာဖွေ လေ့လာရမည့်နေရာများလည်း ကျန်ရှိနေပါသေးသည်။ နေရာဒေသအမည်များကို မြို့ရိုး၊ ကျုံးနေရာဟောင်းစသည့် ရှေးဟောင်းသုတေသနဆိုင်ရာ အရေးပါမှုကိုလိုက်၍ စီစဉ်ဖော်ပြထားပါသည်။

(၁) ဗိဿနိုး (၂) ဟန်လင်း (၃) သရေခေတ္တရာ (၄) မိုင်းမော (၅) သထုံ (၆) ကျိုက္ကသာ (၇) ဝတီး (၈) သဲကုန်း (၉) ပုဂံ (၁၀) မော်ဘီ (စမ္ဘန္ဓိဂိရိ) (၁၁) တကောင်း (၁၂) တောင်တွင်း ကြီး (၁၃) သာဂရ (ထားဝယ်) (၁၄) ပင်လယ် (၁၅) ဇုတ်သုတ် (၁၆) ဝင်းက (၁၇) တိုက်ကုလား (၁၈) ဘားအံ (၁၉) ဝေါ (ကြုံတူ) (၂၀) မုဒုံ(ကောပရံ) (၂၁) မုသင် (၂၂) ကော့ဂွန်း(ဂ)တို့ ဖြစ်ကြသည်။

အုတ်ခဲပြုလုပ်လေ့ရှိသည့် ရွှံ့စေးတွင် ဓာတ်သတ္တုပစ္စည်းများအပြင် စပါးခွံအများအပြားရောစပ် ပြုလုပ်လေ့ရှိသည်ကိုလည်း တွေ့ရသည်။ စပါးခွံပါသော အုတ်များတွင် မိုင်းမော၊ ဗိဿနိုး၊ သရေခေတ္တရာ၊ ဟန်လင်းနှင့် ဝတီးစသည့် ပျူဒေသများမှ အုတ်ချပ်များတွင်လုံးချော စပါးစေ့များ ပိုမိုအလေးကဲပါဝင်ကြောင်း ခွဲခြားလေ့လာသိရှိခဲ့ရပေသည်။

ထိုသို့ လေ့လာစစ်ဆေးခြင်းကို ၁၉၇၄ ခုနှစ်အတွင်းတွင် ဂျပန်နိုင်ငံ ကျိုတိုတက္ကသိုလ်မှ ပါမောက္ခ တာဒါယိုဝါတာဘီ ခေါင်းဆောင်သောအဖွဲ့သည် မြန်မာနိုင်ငံရှိ ရှေးမြို့ဟောင်း ၁၇ မြို့မှ အုတ်ချပ်တို့ကို လေ့လာခဲ့ကြသည်။ ၎င်းအဖွဲ့၏ ရည်ရွယ်ချက်မှာ ရှေးမြို့တော်ဟောင်းများမှ အုတ်ချပ်တို့ပေါ်တွင် တင်ကျန်ရစ်ခဲ့သည့် စပါးခွံအရာတို့ကို တိုင်းထွာပြီး မြန်မာနိုင်ငံတွင် ရှေးယခင်က စိုက်ပျိုးခဲ့သော စပါးအမျိုးအစားနှင့် အရွယ်အစားတို့ကို သုတေသနပြုလုပ်ရန် ဖြစ်သည်။

ဂျပန်သုတေသနအဖွဲ့မှ စမ်းသပ်စစ်ဆေးခဲ့သော ရှေးဟောင်းအုတ်ခဲ နမူနာ(၃၆)ခဲမှ ရရှိသည့် အဓိက စပါးစေ့ပုံစံ သုံးမျိုးကို ဇယားရေးဆွဲ၍ ပြသနိုင်ခဲ့သည်။ အေဒီ (၁)ရာစုမှ စ၍ (၁၉) ရာစုနှစ်အထိ မြန်မာနိုင်ငံတွင် စပါးမျိုးအုပ်စုသုံးမျိုးကို စိုက်ပျိုးခဲ့ကြကြောင်း တွေ့ရှိရပါသည်။ ဆန်လုံးဝိုင်းအမျိုးအစား၊ ဆန်လုံးကြီး အမျိုးအစား၊ ဆန်လုံးသွယ် အမျိုးအစားတို့ဖြစ်ကြသည်။ ထိုအရာတို့သည် အုတ်တစ်ချပ်မှ ဖော်ပြနေသော ရှေးခေတ် ဆန်စပါးစိုက်ပျိုးမှု သမိုင်းအကျဉ်းသာဖြစ်သည်။ ရှေးဟောင်းအုတ်တစ်ချပ်အား ခေတ်မီသုတေသနနည်းဖြင့် စိုက်ပျိုးရေးရှုထောင့်သာမက တစ်ခြားသော လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုစသော ရှုထောင့် အထွေထွေမှ လေ့လာသုတေသန ပြုလုပ်မည်ဆိုလျှင် သိရှိစရာများစွာ ကျန်ရှိနေပေသေးသည်။ ထိုဂျပန်သုတေသနအဖွဲ့သည် အကြောင်း မည်ညွှတ်ခဲ့၍ ရှေးဟောင်း အုတ်များ၏ စပါးမျိုးများကို သုတေသနပြုခဲ့စဉ်က အုတ်ချပ်တို့၏ သက်တမ်းတွက်ယူခြင်းကို မဆောင်ရွက်နိုင်ခဲ့ကြပေ။ အုတ်ချပ်များကိုသာ သက်တမ်းတွက်ချက်နိုင်ခဲ့ပါမူ မည်သည့် နေရာမှ အုတ်ချပ်တို့၏ ခေတ်ကာလစောစွာ ပြုလုပ်ခဲ့ကြောင်း ကို သိရှိနိုင်ပေလိမ့်မည်။

လက်ရေးစင်းရာပါ အုတ်ချပ်ခဲများအား ဆက်လက် သုတေသနပြုလေ့လာချက်များသည် ပျူနှင့်မွန်ယဉ်ကျေးမှုတို့အပေါ် ပိုမိုနားလည် သဘောပေါက်အောင် စွမ်းဆောင်ပေးနိုင်လိမ့်မည်ဟု မျှော်လင့်ရပေသည်။ အုတ်ချပ်များမှ သက်တမ်းဖော်နိုင်ရန် ကြိုးပမ်းမှုသည် အဆင့်ဆင့် စုပေါင်း လုပ်ဆောင်မှု၏ အဆင့်အတန်း မြင့်မားမှုနှင့် အတွင်းသရုပ်သဏ္ဌာန်တို့သည် ကြီးမားသည့် မြို့ရိုးမြို့တာများကို မိမိတို့၏ သဘောဆန္ဒအလျောက် အတူတကွ ပူးပေါင်းတည်ထောင်ခဲ့ကြပုံတို့သည် မြန်မာနိုင်ငံ၏ သမိုင်းခေတ်ဦးကာလ အချိန်ကို ဖော်ပြနိုင်ပေသည်။

ထိုကြောင့် လက်ချောင်းများဖြင့် ရေးဆွဲမှတ်သားခဲ့သည့် လက်စင်းရာပါသော ရှေးဟောင်းအုတ်ချပ်များသည် ကျန်ရှိခဲ့သော အတိတ်ကာလ လူသားတို့၏ ယဉ်ကျေးမှုဓလေ့စရိုက်၊ အမှတ်အသားလက္ခဏာဟန်ပန်တို့အတွက် ယခုခေတ်ကာလ ရှေးဟောင်းသုတေသနပညာရှင်၊ ဝါသနာရှင်များအတွက် စိတ်ဝင်စား ရင်နှီး ကျွမ်းဝင်သော အမှတ်အသားတစ်ခုအဖြစ် အငြင်းပွားစရာ၊ အံ့သြစရာတစ်ခုအဖြစ် ကျန်ရှိခဲ့ကြသည်။

ထိုကျန်ရှိ ခဲ့သော သမိုင်းအထောက်အထား လက်ရေးစင်းရာအမှတ်အသားပါ အုတ်ချပ်များကို ဝါသနာရှင်၊ ပညာရှင်များ စုစည်းပေါင်းစပ်အားဖြင့် ခေတ်မီသိပ္ပံနည်းဖြင့် တွက်ချက်မှတ်တမ်းတင်ခြင်းဖြင့် မြန်မာနိုင်ငံတော်ရှိ ထင်ရှားသော ရှေးမြို့တော်ဟောင်းများ၏ ဂုဏ်ကို မြှင့်တင်ရာ ရောက်နိုင်ပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။

ကိုးကား

မြန်မာ့ရှေးဟောင်းမြို့တော်များ– ဦးမြင့်အောင်
မြန်မာ့ရှေးဟောင်းအုတ်ခဲချပ်များမှ လက်ရေးစင်းပါ
ပုံစံများ(Health for all magazine)
ဖေဖော်ဝါရီ၊ မတ်လ (၂၀၁၆)
ဘာသာပြန်–ဝင်းကြိုင်
မြန်မာမှုသုတေသနစာ– ဝင်းမောင်(တမ္ဘဝတီ)

အုတ်ခဲမျက်နှာပြင်မှ အမှတ်အသားပုံသဏ္ဌာန် အပြောင်းအလဲမှာမူ အုတ်နည်းပညာ ပြန့်ပွားခြင်းကို ဖော်ဆောင်ပေးသည့် . . .

မွန်ပြည်နယ် ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးမှူးဦးကျော်ကျော်လတ်နှင့်ဝန်ထမ်းများက မြို့နယ်အတွင်း နေ့ရာသီ သောက်သုံးရေရှားပါးမှုနှင့် ကြုံတွေ့နေရသော ကျေးရွာများသို့ ရေများသွားရောက်ပေးပို့ဖြန့်ဝေပေးလျက်ရှိရာ ဧပြီလဆန်းက သပြေကုန်း၊ ကားတဲ၊ ဥက္ကံနှင့် မြလေးချောင်ကျေးရွာ ပြည်သူများအတွက် တစ်ရွာလျှင် သောက်သုံးရေဂါလန် ၁၀၀၀ စီကိုလည်းကောင်း၊ ညောင်ကုန်းလေးကျေးရွာသို့ ရေဂါလန် ၁၀၀၀ ကို လည်းကောင်း ဖြန့်ဝေပေးခဲ့ကြောင်းသိရသည်။ သတင်းနှင့်ဓာတ်ပုံ- ပေါင်မြို့နယ်(ပြန်/ဆက်)

ပြည်တွင်းရေးရာ

ဆောင်းပါး

ပျူစာပေ မောင်ကန်ရွှေပေချပ်လာ ဘယ်အရာမှ အကြောင်းနှင့်ကင်းရှင်ဖြစ်ပေါ်မလာပေ

ရွှေပေချပ် (၁)

ရွှေပေချပ် (၂)

à ဟန်သစ်ငြိမ်း(ရေးဟောင်းသုတေသန)

သရေခေတ္တရာမြို့ဟောင်းရှိ မောင်ကန် ရွှေပေလွှာရှိ ပျူစာပေကို ရေးသားတင်ပြမှုမပြုမီ ကမ္ဘာပေါ်တွင် စာပေအရေးအသား ဦးစွာပေါ်ထွန်းလာခဲ့မှု အခြေအနေများကို ဦးစွာရေးသား ဖော်ပြရမည်ဟု ယူဆမိသည်။ ထို့ကြောင့် အစောဆုံး ကမ္ဘာ့စာပေကို ပြောဆိုရသော် ဘီစီ(၄၀၀၀)နှင့် (၃၀၀၀)ခန့်တွင် ဆူမားရီးယန်း လူမျိုးတို့သည် မြားသွားပုံ အက္ခရာနှင့်စာရေး၍ အီဂျစ်လူမျိုးတို့သည် အရုပ်စာဖြင့် ကမ္ဘာပေါ်တွင် အစောဆုံးစာရေးနည်း ရေးသားကြသည်ကို သမိုင်းပညာရှင်တို့က ပြောဆိုရေးသားခဲ့ကြသည်။

ဆူမားရီးယန်းလူမျိုးတို့သည် ကျွန်ဖောင်းစာရေးသားနည်းကို ဆီမိုက်အနွယ်ဝင် ဘေဘီလုံးနီးယန်းလူမျိုးနှင့် အဆီးနီးယန်းလူမျိုးတို့က ဘီစီ ၂၅၀၀ ခန့်တွင် လက်ခံရယူခဲ့ပြီး ယင်းတို့ထံမှတစ်ဆင့် အင်ဒိုဥရောပအနွယ်ဖြစ်သော ဟစ်တိုက်နှင့်ပါရှန်းလူမျိုးတို့ထံမှ ဘီစီ ၁၅၀၀ နှင့် ၁၆၀၀ ခန့်တွင် အသီးသီးပြန်နှံ့ခဲ့သည်။ အနောက်ဆီမင်း တစ်အနွယ်သည် ဖိနီရှန် ကုန်သည်များထံမှတဆင့် လက်တင်၊ ပြင်သစ်၊ ဂျာမန်စသော ဥရောပဘာသာစာပေများ ဖြစ်ထွန်းပေါ်ပေါက်လာခြင်းနှင့် သာသနာပြု ပုဂ္ဂိုလ်တို့၏ ကြိုးပမ်းအားထုတ်မှုကြောင့် စာရေးခြင်းအတတ်သည် ကမ္ဘာအနှံ့အပြား ပျံ့နှံ့ခဲ့ပေသည်။ အာရှရောက် စာပေအက္ခရာ များရှိသည့် အရှေ့တောင်အာရှနိုင်ငံများဖြစ်သည့် အိန္ဒိယ၊ သီရိလင်္ကာ၊ နီပေါလ၊ တိဗက်၊ မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့၏ အသုံးပြုလျက်ရှိသော အက္ခရာများမှာ အိန္ဒိယနိုင်ငံ၏ ဘီစီ ၇ ရာစုနောက်ပိုင်းတွင် ထွန်းကားလာသည့် ပြဟ္မီ အက္ခရာများ ဖြစ်သည်။

ပြဟ္မီ အက္ခရာသည် ဘီစီ ၈၉၀ ခန့်က ဖိနီရှန်ကျောက်စာများတွင် တွေ့မြင်ရသော မြောက်ပိုင်း ဆီမိတစ် အက္ခရာမှ ဆင်းသက်လာခဲ့ကြောင်းတွေ့ရှိရသည်။ ယင်းတို့အက္ခရာများကို မက်ဆိုပိုတေးမီးယားဒေသတွင် ရှိသော လူမျိုးစုများက ယူဆောင်လာခဲ့ရာမှ ဘီစီ၃ ရာစုခန့်က အသောကကျောက်စာများကို ရေးထိုးထားသော အချိန်မှစ၍ ပြဟ္မီ အက္ခရာဟု အမည်တွင်လာခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် ယနေ့ရေးသားသော အက္ခရာသည် အိန္ဒိယနိုင်ငံ ဘီစီ ၆ ရာစုခန့်တွင် စတင်ထွန်းကားခဲ့သော ပြဟ္မီအက္ခရာပွားများ ဖြစ်ခဲ့ကြောင်း၊ ပညာရှင်တို့ကလက်ခံကြသည်။ အေဒီ ၄ ရာစုခန့်က သရေခေတ္တရာ ပျူလူမျိုးတို့ ရေးသားလျက်ရှိသော အက္ခရာသည် အိန္ဒိယမြောက်ပိုင်းသုံး ကဒမ္ဘအက္ခရာ ဖြစ်ကြောင်း ပညာရှင်များက လက်ခံကြသည်။

ယနေ့မြန်မာနိုင်ငံတွင် နေထိုင်ကြသော တိုင်းရင်းသားအားလုံးတို့ ရေးသားထားသော စာပေသည် ပလ္လဝအက္ခရာများ ဖြစ်သည်။ ထိုအက္ခရာသည် အိန္ဒိယကုန်သည်ထံမှတစ်ဆင့် မြန်မာတိုင်းရင်းသားများ လက်ထဲသို့ ရောက်ခဲ့သည်ဟု သမိုင်းပညာရှင်တို့က ဆိုခဲ့ကြသည်။ မြန်မာနိုင်ငံတွင် ရေးသားခဲ့သော စာပေအများစုမှာ အက္ခရာသုံးသော သမိုင်းနှင့်ကြည့်လျှင် ရခိုင်ပြည်နယ်ဘက်တွင် ဂုတ္တအက္ခရာနှင့် သက္ကဋ္ဌဘာသာ ကျောက်စာများတွင် တွေ့ရှိရပါသည်။ ဟန်လင်းဘက်တွင် ဂုတ္တအက္ခရာနှင့် ပျူဘာသာကျောက်စာများ တွေ့ရသည်။ မြန်မာနိုင်ငံ ဂုတ္တအက္ခရာဝင်ရောက်လာသည်မှာ အေဒီ ၄၀၀ ထက် မစောဘဲ ၆၀၀ ထက် နောက်မကျခဲ့ဟု သမိုင်းပညာရှင်တို့က ပြောကြားခဲ့ပေသည်။

သရေခေတ္တရာပျူတို့တွင် ကိုယ်ပိုင်စာပေရှိ၏ မူလကပျူတို့တွင် အက္ခရာမရှိသော်လည်း အိန္ဒိယ ပြည်တောင်ပိုင်းကဋ္ဌိပူရ၊ အမရဝတီ၊ နာဂါရ်ဇုနကောဏ္ဍစသော မြို့ကြီးများနှင့် ဆက်သွယ်မိ၍ ယင်းတို့ထံမှ ပါဠိ စာပေကို အခြေခံကာပျူစာပေကို တီထွင်လာလေသည်။ အက္ခရာမှာ အိန္ဒိယပြည်တောင်ပိုင်း အက္ခရာပင်ဖြစ်သည်။ ခရစ်သက္ကရာဇ် ၅ ရာစု နေထိုင်ခဲ့ကြ သည်။ အဆိုပါမြို့ဟောင်းများ အနက် သရေခေတ္တရာမြို့ဟောင်းသည် ဘီစီ ၂ ရာစုမှ အေဒီ ၉ ရာစုအထိ မြို့ပြနိုင်ငံ ထူထောင်၍ နေထိုင်ခဲ့သည်။ အဆိုပါမြို့ဟောင်းကို ရှေးဟောင်းသုတေသနဌာနမှ တူးဖော် သုတေသနပြုခဲ့ရာ ရွှေပေချပ်၊ ကျောက်စာ၊ အုတ်ခွက်စာ၊ အရိုးအိုးနှင့် အခြားပစ္စည်းများပေါ်တွင် ရေးထိုးထားသော အမှတ်အသား အက္ခရာစာပေများကိုလည်း တွေ့ရှိရသည်။ မြန်မာသမိုင်းတွင် ပျူလူမျိုးတို့သည် ယဉ်ကျေးမှုအစဉ်အလာ ကြီးကျယ် မြင့်မားသော လူမျိုးတစ်မျိုးဖြစ်ခဲ့သည်။ 'စာပေမြင့်မှ လူမျိုးတင့်သည်' ဟူသော ဆိုရိုးစကား အတိုင်းပင် စာပေသည် လူမျိုးတစ်မျိုး၏ အတွေးအခေါ် အပြုအမူအနေအထိုင် အစရှိသည့် ယဉ်ကျေးမှုဝိသေသလက္ခဏာများကို ခန့်တွင် ပျူစာပေဟူ၍စာပေသစ်တစ်ရပ် ပေါက်ပွားလာခဲ့သည်။ ပျူအက္ခရာသည် အိန္ဒိယနိုင်ငံ ပြဟ္မီအက္ခရာမှဆင်းသက်လာသည်ဟု သုတေသီများက တည်တည်ထွတ်တည်း လက်ခံယူဆကြပါသည်။ ပြဟ္မီအက္ခရာသည် အိန္ဒိယနိုင်ငံ၏သမိုင်းတွင် ရှေးပင်ရင်းဇာတိ အက္ခရာဟောင်းများမှ ဆင်းသက်လာသည်ဟု ဆိုပါသည်။ ပြဟ္မီအက္ခရာ အရေးအသားသည် အိန္ဒိယနိုင်ငံတွင် ရှေးအကျဆုံးဖြစ်သည်။

ခရစ်တော်မပေါ်မီ ဘီစီ ၃ ရာစုတိုင်အောင် ရေးထိုးခဲ့ပြီး ထင်ရှားသော အာသောက ကျောက်စာများတွင် ပြဟ္မီအက္ခရာပွားများသည် အိန္ဒိယနိုင်ငံတွင် သာမကမြန်မာပြည် အပါအဝင် အရှေ့တောင်အာရှတစ်ခွင်၌ ပြန့်နှံ့ထွန်းကားခဲ့သည်။ အိန္ဒိယမြောက်ပိုင်းသုံး ပြဟ္မီအက္ခရာနှင့် နာဂရီအက္ခရာတို့မှာ ထင်ရှားသည်။ နာဂရီအက္ခရာသည် ဂုပ္တ အက္ခရာမှတစ်ဆင့် ပေါက်ပွားလာလာခဲ့ပြီး ရခိုင်၊ ပုဂံနှင့် သရေခေတ္တရာဒေသရှိ အုတ်ခွက်များတွင် အနည်းအကျဉ်း တွေ့မြင်နိုင်ပါသည်။ သရေခေတ္တရာတွင် တူးဖော်ရရှိသော မောင်ကန်ရွှေပေလွှာနှစ်ချပ်နှင့် ခင်ဘကုန်းမှ တူးဖော်ရရှိသော ရွှေပေချပ် ၂၀ ချပ်တို့တွင် ရေးသားထားသော အရေးအသားတို့သည် ကဒမ္ဘအက္ခရာမှတစ်ဆင့် ပုံသဏ္ဌာန်နှင့်အတူ ဆုံးဖြစ်ပြီး မြစေတီပျူကျောက်စာသည် ကဒမ္ဘ အက္ခရာမှတစ်ဆင့် ပုံသဏ္ဌာန်အနည်းငယ် ပြုပြင်ပြောင်းလဲထားသည်ကို လေ့လာတွေ့ရှိရသည်။

ပျူလူမျိုးတို့သည် သမိုင်းတင်ခေတ်ဦးမှပင် မြန်မာနိုင်ငံတွင် မြို့ပြနိုင်ငံများ တည်ထောင်ရာမှ အများဆုံးတွေ့ရှိရသည်။ ပျူစာပေ အထောက်အထားများသည် ပျူရှေးဟောင်း မြို့ပြများတွင်သာမက မြန်မာနိုင်ငံအနှံ့အပြားတွင် တွေ့မြင်ရပါသည်။ သရေခေတ္တရာပျူမြို့ဟောင်းသည် ပဋ္ဌကတ် တော်ရွှေပေစာနှင့် ပျူစာပေအကြောင်းအရာမျိုးစုံကို အမျိုးအစား စုံလင်စွာဖြင့် အမြောက်အမြားတွေ့ရှိရသော ဒေသဖြစ်ပါသည်။

သရေခေတ္တရာသည် မြန်မာနိုင်ငံ၌ ရှေးကျဆုံးပျူပဋ္ဌကတ်စာပေများကို တွေ့ရှိရာ ဒေသဖြစ်သည်။ ခရစ်သက္ကရာဇ် ၁၉၂၆-၂၇ ခုနှစ်တွင် မြန်မာပြည်ကျောက်စာဝန် မစ္စတာ ချားလစ်ဒုရှိင်ဇယ်သည် ပြည်မြို့ သရေခေတ္တရာမြို့ဟောင်း၌ ပျူအက္ခရာဖြင့် ပဋ္ဌကတ်တော် ကောက်နုတ်ချက်များ ရေးသွင်းပူဇော်ထားသော ရွှေပေထုတ်ကို 'မောင်ခင်ဘ' အမည်ရှိ ပုဂ္ဂိုလ်ပိုင်သည့် ယာမြေပေါ်ရှိ ဘုရားပြိုအုတ်ပုံအတွင်း ဌာပနတိုက်မှ ရရှိခဲ့သည်။ ခင်ဘရွှေပေချပ်များသည် ရှေးဟောင်းကမ္ဘည်းကျောက်စာများကို ပဋ္ဌကတ်သုံးပုံ ကောက်နုတ်ချက်များဖြစ်ကြသော ပဋ္ဌကတ်စာပေနှင့် ပျူတို့ဘာသာစကားဖြင့် ရေးထိုးထားသော ပျူစာပေဟူ၍ နှစ်မျိုးနှစ်စား ခွဲခြားနိုင်သည်။ ၁၉၂၇-၂၈ ခုနှစ်တွင် ခင်ဘကုန်းကိုတူးဖော်ရာတွင် ရွှေပေလွှာအချပ် ၂၀ ၌ 'သိဒ္ဓမ်၊ အဝိဇ္ဇာပစ္စယာ သခါရာ'ဟု အစချီ၍ အဘိဓမ္မာနှင့် ဝိနယပဋ္ဌကတ်တော် ကောက်နုတ်ချက်များကို ရေးထိုးထားကြောင်း တွေ့ရသည်။

မြန်မာပြည်၌တွေ့ရသမျှ ပဋ္ဌကတ်တော် ကောက်နုတ်ချက် ကမ္ဘည်းစာများအနက် ရှေးခေတ္တရာမြို့ဟောင်းအနီး မောင်ကန်ရွာ၌ ရှေးဟောင်းစာ အရေးအသားပါသော ရွှေချပ်လွှာနှစ်လွှာကို မြန်မာနိုင်ငံ၏ ပထမဆုံး ကျောက်စာဝန်ဖြစ်သော ဒေါက်တာအီဖို့ချားမား (Dr.E.Forchammar)ဆိုသူက တွေ့ရှိခဲ့ပါသည်။ ထင်ထင်ရှားရှား ကွဲကွဲပြားပြားဖတ်၍ရသော အရေးအသားတို့သည် သာသနာနှစ် ၂၀၀ ကျော်ဟုဆိုအပ်သော လွန်ခဲ့သည့်နှစ်ပေါင်း ၂၃၀၀ လောက်က ဝိယဒသီ အသောကမင်း ရေးသားသုံးစွဲသော ပြဟ္မီအက္ခရာပွားဖြစ်၍ ရှင်ဗုဒ္ဓယောသခေတ်တွင် အိန္ဒိယတောင်ပိုင်း ကဉ္စီပူရမြို့နယ်၌ ထေရာထေရီဂါထာ ပါဠိတော်စသည့်များ၏ အဖွင့်ကိုရေးသားသော အဋ္ဌကထာဆရာ အရှင်ဓမ္မပါလခေတ်အက္ခရာ၊ တေလဂူကနေရီ ကဒမ္ဘအက္ခရာများဖြစ်ကြသည်။ ထိုရွှေချပ်လွှာနှစ်လွှာသည် စာသုံးကြောင်းရေး ပါဠိတော်စာပေများ ဖြစ်ကြသည်။ ရွှေချပ်နှစ်ချပ်လုံး၏ အစစာသားများသည် နောင်သောအခါ ဓမ္မသေနာပတိ ပဌမအဂ္ဂသာဝက ရှင်သာရိပုတ္တရာဖြစ်တော်မူမည့် ဥပတိဿပရိုဋ္ဌိအား ရှင်အဿဇိမထေရ်က ဟောဖော်ညွှန်ပြတော်မူသော ဝိနည်းမဟာဝါဂါပါဠိတော်လာ ယေဓမ္မာဟေတုပ္ပဘဝါ အစချီသော ဂါထာဒေသနာတော်ဖြစ်ပါသည်။ ဤဂါထာကို ရှေ့သွားထားပြီးလျှင် ဒီဃနိကာယ်ပါဠိတော်၊ မဇ္ဈိမနိကာယ်ပါဠိတော်၊ အင်္ဂုတ္တရနိကာယ်ပါဠိတော်၊ ဥဒ္ဒကနိကာယ်ဥဒါန်းပါဠိတော်၊ အဘိဓမ္မာပိဋကတိတင်းပါဠိတော်တို့၌ ပါရှိသော ဗုဒ္ဓဝါဝစနများကို ဆက်လက် ရေးသားထားလေသည်။ ထိုရွှေချပ်လွှာများကို တစ်ကြောင်းပြီးတစ်ကြောင်း ဖတ်ပြရလျှင် အောက်ပါအတိုင်းဖြစ်ပေသည်။

ပထမရွှေချပ်လွှာ

စာကြောင်း (၁)

ယေဓမ္မာဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတောအာဟ၊ တေသဉ္စယော နိရောဓော၊ ဧवံဝါဒီ မဟာသမဏောတိ။

စာကြောင်း (၂)

စတ္တာရော-ဣဒ္ဓိပါဒါ စတ္တာရောသမ္မပ္ပဓါနာ စတ္တာရောသတိပဋ္ဌာနာ စတ္တာရိ အရိယသစ္စာနိ စတုဝေသော ရဒ္ဓနိ ပဋိဇ္ဇိယာန ပဋ္ဌစက္ကုနိ်ဆ။

စာကြောင်း (၃)

အသာဒ္ဓရဏာနိ သတ္တဇောစ္ဆုဂ်ါ အရိယောအဋ္ဌဂ်ိကော မဂ္ဂေါ နဝလောကုတ္တရာ ဓမ္မာ ဒသဗလာနိ စုဒ္ဒသ ဗုဒ္ဓကောနိ အဋ္ဌာရသ ဗုဒ္ဓမ္မာနိ။

ဒုတိယရွှေပေချပ်လွှာ

စာကြောင်း (၁)

ယေဓမ္မာဟေတုပ္ပဘဝါ၊ တေသံဟေတုံ တထာဂတောအာဟ၊ တေသဉ္စယော နိရောဓော ၊ ဧဝံဝါဒီ မဟာသမဏောတိ ဣတိပိသောဘဂဝါ အရဟံ၊

စာကြောင်း (၂)

သမ္မာ သံဗုဒ္ဓေါ သုဂတော လောကဝိဒူ အနုတ္တရောပုရိသ ဓမ္မသာရထိ သတ္ထာဒေဝ မနုဿနံ ဗုဒ္ဓေါ ဘဂဝါတိ။

စာကြောင်း (၃)

သွာက္ခာတော ဘဂဝတာ ဓမ္မောသိန္ဒိန္ဒိကော အကာ လိကော ဧဟိပဿိကော ဩပနေယ်ကော ပစ္စတ္တं ဝေဒိတဗ္ဗော ဝိညူဟီတိ။

ပျူမျိုးတို့၏ အဆင့်မြင့်မားလှသော စာပေအရေးအသားများကို ဓမ္မစေတီသဖွယ် ကြည်ညိုသဒ္ဓါပွား ၍အထူးပင်ဂုဏ်ယူဖွယ် ဖြစ်ပါသည်။ ပျူတို့၏ ယဉ်ကျေးမှုဓလေ့ထုံးစံကို ပြောဆိုရမည်ဆိုလျှင် သရေခေတ္တရာ မြို့ဟောင်းအနီးရှိ ၁၈၉၇ ခုနှစ်က ရှေးယခင် အမည် မောင်ကန်ရွာအနီးမှ တူးဖော်ရရှိသော ရွှေပေနှစ်ချပ်ကို ချန်လှပ်ထားရ၍ မရနိုင်ပေ။ ထို့အတူ ပျူတို့လက်ခံကိုးကွယ်သော ထေရဝါဒဗုဒ္ဓသာသနာအကြောင်းကို ပြောဆိုရမည်ဆိုလျှင်လည်း ထိုရွှေပေနှစ်ချပ်ကို ချန်လှန်ထားရ၍ မရပေ။ စင်စစ်အားဖြင့် ပျူတို့လက်ခံကိုးကွယ်ထားသော ထေရဝါဒဗုဒ္ဓသာသနာသည် အဘယ်မျှမြင့်မားနေသည်ကို ထိုရွှေပေနှစ်ချပ်က ဖော်ပြနေသည်။

ဤရွှေပေလွှာချပ်၌ ရေးသားထားသော ပါဠိတော်စာသား ထေရဝါဒဗုဒ္ဓပါဝစနတို့ကြောင့် ဗုဒ္ဓ၏ လက်ရေး သာသနာတော်သည် မြန်မာနိုင်ငံတွင် သရေခေတ္တရာ ကောင်းစားစဉ်ကတည်းကပင် ဖြစ်သည်။ နောက်အကျဆုံးဆိုလျှင် အရှင်ဗုဒ္ဓယောသဓမ္မပါလခေတ်ဟု ဆိုအပ်သော လွန်ခဲ့သော နှစ်ပေါင်းတစ်ထောင့်ငါးရာကျော် နှစ်ထောင် နီးပါးက တည်းက ထွန်းလင်းတောက်ပ တင့်တယ်စွာ တည်ရှိလာခဲ့ပေသည် ဟူသော အဆိုကို ကမ္ဘာ့ပညာရှင် တို့က စိတ်ချယုံကြည်စွာ လက်ခံခဲ့ကြပေသည်။

သရေခေတ္တရာ ပျူလူမျိုးတို့သည် ဗုဒ္ဓဒေသနာတော်တို့ကို ရွှေပေလွှာတွင် ရေးသားပူဇော်ခဲ့ကြသည်မှာ ဘုရားရှင်၏ ဒေသနာတော်ကို ပျူလူမျိုးတို့က အင်မတန်ပင် ကြည်ညိုလွန်း၍ပင်ဖြစ်သည်။ တစ်နည်းဆိုရသော် နှလုံးသားထဲတွင် ယုံကြည်မြတ်နိုးပြီး ရတနာထိုက်သောကြောင့်ပင် ရွှေပေလွှာထက်တွင် ရေးသား တင်လျှူပူဇော်ခဲ့ခြင်းဖြစ်သည်။ မောင်ကန်ရွှေပေလွှာ နှစ်ချပ်စလုံး၏ အစ စာသားတို့သည် 'ယေဓမ္မာ ဟေတုပ္ပဘဝါ" ဂါထာဖြစ်သည့်အတွက် ပျူလူမျိုးတို့သည် ထိုဂါထာကို မည်မျှအလေးထားအား ကိုးအားထားပြုကြောင်းကို သိရှိနိုင်ပေသည်။ 'ယေဓမ္မာဟေတုပ္ပဘဝါ' ဂါထာ၏ ဆိုလိုရင်း အဓိပ္ပာယ်မှာ တရားတို့သည် အကြောင်းကြောင့် ဖြစ်ပေါ်သည်။ ထိုအကြောင်းကိုလည်း မြတ်စွာဘုရားက ဟောတော်မူခဲ့သည်။ ထိုအကြောင်းတို့၏ ချုပ်ခြင်းကိုလည်း မြတ်စွာဘုရား ဟောတော်မူခဲ့သည်။ မြတ်စွာဘုရားမှလည်း ထိုကဲ့သို့အယူရှိပါသည်ဟု ဆိုလိုပါသည်။ ထိုဂါထာကို တရားကိုယ်ထုတ်လိုက်လျှင် မည်သည့်အရာမျှ အကြောင်းနှင့်ကင်း၍ ဖြစ်ပေါ်မလာခဲ့ပေဆိုသော သစ္စာလေးပါးတရား အတွေးအခေါ်ကို ရရှိပါသည်။

စာမျက်နှာ ၁၈ သို့

အေဒီ ၄ ရာစုခန့်က သရေခေတ္တရာပျူလူမျိုးတို့ ရေးသားလျက်ရှိသော အက္ခရာသည် အိန္ဒိယမြောက်ပိုင်းသုံး ကဒမ္ဘအက္ခရာဖြစ် . . .

ဖတ်စရာ၊ မှတ်စရာ



Clash of Clans(COC) ဂိမ်းကစားခြင်းသည် လူငယ်များအတွက်အကျိုးမရှိသည့် ငွေကြေးကုန်ကျမှုဖြစ်နေ

à ရဲသူရအောင်(ညောင်ဦး)

Clash of Clans (COC)/ Andriod ဖုန်းအမျိုးအစားဖြင့် အင်တာနက်အသုံးပြု၍ကစားရသော ကစားနည်းတစ်မျိုးဖြစ်သည်။ အချို့သောဂိမ်းကစားနည်းများကဲ့သို့ ခဏတာအချိန်ဖြင့် ပြီးဆုံးသွားသည်မဟုတ်။ နေ့စဉ်ရက်ဆက်မပြီးဆုံးနိုင်အောင် ဂိမ်း Level တစ်ဆင့်ပြီးတစ်ဆင့် ဆက်ကာဆက်ကာ မရိုးနိုင်အောင် ဆော့ကစားနိုင်ရန် ဖန်တီးပြုလုပ်ထားသည်။ ဖုန်းနဲ့မျက်စိ မခွာချင်လောက်အောင် စွဲလမ်းစေသော ကစားနည်းဟု လက်တွေ့ဆော့ကစားနေသော အသက် ၁၈ နှစ်ဝန်းကျင် လူငယ်တစ်ဦးကပြောပြ၍သိရသည်။ ရှိပါစေတော့။ ဂိမ်းကစားနည်းကြော်ငြာနေသလိုဖြစ်နေပြီး ပြောချင်တဲ့ သိစေချင်တဲ့ ရည်ရွယ်ချက်တိမ်းစောင်းသွားမှာစိုးသည်။

လူကြီး၊ လူလတ်၊ လူငယ် လူတန်းစားမရွေး ယင်းကစားနည်းအား စွဲစွဲလမ်းလမ်း အချိန်မလပ် ဆော့ကစားနေသည်မှာ တဖြည်းဖြည်းများပြားလာခဲ့သည်။ ဒီကစားနည်းဆော့ကစားခြင်းက ဘယ်လိုကောင်းကျိုးတွေရနိုင်လဲ၊ ဆိုကျိုးတွေရနိုင်လဲဆိုတာကို တွေးတောစရာဖြစ်လာသည်။

ယင်းဂိမ်းကစားခြင်းနှင့်ပတ်သက်၍ မိမိပတ်ဝန်းကျင်တွင် တွေ့ကြုံကြားနာရသည်မှာတော့ ကောင်းကျိုးဟူ၍ နတ္ထိပင်။ ယင်းဂိမ်းစွဲလမ်းခြင်းကြောင်း ဆိုးကျိုးများသာ ကြားရသည်။ တစ်နေ့တာတန်ဖိုးရှိသောအချိန်များကို COC ကို ပေးလိုက်ရသည်။ အချိန်ကုန်သည့်နည်းတူ အိပ်ရေးပျက်၍ ကျန်းမာရေးပါထိခိုက်လာရသည်။ အင်တာနက်အသုံးပြု၍ ဆော့ကစားရခြင်းကြောင့် ဖုန်းဘေလ်ဖိုး အသားတင်ကုန်ကျသည်။

မိမိတို့နိုင်ငံရဲ့ အနာဂတ်ခေါင်းဆောင်တွေလို့ သုံးနှုန်းတင်စားထားရတဲ့လူငယ်လူရွယ် ၁၀ဦး အနက် ၈ဦးခန့်သည် ၎င်းတို့၏ တန်ဖိုးရှိလှသောအချိန်များကို COC နှင့်အတူ ကုန်ဆုံးနေစေသည်မှာ အင်မတန်နှမြောဖွယ်ရာကောင်း၊ ဝမ်းနည်းဖွယ်ရာကောင်းလှသည်။

ယခုအခါ လူငယ်လူရွယ်များကို ပညာပေးစံနမူနာပြုဆုံးမရမည့်အစား လူလတ်ပိုင်း၊ လူကြီးပိုင်းများပင် လူငယ်များနှင့်အပြိုင် ဝိုင်းဖွဲ့ဆော့ကစားခြင်း၊ ယင်းဂိမ်းနှင့်ပတ်သက်၍ ဆွေးနွေးငြင်းခုံ ကြွားဝါခြင်းများကို ပြုလုပ်နေသည့် ခေတ်အလိုက်မှားနေသောမြင်ကွင်းကို မနက်ခင်းလက်ဖက်ရည်ဆိုင်ထိုင်သည့်အခါတိုင်း မမြင်ချင်အဆုံးတွေ့ရှိနေရသည်။ ယနေ့ အိုင်တီခေတ်၊ ပညာခေတ်ကြီးတွင် လူငယ်လူရွယ်များအနေဖြင့် COC ဂိမ်း ဝိုင်းဖွဲ့ဆော့ကစားနေမည့်အစား မိမိတို့ဝါသနာပါရာ ပညာရပ်အကြောင်းသို့မဟုတ် အခြား နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အားကစား အစရှိသည်တို့ကို အင်တာနက်အသုံးပြုလေ့လာနေမည်၊ ငြင်းခုံဆွေးနွေး အဖြေရှာနေမည်ဆိုလျှင် ပိုက်ဆံကုန်သလောက် အကျိုးရှိလိမ့်မည်ဟု တွေးတောဆင်ခြင်မိပါသည်။ ယခုတော့ မိမိအတွက် အချိန်ကုန် ပိုက်ဆံကုန်၊ အကျိုးလည်းမရှိဖြစ်ရသည်။

COC ဂိမ်းစွဲလမ်းနေသူများထဲတွင် ကျောင်းနေအရွယ်ကလေးငယ်များလည်း ပါဝင်နေရာ ကျန်းမာရေး၊ ပညာရေးကို မျှားစွာထိခိုက်နိုင်သဖြင့် ကျောင်းသားမိဘများနှင့် ဆရာ၊ ဆရာမများအနေဖြင့် ကျိုးကြောင်းရှင်းပြ ဆုံးမသွန်သင်ကာ တားမြစ်စေလိုပါသည်။

ထို့ပြင် လုပ်ငန်းခွင်အသီးသီးမှ ဝန်ထမ်းအချို့သည်လည်း COC ဂိမ်းစွဲလမ်းနေခြင်းကြောင့် မဆော့ရမနေနိုင်ဘဲ လုပ်ငန်းခွင်အတွင်း အလုပ်ချိန်၌ ဆော့ကစားနေခြင်းကြောင့် လုပ်ငန်းတွင် အမှားအယွင်းများဖြစ်ခြင်း၊ လုပ်ငန်းမတွင်ကျယ်ခြင်း၊ အပြစ်ပေးအရေးယူမှုများခံရခြင်းတို့ အပြင် အဆိုးရွားဆုံးမှာ အလုပ်ထုတ်ခံရ၍ အလုပ်လက်မဲ့ဖြစ်သွားသည်ထိပင် ရှိသည်ဟု သိရသည်။

အချိန်ကုန်၊ ငွေကုန်၊ ကျန်းမာရေးထိခိုက်သည့် COC ဂိမ်းဆော့ကစားမည့်အစား မိမိအတွက် အမှန်တကယ် အကျိုးရှိစေမည့် သုတ၊ ရသစာပေများကို ရှာဖွေလေ့လာခြင်းဖြင့် အင်တာနက်ကို အသုံးပြုနည်းမှန်ကန်စွာအသုံးပြုရန် လေ့လာသူများက အကြံပြုပြောသည်။

ယခုနှစ်အလှူရာသီတွင် ရှင်ပြုအလှူတော်မဂ်လာပြုလုပ်သူများက ဆင်၊ မြင်း ဝန်ခင်းများဖြင့် လှူဒါန်းလာသဖြင့် ဆင်အငှားလိုက်သူများ အဆင်ပြေ

မလှိုင် ဧပြီ ၁၅

ယခုနှစ်အလှူရာသီတွင်မလှိုင်မြို့နယ်ရှိ ဒေသခံပြည်သူများမှာ ရှင်ပြုအလှူတော်မဂ်လာပွဲများပြုလုပ်ကြရာတွင် ဆင်၊ မြင်း၊ ဒေဝါဝန်း၊ ရာဇာဝန်းများ ပါထည့်သွင်းပြီး လှူဒါန်းလာကြသဖြင့် ဆင်အငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်းသိရသည်။

မလှိုင်မြို့နယ်သည် အထက်အညာဒေသဖြစ်ပြီး ဒေသခံကျေးလက်ပြည်သူများမှာ မိမိတို့တစ်နှစ်ပတ်လုံး စုဆောင်းထားသည့် ဆွေးနည်းစာလေးများကို မိမိတို့၏ သား၊ သမီးများကို ရှင်ပြုနားသအလှူတော်မဂ်လာ ပြုကြသည်။

"ကျွန်တော်တို့က သာစည်မြို့နယ် ပြင်ညောင်ကြက်စခန်းက လာရောက်ကြတာပါ။ အရင်နှစ်က အခုနှစ်လောက် ဆင်အငှားမလိုက်ရဘူး။ ရှင်ပြုအလှူတွေဆိုရင် ဆင်တစ်ကောင်ကို နေရာဒေသအနီးအဝေးအပေါ်မူတည်ပြီး ဆင်ငှားခပေးရပါတယ်။ ယခု မလှိုင်မြို့ရှင်ပြုအလှူကို ငွေ ကျပ် ၆ သိန်းနဲ့ အင့်ားလိုက်လာတာပါ။ ဆင်တစ်ကောင်တန်ဖိုးအနေနဲ့ ယခုနှစ်ပေါက်စေး ငွေကျပ်သိန်း ၄၈၀ ခန့် ပေးရပါတယ်။ ဆင်များရဲ့အစားဟာ မကျီးသီးမှဲ့၊ ကြံ၊ အုန်သီး၊ ငှက်ပျော်ပင် စတာတွေကို ကျွေးရပါတယ်။ ရှင်ပြုအလှူရာသီကုန်တာနဲ့ ဆင်တွေကို လွှတ်ကျောင်းထားခဲ့ပါတယ်" ဟု အဆိုပါ ဒေသမှ ဆင်အင့်ားလိုက်သူ ဆင်ဦးစီး ကိုထိန်းလင်းအောင်က ပြောသည်။

"ကျွန်တော်တို့မလှိုင်မြို့နယ်က ယခင်ထက်ဖွံ့ဖြိုးတိုးတက်လာသလို ကျေးလက်နေပြည်သူတွေကလည်း မိမိတို့ သား၊ သမီးများကို ရှင်ပြုနားသအလှူတော် ကျင်းပကြတဲ့အခါမှာ ရှေ့လူကြီးတွေပြောခဲ့တဲ့စကားအတိုင်း ဆင်စီးမြင်းရံဆိုတဲ့စကားနဲ့ အညီ တကယ်ကိုလှူကြတာတွေ မြင်ကြရပါတယ်။ ဒါတောင် အခုနှစ်ဆိုရင် စိုက်ပျိုးသီးနှံက မိုးခေါင်လို့ ထင်သလောက်မရကြပါဘူး။ ယနေ့လှူတဲ့ရှင်ပြုအလှူကို ဖြစ်မြောက်အောင် ကျွန်တော်တို့ရဲ့ဆွေးနည်းစာလေးတွေစုဆောင်းပြီး လှူခဲ့တာပါ။ မိဘတိုင်းဟာ ကိုယ်ရဲ့ရင်နှစ်သည်းခြာ သား၊ သမီးများကို ဒီလိုကြီးကျယ်တဲ့အလှူမျိုး ပြုလုပ်ပေးချင်ကြပါတယ်။ ဒါပေမယ့် ငွေကြေးမတတ်နိုင်သူများကလည်း မိမိတို့သား၊ သမီးတွေကို ရှင်ပြုအလှူမြောက်အောင်တော့ ပြုလုပ်ကြပါတယ်"ဟု ဧပြီ ၇ ရက်တွင် ဆင်စီးမြင်းရံ ဒေဝါဝန်း၊ ရာဇာဝန်းများနှင့် ရှေးအစဉ်အလာမပျက် သားရှင်ပြုအလှူတော်မဂ်လာပြုလုပ်ခဲ့သူ အလှူရှင်ဦးကျော်သူရက ပြောသည်။

ကျော်ကျော်(မလှိုင်)

ရေအလေအလွင့်မရှိသုံးစွဲနိုင်ရေး ပညာပေးဆွေးနွေး

မိတ္ထီလာ ဧပြီ ၁၅

မိတ္ထီလာတွင် အယ်နီညီရာသီဥတုဒဏ်ကြောင့် ဖြစ်ပေါ်လာမည့် ဆိုးကျိုးများကို လျှော့နည်းသက်သာစေရန်ရည်ရွယ်ချက်ဖြင့် စိုက်ပျိုးရေနှင့် သောက်သုံးရေအလေအလွင့်မရှိ အကျိုးရှိစွာသုံးစွဲနိုင်ရေး ပညာပေးဆွေးနွေးပွဲကို ဧပြီလဆန်းက တပျော်ကျေးရွာအုပ်စု မကျီးတန်းကျေးရွာတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းစိုက်ပျိုးရေနှင့် သောက်သုံးရေအလေအလွင့်မရှိ အကျိုးရှိစွာ သုံးစွဲနိုင်ရေး ပညာပေးဆွေးနွေးပွဲသို့ တက်ရောက်လာသည့် မကျီးတန်းကျေးရွာဒေသခံတောင်သူများအား ရေသုံးစွဲမှုနည်းပါးသည့် သီးနှံများ ရွေးချယ်စိုက်ပျိုးရေး၊ သောက်သုံးရေမလုံလောက်လျှင် ဖြစ်ပေါ်လာနိုင်သည့် လူမှုရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးများတွက် ဆိုးကျိုးများကို ကြိုတင်ပြင်ဆင်ကာကွယ်ရေး၊ ဒေသခံတောင်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေနှင့် သောက်သုံးရေများကို အလေအလွင့်မရှိ သုံးစွဲနိုင်ရေးအတွက် လိုအပ်ချက်များကို လိုက်နာဆောင်ရွက်ရေးတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်ငြိမ်းက ပညာပေးဆွေးနွေးခဲ့သည်။ ယင်းနောက် မကျီးတန်းကျေးရွာဒေသခံတောင်သူများ၏ သိရှိလိုသည့်မေးမြန်းမှုများကို မြို့နယ်ဦးစီးမှူးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

ပျူစာပေ မောင်ကန်ရွှေပေချပ်လာ ဘယ်အရာမှ အကြောင်းနှင့်ကင်း၍ဖြစ်ပေါ်မလာပေ

စာမျက်နှာ – ၁၇မှ အဆက်

ထိုအစဂါထာသည် ရှင်အသဏိမှ ဗုဒ္ဓ၏သာဝကဖြစ်ကြောင်းကို ဥပတိဿအား ဗုဒ္ဓ၏တရားကို တိုတိုရှင်းရှင်း ဟောကြားပေးခဲ့သော တရားပင်ဖြစ်သည်။ ထိုတရားကို ကြားနာခဲ့ရသော ဥပတိဿသည် ရင့်သန်ပြီးသောဉာဏ်ရှိပြီးဖြစ်၍ ရုတ်တရက်ပင် အကျွတ်တရားရသည့်အပြင် မိတ်ဆွေဖြစ်သူ ကောလိယအားလည်း ထပ်ဆင့်ဟောကြားခဲ့ရာ ကောလိယလည်း အကျွတ်တရားရ၍ ဗုဒ္ဓထံမှောက်သို့ရောက်ခဲ့ပြီး ဥပတိဿက ရှင်သာရိပုတ္တရာဘွဲ့ဖြင့်လည်းကောင်း၊ ကောလိယက ရှင်မောဂ္ဂလန်ဘွဲ့ဖြင့် သာဝကအဖြစ်သို့ ရောက်ရှိခဲ့သော လက်တွေ့သာဝကများရှိခဲ့သော တရားပင်ဖြစ်သည်။

ထို့ကြောင့် ပျူလူမျိုးတို့သည် ထိုဂါထာကို ဆောင်ထားကြသည့်အတွက် ထိုအတွေးကိုလည်း စိတ်ကူးနှလုံးအိမ်၌ ကိန်းဝပ်နေ ကြလိမ့်မည်ဟု တွေးထင်မိသည်။ ပျူလူမျိုးတို့၏ ယုံကြည်ကိုးကွယ်မှု၊ ယဉ်ကျေးမှု၊ အနုပညာတို့မှာ အင်မတန်ပင် အဆင့်မြင့်မားခဲ့ကြသည်။ နှောင်းလူတို့အတွက်လည်း ယုံကြည်ကိုးကွယ်မှု၊ ယဉ်ကျေးမှု၊ အနုပညာတို့သည် ဘယ်အရာမှ အကြောင်းနှင့်ကင်း၍ ဖြစ်ပေါ်မလာပေဟူသော အမွေကို ပေးထားရစ်ခဲ့ကြတော့သည်။

ကိုးကား -

သရေခေတ္တရာသာသနာ-ဦးလူဖေဝင်း

မာန်သစ်ဦးမိုး(ရှေးဟောင်းသုတေသန)

ချောင်းရေလျှံမှုကာကွယ်ရန် ကျောက်စီနံရံတည်ဆောက်

ကျွန်းလှ ဧပြီ ၁၅

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် မကျီးလျှိုချောင်းရေလျှံမှုကာကွယ်ရန် ကိုယ့်အားကိုယ်ကိုး ကျောက်စီနံရံတည်ဆောက်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့အိမ်တွေက ချောင်းဘေးမှာရှိပါတယ်။ မြို့ပြောင်းရွှေ့ခါစကရေစီးရေလာကောင်းမွန်နေခြင်းကြောင့် ရေလွှမ်းမှုမခံရပါဘူး။ နှစ်တွေကြာလာတော့ ချောင်းက တိမ်ကောလာပြီး မိုးရာသီတွင် ရေကောင်းစွာစီးဆင်းခြင်းမရှိဘဲ နေအိမ်တချို့နဲ့ လမ်းတွေ ရေလွှမ်းခံရပြီး ကိုယ့်ထူးကိုယ်ထ ကျောက်စီနံရံပြုလုပ်ရခြင်းဖြစ်ပါတယ်" ဟု ဒေသခံတစ်ဦးက ပြောပြသည်။

အဆိုပါ မကျီးလျှိုချောင်းကို ရေစီးရေလာကောင်းမွန်ရန် မြို့နယ်တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ရေးမှူးများပူးပေါင်းပြီး ချောင်းတူးဖော်ခြင်း၊ တာပေါင်မြှင့်တင်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မျိုးဝင်းညီ(ကျွန်းလှ)

ပြည်တွင်းရေးရာ

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းများရှိနေသည့် မကွေးတိုင်းဒေသကြီးသို့ ခရီးသွားကြစို့

ညိုအေး ဟိုတယ်/ခရီး

မကွေးတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ အလယ်ပိုင်းတွင် တည်ရှိပြီး ဧရိယာကျယ်ဝန်းသော တိုင်းဒေသကြီး ခုနစ်ခုတွင် ကြီးမားသောတိုင်းများအနက် တစ်တိုင်းပါဝင်ပါသည်။ ဧရိယာစတုရန်းမိုင် ၁၇၃၀၅ ကျယ်ဝန်း၍ မြို့တော် မှာ မကွေးမြို့ဖြစ်ပါသည်။ မြန်မာပြည်အလယ်ပိုင်း ချိုင့်ဝှမ်းဒေသဖြစ်၍ မိုးအလွန်နည်းပြီး ပူပြင်းသော ရာသီဥတုရှိပါသည်။ အနောက်ဘက်တွင် ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်၊ တောင်ဘက်တွင် ပဲခူးတိုင်းဒေသကြီး၊ အရှေ့ဘက်တွင် မန္တလေးတိုင်းဒေသကြီး၊ မြောက်ဘက်တွင် စစ်ကိုင်းတိုင်းဒေသကြီးတို့နှင့် ထိစပ်လျက်ရှိပါသည်။ တိုင်းဒေသကြီးအတွင်း ခရိုင် ငါးခရိုင်၊ မြို့နယ် ၂၅ မြို့နယ်ရှိပြီး ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းကောက်ခံမှုအရ စုစုပေါင်းလူဦးရေ ၃ ဒသမ ၈ သန်း ရှိပါသည်။

မကွေးတိုင်းဒေသကြီး၏ ဧရာဝတီမြစ်အရှေ့ဘက်ခြမ်းဒေသများသည် မြေပြန့်များဖြစ်ပြီး အနောက်ဘက်ခြမ်းဒေသများသည် ရခိုင်ရိုးမ၏ အရှေ့ဘက်ရေဝေကြောဖြစ်ပါသည်။ မင်းဘူးမြို့သည် လွင်ပြင်ဒေသဖြစ်ပါသည်။ ဧရာဝတီမြစ်သည် မကွေးတိုင်း၏ အလယ်ဗဟိုကိုဖြတ်၍ မြောက်ဘက်မှ တောင်ဘက်သို့ စီးဆင်းပါသည်။ ဧရာဝတီမြစ်သို့ အရှေ့ဘက်ခြမ်းမှ စီးဝင်သောချောင်းကြီးများမှာ ပင်းချောင်း၊ ယင်းချောင်း၊ ဒေါင်းသေချောင်းတို့ဖြစ်ကြပြီး အနောက်ဘက်မှ စီးဝင်ကြသောမြစ်ချောင်းများမှာ ချင်းတွင်းမြစ်၊ စလင်းချောင်း၊ မုန်းချောင်း၊ မန်းချောင်းနှင့် မင်းတုန်းချောင်းတို့ဖြစ်ကြပါသည်။

မကွေးတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်ကမ်းပါးတစ်လျှောက် စေတီပုထိုးများနှင့်အဆောက်အအုံတို့ တည်ရှိရာ ဒေသအများအပြား တည်ရှိနေပါသည်။ ရှေးဟောင်းစေတီပုထိုး အများဆုံးတည်ရှိရာ ပုဂံ၏ အောက်ဘက် မကွေးတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်ကမ်းပါးတစ်လျှောက်၌ ၁၃ ရာစု ပုဂံခေတ်နှောင်း ဗိသုကာလက်ရာများနှင့် ခေတ်အဆက်ဆက် စေတီပုထိုးဂူဘုရားများတည်ရှိရာ နေရာဒေသ တစ်ခုဖြစ်သော စလေရုပ်စုံကျောင်းနှင့်အတူ စာဆိုပညာရှင် ဦးပုညကို ယှဉ်တွဲလူသိများသည့် စလေမြို့၊ ရေနံချောင်းမြို့နယ်နှင့် ချောက်မြို့နယ်အတွင်းပိုင်း ဆားလယ်ဒေသနှင့် မကွေးမြို့နယ်မှ မြင်းကွန်းမြို့၊ ဆင်ပေါင်ဝဲမြို့နယ်မှ ကျွန်းတော်တို့ဖြစ်ပါသည်။

မကွေးတိုင်းဒေသကြီးအတွင်း ပြည်တွင်းဘုရားဖူးခရီးသွားများနှင့် နိုင်ငံခြားသားခရီးသွားများ သဘောကျနှစ်ခြိုက်သည့် နေရာဒေသအများအပြားရှိနေသည့်အနက် တချို့ကို ကောက်နုတ်ဖော်ပြရပါလျှင် မြို့တော် မကွေးမြို့ရှိ မြသလွန်စေတီတော်၊ ၂၀၁၄ ခုနှစ် ဇွန်လတွင် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ခဲ့သော တောင်တွင်းကြီးမြို့နှင့် (၁၀) မိုင်ခန့်ကွာဝေးသော ဗိသိန်း၊ ပျူရှေးဟောင်းမြို့တော်တည်ရှိပြီး မကွေးမြို့မှ ဗိသိန်းသို့ အသွား ၂၇ မိုင်တွင် ပုဂံခေတ်လက်ရာများ၊ ကုန်းဘောင်ခေတ်လက်ရာများ၊ လွမ်းခြံထားသော ရှေးဟောင်းဂူဘုရားပေါင်း ၂၇ ဆူတည်ရှိသည့် မြင်ကွန်းမြို့ရှိပါသည်။ အိမ်ခြေ ၈၀၀ ခန့်ရှိသော မြင်ကွန်းမြို့တွင် ထိုသို့ ရှေးဟောင်းစေတီပုထိုးများအပြင် ဘုန်းကြီးကျောင်းများ အများအပြားလည်းရှိနေပါသည်။ သို့ဖြစ်ပါ၍ မကွေးမြို့နှင့် ဗိသိန်းရှေးဟောင်းမြို့သို့ သွားသောလမ်းတွင် တစ်ဆက်တည်းဖြစ်သော မြင်ကွန်းမြို့သည် နောင်တချိန်တွင် ခရီးသွားများသဘောကျနှစ်ခြိုက်မည့် နေရာဒေသတစ်ခု ဖြစ်လာမည်ဖြစ်ပါသည်။

မကွေးမြို့မှ ဧရာဝတီမြစ်ကို အနောက်ဘက်ကမ်းသို့ ဆက်လက်သွားမည်ဆိုပါက မင်းဘူးမြို့တွင် တည်ရှိသော စက္ကိန်တဲဘုရား၊ နဂါးပွက်တောင်၊ မင်းဘူးမြို့နှင့် ၃၆ မိုင်ခန့် ကွာဝေးသော မန်းရွှေစက်တော်ဘုရားသို့ ရောက်ရှိမည် ဖြစ်ပါသည်။ ရွှေစက်တော်ဘုရားသို့ နှစ်စဉ်ဘုရားဖူးခရီးသွားများ သုံးသိန်းခန့်လာရောက်လျက်ရှိကြောင်း ဘုရား ဂေါပကမှတ်တမ်းများအရ သိရှိရပါသည်။ ယင်းမှ ဆက်၍ ပွင့်ဖြူမြို့သို့ ဆက်လက်သွားရောက်မည်ဆိုပါက စန္ဒကူးနံ့သာကျောင်းတော်ရာဘုရားသို့ရောက်ရှိဖူးမြော်ရမည်ဖြစ်ပါသည်။ ပြည်တွင်းဘုရားဖူးအများစုသည် မကွေးမြသလွန်ဘုရား၊ စက္ကိန်တဲဘုရား၊ နဂါးပွက်တောင်၊ ရွှေစက်တော်ဘုရား၊ စန္ဒကူးနံ့သာ ကျောင်းတော်ရာဘုရားကို ခရီးစဉ်တစ်ဆက်တည်းအဖြစ် ဖူးမြော်ကြသည်ကို တွေ့ရှိရပါသည်။ နိုင်ငံခြားသားခရီးသွားများကမူ မင်းဘူးမြို့ရှိ နဂါးပွက်တောင်၊ မကွေးမြို့ရှိ မြသလွန်စေတီတော်၊ မကွေးမြို့မဈေးကြီးနှင့် မကွေးမြို့ရှိ ရိုးရာလက်မှုပညာရပ်တစ်ခုဖြစ်သော ပန်းပဲအလုပ်ရုံများသို့ သွားရောက်လေ့လာလေ့ရှိပါသည်။ သံနှင့်ပြုလုပ်သော ပစ္စည်းများတွင် မကွေးမြို့သည် အမည်တံဆိပ်ခတ်နှိပ်ထားနိုင်သဖြင့် မကွေးမြို့ရှိ ပန်းပဲဖိုသည် နိုင်ငံခြားသားခရီးသွားများ လာရောက်လည်ပတ်သော နေရာတစ်ခုဖြစ်နေပြီ ဖြစ်ပါသည်။

> **“မကွေးတိုင်း ဒေသကြီးသည် သဘာဝအခြေအနေအရ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်နိုင်ရန်အတွက် အခြေခံကောင်းများနှင့် ပြည့်စုံလျက်ရှိနေသဖြင့် လူမှုအခြေပြုခရီးသွားလုပ်ငန်းကို တိုးချဲ့၍သော်လည်းကောင်း၊ သဘာဝအခြေခံခရီးသွားလုပ်ငန်းကို အကောင်အထည်ဖော်ရာတွင်လည်းကောင်း၊ ယဉ်ကျေးမှုအခြေခံခရီးသွားလုပ်ငန်းကို ဖော်ဆောင်ရာတွင်လည်းကောင်း၊ အောင်မြင်မှုများစွာရရှိနိုင်မည့် တိုင်းဒေသကြီးတစ်ခုဖြစ်လာမည်”**

ရွှေစက်တော်ဘေးမဲ့တောနှင့် စလင်းမြို့ရှိ ဝက်သည်းကန်တို့သည် သဘာဝပတ်ဝန်းကျင်နှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ထိန်းသိမ်းဧရိယာ (Protected area) အဖြစ် တည်ရှိနေပါသည်။ စလင်းမြို့သို့ ရောက်ရှိပါက ဝက်သည်းကန်အတွင်း၌ တည်ထားကိုးကွယ်သော ရွှေမုဌောဘုရားကို ဖူးမြော်ကြရမည်ဖြစ်ပြီး စလင်းမြို့ရှိ နာမည်ကြီး မြောက်လေးစင်ရုပ်စုံကျောင်းနှင့် ဦးဥတ္တမခံတပ် (ကိုးဆောင်ကျောင်း)များကို သွားရောက်လေ့လာနိုင်မည်ဖြစ်ပါသည်။ စလင်းမြို့ရှိ အင်္ဂလိပ်စစ်သင်္ချိုင်းသည်လည်း နိုင်ငံခြားသားခရီးသွားများအဖို့ စိတ်ဝင်စားစရာနေရာတစ်နေရာ ဖြစ်လာနိုင်ပါသည်။ စလင်းမြို့သို့ သွားရောက်ရာလမ်းရှိ ပွင့်ဖြူမြို့အဝင် လယ်ကိုင်းအရပ်၌ ရှေးဟောင်းဘုန်းကြီးကျောင်းနှစ်ကျောင်းဖြစ်သည့် သစ်သားရုပ်စုံကျောင်းနှင့် ဖါးဝပ်ဘုန်းတော်ကြီးကျောင်းများကို ဝင်ရောက်လေ့လာနိုင်ပါသည်။

မကွေးမြို့မှ (၁၆) မိုင်ခန့်အကွာတွင် တည်ရှိသော မင်းလှမြို့နယ်တွင် အင်္ဂလိပ်-မြန်မာ ကျူးကျော်စစ်အတွင်းက ထင်ရှားခဲ့သော မင်းလှခံတပ်နှင့် ယင်းမှတစ်ဆင့် မလွန်တံတားကိုဖြတ်၍ မိကျောင်းရဲသို့ လာရောက်ကာ ကွေ့ချောင်းခံတပ်ကိုလည်း လေ့လာနိုင်မည်ဖြစ်သည့်အပြင် မိကျောင်းရဲမြို့၏ တောင်ဘက် ဧရာဝတီမြစ်အလယ်ကျွန်းရှိ ကျွန်းတော်ရွာမှ ပုဂံခေတ်ရှေးဟောင်းစေတီပုထိုးများကို လည်း လေ့လာနိုင်မည်ဖြစ်ပါသည်။

မင်းလှမြို့နယ်၏ ဧရာဝတီမြစ်ခြားလျက် တစ်ဖက်ကမ်းတွင် သရက်မြို့တည်ရှိပြီး သရက်မြို့တွင်လည်း မြန်မာနိုင်ငံ၏ ရှေးအကျဆုံးဂေါက်ကွင်းအဖြစ် ၁၈၈၇ ခုနှစ်တွင် စတင်တည်ဆောက်အသုံးပြုခဲ့သော သက်တမ်းအားဖြင့် ၁၂၉ နှစ်ရှိသည့် ဂေါက်ကွင်းနှင့် တူရကီစစ်သင်္ချိုင်းတို့လည်း တည်ရှိနေ၍ အနာဂတ်ခရီးသွားများအတွက် စိတ်ဝင်စားဖွယ်နေရာတစ်ခုဖြစ်နေပါသည်။ မကွေးမြို့မှ ၃၆ မိုင်ခန့်ကွာဝေးသော နတ်မောက်မြို့တွင် ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်၊ နတ်မောက်မြို့နယ်ပတ်ဝန်းကျင်မှ တွေ့ရှိရသော ပစ္စည်းများပြသထားသည့် ရှေးဟောင်းသုတေသနယဉ်ကျေးမှုပြတိုက်၊ ပင်းမြို့ဟောင်း သပြေပင်ညီနောင်၊ ရေနံချောင်းမြို့တွင် ပင်စက္ကလံပစေတီတော်နှင့် ဆားလယ်တောင်ပိုင်းရှိ ပုဂံခေတ် ရှေးဘုရားစုများ၊ လေသာကျောင်းအတွင်းရှိ စကျင်ကျောက်ငယ်စေတီဘုရား၊ မြို့လယ်ကျွန်းကိုင် ဘုရားစု၊ စကျင်ကျောက်ပေါ်တွင် ထွင်းထုပူဇော်ထားသည့် ဗုဒ္ဓဒေသနာတော် ကျောက်စာတိုက်တို့ကိုလည်း ရှုမငြီးဖွယ်လေ့လာနိုင်ပါသည်။

ခရီးသွားလုပ်ငန်း အလွန်ဖွံ့ဖြိုးတိုးတက်နေသော ပန်းပဲဖိုသည် နိုင်ငံခြားသားခရီးသွားများ လာရောက်လည်ပတ်သော နေရာတစ်ခုဖြစ်နေပြီ ဖြစ်ပါသည်။

ပုဂံဒေသနှင့် ပခုက္ကူဒေသတို့သည် ဧရာဝတီမြစ် ခြားနေသော ဒေသတစ်ခုဖြစ်ပါသည်။ အနာဂတ်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသကို အမှီပြု၍ ပခုက္ကူဒေသသည် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသည်။ ပခုက္ကူဒေသတွင် နိုင်ငံခြားသားခရီးသွားများနှင့် ပြည်တွင်းခရီးသွားများ သဘောကျနှစ်ခြိုက်မည့် လေ့လာလည်ပတ်စရာ နေရာများ များပြားစွာရှိနေပါသည်။

ပခုက္ကူခရိုင်အတွင်းရှိ ပခုက္ကူမြို့သည် အင်္ဂလိပ်လက်အောက် မကျရောက်မီက တံငါရွာကလေး တစ်ရွာသာ ဖြစ်ခဲ့ပါသည်။ ယခုကဲ့သို့ မြစ်ကမ်းပေါ်၌လည်း မတည်ရှိခဲ့ပေ။ ၁၈၈၅ ခုနှစ်တွင် ပခုက္ကူရွာကလေးနှင့် ဧရာဝတီမြစ်ကြီးကြားရှိ ကျယ်ပြန့်သော သဲသောင်ကြီး ပျောက်ကွယ်သွားသည့်အတွက် မြစ်ကြောင်းသည် ပခုက္ကူရွာကလေးအနီး စီးဆင်းသွား၍ ဆိပ်ကမ်းဖြစ်လာပြီး ပခုက္ကူရွာကလေးကို အခွဲပြုကာ ပခုက္ကူမြို့ဟု ဖြစ်လာခဲ့ခြင်းဖြစ်ပါသည်။ ပခုက္ကူမြို့ရှိ သီတိုင်ဋ္ဌင်ဘုရားကို မြို့ခံများက ဘုရားကြီးဟု ခေါ်ဆိုပြီး နှစ်စဉ်နှစ်တိုင်း နယုန်လတွင် ဘုရားပွဲတော်ကျင်းပလေ့ရှိကာ အနယ်နယ်အရပ်ရပ်မှ ပွဲစေ့ားသည်များ၊ ဘုရားဖူးဧည့်သည်များဖြင့် ဘုရားပွဲတော်မှာ အလွန်စည်ကားလှပါသည်။ ထို့ပြင် ပန်းပုလက်ရာ အလွန်မြောက်သည့် ရွှေကူတံကဲတော်ကြီးနှင့် ရွှေကူဘုရား၊ ဧရာဝတီမြစ်ကမ်းနဖူးပေါ်တွင် တည်ရှိသော ရွှေမုဌောစေတီ၊ မြစ်ခြေရှိ ရွှေဂုကြီးဘုရား၊ ကုန်းဘောင်ခေတ်ဘုရားစုနှင့် နံရံဆေးရေးပန်းချီများကို လေ့လာကြည်ညိုနိုင်ပါသည်။

ပခုက္ကူမှ ဆက်လျှင် ၁၂ မိုင်အကွာ ရေစကြိုမြို့နယ် ပုခန်းကြီးဒေသတွင် ပုခန်းကြီးရှေးဟောင်းသုတေသနပြတိုက်နှင့် ပုခန်းကြီး သစ်သားကျောင်းတော်ကြီး၊ ရှေးဟောင်းစေတီပုထိုးများ၊ သရက္ခန်ဘုရားများ တည်ရှိရာ စည်သူရှင်မြတ်စွာဘုရား၊ သီတိုင်ဋ္ဌင်ဘုရားတို့ တည်ရှိနေပြီး ပခုက္ကူနှင့် ၂၇ မိုင်ဝေးကွာသော မြိုင်မြို့နယ် ဗဟင်းကျေးရွာနှင့် ပေါက်ကောင်းကျေးရွာတို့သည် နှစ်သန်းပေါင်း ၄၀ သက်တမ်းရှိ လူတူပရိုင်းမိတ်မေရိုးများ တွေ့ရှိရာဒေသဖြစ်၍ ထင်ရှားလှပါသည်။

မြိုင်မြို့တွင် ယခုအခါ လူမှုအခြေပြုခရီးသွားလုပ်ငန်း (Community Based Tourism) ကို ဖော်ဆောင်လျက်ရှိပါသည်။ မြိုင်မြို့အနီး နှစ်မိုင်ခန့်အကွာ အင်းရောင်းကျေးရွာ အုပ်စုရှိ ကျေးရွာလေးရွာနှင့် Action aid Myanmar အဖွဲ့တို့ ပူးပေါင်းပြီး ယင်းတိုင်းတောင်ဆည်အနီးတွင် တည်းခိုဆောင်များဆောက်လုပ်၍ လူမှုအခြေပြု ခရီးသွားလုပ်ငန်းကို ဖော်ဆောင်လျက်ရှိရာတွင် ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၇ ရက်မှစတင်၍ နိုင်ငံခြားသားခရီးသွားများ ရောက်ရှိလည်ပတ်လျက်ရှိရာ ဇန်နဝါရီလအတွင်း ခရီးသွား ၇၅ ဦး လာရောက်လည်ပတ်ပြီး ၂၀၁၆ ခုနှစ် တစ်နှစ်လုံးတွင် ခရီးသွားဧည့်သည် ၁၀၆၄ ဦး လာရောက်ကြမည်ဟု သိရပါသည်။

မကွေးတိုင်းဒေသကြီးအတွင်း နိုင်ငံခြားသားခရီးသွားဧည့်သည်များ ဝင်ရောက်မှုအခြေအနေမှာ ၂၀၁၂ ခုနှစ်တွင် ၆၂၁၀ ဦး၊ ၂၀၁၃ ခုနှစ်တွင် ၁၂၂၄၆ ဦး၊ ၂၀၁၄ ခုနှစ်တွင် ၁၂၀၇၂ ဦး ဝင်ရောက် ခဲ့ပြီး ၂၀၁၅ ခုနှစ်အကုန်တွင် ၁၃၇၀၅ ဦးအထိ လာရောက်လည်ပတ်ခဲ့သည်ကို တွေ့ရှိရပါသည်။ ပြည်တွင်းဧည့်သည် လာရောက်လည်ပတ်မှုနှုန်းမှာလည်း ၂၀၁၄ ခုနှစ်တွင် ၆၀၈၂၇ ဦးမှ ၂၀၁၅ ခုနှစ် တွင် ၁၀၃၆၃၁ ဦး လာရောက်လည်ပတ်ခဲ့သည်ကို တွေ့ရှိရပါသည်။

မကွေးတိုင်းဒေသကြီးအတွင်း ဟိုတယ်/တည်းခိုရိပ်သာများ အခြေအနေမှာ ၂၀၁၁ ခုနှစ်တွင် ဟိုတယ်တည်းခိုရိပ်သာ စုစုပေါင်း ခြောက်လုံး အခန်းအရေအတွက် ၁၃၇ ခန်း၊ ၂၀၁၂ ခုနှစ်တွင် ဟိုတယ်/တည်းခိုရိပ်သာ စုစုပေါင်း ၁၂ လုံး အခန်းအရေအတွက် ၂၃၂ ခန်း၊ ၂၀၁၃ ခုနှစ်တွင် ဟိုတယ်/တည်းခိုရိပ်သာ စုစုပေါင်း ၁၆ လုံး အခန်းအရေအတွက် ၃၁၉ ခန်း၊ ၂၀၁၄ ခုနှစ်တွင် ဟိုတယ်/တည်းခိုရိပ်သာ စုစုပေါင်း ၂၁ လုံး အခန်းအရေအတွက် ၅၀၅ ခန်း၊ ၂၀၁၅ ခုနှစ်တွင် ဟိုတယ်/တည်းခိုရိပ်သာ စုစုပေါင်း ၂၆ လုံး အခန်းအရေအတွက် ၅၅၅ ခန်း၊ ၂၀၁၅ ခုနှစ်တွင် ဟိုတယ်/တည်းခိုရိပ်သာ စုစုပေါင်း ၂၆ လုံး အခန်းအရေအတွက် ၅၅၈ ခန်းအထိ တစ်နှစ်ထက်တစ်နှစ် ဟိုတယ်/တည်းခိုရိပ်သာအရေအတွက်၊ အခန်းအရေအတွက် ပိုမိုတိုးတက်လာသည်ကို တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ မကွေးတိုင်းဒေသကြီးသည် သဘာဝအခြေအနေအရ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်နိုင်ရန်အတွက် အခြေခံကောင်းများနှင့် ပြည့်စုံလျက်ရှိနေသဖြင့် လူမှုအခြေပြုခရီးသွားလုပ်ငန်းကို တိုးချဲ့၍သော်လည်းကောင်း၊ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းကို အကောင်အထည်ဖော်ရာတွင်လည်းကောင်း ယဉ်ကျေးမှုအခြေခံခရီးသွားလုပ်ငန်းကို ဖော်ဆောင်ရာတွင်လည်းကောင်း အောင်မြင်မှုများစွာရရှိနိုင်မည့် တိုင်းဒေသကြီးတစ်ခု ဖြစ်လာမည်ဖြစ်ပါကြောင်း ယုံကြည်ရင်းတင်ပြလိုက်ရပါသည်။

မြောင်းမြတွင် နွေစပါးစံကွက်ရိတ်သိမ်းပြီး တောင်သူအသိပညာပေး ဆောင်ရွက်

မြောင်းမြ ဧပြီ ၁၅

၂၀၁၅-၂၀၁၆ ခုနှစ် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်၏ နွေစပါးစံကွက်ရိတ်သိမ်းပွဲကို ဧပြီ ၈ ရက် နံနက်ပိုင်းက မြောင်းမြမြို့နယ် ဘုရားချောင်းကျေးရွာ တောင်သူ ဦးသန်းထွန်းအောင်၏ ကွင်းအမှတ် ၂၇၆(က)၊ ဦးပိုင်အမှတ် ၈၇/၁ သီးထပ်ရင် မျိုးစပါးစိုက်ဧက (၂၀) ရှိ လယ်မြေတွင် ကျင်းပခဲ့သည်။**(ယာပုံ)**

“တောင်သူလယ်သမားများ အထွက်ကောင်းမျိုးစပါးအသုံးပြုခြင်း၊ စိုက်ပျိုးနည်းစနစ်မှန်ကန်စွာ၊ မြေဩဇာအချိုးအစားမှန်ကန်စွာ အသုံးပြုခြင်း၊ ရိတ်သိမ်းခြွေလှေစက်ကိရိယာနည်းစနစ်များ အသုံးပြုခြင်းဖြင့် စပါးအလေအလွင့်နည်းပြီး အထွက်နှုန်းတိုးတက်ကောင်းမွန်ကာ တောင်သူလယ်သမားများ အကျိုးစီးပွားဖြစ်ထွန်းစေလိုသော ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်ပါတယ်” မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်အေးက ပြောကြားသည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ မြောင်းမြခရိုင်အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဇေယျ၊ ခရိုင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများ၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ ဘုရားချောင်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာခွဲပေါင်း ၁၅ ရွာမှ တောင်သူလယ်သမားများ တက်ရောက်ကြပြီး နွေစပါးစံကွက်ရိတ်သိမ်းရာ တစ်ဧက (အစိုတင်း) ၁၄၀ ဒသမ ၅၈ တင်းနှုန်းထွက်ရှိကြောင်း သိရသည်။

နွေစပါးစံကွက်ရိတ်သိမ်းမှုတွင် ကောက်ရိတ်စက်၊ ခြွေလှေစက်အသုံးပြုခြင်းဖြင့် စပါးအလေအလွင့်မရှိ၊ အချိန်ကုန်သက်သာကြောင်း လက်တွေ့ပြသဆောင်ရွက်ခဲ့ပြီး တောင်သူများ သိရှိလိုသည်များကို စိုက်ပျိုးရေးဦးစီးဌာနနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

အောင်မင်း (ပြန်/ဆက်)

ကျန်းမာရေးဆောင်းပါး

မြန်မာနှစ်သစ်အတွက် အကောင်းဆုံးရည်ရွယ်ချက်လေးများ

à ပေါက်ပေါက်

မဟာသင်္ကြန်ပြီးမြောက်ပါပြီ။ မြန်မာ့ရိုးရာအစဉ်အလာအရ၊ ရေးမူမပျက် နှစ်ဟောင်းမှ အညစ်အကြေးတွေ နှစ်သစ်သို့ပါမသွားအောင် ခေါင်းလျှော်၊ အဝတ်(ခြင်ထောင်၊ အိပ်ရာခင်း၊ စောင်၊ ခန်းဆီးလိုက်ကာ၊ ထိုင်ခုံစွပ်)တွေလျှော်၍ နှစ်သစ်ကို ကြိုလေ့ရှိပါတယ်။ လူသန့်ရှင်းဖို့ ထက် စိတ်သန့်ရှင်းဖို့က ပိုအရေးကြီးပါတယ်။ နှစ်ဆန်း ၁ ရက်နေ့မှာ မိမိချစ်ခင်ရတဲ့သူတွေနှင့် ဘုရားသွား၊ ကျောင်းတက် ဘေးမဲ့ငါးလေးတွေလွှတ်ကာ ကုသိုလ်ပြုရုံနဲ့လည်း မလုံလောက်သေးပါဘူး။ တစ်နှစ်တာကာလပတ်လုံး စိတ္တသုခ၊ ကာယသုခ နှစ်ဖြာပြည့်ဝစေဖို့ စိတ်သစ်၊ လူသစ်၊ အတွေးသစ်၊ နှစ်သစ်အတွက် အကောင်းဆုံးရည်ရွယ်ချက်လေးများဖြင့် စတင်လိုက်ကြပါစို့လားရှင်။

(၁)'အာရောဂျံ ပရမံလာဘံ'ပါ။ အစာလဲဆေး၊ ဆေးလဲအစာအဖြစ် အစားအစုံ စားပေးရပါမယ်။ (ကျန်းမာရေးကို ကောင်းကျိုးပြုစေမယ့် မှန်ကန်တဲ့ အစား အစာမျိုးကိုတော့ ရွေးချယ်တတ်ပါစေ။)

(၂) လေ့ကျင့်ခန်းလုပ်ဖို့ မပျင်းပါနဲ့။ အနည်းဆုံး



လမ်းလျှောက်လေ့ကျင့်ခန်းလေးဖြစ်ဖြစ် နေ့စဉ် ကိုယ်လက်လှုပ်ရှားကစားပေးရပါမယ်။

(၃) အိပ်ရာဝင်ချိန်၊ အိပ်ရာနိုးထချိန်၊ အစာစားချိန် မှန်နေရပါမယ်။

(၄) တိုးတက်ပြောင်းလဲလာတဲ့ ခေတ်၊ စံနစ်နဲ့အညီ မိမိတစ်ယောက် မကျန်ခဲ့ရအောင် စူးစမ်းလေ့လာမှတ်သားတတ်ရပါမယ်။

(၅) နိစ္စခုဝ ကြိုးစားရုန်းကန်နေရသူတွေအဖို့ စိတ်ရဲ့ထွက်ပေါက်အဖြစ်၊ သီချင်းဆိုခြင်း၊ ကခုန်ခြင်း၊ အစားအသောက် ချက်ပြုတ်စားသောက်ခြင်း၊ စာဖတ်ခြင်း၊ သစ်ပင်စိုက်ခြင်းစတဲ့ မိမိဝါသနာပါရာကို အချိန်နည်းနည်းပေးလုပ်ကြည့်ပါ။

(၆) နှစ်ဟောင်းမှာတင်ခဲ့တဲ့ ကြွေးဟောင်းတွေကို ကျေအောင်ဆပ်ပြီး နှစ်သစ်မှစ၍ မိမိတတ်နိုင်သလောက် ပိုက်ဆံ(ငွေကြေး) စုဆောင်းတဲ့ အလေ့အကျင့်ကောင်းကို စတင်မွေးမြူရပါမယ်။

(၇) နေထိုင်စားသောက်မှုပုံစံ ပြောင်းလဲလာမှုကြောင့် ကမ္ဘာနဲ့အဂ္ဂမ်း အဝလွန်သူတွေ တစ်နေ့တခြားတိုးပွားနေပါတယ်။ အဲဒီမှာ ကိုယ်မပါအောင် ခန္ဓာကိုယ်အလေးချိန်ကို ထိန်းထားနိုင်ရပါမယ်။

(၈) မတွန့်တိုပါနဲ့၊ မနှမြောပါနဲ့၊ မိမိတတ်နိုင်သလောက် ပေးကမ်းစွန့်ကြဲ လျှဒါန်းရပါမယ်။ (လျှပ်ပြီးနောက် နှမြောတသ နောင်တမရဘဲ ပီတိဖြစ် စေမယ့် အလှူမျိုးသာဖြစ်ပါစေ။)

(၉) စိတ်ရောကိုယ်ပါကျန်းမာဖို့အတွက် အကောင်းဆုံးဆေးတစ်ခွက်က အိပ်ရေးဝဝအိပ်စက်ခြင်း ဖြစ်တယ်ဆိုတာကို အမြဲသတိရနေပေးပါ။

(၁၀) စိတ်ချမ်းသာဖို့အတွက် ပေါင်းသင်းဆက်ဆံရေးကောင်းမွန်ခြင်းကလည်း အရေးကြီးတဲ့ ကဏ္ဍတစ်ရပ်ပါပဲ။ နှစ်ဟောင်းမှာ ဆက်ဆံရေး အဆင်မပြေခဲ့သူတွေကို၊ နှစ်သစ်ကစလို့ အသွင်သစ်၊ စိတ်သစ်၊ လူသစ်၊ အကောင်းမြင်စိတ်ဓာတ်ဖြင့် ပြောင်းလဲဆက်ဆံကြည့်ပါ။

(၁၁) ဘယ်လောက်ပဲ အလုပ်များ၊ အလုပ်ရှုပ်၊ စိတ်ရှုပ်ထွေးနေပါစေ မိသားစုအတွက် အချိန်ပေးပြီးတော့ ဗျော်ရွှင်စရာမိသားစုကမ္ဘာကို တည်ဆောက်ပေးရပါမယ်။ (ကိုယ်ချစ်ရတဲ့ သူတွေ အနားမှာရှိနေတုန်း တန်ဖိုးထားတတ်ပါစေ။)

(၁၂) တီဗီကြည့်ချိန်၊ ဂိမ်းကစားချိန်၊ အင်တာနက်သုံးချိန်ကို လျှော့ချပေးပြီး ဥပမာ ဘာသာစကားသစ်လေ့လာသင်ယူခြင်းစတဲ့ ဗဟုသုရစရာတွေကို ရှာမီးပါ။

(၁၃) စာအုပ်စာပေ လူ့မိတ်ဆွေ၊ အလိမ္မာ စာမှာရှိသမျှ အတွေးအခေါ်ကောင်းများ တိုးတက်လာအောင် စာများများဖတ်ရပါမယ်။

(၁၄) ဆေးလိပ်ဖြတ်ကြပါစို့။

(၁၅) အရက်ဖြတ်ကြပါစို့။

(၁၆) ဖြစ်နိုင်ရင် ခရီးတိုပါကကား(ယာဉ်အမျိုးမျိုး) မစီးဘဲ လမ်းများများလျှောက်ပါ။ စက်လှေခါး၊ ဓာတ်လှေခါးမသုံးဘဲ မိမိခြေထောက်ကိုသာ အားကိုးပါ။

(၁၇) လောကမှာ ကိုယ်မသိ၊ မတတ်သေးတာတွေ အများကြီးရှိနေပါသေးတယ်။ မိမိထက် ကြီးသူ၊ ရွယ်တူ၊ ငယ်သူတွေဆီကနေ မိမိမသိသေးတာတွေကို လေ့လာသင်ယူဖို့ မရှက်ပါနဲ့ ဝန်လေးမနေပါနဲ့။

(၁၈) ကြောက်ရွံ့စိုးရိမ်၊ အားငယ်စိတ်တွေရှိနေရင် အဲဒီစိတ်တွေကို မိမိဖာသာ အနိုင်ယူပစ်ရပါမယ်။ (သူများစိတ်နဲ့ ကိုယ့်ကိုယ် အဖြစ်မခံပါနဲ့။ လူ့ဘဝက တိုတိုလေးရယ်)

(၁၉) မြန်မာပြည်သူ ပြည်သားတစ်ယောက်အနေနဲ့ မြည်မာပြည်တွင်းထဲမှာတောင် မိမိမရောက်ဖူးသေးတဲ့ မြို့၊ရွာဒေသတွေ အများကြီးရှိနေပါသေးတယ်။ ရုံးပိတ်ရက် အတို၊ အရှည်ပေါ်မူတည်ပြီး ကျန်းမာရေးကောင်းစဉ် မရောက်ဖူးသေးတဲ့နေရာဒေသတွေကို ချစ်ရတဲ့မိသားစု (သို့မဟုတ်) မိတ်ဆွေတွေနဲ့ ခရီးထွက်ဖြစ်အောင် ထွက်ကြည့်ပါ။

ကိုးကား – Change Your Attitude. Change Your Life)

မလှိုင်မြို့နယ်အတွင်းရှိ မြစိမ်းရောင် စီမံကိန်းဝင်ကျေးရွာ(၁၅)ရွာအတွက် ငွေကျပ် ၄၆၇၅ သိန်းထုတ်ချေးပေး

မလှိုင် ဧပြီ ၁၅

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွက် မြစိမ်းရောင် အရင်းမပျောက်မတည်လည်ပတ်ရန်ပုံငွေနှင့် ယခင်နှစ်များက တိုးပွားရရှိလာသော အတိုးရငွေများကို ဧပြီလဆန်းပိုင်းက မြစိမ်းရောင် စီမံကိန်းဝင်ကျေးရွာများသို့ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ပိုလ်ပိုလ်က မြစိမ်းရောင်ကျေးရွာ ရန်ပုံငွေကြီးကြပ်ရေးကော်မတီဝင်များအားတွေ့ဆုံ၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အရင်းမပျောက် မတည်လည်ပတ်ငွေ သိန်း ၃၀၀ အပြင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သောကျေးရွာငါးရွာမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန် အတိုးရငွေ ၁၈၉ ဒသမ ၄၆၈၂ သိန်း ၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော ကျေးရွာ ၁၀ ရွာမှ နှစ်ကုန် အတိုးရငွေ ၂၁၀ ဒသမ ၃၀၀ သိန်းကိုပါ ထည့်သွင်းထုတ်ချေးပေးထားကြောင်း၊ ချေးငွေများကို ဘဏ္ဍာနှစ်ကုန်တွင် အကျေအလည် ပေးဆပ်သွားရမည်ဖြစ်ကြောင်း ရှင်းလင်း ပြောကြားခဲ့သည်။

ယခုနှစ်တွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ စတင်အကောင်ထည်ဖော်ဆောင်ရွက်ခဲ့သော စီမံကိန်းဝင်ကျေးရွာများဖြစ်သည့် ညောင်ပင်သာရွာ၊ ဆည်ရွာ၊ ကံသစ်ကြီး၊ မြင်းသေ၊ ခေါင်းဆေးကန် ကျေးရွာငါးရွာကို တတိယအကြိမ်ဖြစ် ချေးငွေကျပ် ၁၆၃၁ သိန်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင်ဆောင်ရွက်ခဲ့သော သိမ်ကုန်း(မ)၊ မုံကန်၊ သဲကျွန်း၊ ရွာသစ်ကလေး၊ မင်းရွာ၊ မြေခြား၊ သဘွတ်ကုန်း၊ ဘွက်ငယ်၊ အဆုံ၊ ကျင်းသာ(ရ) စီမံကိန်းဝင်ကျေးရွာ ၁၀ ရွာကို ဒုတိယအကြိမ်ဖြစ် ငွေကျပ် ၃၀၄၄ သိန်းကို ထုတ်ပေးငွေသွားမည်ဖြစ်သည်။ ယခုဘဏ္ဍာနှစ်တွင် စီမံကိန်းဝင်ကျေးရွာ ၁၅ ရွာအတွက် စုစုပေါင်းချေးငွေကျပ် ၄၆၇၅ သိန်းကို ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အောင်ရွှေ (မလှိုင်)

ဒေသခံပြည်သူများအား ထင်းများအခမဲ့ဖြန့်ဝေ

သရက် ဧပြီ ၁၅

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် သမန်းပြင်ကျေးရွာတွင် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာနမှ ဒေသခံပြည်သူများအား ထင်းများ အခမဲ့ဖြန့်ဝေခြင်းကို ဧပြီဒုတိယပတ်က သမန်းပြင်ကျေးရွာအတွင်း ပြုလုပ်ရာ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး၊သရက်မြို့နယ် ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာနေပြည်သူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ ထင်မျှားအခမဲ့ဖြန့်ဝေခြင်းကို အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ခုနှစ် သဘာဝတောထိန်း လုပ်ငန်းစဉ်ရှစ်ရပ်မှ တစ်ခုဖြစ်သော ဓမ္မတာမျိုးဆက်ခြင်း ဧက ၂၀၀ ဆောင်ရွက်ရာမှ ထွက်ရှိသော ထင်း ၈ ဒသမ ၂၄၄ တန်ကို သရက်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးအမ်ခေါဆောင်နှင့် တာဝန်ရှိသူတို့က သမန်းပြင်ကျေးရွာရှိ အိမ်ထောင်စု ၁၃ စုသို့ တစ်အိမ်ထောင်လျှင် သုည ဒသမ ၆၃၄ တန်နှုန်းဖြင့် ထင်းများကို ဖြန့်ဝေပေးရာ အိမ်ထောင်စု ၁၃ စုမှ ထင်းများကို လက်ခံပေးခဲ့ကြောင်း သိရသည်။

စော်ထက်(သရက်)

တိုင်းဒေသကြီးအဆင့် (KG) Kindergarten သူငယ်တန်းသင်ဆရာ၊ ဆရာမများ လေ့ကျင့်သင်တန်းပေးရေး နည်းပြသင်တန်းဆင်းပွဲကျင်းပ

ထားဝယ် ဧပြီ ၁၅

တိုင်းဒေသကြီးအဆင့် (KG) Kindergarten သူငယ်တန်းသင် ဆရာ၊ ဆရာမများ လေ့ကျင့်သင်တန်းပေးရေးနည်းပြသင်တန်းဆင်းပွဲ အခမ်းအနားကို ဧပြီလဆန်းပိုင်းက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း နဝရတ်ခန်းမ၌ ကျင်းပခဲ့ကြောင်းသိရ သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးပညာရေးမှူးဦးတင်ဌေးက သင်တန်းဆင်း အမှာစကားပြောကြားပြီး၊ သင်တန်းကြီးကြပ်၊ ဆရာအတက်ပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး၊ ဆရာမကြီး ဒေါ်စန်းစန်းမြင့်က အမှာစကားပြောကြား၍ တိုင်းဒေသကြီးပညာရေးမှူးဦးတင်ဌေးနှင့် တာဝန်ရှိသူများက တိုင်းဒေသကြီးအဆင့် နည်းပြသင်တန်းဆင်းလက်မှတ် ပေးအပ်ကာ သင်တန်းသား ဦးသန်းအေးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

ယင်းနောက် သင်တန်းသား၊ သင်တန်းသူများ တန်းခွဲအလိုက် သင်တန်း လှုပ်ရှားဆောင်ရွက်မှုများအား ဖျော်ဖြေတင်ဆက်ပြီး ပညာရေးနိဒါန်း သီချင်းဖြင့် ဖျော်ဖြေ သီဆိုကြသည်။

သင်တန်းကို မတ် ၂၂ ရက်မှ ဧပြီလဆန်းပိုင်းအထိ တာဝန်ရှိသူများက ပို့ချပေးပြီး မြို့နယ်(၁၀)မြို့နယ်မှ ဆရာ၊ ဆရာမ ၂၁၀ တက်ရောက်ခဲ့သည်။

(ထားဝယ်ခရိုင်ပြန်/ဆက်)

လေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေး ပစ္စည်းများထောက်ပံ့ပေးအပ်

ရေစကြို ဧပြီ ၁၅

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်တွင် ဧပြီလဆန်းပိုင်းက တိုက်ခတ်ခဲ့သည့်လေပြင်းကြောင့်ပျက်စီးခဲ့သည့် လေဘေးသင့်ပြည်သူများအား လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြည်လည်နေရာချထားရေး ဝန်ကြီးဌာနမှ ကယ်ဆယ်ရေးပစ္စည်းနှင့် အလျှုငွေများ ထောက်ပံ့ပေးအပ်ပွဲကို ဧပြီလဆန်းက ရေစကြိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါထောက်ပံ့ပေးအပ်ပွဲတွင်မကွေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးဦးမြင့်စိုးက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ငွေကျပ် ၄၈၃၂၅၅၄ တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်းကိုးမျိုး၊ အိမ်ထောင်စု ၂၁၉ စုအတွက် ဆန် ခုနစ်ရက်စာအစား ငွေကျပ် ၂၇၅၉၄၀၀၊ နေအိမ် ၂၁၉ လုံးဆောက်လုပ်ရန် ငွေကျပ် ၅၀၇၀၀၀၀ အားလည်းကောင်း၊ ဘေးဒဏ်ကြောင့် သေဆုံးသူ အမျိုးသမီးတစ်ဦးအတွက် ထောက်ပံ့ငွေကျပ်တစ်သိန်းအားလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ရေစကြိုမြို့နယ် ကျေးရွာ ၁၄ ရွာတွင် ဧပြီ ၅ ရက် ညနေ ၆ နာရီ ၄၀ မိနစ်ခန့်က တိုက်ခတ်ခဲ့သည့်လေပြင်းကြောင့် အိမ်ခြေ ၂၁၉ လုံး ပျက်စီးပြီး အမျိုးသမီးတစ်ဦးသေဆုံးခဲ့ကာ လူဦးရေ ၁၃၁၄ ဦး လေဘေးသင့်ခဲ့ကြောင်း သိရသည်။

မြို့နယ်ပြန်/ဆက်

ရေပေးမြောင်းများအတွင်း စိုက်ပျိုးရေများရရှိရန် သေတ္တာကျေးရွာနေတောင်သူများမျှော်လင့်

ပုလဲ ဧပြီ ၁၅

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်သည် မိုးခေါင်ရေရှား မိုးကောင်းသောက်ဒေသဖြစ်သော်လည်း နိုင်ငံတော်အစိုးရအနေဖြင့် တောင်သူများ၏ အကျိုးစီးပွား ဖြစ်ထွန်းစေရေးကို ရည်ရွယ်၍ တည်ဆောက်ပေးခဲ့သော မြောက်ယမားဆည်နှင့် ဖောက်လုပ်ပေးခဲ့သော မြောက်ယမား လက်ယာတိုးချဲ့ ရေသောက်စနစ် မြောင်းမကြီးကြောင့် နွေ၊ မိုး၊ ဆောင်း ရာသီမရွေး စိုက်ပျိုးရေလုံလောက်စွာဖြင့် သီနုံများ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်လျက်ရှိကြသည်။

သို့သော်လည်း ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄)က တာဝန်ယူ ဖောက်လုပ်ခဲ့သည် မြောက်ယမားလက်ယာတိုးချဲ့ ရေသောက်စနစ် မြောင်းမကြီးမှ ခွဲထွက်သည့် လက်တံအမှတ်(၁၀)၊ ရေပေးမြောင်း (Mni -1)နှင့် လက်တံအမှတ် (၉)၊ ရေပေးမြောင်း (Mni-2)များ ပြီးစီးနေပြီဖြစ်သော်လည်း စိုက်ပျိုးရေ မရရှိသောကြောင့် စပါးနှင့် အခြားသီးနှံများ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်စေရေးအတွက် စိုက်ပျိုးရေများရရှိအောင် တည်ဆောက်ရေး(၄)မှ တာဝန်ရှိသူများက အမြန်ဆုံး ဆောင်ရွက်ပေးရန် ပုလဲမြို့နယ် သေတ္တာကျေးရွာနေ တောင်သူများအနေဖြင့် မျှော်လင့်လျက်ရှိကြောင်း သိရသည်။

ပုလဲမြို့နယ် သေတ္တာကျေးရွာနေ တောင်သူ ဦးသန်းမောင်က "ကျွန်တော်တို့ဒေသက မိုးကောင်းသောက် ဒေသဆိုတော့ စပါးနဲ့ အခြားသီးနှံများ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်မှုက မရှိသလောက်ပါဘဲ။ ရာသီဥတုမှန်ပြီး မိုးကောင်းမှသာ စိုက်ပျိုးမှုက ဖြစ်ထွန်းအောင်မြင်မှာ ဖြစ်ပါတယ်။ ဒါပေမယ့် နိုင်ငံတော်အစိုးရရဲ့ စီမံမှုနဲ့အတူ ဆည်မြောင်းဦးစီးဌာန၊ တည်ဆောက်ရေး(၄)က တာဝန်ယူ ဖောက်လုပ်ပေးခဲ့တဲ့ မြောက်ယမားလက်ယာတိုးချဲ့ရေသောက်စနစ် မြောင်းမကြီးကနေ ယမန်နှစ် နွေရာသီကစပြီး စိုက်ပျိုးရေ စတင်ရရှိခဲ့ပါတယ်။ ကျွန်တော့်ရဲ့ စိုက်ပျိုးမြေ ၄ ဧက ကလည်း မြောင်းမကြီးဘေးမှာရှိတာကြောင့် စိုက်ပျိုးရေကို အခက်အခဲမရှိ ရရှိခဲ့တာကြောင့် နွေစပါးသုံးဧကနဲ့ ကုလားပဲ တစ်ဧကကို စိုက်ပျိုးခဲ့ရာမှာ နွေစပါးသုံးဧက အထွက်နှုန်း စပါးတင်း ၂၅၀ နဲ့ ကုလားပဲ ၈ တင်းကျော်ရရှိခဲ့ပါတယ်။ ဒီနှစ်မှာလည်း နွေစပါးနဲ့ နှမ်းသီးညှပ်သုံးဧက၊ ပဲတီစိမ်း တစ်ဧကကို စိုက်ပျိုးထားပါတယ်။ ကျွန်တော်က မြောင်းမကြီးဘေးမှာရှိတော့ စိုက်ပျိုးရေ အခက်အခဲမရှိ ရရှိနေပေမယ့် ကျွန်တော်တို့ကျေးရွာမှာ ရှိတဲ့တောင်သူများ အများစုက မြောက်မယားလက်ယာ တိုးချဲ့ရေသောက်စနစ် မြောင်းမကြီးကနေခွဲထွက်တဲ့ လက်တံအမှတ်(၁၀)၊ ရေပေးမြောင်း (Mni-1)နဲ့ လက်တံအမှတ်(၉)၊ ရေပေးမြောင်း(Mni - 2) များဘေးမှာ ရှိပါတယ်။ အဲဒီရေပေးမြောင်း (Mni-1)နဲ့ ရေပေးမြောင်း (Mni - 2)က ဖောက်လုပ်ပြီးစီးနေပြီဖြစ်သော်လည်း စိုက်ပျိုးရေ မရရှိသေးတဲ့အတွက် စိုက်ပျိုးရေသာရခဲ့မယ်ဆိုရင် စိုက်ပျိုးမြေ ဧက ၂၀၀ ကျော်ကို အကျိုးပြု ဖြစ်ထွန်းအောင်မြင်နိုင်မှာဖြစ်လို့ ဆည်မြောင်းဦးစီးဌာန၊ တည်ဆောက်ရေး(၄)ကတာဝန်ရှိသူများ အနေဖြင့် ရေပေးမြောင်းများအတွင်း စိုက်ပျိုးရေများရရှိအောင်လို့ အမြန်ဆုံးဆောင်ရွက်ပေးဖို့ ရွှေကိုမလို ရေကိုသာလိုတဲ့ တောင်သူများက မျှော်လင့်လျက်ရှိကြပါတယ်" ဟု ပြောသည်။

ပုလဲမြို့နယ်စီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင် ဦးဇော်ထွန်းအောင်က 'မြောက်ယမား လက်ယာတိုးချဲ့ရေသောက်စနစ်မြောင်းမကြီးက ခွဲထွက်တဲ့ လက်တံအမှတ်(၁၀)၊ ရေပေးမြောင်း (Mni - 1)နဲ့ လက်တံအမှတ် (၉)၊ ရေပေးမြောင်း (Mni - 2) များ ဘေးမှာရှိတဲ့ တောင်သူတွေအတွက် စိုက်ပျိုးရေရရှိအောင် ဆောင်ရွက်ရမယ့်အပိုင်းမှာ ဆည်းမြောင်းဦးစီးဌာန တည်ဆောက်ရေး(၄)က တာဝန်ရှိသူများက အရင်ဆုံး လက်တံအမှတ်(၁၀)၊ ရေပေးမြောင်း (Mni - 1) နဲ့ လက်တံအမှတ် (၉)၊ ရေပေးမြောင်း (Mni - 2) အတွင်း မြောင်းစမ်းရေများ လွှတ်ပေးရမှာဖြစ်ပါတယ်။ ပြီးရင် ရေပေးမြောင်း(Mni) တွေကနေ လယ်သွယ်မြောင်း (လယ်ကြားမြောင်း)များ ဖောက်လုပ်ဖို့ နေရာများ သတ်မှတ်ပေးရမှာ ဖြစ်ပါတယ်။ လယ်သွယ်မြောင်းဖောက်လုပ်ဖို့ တည်ဆောက်ရေး(၄)က မြေနေရာသတ်မှတ်ပြီးရင် မြို့နယ်လယ်ယာမြေစာရင်းအင်းနှင့် မှတ်ပုံတင်ရေးဦးစီးဌာနက ကွင်းအလိုက် မြေပုံများမှာ မှတ်တမ်းတင်ပေးထားရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီအနေနဲ့ မြောက်ယမားလက်ယာ တိုးချဲ့ ရေသောက်စနစ် မြောင်းမကြီးဘေးမှာရှိကြတဲ့ ကျေးရွာအုပ်စုများက အုပ်ချုပ်ရေးမှူးများနှင့်အတူ တည်ဆောက်ရေး (၄)က သတ်မှတ်ပေးမယ့် လယ်သွယ်မြောင်း (လယ်ကြားမြောင်း) များက တောင်သူတွေကိုယ်တိုင် မိမိတို့ လယ်ယာမြေအလိုက် မြောင်းတူးရမှာဖြစ်လို့ စိုက်ပျိုးရေ ရရှိသည်အထိ အဆင်ပြေ ချောမွေ့အောင်လို့ ပေါင်းစပ် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်" ဟု ပြောသည်။

မင်းခန့်စိုး(ဧရယောမြေ)

ဖာပွန်မြို့တွင် နွေရာသီ အခြေခံ အားကစားသင်တန်းဆင်း

ဖာပွန် ဧပြီ ၁၅

ကရင်ပြည်နယ်၊ ဖာပွန်မြို့တွင် ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ပြည်နယ်ပညာရေးဦးစီးဌာန တို့ပူးပေါင်း၍ ထူးချွန်ထက်မြက်သော အားကစားသမားကောင်းများ ပေါ်ထွက်လာစေရန်၊ ကျန်းမာကြံ့ခိုင်သော လူငယ်မောင်မယ်များ ဖြစ်လာစေရန် အားကစားနှင့် ပညာရေးပေါင်းစပ်အစီအစဉ်ဖြင့် ၂၀၁၆ ခုနှစ် နွေရာသီ အခြေခံ အားကစားသင်တန်း သင်တန်းဆင်းပွဲကို ဧပြီလဆန်းက ဖာပွန်မြို့နယ် အလေးမအားကစားရုံ၌ကျင်းပကြောင်းသိရသည်။

အဆိုပါနွေရာသီအခြေခံအားကစားသင်တန်းတွင် ဘောလုံး၊ ဘော်လီဘော၊ စားပွဲတင်တင်းနစ်၊ တိုက်ကွမ်ဒို၊ စက်ဘီး၊ ပြေးခုန်ပစ်၊ အေရိုးဗစ်၊ ဂျူဒို၊ ဘတ်စကက်ဘော၊ ပိုက်ကျော်ခြင်း၊ ကျွမ်းဘား စသည့် အားကစားနည်း ၁၁ မျိုးကို ဖာပွန်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ၇၀ ဦး တက်ရောက်သင်ကြားကြရာ ထူးချွန်အားကစားဆုများအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးဆန်းဦးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်တို့ကချီးမြှင့်ပေးခဲ့ကြောင်းသိရသည်။

သိန်းစိုးမြင့်(ဖာပွန်)

ရှေးဦးပြုစုခြင်း(အခြေခံအဆင့်)သင်တန်း ၁/၂၀၁၆ သင်တန်းဆင်းပွဲကျင်းပ

မြဝတီ ဧပြီ ၁၅

ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် မြဝတီမြို့နယ်ကြက်ခြေနီ အသင်း၏ရှေး ဦးပြုစုခြင်း (အခြေခံအဆင့်) သင်တန်းအမှတ်စဉ် ၁/၂၀၁၆ သင်တန်းဆင်းပွဲ အခမ်းအနားကို ဧပြီလဆန်းက ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးက သင်တန်းဆင်း အမှာစကားပြောကြားရာ အခုလိုသင်တန်းများ ဖွင့်လှစ်ပေးခြင်းဖြင့် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ရည်ရွယ်ချက်ဖြစ်သည့် ကျန်းမာရေးကိုမြှင့်တင်ရန်၊ ရောဂါဘယကို တားဆီးကာကွယ်ရန်၊ ဘေးဒုက္ခရောက်သူများအား ကူညီစောင့်ရှောက်ရန်များကို လုပ်ဆောင်နိုင်တော့မှာဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်ကြက်ခြေနီ အသင်းဥက္ကဋ္ဌ၊ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်မြင့်က သင်တန်းနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။ ဆက်လက်ပြီး သင်တန်းတွင်ထူးချွန် ဆုရရှိသူများ အားခရိုင် အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်နှင့် ခရိုင်/မြို့နယ် တာဝန်ရှိသူများမှ ဆုများပေးအပ်ခဲ့ကြောင်းသိရသည်။ အဆိုပါ သင်တန်းကို ရက်သတ္တပတ် ၁ ပတ်ကြာ ဖွင့်လှစ်ပို့ချခဲ့ပြီး သင်တန်းသား၊ သင်တန်းသူ ၁၀၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

ထိန်လင်းအောင်(ပြန်/ဆက်)

သာစည်မြို့နယ် ဇေယျသုခ ရေလှူအသင်းကြီးသို့ ရေသယ်ယာဉ်တစ်စီးနှင့် ရေရှစ်ဂါလန်ဝင် ပလတ်စတစ်ပုံးများ ပေးအပ်လှူဒါန်း

သာစည် ဧပြီ ၁၅

သာစည်မြို့ ဇေယျသုခ ရေလှူအသင်းကြီးသို့ CANTER အမျိုးအစား ရေသယ်ယာဉ်နှင့် ရေဂါလန် ရှစ်ဂါလန်ဝင် ပလတ်စတစ်ပုံး ၂၇၀ ပေးအပ်လှူဒါန်းပွဲကို ဧပြီလဆန်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ပြုလုပ်ရာ ဇေယျသုခရေလှူအသင်းကြီး၏ အကျိုးဆောင်နာယကဦးဟန် ခင်က ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ယင်းနောက် အလှူရှင်များကိုယ်စား သာစည်မြို့ အမှတ်(၄)ကျောင်းကြီးရပ်ကွက်နေ ကိုမင်းမင်းနှင့် ကိုအုန်းရွှေတို့က လှူဒါန်းမှုပစ္စည်းများနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ ဇေယျသုခ ရေလှူအသင်းကြီး၏ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က လက်ခံရယူကြသည်။

ယခုလှူဒါန်းသည့် CANTER အမျိုးအစား ရေသယ်ယာဉ်ကားကို ရန်ကုန်မြို့မှ ဦးလှမောင်ရွှေ+ဒေါ်တင်တင်ဦး မိသားစုတို့က လှူဒါန်းခြင်းဖြစ်သည်။

ရေဂါလန် ရှစ်ဂါလန်ဝင် ပလတ်စတစ်ပုံး ၂၇၀ ပုံးကို ရန်ကုန်မြို့ ခိုင်မေတ္တာဖောင်ဒေးရှင်းနှင့် အလှူရှင်များက ပူးပေါင်းလှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

ယင်းသို့ လှူဒါန်းရခြင်းမှာ သာစည်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် ပူပြင်းသော နွေရာသီကာလ၌ သောက်သုံးရေ အခက်ခဲများနှင့် နှစ်စဉ်ကြုံတွေ့နေရသည့်အတွက် ရေအခက်အခဲကို ဖြေရှင်းသောအားဖြင့် အလှူရှင်များက လူသားခြင်းစာနာသောစိတ်ဖြင့် ယခုကဲ့သို့ လှူဒါန်းရခြင်းဖြစ်ကြောင်း ဦးအုံးရွှေက ပြောသည်။

မောင်ကို (သာစည်)

စိုက်ပျိုးစရိတ်ချေးငွေ ပမာဏ တိုးမြှင့်မည့်အပြင် အချိန်ကာလပါတိုးမြှင့်ပေးသည့် အတွက် လယ်သမားများ ဝမ်းသာနေ

ရွှေဘို ဧပြီ ၁၅

နိုင်ငံတော်အစိုးရအသစ်မှ လယ်သမားများ ဆင်းရဲနွမ်းပါးမှုလျော့နည်းရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရည်မှန်းကာ စိုက်ပျိုးစရိတ်ချေးငွေ ပမာဏတိုးမြှင့်မည့်အပြင် အချိန်ကာလပါတိုးမြှင့်ပေးသည့်အတွက် လယ်သမားများ ဝမ်းသာနေကြောင်း ရွှေဘိုဒေသရှိ လယ်သမားများထံမှ သိရသည်။

အဆိုပါဒေသ၌ မိုးစပါးများ စိုက်ပျိုးထုတ်လုပ်ရာတွင် မျိုးစပါးဘိုး၊ ထွန်ယက်ခ၊ စက်ဆီဒီဇယ်ဘိုး၊ ပျိုးနှုတ်ကောက်စိုက်ခ၊ ဓာတ်မြေသြဇာ၊ စပါးရိတ်ခ စသည့် အထွေထွေကုန်ကျစရိတ်မှာ လယ်တစ်ဧကအတွက် ကျပ်နှစ်သိန်းခွဲကျော်ဖြစ်နေရာ နိုင်ငံတော်အစိုးရမှ ကူညီပံ့ပေးမှုအနေဖြင့် စိုက်ပျိုးစရိတ်ငွေ ထုတ်ချေးမှုမှာ လယ်တစ်ဧကအတွက် ကျပ်တစ်သိန်းတိတိသာဖြစ်နေ၍ စိုက်ပျိုးစရိတ်ချေးငွေမှာ ဆင်ပါးစပ် နှမ်းပက်သလို ဖြစ်နေကြောင်း သိရသည်။

ယင်းဒေသရှိ ခင်ဦးမြို့နယ် ကန်သစ်ကျေးရွာမှ လယ်သမားတစ်ဦးဖြစ်သူ ဦးသန်းထွန်းက "ယခုအစိုးရအသစ်က လယ်သမားတွေ ဆင်းရဲတာ အကြွေတင်နေတာ စိုက်ပျိုးစရိတ်ချေးငွေ ပြန်မဆပ်နိုင်တွေကို သိရှိနေတဲ့အတွက် လယ်တစ်ဧကမှာ စိုက်ပျိုးစရိတ်ချေးငွေ ကျပ်ငါးသောင်း တိုးမြှင့်ပေးမှုနဲ့ ချေးငွေသက်တမ်းကလည်း လက်ရှိ ခြောက်လကနေပြီး နောက်ထပ်နှစ်လ သက်တမ်းတိုးပေးသွားမယ်လို့ မီဒီယာများမှ သိရတဲ့အတွက် ဝမ်းသာပျော်ရွှင်မှု ဖြစ်ရပါတယ်။ ဒီအစိုးရကို ဆန္ဒမဲပေးရကျိုးနပ်လိမ့်မယ်လို့ မျှော်လင့်မိပါတယ်" ဟု ပြောသည်။

ရောင်နီတင်ဝင်း

မုယင်း နှင့် အင်း

ကိုရွှေငါး (ဓနုဖြူ)

မုယင်းစပါးသည် မိုးတွင်းကာလတွင် ရေလွှမ်းမိုးသောမြေ၊ မြေနိမ့်ပိုင်း၊ အနိမ့်ကွင်း၊ ရေနက်ကွင်း နေရာများတွင် ရေပြန်အကျ ပေါ်မူတည်၍ နွေစပါးအဖြစ်စိုက်ပျိုးသည်ကို ခေါ်ဆိုသည်။ အချို့ရေနက်ကွင်းများတွင် ဖေဖော်ဝါရီလ ဒုတိယပတ်အထိ နွေစပါး စိုက်ပျိုးသည်ကို တွေ့ရှိရသည်။

အင်းဆိုသောစကားရပ်မှာ ပထဝီအနေ အထားကြောင့် သော်လည်းကောင်း၊ ရာသီဥတုကြောင့်သော်လည်းကောင်း မိုးကာလမှာ မြစ်ရေ ချောင်းရေများစီးဝင်သည့်အခါ မြေနိမ့် ဒေသနှင့် မြေပြင်တွေပေါ်မှာ ရေ ထုထည်များ ဖုံးလွှမ်းလျက်ရှိတဲ့ အခြေအနေကို အင်းအိုင်များဟု ခေါ်ဆိုပါသည်။ အင်းအိုင်လုပ်ငန်း ဆိုသည်မှာ ကုန်းတွင်းပိုင်း ရေချိုငါးထုတ်လုပ်သည့်လုပ်ငန်းကို ခေါ်ဆိုပါသည်။

ရောဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးတို့တွင် ရေနက်ကွင်းရှိသော နေရာများ မုယင်း (နွေစပါး)စိုက်ပျိုးခြင်းနှင့် အင်းလုပ်ငန်းများသည် ဒွန်တွဲလျက်ရှိသည်။ ရေနက်ကွင်း၏ရေကို မူတည်၍ နွေစပါးစိုက်ပျိုးကြသည်။

အဓိကအားဖြင့် ရောဝတီတိုင်းဒေသကြီးသည် မြန်မာပြည်အောက်ပိုင်း မြစ်ဝကျွန်းပေါ်ဒေသဖြစ်၍ ပထဝီအနေအထားအရ အနိမ့်အဝှမ်းများ၊ မြစ်၊ ချောင်း၊ အင်း၊ အိုင်များ အလွန်ပေါများသောဒေသဖြစ်သည်။ မြစ်ဝကျွန်းပေါ်ဒေသအများစုပါဝင်သဖြင့် နွေစပါး စိုက်ပျိုးရန် အနေအထားနှင့် ရာသီဥတုတို့က အခြေအနေပေးသောဒေသကြီးဖြစ်သည်နှင့် အမျှ ဆန်စပါးအများဆုံးထွက်ရှိသော ဒေသကြီးဖြစ်၍ မြန်မာနိုင်ငံ၏ စပါးကျီ (ထမင်းအိုးကြီး)ဟု တင်စားခေါ်ဝေါ်ခဲ့ကြသည်။

ဆန်စပါးစိုက်ပျိုးရာ တိုင်းဒေသကြီးဖြစ်သကဲ့သို့ တစ်ဖက်တွင်လည်း မြစ်ချောင်း အင်းအိုင်များ ပေါများသည်နှင့်အမျှ ငါး၊ ပုစွန် သယံဇာတများ အလွန်ပေါများသောဒေသ ကြီးဖြစ်သဖြင့် သားငါးဟင်းလျှာတို့ကို ထုတ်ပေးနေသည့်(ဟင်းအိုးကြီး)သဖွယ် ဖြစ်နေသည်။

၁၉၈၈ ခုနှစ်ဝန်းကျင်မှစ၍ နွေစပါး (မုယင်း)စပါးများကို အင်းအိုင်ဒေသနှင့် နီးသော အနိမ့်ပိုင်းများ၊ တစ်နည်းအားဖြင့် ရေရရှိရန်လွယ်ကူသော အင်းချောင်း၊ အိုင်မများ အနီးတွင် နွေစပါးများကို စမ်းသပ်စိုက်ပျိုးခဲ့ကြသည်။ နွေကာလတွင်စိုက်ပျိုးထုတ်လုပ်ရသဖြင့် အနိမ့်ပိုင်းဒေသများတွင် အခြေအနေပေးပြီး အင်းရေကို အခြေပြုစိုက်ပျိုးရသဖြင့် အင်းနှင့်နီးသော စားကျက်မြေနှင့် မြေလွတ်မြေလပ်များကို တောင်သူ လယ်သမားများက တိုးချဲ့စိုက်ပျိုး လာကြသည်။

ရေနက်ကွင်းတွင်ရှိသော အင်းများ၏ ငါးဖမ်းရာသီ၊ ငါးဖမ်းရက်နှင့် ဖမ်းဆီးရသော ဂယက်များတွင် ငါးမျိုးချန်သည့် အပိုင်းများရှိ အင်းရေနှင့် တောင်သူများ၏ စားကျက်မြေများ၊ မြေလွတ်မြေရိုင်းများ၊ အင်းကောမြေများတွင် နွေစပါးစိုက်ပျိုးသည့် လယ်ကွက်များ အဖြစ်ဖန်တီး၍ ဆောင်ရွက်ခဲ့ရာ ထိုအချိန်မှစ၍ မုယင်းနှင့် အင်းပြဿနာသည် စတင်နိဒါန်းပျိုးခဲ့သည်။ ဤသို့ဖြစ်ရခြင်းမှာ အင်းအိုင်ချောင်းမြောင်းတို့သည် နှစ်ပေါင်းရှည်ကြာလာသည်နှင့်အမျှ ရာသီဥတုနှင့် ပထဝီဝင်အနေအထားအရ ပြောင်းလဲလာကြရာ အချို့သောအင်းအိုင်တို့သည် ကောလာသည့် အနေအထားသို့ ရောက်ရှိလာခဲ့ကြသည်။ ထိုကဲ့သို့ အင်းအိုင်အချို့ ကောလာသည့်အနေအထားတွင် နွေစပါးစိုက်ပျိုးသူတို့သည် အင်းနယ်နိမိတ်အတွင်းသို့ ကျူးကျော်ဝင်ရောက် စိုက်ပျိုးလာကြပါသည်။

ထိုကဲ့သို့ အခြေအနေမျိုးတွင် သက်ဆိုင်ရာ လယ်/စာရင်းအင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနတို့မှ ကွင်းဆင်းစစ်ဆေးကောက်ယူရာ သီးနှံခွန်အတွက်(N)ဟု မမြဲဦးပိုင်အဖြစ် အခွန်စည်းကြပ် တောင်းခံခဲ့ကြသည်။ လယ်သမားများဘက်မှလည်း သီးနှံခွန်(N)ဖြင့် ပြေစာထုတ်ပေးခဲ့သည်ကို တရားဝင်ဦးပိုင်အဖြစ် သတ်မှတ်ယူဆခဲ့ကြသည်။

အင်းသားကြီးဘက်မှလည်း မိမိ၏ အင်းနယ်နိမိတ်ကို တိတိကျကျမသိဘဲ ဘယ်နေရာ၊ ဘယ်နား အထိဟု ယေဘုယျအသိဖြင့်သာရှိခဲ့ရာ ၎င်းကိစ္စမှာ မကြာခဏအချင်းများအငြင်းပွားခဲ့ရသည်။ အင်းသားကြီးဘက်မှ အင်းအိုင်နယ်နိမိတ်ကို အတိအကျသိရှိရန် လေလံဆွဲ ဝယ်စင်ကပင် အင်းမြေပုံအမှန်ကို ရယူထားဖို့လိုအပ်သည်။ ရောဝတီတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေ အခန်း(၁)၊ ပုဒ်မ(၂)၊ ပုဒ်မခွဲ(ထ)တွင် ရေချိုငါး လုပ်ငန်း နယ်နိမိတ်ဆိုသည်မှာ "ဂရန်အင်း၊ သီးသန်အင်း၊ လိုင်စင်ဖြင့်လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်းရေပြင်တင်ဒါ၊ အင်း၊ အိုင်၊ ချောင်းတို့အား ယခင်မူလ (၁၉၉၁-ခုနှစ် ရေချိုငါးလုပ်ငန်းဥပဒေအတည်မပြုမီကာလ အင်းအိုင်ဧရိယာနယ်မြေ သတ်မှတ်သည့် နယ်နိမိတ်အတွင်းကိုဆိုလိုသည်။ သို့ရာတွင် ဂရန်ပိုင်ရေနက်ကွင်းမှအပ ဦးပိုင်ရှိသော အစိုးရပိုင်နှင့် ပုဂ္ဂလိကပိုင်လယ်မြေ၊ ယာမြေ၊ ဥယျာဉ်ခြံမြေတို့သည် ရေချိုငါးလုပ်ငန်းနယ်နိမိတ်များ အကျုံးမဝင်ပါ)ဟု အဓိပ္ပာယ်ဖွင့်ဆို ပြဋ္ဌာန်းထားပါသည်။ ဥပဒေပါ ရေချိုငါးလုပ်ငန်းနယ်နိမိတ်နှင့် ပတ်သက်သော အဓိပ္ပာယ်သတ်မှတ်ချက်မှာ တိကျလုပါသည်။ ဥပမာအားဖြင့် အင်းနယ်နိမိတ်ဖြစ်လျှင် ဦးပိုင်လယ်မဖြစ်နိုင်သကဲ့သို့ ဦးပိုင်ရှိနေသော လယ်မြေ၊ ယာမြေ၊ ဥယျာဉ်ခြံမြေတို့သည်လည်း အင်းနယ်နိမိတ်မဖြစ်နိုင်တော့ပါ။

အင်းနယ်နိမိတ်နှင့် နွေစပါးစိုက်ရေယာများသည် အများအားဖြင့်ဆက်စပ် တည်ရှိနေလျက်ရှိခဲ့သည်။ မိုးရာသီ ရေလွှမ်းမိုးသော ကာလများတွင် ၎င်းရေယာများမှာ ငါးများ၏ spawning ground (ငါးနေငါးထိုင်ကွင်း)၊ feeding ground (အစာရှာကွင်း)ဖြစ်၍ ရေနည်းပါးချိန်တွင် ၎င်းနေရာများတွင် နွေစပါးစိုက်ပျိုးကြသဖြင့် ငါးတို့မှစွန့်ပစ်သော အညစ်အကြေးများကြောင့် သဘာဝမြေဩဇာတက်ရှိပြီး ကောင်းမွန် သောမြေဆီပေါ်တွင် စိုက်ပျိုးကြရသဖြင့် တောင်သူနှင့် အင်းသားကြီးတို့ နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းမှုကို ဖြစ်ပေါ်စေသဖြင့် နှစ်ဦးနှစ်ဖက်အဆင်ပြေစွာ လုပ်ငန်းများကို လောဘ၊ ဒေါသ၊ မောဟများ ရှေ့မထားဘဲ ပေါင်းစပ်ဆောင်ရွက်သင့်သည်။

စာရေးသူအနေဖြင့် ကွင်းဆင်းပြီး "မုယင်းနှင့်အင်း" ကိစ္စနှင့်ပတ်သက်၍ မေးမြန်းကြည့်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးဦးစန်းတိုးမှ " ကျွန်တော်တို့ ဖုန်းဆိုးတောင်အုပ်စုသည် အနိမ့်ပိုင်းရေနက်ကွင်းဒေသဖြစ်ပြီး အင်းများနှင့် နွေစပါးစိုက်ဧကများစွာ ရှိပါတယ်။ တောင်သူများကလည်း စားကျက်မြေ၊ အင်းကောမြေများကို ကျူးကျော်စိုက်ပျိုးခဲ့ကြသလို အင်းသားကြီးများမှလည်း အင်းပိုင်ဆိုင်ရက် တန်ဖူးလပြည့်ကျော် ၁ ရက်အတွင်း အချိန်မီရေဖလှယ်သောစနစ်ဖြင့် ငါးဖမ်းနိုင်ရန်နှင့် နွေစပါးအောင်ရေရရှိစေရန် အင်းသားကြီးများမှ တောင်သူများအပေါ် ထိုက်သင့်တာကိုကူညီပြီး ငါးဖမ်းချိန်ကို ညှိနှိုင်းသတ်မှတ်ကာ နှစ်ဦးနှစ်ဖက် အကျိုးရှိစေရန် ညှိနှိုင်းပေါင်းစပ်ပေးရပါသည်"ဟု ရှင်းပြပါသည်။

မုယင်းနှင့် အင်းပြဿနာများမဖြစ်ပေါ်စေရန် လယ်သမားများမှလည်း နွေစပါးကို ဒီဇင်ဘာလကုန်အပြီး စိုက်ပျိုးရန်၊ သက်ကြီးစပါးမစိုက်ပျိုးဘဲ သက်လျင်စပါးမျိုးများဖြစ်သော ထွန်းသီရိ၊ ဆင်းသုခ၊ ရတနာမိုး စသော စပါးမျိုးများ စိုက်ပျိုးကြရပါမည်။ အင်းသားကြီးများဘက်မှလည်း အင်း၊ အိုင်၊ ချောင်း၊ မြောင်းများ မတိမ်ကောစေရန် အင်းအိုင်များကို တူးဖော်ခြင်း၊ မိမိအင်းနယ်နိမိတ်များကို အတိအကျသိရှိရန် လေ့လာထားရပါမည်။ မြို့နယ်အဆင့် စိုက်တိုးမြှင့်အဖွဲ့များ ပူးပေါင်းပြီး ပညာပေးဆွေးနွေးပွဲများ၊ လက်တွေ့ကွင်းဆင်းဆောင်ရွက်ခြင်း၊ လယ်သမားများနှင့် အင်းသားကြီးများ၏ အခက်အခဲများကို အလျင်အမြန် ကွင်းဆင်းဖြေရှင်းညှိနှိုင်းပေးခြင်းဖြင့် " မုယင်းနှင့် အင်း "ပြဿနာများ လျော့နည်းလာမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

■ **မုယင်းနှင့် အင်းပြဿနာများမဖြစ်ပေါ်စေရန် လယ်သမားများမှလည်း နွေစပါးကို ဒီဇင်ဘာလကုန်အပြီး စိုက်ပျိုးရန်၊**

■ **အင်းသားကြီးများဘက်မှလည်း အင်း၊ အိုင်၊ ချောင်း၊ မြောင်းများ မတိမ်ကောစေရန် အင်းအိုင်များကို တူးဖော်ခြင်း၊ မိမိအင်းနယ်နိမိတ်များကို အတိအကျသိရှိရန် လေ့လာထားရပါမည်။**

ကျေးရွာကိုယ်အားကိုယ်ကိုးဆောင်ရွက်ခဲ့သည့် လမ်းနှင့်တံတားလုပ်ငန်းများ ပြီးစီးသွားသဖြင့် ကျေးလက်ပြည်သူများသွားလာရေးအဆင်ပြေ

ကျောက်ပန်းတောင်း ဧပြီ ၁၅

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် တွင်းဖြူးရွာအုပ်စုရှိ အင်ပင်ကြီးကျေးရွာတွင် ဒေသခံကျေးရွာနေပြည်သူများနှင့် ဒေသဖွားအဝေးရောက်များစုပေါင်း၍ မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ်အားကိုယ်ကိုးဆောင်ရွက်ခဲ့ကြသည့် ကျေးရွာဖွံ့ဖြိုးရေးမြေသားလမ်းနှင့် ကွန်ကရစ်တံတားဆောက်လုပ်မှုလုပ်ငန်းများ ပြီးစီးသွားပြီဖြစ်ရာ ယခုအခါ ဒေသခံကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေးသွားလာမှုအစဉ်ပြေလျက်ကြောင်းသိရသည်။

အဆိုပါ အင်ပင်ကြီးကျေးရွာ ကျေးလက်ဖွံ့ဖြိုးရေးမြေသားလမ်းမှာ ကျောက်ပန်းတောင်း-ပွေးကျစ်လမ်းဖြင့် ဆက်သွယ်ဖောက်လုပ်ထားခြင်းဖြစ်ပြီး လမ်းအရှည်မှာ နှစ်မိုင်ရှိ၍ လမ်းသားအကျယ်မှာ ပေ ၂၀ ဖြစ်ကြောင်း သိရသည်။ အဆိုပါလမ်းလုပ်ငန်းကို ၂၀၁၄ ခုနှစ် မတ်လတွင် ပထမအကြိမ်အဖြစ် စတင်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး ၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် ဒုတိယအကြိမ်အဖြစ် အပြီးသတ်ဆောင်ရွက်နိုင်ခဲ့ကြကြောင်း သိရသည်။ အဆိုပါ လမ်းဖောက်လုပ်ရာတွင် ယာမြေများနှင့် မလွတ်ကင်းသည်နေရာများကို ကာလတန်ဖိုးဖြင့် ပေးချေဝယ်ယူခဲ့ရပြီး လမ်းပေါ်တွင်ရှိနေသည့် ရေရိုးတစ်ခုကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလဆန်းစတင်၍ ကွန်ကရစ်တံတားတစ်စင်းဆောက်လုပ်ခဲ့ရကြောင်း သိရသည်။

တံတားအမျိုးအစားမှာ သံကူးကွန်ကရစ်တံတားအမျိုးအစားဖြစ်ပြီး တံတားအရှည်မှာ ၂၃ ပေရှည်၍ တံတားအကျယ်မှာ ၂၁ ပေနှင့် အမြင့် ၁၀ ပေခွဲရှိကြောင်းသိရပြီး တံတားဆောက်လုပ်မှုလုပ်ငန်းအားလုံးကို မတ်လတတိပတ်ရက်တွင် အပြီးသတ်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ လမ်းဖောက်လုပ်မှုနှင့် တံတားဆောက်လုပ်မှုလုပ်ငန်းများကို ကျေးရွာဒေသဖွားဖြစ်သည့်မန္တလေးတိုင်းဒေသကြီး အနှိပ်တော်ရပ်ကွက်၊ အောင်ပြည့်စုံခြံနေ ဦးဘခြုံ-ဒေါ်သန်းသန်းမိသားစုမှ ကျပ်သိန်း ၅၀ မတည်လျှုဒါန်းခဲ့ခြင်းဖြစ်ပြီး ရပ်နီးရပ်ဝေးရောက်ဒေသခံများနှင့် ကျေးရွာနေပြည်သူများမှ ငွေအားလူအားဖြင့် ကိုယ်အားကိုယ်ကိုးဆောင်ရွက်ခဲ့ကြခြင်းဖြစ်ရာ ယခုအခါတွင် အဆိုပါအင်ပင်ကြီးကျေးရွာနှင့် အနီးဝန်းကျင်ရှိ ဆယ့်နှစ်ရာသီ ပင်ကျေးရွာ၊ အင်ဂေါင်းကျေးရွာနေပြည်သူများမှာ လမ်းပန်းဆက်သွယ်မှုအဆင်ပြေချောမွေ့လျက်ရှိကြောင်း သိရသည်။ **ကိုနေ(ကျောက်ပန်းတောင်း)**

နွေရာသီ၌ သောက်သုံးရေပြတ်လပ်မှု အခက်အခဲရှိသော ကျေးရွာများသို့ သောက်သုံးရေဖြန့်ဝေ

ရေကြည် ဧပြီ ၁၅

ပုသိမ်ခရိုင် ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့အတွင်းသောက်သုံးရေပြတ်လပ်မှုအခက်အခဲရှိသော မိဿလင်ကျေးရွာအုပ်စု ဒရယ်ခုန်ကျေးရွာနှင့် ဆင်သေကျေးရွာတို့တွင် ဧပြီလဆန်းတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ငါးသိုင်းချောင်းမြို့မီးသတ်ဦးစီးဌာနတို့မှ ရေဂါလန် ၁၆၀၀ ဆံ့ မီးသတ်ယာဉ်တစ်စီး၊ ဂါလံ ၁၂၀၀ ဆံ့ မီးသတ်ယာဉ်တစ်စီးဖြင့် ကျေးရွာ သုံးရွာရှိ စုစုပေါင်းအိမ်ခြေ ၃၀၀ ခန့်သို့ သွားရောက်လျှုဒါန်းပေးနိုင်ခဲ့ပြီး သောက်သုံးရေ သိုလှောင်မှုထားရှိမှုနှင့် အနီးစပ်ဆုံးရေရရှိနိုင်မည့် နည်းလမ်းများအား ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးရွာများသည် ရေကြည်မြို့နယ်နှင့် ရခိုင်ပြည်နယ်နယ်စပ် ၇-ငါးသိုင်းချောင်းတောင်ကြော လမ်းအရှေ့ဘက်တွင်ရှိပြီး နွေအခါနှစ်စဉ်သောက်သုံးရေပြတ်လပ်မှုအခက်အခဲရှိရာ လက်ရှိအချိန်အထိ သာမန်အခြေအနေတွင် ရေတွင်း ရေကန်တူးဖော်ရန်လည်း ရေကြောနှင့် မြေ အမျိုးအစားကြောင့် အခက်အခဲရှိနေကြောင်း သိရသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ နှစ်စဉ်နွေရာသီ ရေပြတ်လပ်သည့်အချိန်တွင် အနီးဆုံး ၃ မိုင်ခန့် ရှိသော ကုန်းပြင်တိုက်နယ်တွင် သောက်သုံးရေ သွားရောက်သယ်ယူသိုလှောင်ထားရပြီး ကျေးရွာများရှိ တောင်ကျချောင်းငယ်ရေများမှာလည်း ဆောင်းဦးကာလခန့်အထိသာရရှိကြောင်း၊ ယခုကဲ့သို့ သက်ဆိုင်ရာဌာနဆိုင်ရာအဖွဲ့အစည်းများမှ လတ်တလော သောက်သုံးရေအခက်အခဲအား ကူညီဖြေရှင်းဆောင်ရွက်ပေးခြင်းအပြင် ရေရရှိနိုင်မည့် နည်းလမ်းများအား ကွင်းဆင်းဆောင်ရွက်ပေးသဖြင့် များစွာကျေးဇူးတင်ပါကြောင်းနှင့် နှစ်စဉ်ကြုံတွေ့နေရသောသောက်သုံးရေပြတ်လပ်မှုအား အမြန်ဆုံးအဆင်ပြေအောင် ပူးပေါင်းဆောင်ရွက်သွားရန်ဆန္ဒရှိနေပါကြောင်း ဒေသခံပြည်သူတစ်ဦးက ပြောကြားခဲ့သည်။ **စိုးမင်းဦး(ပြန်/ဆက်)**

ခေမာမိဖုရားချွတ်ခန်းရှေ့ချီထိုးပန်းချီကားနှင့် အခြားဇာတ်တော်များကို အထူးမှာယူမှုများလာ

မန္တလေး ဧပြီ ၁၅

မြန်မာရိုးရာ လက်မှုလုပ်ငန်းဖြစ်သော ရွှေချည်ထိုးလုပ်ငန်းသည် အစဉ်အဆက်ပြုလုပ်ခဲ့သော မြန်မာရိုးရာ အနုပညာလုပ်ငန်းပင်ဖြစ်သည်။ ရွှေချည်ထိုးလုပ်ငန်းကို အပ်ဖြင့်ထိုးချုပ်ရသောအလှအပြောက်လုပ်ငန်းဟုလည်း ခေါ်ကြသည်။ ရှေးခေတ် မြန်မာမှူးမတ်များနှင့် မိဖုရားစသည်တို့သည် ခြူးပန်းခြူးနွယ်ကနုတ်ပါသော အဆင်တန်ဆာများ ပန်းပြောက်ပန်းနွယ် ဖောက်ထိုးထားသော လက်ကျပ်လက်စည်း၊ စည်းပုံမကိုင်၊ သရဖူစသော အဆင်တန်ဆာများကို ဝတ်ဆင်ခဲ့ကြသည်။

ယခင်က ရွှေချည်ထိုးလုပ်ငန်းကို အလှူမင်္ဂလာပွဲများအတွက် တန်ဆာဆင်ရန် အင့်ားလိုက်ခြင်းနှင့် ရွှေချည်ထိုးပန်းချီကားလုပ်ငန်း ရွှေချည်ထိုးအမှတ်တရ လက်ဆောင်ပစ္စည်းများ ပြုလုပ်ရောင်းချကြသည်။ ရွှေချည်ထိုးပန်းချီကားလုပ်ငန်းသည် အနုပညာလက်ရာ မြောက်ပြီး နိုင်ငံခြားဧည့်သည်တို့ကိုအထိ ထိုးဖောက်နိုင်သည်။

ရွှေချည်ထိုးပန်းချီကားလုပ်ငန်းတွင် မြန်မာနိုင်ငံ၏ ရိုးရာအလှ ရှုခင်းများ လှည်းယဉ်၊ ဆင်၊ ဇာတ်နိပါတ်ကားများ၊ နန်းမြို့ရိုးကားများ၊ တရုတ်လိုင်း၊ အိန္ဒိယလိုင်းနှင့် အခြားရှုခင်းလိုင်းမှာအလုပ်ဖြစ်လေ့ရှိသည်။ လက်ရှိကာလတွင်ပြည်တွင်းမှလည်း ခေမာမိဖုရားချွတ်ခန်းနှင့် အခြားဇာတ်ကြီးဆယ်ဘွဲ့ပန်းချီကားများကို လက်ရာမြောက်စွာ ဖန်တီးလျက်ရှိသည်။ မှာယူသူများမှာ လိုချင်သည့် ပုံသဏ္ဌာန်များကိုပြောပြပြီးရွှေချည်ထိုးပညာရှင်မှာ ပန်းချီဆရာထံ အပ်ပေးရသည်။ ပန်းချီကားစိတ်ကြိုက်ဖြစ်ပြီဆိုသည်နှင့်ရွှေချည်ထိုးပန်းချီကားကိုစတင်ပြုလုပ် ဖန်တီးကြသည်။

လက်ဆောင်ပေးလိုသူများမှာလည်း လိုချင်သည့် ပုံသဏ္ဌာန်များကိုမှာယူကြသည်။အချို့သူများမှာမင်္ဂလာဆောင်များအတွက်လှပသောရွှေချည်ထိုးပန်းချီကားများ ကိုမှာယူကြသည်။

လက်ရှိကာလတွင်ပြည်တွင်းမှ ဇာတ်ကြီးဆယ်ဘွဲ့ ရွှေချည်ထိုးပန်းချီကားများ၊ ခေမာမိဖုရားချွတ်ခန်း ပန်းချီကားများကိုမှာယူမှုများသည့်အတွက် တွင်ကျယ်စွာ ပြုလုပ်ပေးနေရကြောင်းသိရသည်။

တိမ်တမန်

ထိုင်းနိုင်ငံဒုက္ခသည်စခန်းတွင် သွားရောက်နေထိုင်ကြသော မြန်မာနိုင်ငံတိုင်ရင်းသားများ နေရပ်ဌာနေ သံတောင်ဒေသသို့ ရောက်ရှိ

ဘားအံ ဧပြီ ၁၅

ထိုင်းနိုင်ငံ မယ်စလီးယားမြို့နယ် မယ်ဒါမိုဒုက္ခသည်စခန်းတွင် သွားရောက်နေထိုင်ကြသော မြန်မာနိုင်ငံ တိုင်ရင်းသားများအား နေရပ်ဌာနေဖြစ်သော ကရင်ပြည်နယ် ဘားအံခရိုင်အတွင်းရှိ သံတောင်ကြီးမြို့နယ်နှင့် ဘောဂလိမြို့တို့သို့ တာဝန်ရှိသူများက ပို့ဆောင်ပေးရာ သံတောင်မြို့ အမှတ်(၄)ရပ်ကွက် အမှတ်(၂) အခြေခံပညာမူလတန်းကျောင်းသို့ ရောက်ရှိပြီး မတ် ၃၁ ရက်က တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံကာ နေထိုင်စားသောက်ရေး အဆင်ပြေစေရန် အသုံးအဆောင်ပစ္စည်းများနှင့် ရိက္ခာများပေးအပ်ခဲ့ကြောင်း သိရသည်။

ထိုင်းနိုင်ငံ မယ်စလီးယားမြို့နယ် မယ်ဒါမိုဒုက္ခသည်စခန်းတွင် သွားရောက် နေထိုင်ခဲ့ကြပြီး မိမိတို့မြန်မာနိုင်ငံ ဆွေမျိုးများရှိရာ အရပ်ဒေသများသို့ ဆန္ဒအရ ပြန်လည်ရောက်ရှိလာကြသော မြန်မာနိုင်ငံတိုင်းရင်းသား ၆၈ ဦးသည် မတ် ၂၄ ရက်က ဘားအံမြို့ ရဲသာကျေးရွာအုပ်စု ရွာသစ်ကျေးရွာရှိ AGAPE HALL ကရင်နှစ်ခြင်းခရစ္စယာန်ဘုရားရှိခိုးကျောင်းတွင် ခေတ္တနေထိုင်လျက်ရှိသည်။

အဆိုပါ ၆၈ ဦးမှာ ၁၃ ဦးသည် ရဲသာကျေးရွာတွင် အခြေချနေထိုင်ပြီး ၅၅ ဦးသည် သံတောင်ကြီးမြို့နယ်နှင့် ဘောဂလိမြို့အတွင်းရှိ သပြေညွန့်ကျေးရွာတွင် နေထိုင်မည်ဖြစ်ရာ မတ် ၃၀ ရက်က ဘားအံခရိုင် အုပ်ချုပ်ရေးမှူး ဦးကျော်စိုးဝင်း ဦးဆောင်ကာ ပြည်နယ်ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန၊ ပြည်နယ်လူမှုဝန်ထမ်း ဦးစီးဌာနတို့မှ ပြည်နယ်ဦးစီးမှူးတို့သည် မှန်လုံယာဉ်များဖြင့် လိုက်လံပို့ဆောင်ပေးကြကြောင်း သိရသည်။

ထိုသို့ပို့ဆောင်ပေးရာတွင် မတ် ၃၁ ရက် နံနက်ပိုင်းတွင် ခေတ္တရောက်ရှိရာ သံတောင်မြို့ အမှတ်(၄) ရပ်ကွက် အမှတ်(၂)အခြေခံပညာမူလတန်းကျောင်းသို့ စစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံကြသည်။

ထိုသို့တွေ့ဆုံရာတိုင်းမှူးက နှုတ်ဆက်စကားပြောကြာပြီး နေထိုင်စားသောက်ရေး အဆင်ပြေစေရန် ဆန် ၁၀ အိတ်၊ ကြက်ဥအလုံး ၅၀၀၊ ခေါက်ဆွဲခြောက်ထုပ်များကို လည်းကောင်း၊ ပြည်နယ်ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဦးစီးဌာန၊ ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနနှင့် UNICEF တို့ ပူးပေါင်း၍ အိမ်ထောင်စုဝင်များအလိုက် အသုံးအဆောင်များ၊ တစ်ဦးချင်းအလိုက်အဝတ်အထည်များ၊ အမျိုးသား အမျိုးသမီးငယ်များအား အသုံးအဆောင် ပစ္စည်းအစုံတို့ကို ဘားအံခရိုင်အုပ်ချုပ်ရေးမှူး၊ ပြည်နယ်ဦးစီးမှူးများနှင့် သံတောင်ကြီးမြို့နယ်အုပ်ချုပ်ရေးမှူးတို့က ပေးအပ်ရာ တစ်ဦးချင်းလက်ခံရယူကြကြောင်းနှင့် သက်ဆိုင်ရာအရပ်ဒေသများသို့ ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ပြီး ဆွေမျိုးမိသားစုဝင်များကလည်း လာရောက်ကြိုဆိုကြကြောင်း သိရသည်။

နေမျိုးလွင်(ပြန်/ဆက်)

ပြည်နယ်ပွဲ့ပြိုးတိုးတက်ရေးအတွက် ဥပဒေဘောင်အတွင်းမှ ဆောင်ရွက်သွားမည်

လွှင်ကော်မြို့ ဧပြီ ၁၅

ခေတ်စနစ်ပြောင်းလဲမှုကိုမူတည်ပြီး ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် ယခင်စနစ်ဟောင်းအတွေးအခေါ် မူပုံစံများကို ခေတ်ကာလနှင့်အညီ ပြောင်းလဲရမှာဖြစ်ပါကြောင်း၊ သက်ဆိုင်ရာဌာနများအလိုက် နိုင်ငံတော်အစိုးရက ပေးအပ်သောတာဝန်ကို ကျေပွန်စွာထမ်းဆောင်ရမှာဖြစ်ပြီး ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများလိုက် နာခြင်း၊ အဂတိတရားကင်းရှင်းခြင်း၊ ပြည်သူအပေါ် ယဉ်ကျေးစွာဖြင့် ဖော်ဖော်ရွေရွေဆက်ဆံခြင်းများကို ဆောင်ရွက်ရင်း မိမိတို့အစိုးရအဖွဲ့နှင့် ရင်းနှီးချစ်ကြည်စွာဖြင့် လုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊ တာဝန်များကို ပျော်ပျော်ရွှင်ရွှင်နဲ့ စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ ကယားပြည်နယ်ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်နယ်တိုးတက်ရေးအတွက် ဥပဒေဘောင်အတွင်းမှ ဆောင်ရွက်ရေးအသုံးစရိတ်များကို ခြိုးခြံခွဲခြားတာပြီး နိုင်ငံတော်၏ ဘဏ္ဍာကို တိုးတက်ရှာဖွေနိုင်ရေး ဆောင်ရွက်ရန် အဂတိလိုက်စားမှုများ ဖြစ်ပေါ်လာပါက ပုဂ္ဂိုလ်ရေးခင်မင်သော်လည်း ဥပဒေအရ င့်ညှာ၍မရနိုင်သဖြင့် မဖြစ်ခင်ကပင် ဆင်ခြင်တုံတရားရှိရှိ၊ သတိရှိရှိ တာဝန်ကိုထမ်းဆောင်ရေး ပြည်နယ်အဆင့် ဌာနဆိုင်ရာများအနေဖြင့် လုပ်ငန်းများ အကောင်အထည်ဖော်ရာမှာ ပြည်သူတို့၏ အသံကိုနားထောင်ခြင်း၊ ပြည်သူတို့၏ဆန္ဒကို အမှန်တကယ် သဘောပေါက်နားလည်ခြင်း၊ ပြည်သူတို့၏ မျှော်လင့်ချက်များကို ထိရောက်စွာဖော်ဆောင်ပေးနိုင်ခြင်း စသည်တို့ကို အစဉ်အမြဲအလေးထားဆောင်ရွက်ရေးတို့ကို ပြောကြားခဲ့သည်။

ထို့အပြင် ဌာနအနေဖြင့် ဒေသခံပြည်သူများနှင့်အနီးစပ်ဆုံးနေရာတွင်ရှိနေရေး၊ ပြည်သူများ၏ မျှော်လင့်ချက်သည် အလွန်မြင့်မားသဖြင့် ထိုမြင့်မားသော မျှော်လင့်ချက်ကို ပြည်သူ့အားဖြင့်ပင် အောင်မြင်စွာ အကောင်အထည်ဖော်ရေး၊ ဌာနဆိုင်ရာများကလည်း အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊ အစိုးရအဖွဲ့အနေဖြင့် အမျိုးသားရင်ကြားစေ့ရေး၊ ငြိမ်းချမ်းရေးရရှိရေးနှင့် ပြည်သူလူထုများ၏ စားဝတ်နေရေး အခြေအနေမြင့်မား တိုးတက်ဖို့အတွက် ရည်မှန်းချက်ထား ဆောင်ရွက်ရေး စသည်တို့ကို ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိက ကယားပြည်နယ် လွှင်ကော်မြို့ ပြည်နယ်ခန်းမ၌ ဧပြီလဆန်း ပြည်နယ်ခရိုင် မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံပွဲတွင် ပြောကြားခဲ့ကြောင်း သိရသည်။

ခရိုင်ပြန်/ဆက်

အညာကျေးလက်ဒေသများတွင် မကျည်းရွက်နုသည့်အချိန်ဖြစ်၍ မန်ကျည်းရွက်နုဆွတ်ခူးရောင်းချသူများ နေ့စဉ်ဝင်ငွေရရှိ

ညောင်ဦး ဧပြီ ၁၅

ယခုလို နွေရာသီကာလသည် သစ်ပင်များ ရွက်ဟောင်းကြွေပြီး ရွက်သစ်ဝေသည့်အချိန်ဖြစ်၍ မကျည်းပင်များမှ မန်ကျည်းရွက်များနုလာပြီဖြစ်ရာ ညောင်ဦးမြို့နယ်အတွင်းရှိ အညာကျေးလက်ဒေသများမှ ကျေးလက်နေအမျိုးသမီးများသည် မန်ကျည်းရွက်နု ထွက်ရှိသောမကျည်းပင်များရှိရာသို့ သွားရောက်၍ မန်ကျည်းရွက်နုများကို မနက်၊ ည ဆွတ်ခူးကာ ညောင်ဦးမြို့ ဘုန်းစဉ်ကျောင်းဝန်းအတွင်း၌ ဖွင့်လှစ်ရောင်း ချနေသည့် အခွန်လွတ်စျေးသို့ သွားရောက်ကာ မန်ကျည်းရွက်နုဆွတ်ခူး ရောင်းချခြင်း အလုပ်ဖြင့် နေ့စဉ်ဝင်ငွေရရှိ နေကြကြောင်း သိရသည်။

ယင်းသို့ မန်ကျည်းနုများ ဆွတ်ခူးရောင်းချခြင်းလုပ်ငန်းကို ညောင်ဦးမြို့နယ် ထီးပုကျေးရွာအုပ်စု ဂျမ်းလှီးကျေးရွာမှ ဒေသခံအမျိုးသမီးများ အများဆုံးလုပ်ကိုင်နေကြကြောင်းသိရသည်။ အဆိုပါ ကျေးရွာမှဒေသခံအမျိုးသမီးများသည် မန်ကျည်းရွက်နုဆွတ်ခူးရောင်းချလုပ်ငန်းကို ယခုလိုရာသီအချိန် ရောက်တိုင်း နှစ်စဉ်ဝင်ငွေတိုးလုပ်ငန်းတစ်ခုအဖြစ် လုပ်ကိုင်နေကြကြောင်းလည်း သိရပြီး ယခုအချိန် မန်ကျည်းပင်များရွက်နု ထွက်ချိန်ဖြစ်သည့်အတွက် မိသားစုဝင်ငွေရရှိစေရန် တစ်ဖက်တစ်လမ်းမှ မန်ကျည်းရွက်နုများ ဆွတ်ခူးရောင်းချခြင်းဖြင့် ဝင်ငွေရရှိနေပြီး အဆင်ပြေနေကြကြောင်း ဂျမ်းလှီးကျေးရွာမှ မန်ကျည်းရွက်နု ဆွတ်ခူးရောင်းချသည့် အမျိုးသမီးများက ပြောပြသည်။

“ကျွန်မတို့ ဂျမ်းလှီးကျေးရွာမှာရှိတဲ့ အမျိုးသမီးများက ဒီလိုနွေရာသီ မန်ကျည်းပင်များ မန်ကျည်းရွက်နုလာပြီဆိုတာနဲ့ မန်ကျည်းရွက်နုများဆွတ်ခူးရောင်းချခြင်းလုပ်ငန်းကို စတင် လုပ်ကိုင်ကြပါတယ်။ အခုလို နွေရာသီ အချိန်မှာ တောင်သူလုပ်ငန်းကလည်း နားတဲ့အချိန်ဖြစ်လို့ မိသားစုဝင်ငွေရရှိရေးအတွက် ဒီလို မန်ကျည်းရွက်နု ဆွတ်ခူးရောင်းချရခြင်းပဲဖြစ်ပါတယ်။ နောက်ပြီး မန်ကျည်းရွက်နု ဆွတ်ခူးရောင်းချတဲ့အလုပ်က အရင်းအနှီးလဲ စိုက်ထုတ်စရာမလိုတော့ ရွာမှာရှိတဲ့ အမျိုးသမီးတိုင်း ဘယ်သူပဲလုပ်လုပ် လုပ်လို့ရပါတယ်။ မန်ကျည်းရွက်နု ဆွတ်ခူးရောင်းချတဲ့အလုပ်ကိုပြောရရင်တော့ ကျွန်မတို့ရွာမှာ မိသားစုအလိုက် တစ်အိမ်လျှင်အနည်းဆုံးသုံး၊ လေးဦးလောက် မန်ကျည်းရွက်နု ဆွတ်ခူးပေးရပြီး ဆွတ်ခူးတဲ့ အချိန်ကလည်း မနက်၊ ည နှစ်ကြိမ် ဆွတ်ခူးရပါတယ်။ ဒီလို ဆွတ်ခူးပြီးသား မန်ကျည်းရွက်နုတွေကို မိမိတို့ အိမ်မှာ နွမ်းခြောက်မသွားအောင် ရေစိုဝတ်နဲ့ ထုတ်ထားရပါတယ်။

နောက်တစ်နေ့ မနက်ကျမှ ညောင်ဦးမြို့ ဘုန်းစဉ်ကျောင်းဝန်းထဲက အခွန်လွတ်စျေးမှာ ရောင်းချကြပါတယ်။ ဒီအလုပ်က မတွင်ကျယ်ဘူးဆိုပေမယ့် မန်ကျည်းရွက်နုပေါ်စအချိန်ဖြစ်လို့ ဝယ်ယူစားသုံးသူများပြီး နေ့စဉ်ဝင်ငွေရှိနေပါတယ်”ဟု ဂျမ်းလှီးကျေးရွာမှ မန်ကျည်းရွက်နုဆွတ်ခူးရောင်းချသည့် အမျိုးသမီးတစ်ဦးက ပြောပြသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

အယ်နီညို အပူလိုင်းဘေးမှ ကင်းလွတ်ရပါလို၏

မြန်ဂုဏ်ဆောင်

ခရစ်တော်၏ရင်သွေးကလေးငယ်နှင့် မိန်းမပျိုလေးဆိုသည့် အမည်နှစ်ခု ကို ကမ္ဘာ့လူသားများက ရင်းနှီးကျွမ်းဝင်လာကြသည်။ ခရစ္စစမတ်ကာလ ဝန်းကျင်က ခေတ်စားလာသော အမည်လေးနှစ်ခုပါ။ စပိန်စကားကဆင်းသက်လာပြီး ဘာသာပေါင်းစုံ လူမျိုးပေါင်းစုံ၏အသိ ဘာသာစကားမှာ မျှားစွာရင်းနှီးကျွမ်းဝင်လာသည်။ ဆယ်စုနှစ်တစ်စု၊ နှစ်စု အတွင်း စပိန်ဘာသာဖြစ်သော်လည်း ကမ္ဘာ့ဘာသာဗေဒလောကကို ထိုးဖောက် လွှမ်းမိုးလိုက်သည်။ ခရစ်တော်၏ရင်သွေးကလေးငယ်မှဆင်းသက်လာသော အယ်နီညိုနှင့် မိန်းမပျိုလေးမှ ဆင်းသက်လာသော လာနီညာတို့က ပစိဖိတ်သမုဒ္ဒရာ၏ရေအေးစီးကြောင်းမှ ပေါ်ထွက်လာရပြီ။

ရာစုနှစ်ပေါင်းများစွာက အရှိန်ယူအားပြင်းပြီး ကျယ်လောင်သောအယ်နီညို အပူလိုင်း၏အရှိန်က တစ်နေ့ထက်တစ်နေ့ ပိုမိုအားကောင်းလာသည်။ ၁၉၉၇-၁၉၉၈ ခုနှစ် ဖြစ်စဉ်တွင် လူပေါင်း ၂၃၀၀၀ ကျော်သေဆုံးပြီး အမေရိကန် ဒေါ်လာ ၄၅ ဘီလီယံကျော်လည်း ပျက်စီးခဲ့ရပြီ။ ဆင်းရဲမွဲတေမှုက ၁၅ ရာခိုင်နှုန်းမြင့်တက်လာသည်။ မုန်တိုင်းထန်သည်။ မိုးခေါင်သည်။ ၂၀၁၅ ခုနှစ်က ဂေါ်ဇီလာအယ်နီညိုက ကမ္ဘာ့လူသားများအားလုံး သန်း ၇၀၀၀ ကျော်ကို စိုးရိမ်စိတ်များဖြစ်စေခဲ့သည်။

အမေရိကန်ကမ်းရိုးတန်းတစ်လျှောက် ရေအေးစီးကြောင်းကို ရေအောက်နက်သည်အထိ နိမ့်ဆင်းစေသည်။ ရေအေးစီးကြောင်းတွင်ပါသော အာဟာရဓာတ်ပစ္စည်းများက ငါးမျိုးစိတ်များအတွက် အထောက်အကူဖြစ်စေသည်။ ရေနွေးပြင်ကျယ်ဖြစ်လာ၍ ကယ်လီဖိုးနီးယားကမ်းခြေမှငါးမျိုးစိတ်များ ရေအေးရာသို့ပြောင်းရွှေ့လာရသည်။ စားကျက်ပြောင်းရသည်။ ပင်လယ်ဖျံကြီးများကလည်း အစားအစာငါးများရှိရာသို့ ပြောင်းရွှေ့ကျက်စားရပြန်သည်။ ပင်လယ်ဖျံသားပေါက်ငယ်များ ငါးမရှိ၍ အစာပြတ်လပ်မှုဒဏ်ကို မျှဝေခံစားရသည်။

အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားကမ်းခြေတစ်လျှောက် မုန်တိုင်းများလွှမ်းမိုး အနှိုင်ယူလာသည်။ ၁၉၈၂-၈၃ ခုနှစ်တွင် အယ်နီညို အပူလိုင်းဒဏ်ကြောင့် ကျွန်းများရှိ အစိမ်းရောင်၊ အနီရောင် ပင်လယ်ရေမှော်များက လွင့်မျောပျက်စီးရပြန်သည်။ ရေမှော်များကို မှီခိုအသက်ရှင်ရသော ပင်လယ်ဖွတ်ကြီးများကလည်း ရေမှော်မရှိ၍ သေကြရပြန်သည်။ အယ်နီညို အပူလိုင်းဖြစ်စဉ်၏ အကျိုးဆက်က မျိုးစိတ်မျိုးကွဲရေနေသတ္တဝါမျိုးစုံ လုံးဝ ကွယ်ပျောက်သွားနိုင်သည်အထိ စွမ်းဆောင်နိုင်သည်။

သစ်ပင်သစ်တော ရေပျော်သတ္တဝါများအတွက် ဂေဟစနစ်ပျက်သုဉ်းလာမှုကြောင့် အယ်နီညို (El Nino)အပူလိုင်းဖြစ်စဉ်များက ပို၍ ပို၍ပြင်းထန်လာအောင် ရာသီဥတုကို ဇောင်းပေးလိုက်သည်။ ၁၀ နှစ်တာ ကာလအတွင်း သဘာဝပတ်လည်ဖြစ်စဉ်အရ ၂၀၁၆ ခုနှစ်တွင် အစိုးရိမ်ဆုံးဥတုရာသီ ဖောက်ပြန်မှုဖြင့် ကြုံတွေ့ရင်ဆိုင်ရနိုင်မှုကို ကမ္ဘာ့လူသားအားလုံးက ကြိုတင်ပြင်ဆင်ကြရပေမည်။

စကြဝဠာတစ်ခုလုံးတွင် မုတ်သုံရာသီဥတု၏ထိုးနက်ချက်များကြောင့် ၁၉၉၇-၁၉၉၈ ခု အယ်နီညို အပူလိုင်းက ကမ္ဘာ့လူသားများစွာကို အရှုံးတရားများစွာဖြင့် ရင်ဆိုင်ခဲ့ကြရသည်။ အတိတ်ကိုပြန် သုံးသပ်ကြည့်ပါက ၁၉၉၇-၁၉၉၈ ခုနှစ် နှစ်အတွင်း အပူချိန်က ဖြစ်မြဲထက် ပိုကဲခဲ့သည်။ ၁၉၉၇-၁၉၉၈ ခုနှစ်အတွင်း မိုးခေါင်ဒဏ်ခံခဲ့ရသည်။ ၁၉၉၇ ခုနှစ်တွင် မုန်တိုင်းဖြစ်ပေါ်မှု သိသိသာသာလျော့နည်းခဲ့ရသည်။ ၁၉၉۷-၁၉၉၈ ခု နှစ်နှစ်အတွင်း မုတ်သုံအဝင်နောက်ကျခဲ့ရသည်။ အယ်နီညိုအပူလိုင်းခေါင်းလောင်းသံကြီးက ကမ္ဘာကို တုန်လှုပ်စေခဲ့သည်။ မိုးဥတုရာသီ တိုတောင်းခဲ့ရသည်။

ရာသီဥတုဆိုင်ရာပညာရှင်များက အယ်နီညိုအပူလိုင်း၏ဒွေဆော်ဦးဖြစ်စဉ်တစ်ရပ်ကို ၂၀၁၅ ခု နှစ်ကုန်ခါနီးဝယ် ရေကြီးရေလျှံ မုန်တိုင်းဒဏ်ကို ကျော်လွှားခဲ့ပြီးပြီ။

ကမ္ဘာတွင် အာရှ၊ အာဖရိက၊ လက်တင်အမေရိကတို့တွင် ၁၉၅၀ ပြည့်နှစ်ကတည်းကခြေရာခံမိသော အယ်နီညိုအပူလိုင်း၏ပုံရိပ်က မြန်မာပြည်ရှိလူဦးရေသန်း ၅၀ ကျော်သို့ မျက်စောင်းထိုးလာသည်။ ၂၀၁၆ ခုနှစ် မတ်၊ ဧပြီ၊ မေ ပြက္ခဒိန်နှစ်၏ ရာသီခွင်စက်ပိုင်း၏အလှည့်အပြောင်းဝယ် ငုပ်ချည်ပေါ်ချည် မျှဝေ ခံစားရတော့မည်။ ကျန်းမာရေးမျက်နှာစာ၊ စိုက်ပျိုးရေးမျက်နှာစာ၊ လူမှုရေးမျက်နှာစာတို့ဝယ် စံချိန်တင်အပူနှစ်၏သုံးလကြာကာလကို မည်သို့ကျော်လွှားရမည်ကို အတွေးစိတ်ဖြင့် ရင်ဖိုကြရသည်။ နေရင်းမိခင်ဌာနတွင် ခိုအောင်နားနေရင်းက အယ်နီညို အပူလိုင်းကို ငုံ့လင့်စောင့်စားနေကြသည်။

ကမ္ဘာ့ရပ်ဝန်းဒေသအသီးသီးတွင် အယ်နီညိုအပူလိုင်းအတွက် ကြိုတင်ပြင်ဆင်မှု၊ ကာကွယ်မှုများပြုလုပ်နေကြသည်။ အရှေ့ပစိဖိတ်စီပွားရေးနောက်ဆုံးအခြေအနေအရ ကမ္ဘာ့ဘဏ်အုပ်စုများက အယ်နီညိုကို ကြိုတင်တွက်ဆခန့်မှန်းပြီး သတိပေးနေကြသည်။ မိုးခေါင်မှု၊ ရေလွှမ်းမှု၊ ညစ်ညမ်းရေမှ သွေးလွန်တုပ်ကွေးဖြစ်နိုင်မှုများကို ကြိုတင်ကာကွယ်ရန်သတိပေးနေကြသည်။

ဖိလစ်ပိုင်က ၂၀၁၆ ခု ဖေဖော်ဝါရီလတွင် နိုင်ငံ၏ ၈၀ ရာခိုင်နှုန်း မိုးခေါင်ရေရှားမှု ကြုံတွေ့ဖွယ်ရာ စိန်ခေါ်မှုကို ကျော်လွှားရန်ကြိုးစားနေသည်။ ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယားက လယ်သမား၊ တောင်ယာသမား တို့က စိုက်ပျိုးရေးလုပ်ငန်းခွင်ကို ကျော်ခိုင်းစပြုလာကြသည်။

တရုတ်နိုင်ငံ လျှောင်နင်းပြည်နယ်ရှိ ပြည်သူ၂၃၀၀၀၀သည် ၁၉၅၁ ခုနှစ် ဇူလိုင်လက မိုးရေချိန်လျော့နည်းမှုကြောင့် ရေရှားပါးမှုပြဿနာကြုံတွေ့ခဲ့ရသည်။

ဂေါ်ဇီလာအယ်နီညို အပူလိုင်းကြောင့် ရေဝန်မိကျောင်းများသေဆုံးနိုင်ကြောင်း ဩစတြေးလျှကျွန်းကျင်သူများက သတိပေးထားသည်။ ဩစတြေးလျှနိုင်ငံမြောက်ပိုင်းတွင် ၂၀၁၅ ခုနှစ် နိုဝင်ဘာမှ ၂၀၁၆ ခု ဧပြီထိ မုတ်သုံမိုးရွာသည့်ရာသီဖြစ်သော်လည်း ဂေါ်ဇီလာအယ်နီညိုအပူလိုင်းကြောင့် နှစ်ဆန်းတွင် မိုးအဝင်နောက်ကျလိမ့်မည်ဟူ၍ ဩစတြေးလျှမိုးလေဝသဗျူရိုက ခန့်မှန်းသည်။ ရှည်လျားသော ပူပြင်းခြောက်သွေ့မှု၊ ရေခန်းခြောက်မှုကြောင့် မြစ်ချောင်းနေ ရေဝန်မိကျောင်းများသေဆုံးနိုင်ကြောင်း မိုးလေဝသကျွမ်းကျင်ပညာရှင်များက သတိပေးကြသည်။

၁၉၅၀ ပြည့်နှစ်ဝန်းကျင်ကရိုက်ခတ်ခဲ့သော အယ်နီညိုအပူလိုင်းကြောင့် အာရှ၊ အာဖရိက၊ လက်တင်အမေရိကတွင် ရာသီဥတုပြောင်းလဲမှုဆိုးရွားခဲ့ရသည်။ အိန္ဒိယသမုဒ္ဒရာနားတွင်ရှိသောနိုင်ငံများ ရေရှားခဲ့ရသည်။ နွေဦးကုန်သည်လေက အားနည်းပြီး အယ်နီညိုအပူလိုင်းကြောင့် သမုဒ္ဒရာရေပူစီးကြောင်းက အပူများလွင့်ပါမတိုက်ခတ်နိုင်၍ အပူဒဏ်၏စိန်ခေါ်မှုကိုခံခဲ့ရသည်။

၁၉၉၂ ခု ဘရပ်ဆဲလ်မြို့တွင် ကျင်းပခဲ့သော အပြည်ပြည်ဆိုင်ရာနိုင်ငံတကာအဖွဲ့အစည်းများ၏ ပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးညီနှိုင်းအစည်းအဝေးတွင် ရာသီဥတုပြောင်းလဲမှုအကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ပြီး ကမ္ဘာကြီးပူနွေးမှု (Golbal Warming)က လူသားတို့၏နေမှု၊ ထိုင်မှု၊ အကျင့်စရိုက်၊ လှုပ်ရှားမှုကြောင့်သာဖြစ်ကြောင်း အဓိပ္ပာယ်ဖွင့်ဆိုခဲ့သည်။ လူသားများရွေးချယ်သော စီးပွားရေးပုံစံကြောင့်၊ စက်မှုလက်မှုထွန်းကားမှုကြောင့်၊ စနစ်တကျမလုပ်ဆောင်နိုင်မှုကြောင့်သာဖြစ်ကြောင်းသုံးသပ်သည်။

ရာသီဥတုဖောက်ပြန်မှုကြောင့် အယ်နီညိုနှင့် လာနီညာတို့က အရှိန်အဟုန်မြင့်လာသည်။ ရာသီဥတုဖောက်ပြန်မှုနှင့် စီးပွားရေးဖောက်ပြန်မှုက ကွင်းဆက်ရှိသည်။ အပြန်အလှန်ချိတ်ဆက်နေသည်။

မိုးလေဝသနှင့် ဇလဗေဒပညာရှင် ဒေါက်တာထွန်းလွင်က သဘာဝ ပတ်ဝန်းကျင်ရေးရာအဖွဲ့ (German Watch) က လေးနှစ်ဆက်တိုက် ထုတ်ပြန်ချက်တွင် မြန်မာပြည်က လေးနှစ် ဆက်တိုက်အဆိုးရွားဆုံးစာရင်းတွင် ပါဝင်နေကြောင်း၊ ယခုနှစ်အယ်နီညိုအမြင့်မားဆုံးနှစ်တွင် ပိုမိုဂရုစိုက်ရန်လိုအပ်ကြောင်း၊ အစိုးရကလည်း အရေးကြီးကိစ္စတစ်ရပ်အနေဖြင့် စဉ်းစားဆောင်ရွက်စေလိုကြောင်း ထုတ်ဖော်ပြောကြား . . .

တစ်ကမ္ဘာလုံးရင်ဆိုင်ကျော်လွှားခဲ့ရသော ယခုပင်ရင်ဆိုင်ကြရမည့် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု အခက်အခဲများကို အကောင်းဆုံးကျော်လွှားနိုင်ရန် ကမ္ဘာ့ခေါင်းဆောင်များက တွေးတောကြံဆပြီး နည်းလမ်းများရှာနေကြပါပြီ။

အမေရိကန်နှင့် တရုတ်က ပါရီမြို့၌ကျင်းပသော ရာသီဥတုဆိုင်ရာထိပ်သီးအစည်းအဝေးကို ၂၀၁၅ ခု ဒီဇင်ဘာ ၁ ရက်ကကျင်းပခဲ့ပြီး ကမ္ဘာကြီးပူနွေးလာမှုကို တိကျသောအစီအမံများဖြင့်တိုက်ဖျက်ရန် တိုက်တွန်းလိုက်သည်။ အဆိုပါအစည်းအဝေးက ကမ္ဘာ့စီးပွားရေးသည် ရုပ်ကြွင်းလောင်စာများအပေါ် မှီခိုအားထားနေရခြင်းကိုလျော့ချသင့်ပြီဖြစ်ကြောင်း ကမ္ဘာကြီးသည် စိုးရိမ်ရသည့် အနေအထားသို့ ရောက်ရှိနေပြီဖြစ်ကြောင်း ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်း (François Hollande)က ပြောဆိုအကြံပြုသည်။

ပါရီမြို့သို့ရောက်ရှိသော ကမ္ဘာ့ခေါင်းဆောင်များအနေဖြင့် ရာသီဥတုပြောင်းလဲမှုအကြောင်း ကိုင်တွယ်နိုင်ရေးဥပဒေတစ်ရပ်ပြဋ္ဌာန်းရန် ကတိကဝတ်ပြုခဲ့ကြသည်။ ဆယ်စုနှစ်များစွာ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုနှင့် ပတ်သက်၍ ရုန်းကန်ခဲ့ရမှုများနှင့် လွန်ခဲ့သောခြောက်နှစ်က ကိုပင်ဟေဂင် ထိပ်သီးအစည်းအဝေး၌ ဆွေးနွေးမှုမအောင်မြင်ခဲ့မှုအပေါ် ၂၀၁၅ ခု ဒီဇင်ဘာလတွင် သဘောတူညီမှုကို ကြိုးပမ်းခဲ့သည်။ အမေရိကန်သမ္မတ ဘားရက်အိုဘားမားက လည်း 'ကျွန်တော့်အနေနဲ့ ကမ္ဘာ့ရာသီဥတုကို ပြန်လည်ကောင်းမွန်လာအောင်လုပ်နိုင်မယ်လို့ မျှော်လင့်ပါတယ်။ ကမ္ဘာကြီးကို ကျွန်တော်တို့ ပူးပေါင်းကာကွယ်ရမှာဖြစ်တယ်'ဟူ၍ ညွှန်းဆိုခဲ့သည်။

မြန်မာနိုင်ငံသည် ရာသီဥတုဒဏ်အပြင်းထန်ဆုံး ထိပ်ဆုံးသုံးနိုင်ငံတွင် ပါဝင်နေကြောင်း ဂျာမနီနိုင်ငံ ဘွန်းမြို့အခြေစိုက် သာဘာဝပတ်ဝန်းကျင်ရေးရာအဖွဲ့ (German Watch)က ၂၀၁၅ ခု ဒီဇင်ဘာ ၃ ရက်က သတင်းထုတ်ပြန်သည်။ ၁၉၉၅-၂၀၁၄ ခုနှစ်အတွင်း ကမ္ဘာ့နိုင်ငံများ၏ ရာသီဥတုအပြင်းထန်ဆုံးတွေ့ကြုံနေရသော ထိပ်သီးနိုင်ငံတွင် မြန်မာ၊ ဟွန်ဒူးရပ်စ်နှင့် ဟေတီနိုင်ငံတို့ဖြစ်ကြောင်း ပဲရစ်တွင်ကျင်းပသော ရာသီဥတုညီလာခံ၏ ကိန်းဂဏန်းစာရင်း ဇယားရည်ညွှန်းကိန်းအရ ကိုးကားထုတ်ပြန်သည်။

မိုးလေဝသနှင့် ဇလဗေဒပညာရှင် ဒေါက်တာထွန်းလွင်က သဘာဝ ပတ်ဝန်းကျင်ရေးရာအဖွဲ့ (German Watch)က လေးနှစ်ဆက်တိုက် ထုတ်ပြန်ချက်တွင် မြန်မာပြည်က လေးနှစ်ဆက်တိုက်အဆိုးရွားဆုံးစာရင်းတွင် ပါဝင်နေကြောင်း၊ ယခုနှစ်အယ်နီညိုအမြင့်မားဆုံးနှစ်တွင် ပိုမိုဂရုစိုက်ရန်လိုအပ်ကြောင်း၊ အစိုးရကလည်း အရေးကြီးကိစ္စတစ်ရပ်အနေဖြင့် စဉ်းစားဆောင်ရွက်စေလိုကြောင်း ထုတ်ဖော်ပြောကြားသည်။

၂၀၁၆ ခုနှစ် ကမ္ဘာ့ရာသီဥတုဆိုင်ရာအန္တရာယ်ညွှန်းကိန်းအရ မြန်မာ၊ ဟွန်ဒူးရပ်စ်နှင့် ဟေတီတို့ထိပ်ဆုံးမှပြီးလျှင် ဖိလစ်ပိုင်၊ နီကာရာဂွာ၊ ဘင်္ဂလားဒေ့ရှ်၊ ဗီယက်နမ်၊ ပါကစ္စတန်၊ ထိုင်းနှင့် ဂွါတီမာလာနိုင်ငံတို့က ရာသီဥတုအဆိုးရွားဆုံးကြုံတွေ့ရမည်ဖြစ်သည်။

ရှောင်လွှဲတိမ်းရှောင်၍မရနိုင်သော ရာသီဥတုပြောင်းလဲဖောက်ပြန်မှုပြဿနာကို ဒေသဆိုင်ရာအစိုးရ မိခင်ဌာန၊ အရပ်ဘက်အဖွဲ့အစည်း၊ နိုင်ငံတကာအဖွဲ့အစည်းတို့၏နည်းပညာဖြင့် ကူညီဖေးမမှုများကို ကြိုတင်ရယူသင့်ပါသည်။ ချမ်းသာသောနိုင်ငံများထက် ဆင်းရဲသောနိုင်ငံ၊ မဖွံ့ဖြိုးသောနိုင်ငံများက ပိုမိုစိန်ခေါ်မှုကိုခံကြရမည်သာဖြစ်သည်။

ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုထိခိုက်လွယ်ဆုံးနိုင်ငံ (၁၀) နိုင်ငံတွင် မြန်မာနိုင်ငံပါဝင်နေကြောင်း ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၃ ရက် ဂရင်းအမရဟိုတယ်နေပြည်တော်တွင်ပြုလုပ်သော ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်းတွင် အဖွဲ့ဝင်နိုင်ငံများ၏ (၂၁) ကြိမ်မြောက်ညီလာခံဆိုင်ရာ အတွေ့အကြုံရှင်းလင်းပွဲတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနက ညွှန်းဆိုသည်။

၂၀၁၆ ခုနှစ် ကမ္ဘာ့ရာသီဥတုဆိုင်ရာအန္တရာယ်ညွှန်းကိန်းအရ မြန်မာ၊ ဟွန်ဒူးရပ်စ်၊ ဟေတီနိုင်ငံတို့သည် သစ်တောကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ရေလုပ်ငန်းကဏ္ဍ၊ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးကဏ္ဍနှင့် စက်မှုကဏ္ဍတို့တွင် ထိပ်ဆုံးနိုင်ငံများအဖြစ် ခံစားကြရမည်ဖြစ်သည်။ ထို့ပြင် ဖိလစ်ပိုင်၊ နီကာရာဂွါ၊ ဘင်္ဂလားဒေ့ရှ်၊ ဗီယက်နမ်၊ ပါကစ္စတန်၊ ထိုင်း၊ ဂွါတီမာလာတို့တွင် ရာသီဥတုအဆိုးရွားဆုံးကြုံတွေ့ရမည်ဖြစ်သည်။

၂၀၁၄ ခုနှစ်ကထက် ဆားဘီးယား၊ အာဖဂန်နစ္စတန်၊ ဘော့စနီးယား၊ ဟာဇီဂိုဗီးနားနိုင်ငံတို့က ရာသီဥတုပြင်းထန်မှုကို ခံစားကြရမည်။ အနှစ် နှစ်ဆယ်အတွင်း မုန်တိုင်း၊ ရေကြီးရေလျှံ၊ မြေပြိုမှု၊ မိုးခေါင်မှုတို့ကို ကြုံတွေ့လာနိုင်ကြောင်း သတင်းထုတ်ပြန်ခဲ့သည်။

အယ်နီညိုရာသီဥတုက အာဖရိကအရှေ့ပိုင်းတွင် အင်တော်ပြဿနာနှင့် လူသန်းပေါင်းများစွာ ရင်ဆိုင်ရမည်ဟူ၍ ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုရေးရာပူးပေါင်းဆောင်ရွက်ရေးရုံး (OCHA)က သတိပေးထားသည်။ အာဖရိကအရှေ့ပိုင်းတွင် ၂၀၁၅ ခုနှစ် ဒီဇင်ဘာက အစားအစာမလောက်ငမှုကို ၁၈ ဒသမ ၅ သန်းရှိနေရာမှ အယ်နီညိုရာသီဥတုစိန်ခေါ်မှုဒဏ် ဆိုးရွားစွာ ခံစားရဖွယ်ရှိသည်။ အာဖရိက အီရီထရီးယားဒေသ တောင်ဆူဒန်၏မဟာနိုင်းမြစ်အထက်ပိုင်းဒေသ၊ ယူဂန္ဒာမြောက်ပိုင်း၊ ဆိုမာလီယာဒေသ၊ ပန့်လင်းဒေသတို့၌ ပိုမိုခြောက်သွေ့ပြီး မိုးသည်းထန်မည့် အီသီယိုးပီးယား၊ ကင်ညာ၊ ဆိုမာလီယာ ယူဂန္ဒာမြစ်ကြီးများ ရေလျှံမည့်အလားအလာပိုများကြောင်း COHA က ညွှန်းဆိုသည်။ ရေကြီးရေလျှံမှုကြောင့် ကင်ညာတွင် လူတစ်ရာသေဆုံးပြီး လေးနိုင်ငံမှ ပြောင်းရွှေ့လူသုံးသိန်းကျော်ကြောင်း ကုလသမဂ္ဂကညွှန်းဆိုသည်။

သဘာဝဘေးအန္တရာယ်မျက်နှာစာတွင် တစ်ကျော့ပြန်အယ်နီညို၏ စိန်ခေါ်မှု၊ ကျိန်စာသင့်စေမှုတို့ကြောင့် ၂၀၁၅ ခုနှစ် ကာလတိုအတွင်း သဘာဝ ပတ်ဝန်းကျင်နှင့် သဘာဝဘေးအန္တရာယ်မျိုးစုံက ဘက်စုံထောင့်စုံ ရှုထောင့်စုံက မျက်နှာစာဖွင့်အနိုင်ယူခဲ့သည်။

အမိမြန်မာပြည်တွင်လည်း ရေကြီးနစ်မြုပ်မှုကို (၅၆) ကြိမ်ရင်ဆိုင်ကျော်လွှားခဲ့ရသည်။ ၂၀၁၅ ခု ဇူလိုင် ဩဂုတ်လများ၏ မိုးသည်းထန်စွာရွာဖြိုးမှုကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၂ ခုတွင် စံချိန်တင်ရေကြီးနှစ်မြှုပ်ခံခဲ့ရသည်။ မကွေး၊ စစ်ကိုင်း၊ ချင်း၊ ရခိုင်ဒေသများတွင် ပြည်သူ ၁၆၂၄၃၅၅ ဦး ဘေးလွတ်ရာသို့ပြောင်းရွှေ့ခဲ့ပြီး အိမ်ခြေ ၄၈၉၈၉၇ လုံးရေဘေးသင့်သည်။ ၂၁၂၂၁ လုံး လုံးဝပျက်စီးပြီး ၄၆၈၆၇၆ လုံး တစ်စိတ်တစ်ပိုင်းပျက်စီးခံရသည်။ ရေဘေး စိန်ခေါ်မှုကြောင့် လယ်ယာမြေ ၁၄၇၅၉၇၂ ဧက ရေဝင်နစ်မြုပ်ပြီး လယ် ၁၁၁၅၃၃၉ ဧကပျက်စီးရသည်။

အမိမြန်မာပြည်တွင် ၂၀၁၅ ခုနှစ်အတွင်း မီးလောင်ကျွမ်းမှု ၁၀၂ ကြိမ်ဖြစ်ပွားခဲ့ပြီး အိမ်ခြေ ၇၂၄ လုံးဆုံးရှုံးရာ လူ ၃၉၆၈ ဦးဒုက္ခရောက်ခဲ့ရသည်။

အယ်နီညိုအပူလိုင်းကြောင့် လေပြင်းတိုက်မှု ၁၃၆ ကြိမ်ဖြစ်ပွားခဲ့ရာ အိမ်ခြေ ၆၀၉၆ လုံးပျက်စီးပြီး လူ ၂၁၃၈၇ ဦးမီခိုရာမဲ့ဖြစ်ကြသည်။ ထို့ပြင် အခြားဘေးဒုက္ခများ ၁၃၃ ကြိမ်ဖြစ်ရာ အိမ်ခြေ ၇၆၈၁ လုံးပျက်စီးပြီး လူ ၃၉,၂၈၀ ဦးဒုက္ခကြုံတွေ့ရသည်။ ကမ်းပြိုမှု ၅၇ ကြိမ်၊ မြေပြိုမှု ၁၅ ကြိမ်၊ မီးကြိုးပစ်မှု ၄၄ ကြိမ်၊ ပြောင်းရွှေ့ရမှုဘေး ငါးကြိမ်၊ သင်္ဘောနစ်မြုပ်မှု တစ်ကြိမ်၊ ရေမျောမှု သုံးကြိမ်၊ လေ့စီးနစ်မြုပ်မှု သုံးကြိမ်၊ တိုက်ပွဲရှောင် ငါးကြိမ်ဖြစ်ခဲ့သည်။

မြေလျင်ဘေးတွင် အင်အားရစ်ချိတာစကေး ၅ အောက်တွင် ၈လျင် လေဘေးမကြာခဏလှုပ်ခတ်ခဲ့သည်။ မြန်မာပြည်တွင် ၈လျင်ဒဏ် လမ်းကြောင်းအရ မန္တလေး၊ စစ်ကိုင်း၊ ကျောက်မြောင်း၊ ဝန်းသိုတို့တွင် မြေလျင် လှုပ်ခတ်ခဲ့သည်။ ၂၀၁၅ ခု နိုဝင်ဘာ ၂၇ ရက် မြန်မာစံတော်ချိန် ၃ နာရီ ၄ မိနစ်က မန္တလေးမြေလျင်စခန်း မုံရွာ၏အနောက်မြောက်ဘက် ၃၅ မိုင်ကိုဗဟိုပြု အင်အားရစ်ချိတာစကေး ၅ ဒသမ ၄ ၈လျင်၊ ညနေ ၆ နာရီ ၃၄ မိနစ်တွင် မန္တလေးမှ အနောက်မြောက်ဘက် မိုင် ၈၀ အကွာ ကနီမြို့အရှေ့မြောက် ၁၇ မိုင်တွင် အင်အားရစ်ချိတာစကေး ၄ ဒသမ ၅ အဆင့်လျင်၊ စစ်ကိုင်းပြတ်ရွှေ့ကလေးဝမြို့အနီးတောင်ဘက် တောင်ကြီးအနီးရှိ ကျောက်ကြမ်းပြတ်ရွှေ့လျင်၊ ရှမ်းပြည်နယ်မြောက်ပိုင်း အရှေ့အနောက်တန်းရှိ ပြန်ရွှေ့လျင်တို့က စိန်ခေါ်ခဲ့ကြသည်။

အမိမြန်မာပြည်ရှိ မီးတောင်သေဒေသများတွင် ပုပ္ပါး၊ ကောလင်း၊ ဝန်းသို၊ မုံရွာတို့ ပါဝင်တည်ရှိနေသည်။

လူသားတစ်ဦးချင်းစီတွင် နေပူလိုင်းကြောင့် ချွေးထွက်သည်။ ခန္ဓာကိုယ်က ရေဓာတ်နှင့် ဓာတ်ဆားဆုံးရှုံးရသည်။ ခြေလက်နုံးခွေသည်။ မသယ်ချင်၊ မထမ်းချင်၊ မလုပ်ချင်ဖြစ်သည်။ ဦးနှောက်ကိုပင်ထိခိုက်၍ သတိလစ်ရသည်။ အတက်ရောဂါခံစားရသည်။ ခန္ဓာကိုယ်အပူချိန်ကို ထိန်းညှိမှုစွမ်းအားယုတ်လျော့သွားပြီး ကိုယ်ပူသည်။ ဖျားနာသည်။ လျှပ်တပြက် (Heat Stroke)ဒဏ် မျှဝေခံစားရသည်။

အယ်နီညိုအပူလိုင်းက ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်တစ်ရပ်ကို ဖန်တီးတည်ဆောက်ရာတွင် ၁၀ နှစ်တစ်ကြိမ်တွေ့ခဲ့ရမှု သဘာဝပတ်ဝန်းကျင်ဖြစ်စဉ်ဆိုးများကို သင်ခန်းစာရယူပြီး အသိဉာဏ်ရှိသော လူသားတိုင်းက မိမိ ပင်ကိုယ်အသိ၊ ကျန်းမာရေးသတိဖြင့် အပူချိန်မြင့်မားမြင့်တက်မှုဒုက္ခ၊ မိုးနည်းဒုက္ခ၊ ရေရှားမှုဒုက္ခ၊ စိုက်ပျိုးရေးဘဝပေးဒုက္ခဟူသမျှကို ခါးစည်းရင်ဆိုင်ကျော်လွှားပြီး အယ်နီညိုအပူလိုင်းစိန်ခေါ်သံကို မဖြစ်မနေကျော်လွှားကြပါစို့ ဟူ၍ . . . ။

ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်နေ
ဒုတိယဒိုလ်မှူးကြီး မောင်မောင်ထွန်း (ငြိမ်း)- ဒေါ်ဟေမာမြင့်တို့၏သားကြီး
မောင်ကျော်ကျော်အောင် (၁) ဖိုးသား
M.E (Mechanical), Director (Grand Epic Co., Ltd.) နှင့်
ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်နေ
ဦးဝင်းအောင် (စက်မှုစီးပွားထုးချွန်တတိယဆင့်)-ဒေါ်စုစုမြင့်တို့၏သမီး
မအိသဇင်အောင်
M.E (Electronic), Planner II (Asian Wings Airways)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာကြီး
ဦးမောင်မောင်(ခ)ဦးစစ်ဝှာ
အသက်(၈၈)နှစ်
Chairman
Shining Moon Co.,Ltd
Myanmar Ngwe La Yaung Co.,Ltd
ငွေလရောင်ပိန်အိတ်စက်ရုံ

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ရွှေသရဖိုရိပ်မှန်၊ အမှတ်(၄၄)နေ (ဦးကြီးရှ-ဒေါ်ကျင်မြ)တို့၏သား၊ ဒေါ်ခင်မေလွင်(carol)၏ခင်ပွန်း၊ မဝါဝါလွင်-ကိုကျော်ခိုင်ထွန်း၊ မသီတာလွင်-ကိုဇေယျာဖြိုး(ZYP Co.,Ltd)၊ မစန္ဒာလွင်-ကိုထက်ပိုင်တို့၏ဖခင်၊ မစုသီရိဒေဝီ၊ မတော်ဝင်လင်း၊ Micheal တို့၏အဘိုးသည် ၁၄-၄-၂၀၁၆ (ကြာသပတေးနေ့) ညနေ ၆း၂၀နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၄-၂၀၁၆(သောကြာနေ့) နံနက် ၈း၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူးရ၍ ၂၀-၄-၂၀၁၆(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်း ကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]
ကျန်ရစ်သူမိသားစု

ဦးချစ်လှိုင် (၈၅)နစ်
(ရေတာရှည်မြို့)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်၊ (မြောက်ပိုင်း)မြို့နယ်၊ (၃၄)ရပ်ကွက်၊ သရဖီ(၁)လမ်း၊ အမှတ်(၅၇၆/ခ)နေ ဒေါ်တင်ရီ(အထပြ-ငြိမ်း၊ အထက၊ ရေတာရှည်)၏ ခင်ပွန်း၊ ဦးထွန်းရီ-ဒေါ်နှင်းနှင်းလှိုင်၊ ဦးသိန်းဝင်း-ဒေါ်သင်းသင်းလှိုင် ဦးကျော်သူလှိုင်-ဒေါ်ဝင်းဝင်းမြင့်၊ ဒေါ်ဝင်းဝင်းလှိုင်၊ ဦးစည်သူလှိုင်တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မောင်စိုးမြတ်မင်း-မမေသန္တာစိုး၊ မောင်ကောင်းမြတ်၊ မောင်မျိုးသက်ထွန်း၊ မထက်သဇွာထွန်း၊ မချိုးမြတ်စန္ဒီကျော်တို့၏အဘိုး ဦးချစ်လှိုင်သည် ၉-၄-၂၀၁၆ (စနေနေ့)ည ၁၀း၅၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၁-၄-၂၀၁၆(တနင်္လာနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ကြောင်း ရပ်နီးရပ်ဝေးဆွေမျိုးများအား အကြောင်းကြားအပ်ပါသည်။
ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ချစ်ချစ်(သံတွဲမြို့) (၇၅)နစ်
အထပြ(ငြိမ်း)
အထက(၃)-ကြည့်မြင်တိုင်း၊ အထက(၁)-သယ်နီးကျွန်း
အထက(၂)၊ ပုဇွန်တောင်

သံတွဲမြို့နေ (ဦးလှကျော်-ဒေါ်သိန်းညွှန့်)တို့၏ သမီး၊ ဦးတင်လေး-ဒေါ်မြင့်မြင့်၊ (ဦးစိုးဝင်း)-ဒေါ်ကြည်ခင်တို့၏ ညီမ၊ ကိုရည်မွန်-မခင်ချိုချိုသက်၊ ကိုစည်သူ၊ ကိုသိန်းသန်းစိုး(ခ)ဘိုနီ၊ ကိုမိုးမြင့်စိုး(ခ)ကိုပု၊ Dr.ရဲတွင်စိုး-Dr.စုစုမောင်၊ Dr.သက်တင်ညွှန့်-Dr.လတ်လတ်စိုးတို့၏ အဒေါ်၊ မောင်ဇွဲသက်တင်၊ မမြတ်စုအေးတို့၏ အဘွားသည်၁၄-၄-၂၀၁၆(ကြာသပတေးနေ့) ည ၁၀း၁၅နာရီတွင် အမှတ်(၂၀/က)မဟာမြိုင်လမ်း၊ စမ်းချောင်း၊ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၄-၂၀၁၆(သောကြာနေ့)နံနက် ၁၀း၄၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်ဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၀-၄-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီ မှ ၁၀နာရီအထိ အမှတ်-၂၀(က)၊ မဟာမြိုင်လမ်း၊ စမ်းချောင်းမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]
ကျန်ရစ်သူမိသားစု

ဦးစိုးဝင်းလှိုင် အသက်(၇၁)နှစ်
ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊သစ်တောဦးစီးဌာန
ဒုတိယဥက္ကဋ္ဌ၊ (FREDA) အသင်း
အသက်(၇၁)နှစ်

အောင်လံမြို့နေ ဦးကျော်မြ-ဒေါ်မြကြည်တို့၏သား၊ တောင်တွင်းကြီးမြို့နေ ဦးစိုးတင့်-ဒေါ်ခင်ဝတို့၏ သားသမက်၊ ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ နင်းဆီဥယျာဉ်(၂)၊ ပင်လုံအိမ်ရာ၊ အမှတ်-၃၅(B) နေ ဒေါက်တာခင်သန်းသန်းစိုး၏ခင်ပွန်း၊ ဦးကျော်စိုးလှိုင်-ဒေါ်ထက်ထက်အောင်၊ ဦးလင်းစိုးလှိုင်-ဒေါ်ယဉ်နွယ် ဝင်းတို့၏ ကျေးဇူးရှင်မွေးသဖခင်သည် ၁၂-၄-၂၀၁၆ရက် နံနက်၉နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးများအား အကြောင်းကြားအပ်ပါသည်။
ကျန်ရစ်သူမိသားစု

ဦးစိုးဝင်းလှိုင်
ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ သစ်တောဦးစီးဌာန
ဒုတိယဥက္ကဋ္ဌ၊ (FREDA) အသင်း
အသက်(၇၁)နှစ်

အောင်လံမြို့နေ ဒေါ်မြမြသန်း၊ ဦးသောင်းမြင့်-ဒေါ်ဟန်မြင့်၊ ဒေါ်စန်းစန်းမြတ်တို့၏ မောင်၊ ဦးတင်ဝင်း-ဒေါ်ခင်ဝင်းမြင့်၊ ဦးခင်မောင်ဦး-ဒေါ်တင်တင်ဌေးတို့၏အစ်ကို၊ တောင်တွင်းကြီးမြို့နေ ဒေါ်ခင်ဆွေဆွေဝိုး၊ ဦးစံအောင်စိုး၊ ဒေါ်ခင်သီတာစိုး၊ ဒေါ်မချိုတို့၏ အစ်ကိုကြီးသည် ၁၂-၄-၂၀၁၆ နံနက်၉နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ(၅) နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးများအား အကြောင်းကြားအပ်ပါသည်။
ကျန်ရစ်သူမိသားစု

ဦးမျိုးဆွေ
(B.E Mechanical)
အသက်(၅၇)နှစ်

မုံရွာမြို့၊ ထန်းတောရပ်နေ(ဦးဘိုကြည်-ဒေါ်သောင်းလှိုင်)တို့၏ သား၊ ဦးခင်မောင်ဝင်း၊ ဒေါ်စန်းဝေ၊ မမင်း၊ မသွယ်သွယ်၊ မန္တယ်နွယ်၊ ဦးအောင်သူ-ဒေါ်မာမာအေးတို့၏ ညီ/အစ်ကို၊ ရန်ကုန်မြို့၊ ၆မိုင်ခွဲ၊ ရွှေဟင်္သာလမ်း၊ အမှတ်(၂၀၉/A) နေ ဒေါ်ခင်ခင်ဝေ(ဝိတင်းမုန့်မျိုးစုံရောင်းဝယ်ရေး) ၏ ချစ်လှစ္စာသောခင်ပွန်း၊ မသဒ္ဒါစိုးစံ(Grade-6,TTC)တို့၏ဖခင်သည် ၁၄-၄-၂၀၁၆(ကြာသပတေးနေ့) ညာဝေး၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၄-၂၀၁၆(စနေနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ လိုင်မြို့နယ်(၁၁)ရပ်ကွက်၊ ရွှေဟင်္သာလမ်း၊ လမ်းသွယ်(၁) အမှတ်(၂၀)နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။] [ကွယ်လွန်သူ အားရည်စူး၍ ၁၆-၄-၂၀၁၆(စနေနေ့) နံနက်တွင် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဒါယိကာကြီး
ဒေါက်တာကြင်မင်း
အသက်(၈၄)နှစ်

ပဲခူးမြို့၊ သွန်းဘုရားရပ်ကွက်၊ သွန်းဘုရားလမ်း၊ အမှတ်(၄၉)နေ(ဦးယုဆိုင်-ဒေါ်ယုံ)တို့၏သား၊ ညောင်ဝိုင်း(၁၂)လမ်းနေ (ဦးတိုက်စိန်-ဒေါ်ကျင်ရွှေ)တို့၏သားသမက်၊ ဒေါက်တာအောင်ဘာ-ဒေါက်တာစန္ဒာမင်း(U.S.A)၊ ဦးနေဝင်းမင်း - ဒေါ်သန်းသန်းရှိန် (PC Myanmar)၊ ဒေါက်တာချိုလတ်မင်း(အထူးကုဆရာဝန်ဓာတ်မှန်)၊ ဦးအောင်ဝင်းမင်း(C/O)ဦးစိုးသူရိန်သန်း (M.T.M)-ဒေါက်တာချိုဝင်းမင်း (အထူးကုဆရာဝန်၊ ဓာတ်မှန်၊ အထွေထွေရောဂါကုဆေးရုံကြီး၊ ပဲခူးမြို့)တို့၏ချစ်လှစ္စာသောဖခင်ကြီး၊ ဒေါ်မြမြဝင်း၏ ချစ်လှစ္စာသော ခင်ပွန်း၊ မြေးငါးယောက်၏အဘိုးသည် ၁၂-၄-၂၀၁၆(အင်္ဂါနေ့)ညနေ ၅း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၄-၂၀၁၆(ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ဆင်ဖြူကွင်းသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူ အားရည်စူး၍ ၁၈-၄-၂၀၁၆ (တနင်္လာနေ့) နံနက်၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာကြီး
ဒေါ်ခင်ခင်(မိုးကုတ်မြို့) (၈၉)နစ်

မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့၊ အနောက်ပိုင်း၊ ကသည်းအောက်ပိုင်းရပ်နေ (ဦးအောင်မြ-ဒေါ်မိ)တို့၏ သမီး၊ မန္တလေးမြို့နေ (ဦးတင်ရွှေ-ဒေါ်ကြည်ကြည်)တို့၏ညီမ၊ မိုးကုတ်မြို့နေ(ဒေါ်ရီရီ) ရန်ကုန်မြို့နေ (ဦးမြင့်)-ဒေါ်သန်းသန်း၊ မိုးကုတ်မြို့နေ ဦးခင်မောင်ဝင်း-ဒေါ်စိန်စိန်၊ ဦးမြင့်မောင်-ဒေါ်ခင်မြင့်ဆွေတို့၏ အစ်မ၊ မန္တလေးမြို့နေ(ဦးတင်စိုး-ဒေါ်တင်တင်ဝင်း)၊ ရန်ကုန်မြို့နေ ဦးမြင့်စိုး-ဒေါ်ခင်ခင်ရင်း၊ မန္တလေးမြို့နေ ဒေါ်သင်းသင်းနွယ်၊ အမေရိကန်နိုင်ငံနေ ဦးစံလင်း-ဒေါ်စန်းစန်းမြင့်၊ ရန်ကုန်မြို့နေ ဦးဇော်မင်းမြင့်-ဒေါ်သင်းသင်း၊ ဦးအောင်နိုင်မြင့်-ဒေါ်သီတာမောင်ဝေ၊ ဦးဇော်လင်း-ဒေါ်ချိုချိုမြင့်၊ အမေရိကန်နိုင်ငံနေ ဦးမင်းတူး-ဒေါ်စန္ဒာမြင့်၊ မိုးကုတ်မြို့နေ ဦးအောင်ဒေအောင်-ဒေါ်သန်းသန်းဌေး၊ (မခင်မိုးအေး) ဒေါ်သပြေညိ၊ ဦးရန်နိုင်၊ မန္တလေးမြို့နေ ဒေါ်မြတ်လေးနွယ်၊ ရန်ကုန်မြို့နေ ဦးစည်သူ-ဒေါ်စုစုလှိုင်တို့၏ အမကြီး၊ မြေး၂၄ယောက်တို့၏ အဘွားသည် ၁၃-၄-၂၀၁၆(ဗုဒ္ဓဟူးနေ့) ညနေ၄း၀၃နာရီတွင် မန္တလေး အထွေထွေရောဂါကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၄-၂၀၁၆ (သောကြာနေ့) နံနက် ၁၀နာရီတွင် မန္တလေးဆေးရုံကြီး ရင်ခွဲရုံမှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ထေရပ်နီးမှ ဆွေမျိုးမိတ်သင်ဟ အပေါင်းအား အကြောင်းကြားအပ်ပါသည်။ [၁၉-၄-၂၀၁၆(အင်္ဂါနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာယူ မည်ဖြစ်ပါ၍] ကြည့်မြင်တိုင်မြို့နယ်၊ အမှတ်(၃)၊ ရေတွင်းကုန်း (၁)လမ်းနေ (ဒေါ်နီနီသန်း)၏ ခင်ပွန်းသည် ၁၃-၄-၂၀၁၆ (ဗုဒ္ဓဟူးနေ့) ညနေ ၄း၄၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၅-၄-၂၀၁၆ (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ထေရပ်နီးမှ ဆွေမျိုးမိတ်သင်ဟ အပေါင်းအား အကြောင်းကြားအပ်ပါသည်။ [၁၉-၄-၂၀၁၆(အင်္ဂါနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာယူ မည်ဖြစ်ပါ၍] ကြည့်မြင်တိုင်မြို့နယ်၊ အမှတ်(၃)၊ ရေတွင်းကုန်း (၁)လမ်း၊ နေအိမ်သို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာကြီး
ဦးမင်းလွင်(ဘိုကလေး)
အသက်(၇၄)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နေ (ဦးသိန်းလွင်-ဒေါ်သွင်)တို့၏သား၊ ပဲခူးမြို့၊ ဝမ်းဘဲအင်းကျေးရွာနေ (ဦးညွှန့်မောင်-ဒေါ်သိန်းရင်)တို့၏ သားသမက်၊ အမှတ်-၅၁၁၊ ပြည်တော်သာ ၄လမ်း၊ ရုံးကြီးရပ်ကွက်၊ ပဲခူးမြို့နေ ဒေါ်ခင်သောင်းရီ၏ ချစ်လှစ္စာသော ခင်ပွန်း၊ လှည်းကူးရဲမှန် စိုက်ပျိုးရေးဦးစီးဌာန(VFRDC)နေ ဦးကျော်နိုင်-ဒေါ်သိဂီဆွေ၊ သနပ်ပင်မြို့နေ ဦးခင်မောင်လင်း-ဒေါ်မိုးမိုးဆွေ၊ ပဲခူးမြို့နေ ဦးမင်းကျော်နိုင် - ဒေါ်ဝေမာ(ရွှေအုံးနို့ဆီ)၊ ရန်ကုန်မြို့နေ ဦးအောင်သီဟ-ဒေါ်ခင်စိုးစိုးဦး၊ ပဲခူးမြို့နေ ဦးရှိန်း-ဒေါ်စန္ဒာမင်းတို့၏ကျေးဇူးရှင်ဖခင်ကြီး၊ မြေးငါးယောက်တို့၏အဘိုးသည် ၁၄-၄-၂၀၁၆ရက် နံနက်၅း၂၀နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၄-၂၀၁၆(စနေနေ့)နံနက် ၁၀နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (ပဲခူးမြို့နေအိမ်မှကားများ နံနက် ၇နာရီတွင်ထွက်ပါမည်။)
ကျန်ရစ်သူမိသားစု

ကော့သောင်းမြို့နယ်အသင်း(ရန်ကုန်)
ရာသက်ပန်အသင်းဝင်အမှတ်(၂၅၅)
ရဲသူရဒုတိယရဲမှူးကြီး
မျိုးအောင်(ငြိမ်း)(၆၉)နှစ်
သတင်းတပ်ဖွဲ့.မြန်မာနိုင်ငံရဲတပ်ဖွဲ့

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဂဠုန်ရပ်ကွက်၊ အမှတ်(၁၀)၊ မြောင်ကြီးလမ်းနေ (ဦးကြည်လှိုင်-ဒေါ်သန်းကြည်)တို့၏ သား၊ ဒေါ်ဂျယ်နီမြမြ၏ခင်ပွန်း၊ မခင်ခင်အောင်၊ မခင်သူအောင်၊ ကိုစန်းမြတ်တို့၏ဖခင်၊ မောင်မျိုးဇေါ်မြတ်၏ အဘိုး ရဲသူရဒုတိယရဲမှူးကြီးမျိုးအောင် (ငြိမ်း)သည် ၁၃-၄-၂၀၁၆ (ဗုဒ္ဓဟူးနေ့) ညနေ ၃း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၆နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ အသင်းသား၊ အသင်းသူမများအားအသိပေးအကြောင်းကြားအပ်ပါသည်။
အလုပ်အမှုဆောင်အဖွဲ့

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ ကဝိဓ
(ဦးစီးပဓာန နာယကဆရာတော်)
သိက္ခာတော်(၅၁)ဝါ၊ သက်တော်(၇၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၂)ရပ်ကွက်၊ သံလွင်လမ်း၊ အမှတ်(၂၂)၊ ဗြဟ္မာနန်မွှီတာရုံကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော်ဖြစ်တော်မူသော ဘဒ္ဒန္တကဝိဓ မဟာထေရ်ဆရာတော်ကြီးသည် (၁၃၇၇ဝှေ့နှစ်၊ တန်ခူးလဆန်း ၈ ရက်) ၁၅-၄-၂၀၁၆(သောကြာနေ့) နံနက် ၈ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပြီးဖြစ်ပါသဖြင့် (၁၃၇၇ခုနှစ်၊ တန်ခူးလဆန်း ၉ ရက်) ၁၆-၄-၂၀၁၆(စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရုပ်ကလာပ်တော်အား ဗြဟ္မာနန်မွှီတာရုံကျောင်းတိုက်မှ ရေဝေးသုသာန်သို့ ပင့်ဆောင်ပြီး အန္တိမအဂ္ဂိဟာပနနာသာဂုဇီနုပဓေယ်ကွ ဆင်ယင်ကျင်းပမည်ဖြစ်ပါသောကြောင့် ရပ်နီးရပ်ဝေးမှတပည့်သံယာတော်များနှင့် ဒါယကာ ဒါယိကာမအပေါင်းတို့အား လိုက်ပါပို့ဆောင်ကြပါရန် ရိုသေစွာ ပင့်လျှောက် ဖိတ်ကြားအပ်ပါသည်။

တပည့်သံယာတော်များနှင့် ဒါယကာ၊ ဒါယိကာမများ

ဦးစံမောင်(ခ)လင်ဘင်ဟိုက်
အသက် (၁၀၁)နှစ်

ရန်ကုန်

နိုင်ငံတော်သမ္မတ ဦးထင်ကျော် နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားပြောကြားမည်

နေပြည်တော် ဧပြီ ၁၅

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ပြောကြားမည့် နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားကို ဧပြီ ၁၇ ရက် (မြန်မာနှစ်သစ်ကူးနေ့)နံနက် ၇ နာရီ၊ မွန်းတည့် ၁၂ နာရီ၊ ညနေ ၃ နာရီနှင့် ည ၈ နာရီ သတင်းအပြီးတို့တွင် MRTV News Channel နှင့် မြန်မာ့အသံ ရေဒီယိုအစီအစဉ်တို့မှ ထုတ်လွှင့် ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

လသာမြို့နယ် အနော်ရထာလမ်းရှိ mntv & Life Buoy မဏ္ဍပ်တွင် ပျော်ရွှင်စွာ ရေပက်ခံနေကြစဉ်။ (သတင်းစာမျက်နှာ ၁၁ (၉))

မန်းသကြီန်အတာရေသဘင်ပွဲ လာရောက်ဆင်နွဲကြသူ သကြီန်ချစ်သူများ၏ ကြည်နူးမှုပုံရိပ်များ

မန္တလေး ဧပြီ ၁၅

၂၀၁၆ ခုနှစ် မြန်မာနိုးရာမဟာသကြီန်ပွဲတော်ကြီးအား မြန်မာနိုင်ငံအနှံ့အပြား စည်ကားစွာ ကျင်းပလျက်ရှိရာ မန္တလေးမြို့တွင် ဆင်နွဲလျက်ရှိသော အတာရေသဘင်ပွဲတော်ကြီးသို့ မဏ္ဍပ်အသီးသီးတွင် လာရောက်ဖျော်ဖြေပေးကြသော အနုပညာရှင်များ အားပါးတရ လာရောက်ပျော်ရွှင်စွာ ဆင်နွဲကြသည့် သကြီန်ချစ်ပြည်သူများကိုတွေ့ရှိရသဖြင့် မန်းသကြီန်ပုံရိပ်များနှင့် ယင်းတို့၏ခံစားမှုရသများကို တွေ့ဆုံမေးမြန်းဖြစ်ခဲ့ပါသည်။ စာမျက်နှာ ၁၀ ကော်လံ ၁ သို့

သက်မွန်မြင့်
(အကယ်ဒမီဆုရှင်)

ဖြူဖြူကျော်သိန်း
(တေးသံရှင်)

နီနီခင်ဇော
(တေးသံရှင်)

59 ANNIVERSARY OF THE MIRROR DAILY

ကြေးမုံသတင်းစာ (၅၉)နှစ်ပြည့် အထူးထုတ်

၁၃၇၇ ခုနှစ် တန်ခူးလဆန်း ၉ ရက် စနေနေ့ 16, Saturday April 2016

ကြေးမုံသတင်းစာ လွမ်းစရာ

မောင်စွမ်းရည်

စာလေးပေလေး ဖတ်တတ်စကတည်းက သတင်းစာကို နေ့တိုင်းဖတ်ခဲ့ရတယ်။ လူကြီးမိဘတွေက သတင်းစာတို့၊ မဂ္ဂဇင်းတို့ ဖတ်တဲ့အလေ့ရှိကြလို့ပါ။ ရွာမှာ သူပုန်အုပ်ချုပ်တဲ့ တစ်နှစ်၊ နှစ်နှစ်လောက်ကာလအတွင်း သတင်းစာပြတ်ခဲ့ရတယ်။ ဒါတောင်မှ ပြည်သူ့အာဏာ စတဲ့ စာစောင်ဖတ်ရပါသေးတယ်။ မကြာခင် ကျွန်တော့်ကို အမေက မြို့ပေါ်ပို့ပြီး ကျောင်းထားလို့ မြို့မှာ သတင်းစာ ဖတ်ရတယ်။ အိမ်မှာမရှိ ကျောင်း၊ ကျောင်းမှာမရှိ လမ်းဘေး စာဖတ်ခန်း၊ ပြန်ကြားရေးစာဖတ်ခန်း၊ စာအုပ်ဆိုင် စတဲ့နေရာတွေကို လိုက်ရှာပြီး ဖတ်ရပါတယ်။ ပြန်ကြားရေးစာဖတ်ခန်းတွေ မရှိတော့တာနာတယ်။

တောရွာမှာ ဖတ်ရတာက ရန်ကုန်သတင်းစာ၊ ဗမာ့ခေတ်သတင်းစာနဲ့ မြန်မာ့အလင်းသတင်းစာတို့ ဖြစ်ပါတယ်။ ကြေးမုံသတင်းစာထွက်တာက အလွန်နောက်ကျပါတယ်။ ၁၉၅၇ ခုနှစ်မှာ တည်ထောင်တာဆိုတော့ စစ်အစိုးရခေတ်မတိုင်ခင် နောက်ဆုံးသတင်းစာတစ်စောင်လို့ ဆိုရပါမယ်။ ကြေးမုံမဂ္ဂဇင်းရှိပြီး ဦးသောင်း(အောင်ဗလ)ကပဲ အစမ်းထုတ်ကြည့်သေးတယ် ထင်ပါတယ်။ ပြီးမှ သတင်းစာထုတ်တာ။ နောက်ကျပေမယ့် သူဝင်လာပုံက ဟိုလေးတကျော်ပါ။ အဲဒီတော့ ကျွန်တော်တို့ကလည်း တက္ကသိုလ်ရောက်လို့ စာပေသမားဖြစ်နေပါပြီ။ မန်းတက္ကသိုလ်မှာ တက်ရတာဆိုတော့ ရန်ကုန် စာနယ်ဇင်းလောကနဲ့တော့ မဝင်ဆံ့ဘူးပေါ့။

ကြေးမုံသတင်းစာကို အောင်ဗလခေါ် ဦးသောင်းက ထုတ်တာတဲ့။ ပတ်လည်စက်ကြီးနဲ့ ရိုက်မှာတဲ့။ ပတ်လည်စက်ကြီးဆိုတာ ကြားခါစက ဘာမှန်းတောင် မသိလိုက်ဘူး။ စက်ဆိုတာ လည်မှာပဲလို့ပဲ သိတာကိုး။ စက်လည်အောင် ခြေနဲ့နင်းတာတွေတော့ မြင်ဖူးတာပေါ့။ ခြေနဲ့မနင်းရင် လျှပ်စစ်နဲ့ စက်လည်အောင် လုပ်မှာပဲလို့ သဘောပေါက်ထားပါတယ်။ နောက်မှ သိရတာက စက္ကူကို တစ်ရွက်ချင်း လက်နဲ့ကိုင်ထည့်ပေးရတာမဟုတ်ဘဲ စက်နဲ့ အလိပ်လိုက် ထည့်ပေးလိုက်တယ်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❑

ကြေးမုံခင် ပျောက်ဆုံးခြင်း

မင်းကိုနိုင်

ကြေးမုံခင်ဟုဆိုသည်နှင့် သူ့ကိုမြင်ဖူး၊ သိမိဖူးသူတိုင်း မျက်လုံးထဲ တန်းပေါ်လာမည်။ မိန်းမလှတစ်ယောက် ဆံပင်ဒီဇိုင်းက နဖူးပေါ်ချလျက် အဆန်း၊ ထိုခေတ်က မိန်းမပျိုများ ကြေးမုံခင်ဆံပင်ပုံတောင် လိုက်ညှပ်ကြသေး။ အံ့ဩစရာတွေ့တိုင်း သူပြောနေကျ "နမူနာပါပဲတော်" ဟူသော စကားကိုလည်း အရပ်ထဲမှာ အတုယူပြောလိုက်ကြသေး။

သူက ရုပ်ရှင်မင်းသမီးလားဆိုတော့လည်း မဟုတ်။ အဆိုတော်စသဖြင့် ကျော်ကြားသည့် အနုပညာရှင်လည်း မဟုတ်။ အရပ်ထဲက သာမန်သူလို၊ ကိုယ်လို အရပ်သူတစ်ယောက်မျှသာ၊ ဒါဖြင့် ဘာလို့ သူ့ကို ထိုခေတ်က လူတိုင်း သိရပါသလဲ။ နှစ်သက်ခင်မင်ကြရပါသလဲ။

ကျွန်တော်တို့စာဖတ်တတ်စ၊ ကျောင်းနေစမှာပင် သူ့ကို ရင်းနှီးနေပြီ။ နံနက်ခင်း သတင်းစာအိမ်ရောက်လာသည်နှင့် တစ်ပတ်တစ်ခါမျှတော့ အတူတွေ့နေရမြဲ။ ကြေးမုံသတင်းစာထဲ သူကတစ်နေရာပါနေကျ။ ကြေးမုံသတင်းစာဖြစ်၍ ကာတွန်းဦးအောင်ရှိန်က ဖန်တီးမွေးထုတ်လိုက်သည့် ဇာတ်ကောင်ဖြစ်လင့်ကစား အနုပညာမှော်အစွမ်းကြောင့် တကယ့်သက်ရှိလူတစ်ယောက်လို စာဖတ်သူတွေ စိတ်ထဲထင်နေပြီ။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❑

၁၉၆၉ ခုနှစ် ဧပြီလ ၂၁ နေ့တွင်ပါရှိသည့် ကြေးမုံသတင်းစာတွင် ကာတွန်းအောင်ရှိန်ရေးဆွဲသည့် ကြေးမုံခင်ကာတွန်းကို စာဖတ်ပရိသတ်များအား မူရင်းကာတွန်းလက်ရာအတိုင်း အလွမ်းပြေပြန်လည်ဖော်ပြလိုက်ပါသည်

အထူးထုတ် ၄ မှအဆက် »»

ဆရာဇဝနလက်အောက်မှာ လုပ်ရတာတော့ အင်မတန် ကောင်းတာပေါ့။ ဆရာဦးဝင်းတင်လည်း ဦးဆောင်တယ်။ သတင်းစာရဲ့သိက္ခာ၊ သတင်းစာရဲ့အနေအထား၊ သတင်းစာက တော်တော်လေးကို လွတ်လွတ်လပ်လပ်လုပ်လို့ရတယ်။ ဒါပေမယ့် တဖြည်းဖြည်းနောက်ပိုင်းကျတော့ တို့က ခေတ်တွေကတော့ အမျိုးစုံဖြတ်သန်းခဲ့ရတာပေါ့။ ပြောရမယ် ဆိုရင် ဆရာဇဝနတို့ခေတ်က သတင်းလွတ်လပ်ခွင့် တော်တော်များများရှိတယ်။ တို့ကတော့ လူငယ်ဆိုတော့ သူတို့တာဝန်ပေးတာတွေကို ကျေပွန်အောင်လုပ်ခဲ့တာပဲ။ အဲဒီအချိန်က အားကစားဘက်က တာဝန်ယူထားတော့ သတင်းရှာရတာ သိပ်မခက်ဘူး။ ဆရာဇဝနကလည်း နေ့စဉ် ဆောင်းပါးတစ်ပုဒ်ရေးတယ်။ ပင်တိုင် ဆောင်းပါး နေ့စဉ်ပါတယ်။ ဆရာဇဝနလက်ထက်မှာ ညဘက် လက်ထောက်အယ်ဒီတာအနေနဲ့ လုပ်ရတယ်။ အဲဒီအချိန်က သတင်းစာက သွက်တယ်။ သတင်းစာ အင်္ဂါနဲ့ ပြည့်စုံတယ်။ ကြေးမုံက ပြည်သူ့ပိုင်သိမ်းလိုက်တော့ လည်း ဟန်မပျက်ဘူး။ ပုံသဏ္ဌာန်မပျက်ဘူး။ ပထမ ဆရာသောင်းတို့၊ ဆရာဇဝနတို့၊ စိန်ခင်မောင်ရီတို့ ကိုင်ခဲ့တယ်။ ပထမ ပြည်သူ့ပိုင်ဖြစ်ပြီးတော့လည်း ဒီဟန်တွေက မပျက်ဘူး။ ဖတ်ချင့်စဖွယ်ဖြစ်အောင် ပြင်ဆင်တတ်တယ်။ ဦးဝင်းတင်ရဲ့ဟန်ပန် သတင်းစာဖွဲ့စည်းပုံစနစ်က သိပ်ကောင်းတယ်။ သတင်းစာချင်းယှဉ်ထား ကြေးမုံကို ဆွဲချင်တယ်။

ပြည်သူ့ပိုင်သိမ်းတဲ့ အစောပိုင်းကာလက ပုဂ္ဂလိကတုန်းက ပါလာတဲ့အရှိန်နဲ့ တော်တော်လေးကောင်းတယ်။ နောက်ပိုင်းကျတော့ မဆလအစိုးရ စာနယ်ဇင်းတို့ဘာတို့ သြဇာတွေဝင်လာတော့ သတင်းစာရဲ့ဟန်ပန်က ပြောင်းသွားတယ်။ ဆရာဇဝနတို့လည်း ပင်စင်ပေးလိုက်တော့ ဆောင်းပါးနဲ့ပတ်သက်ပြီးတော့ ဆရာဇဝန၊ ဆရာသိန်းဖေမြင့်တို့ အပိတ်ခံလိုက်ရတဲ့ အနေအထားရောက်သွားတယ်။ ဦးဝင်းတင်နောက်မှာ သခင်လှကွန်းတို့၊ တက္ကသိုလ်မြတ်သူတို့က ဒုတိယအယ်ဒီတာချုပ် တွဲကိုင်တယ်။ ပြောရမယ် ဆိုရင် အလင်းခေတ်ကနေ အမှောင်ခေတ်ကို တဖြည်းဖြည်း ရောက်လာတယ်။ အမှောင်ထဲမှာပဲ မမြင်မကန်းနဲ့ စမ်းတဝါးဝါးလုပ်ရတဲ့သူတွေလို ဖြစ်လာတယ်။ အပေါ်က ချပေးမှ ဆောင်းပါးဆိုလည်း အပေါ်ကလာတယ်။ ပေါ်လစီနဲ့ပတ်သက်တဲ့ ဆောင်းပါးတွေ သည် ၏ မကျန်မပြင်ရဘူး။ ခေါင်းစည်းမပြင်ပါနဲ့ဆို ဝင်လာတယ်။ စည်းကမ်းချက်တွေက သတင်းတောင် ဘယ်သတင်းကို ဘယ်မှာထည့်ပါဆိုတဲ့ ညွှန်ကြားချက် ထက်ကြပ်ဝင်လာတယ်။ ဝန်ကြီးဆိုလည်း ဝါစဉ်အတိုင်း ကျက်ထားပြီး ဓာတ်ပုံဆို ဝါစဉ်အတိုင်းထည့်ရတယ်။ အဲဒီ အမှောင်ခေတ်ကနေ ကြောက်ခေတ်ရောက်လာတယ်။ ကြောက်စရာ ကောင်းတဲ့ခေတ်။ အားလုံး ကြောက်နေရတယ်။ အပေါ်မှာ ဝန်ကြီးက မိုးကျရွှေကိုယ်တွေ ဖြစ်လာတယ်။ မဆလခေတ်က ပါတီကရွေးတဲ့ဝန်ကြီးတွေ။ ဒါပေမယ့် သြဇာပေးနေတာက စာနယ်ဇင်းကော်ပိုရေးရှင်းတွေ ပေါ်လာတော့ ဦးဆောင်ညွှန်ကြားရေးမှူးလုပ်တဲ့ ဗိုလ်မှူးကြီးတွေရဲ့ အမိန့်ကို နာခံရတယ်။ ကြောက်ရတယ်ဆိုတဲ့ အနေအထားမျိုးမှာ လုပ်ရတော့ မလူးသာမလွန့်သာပဲ။

တို့က ညဖောင်ကိုအမြဲတမ်းကိုင်ရတော့ ညွှန်ကြားချက်စာအုပ်က အမြဲတမ်းဘေးမှာရှိပြီး လုပ်ရတာ။ တဖြည်းဖြည်းနဲ့ ဘာဖြစ်လာလဲဆိုတော့ ခေါက်ရိုးကျိုးလာတာ။ ဘာမှ တီထွင်မှုလည်းမရှိတော့ဘူး။ စ၇ အရေးအခင်းမဖြစ်ခင်မှာ ဒုတိယအယ်ဒီတာချုပ်တာဝန်ကို ပါးစပ်နဲ့ပေးတာ။ လုပ်နေရင်းနဲ့ အပေါ်ကကျကျလာတဲ့ ဆောင်းပါးတွေ။ တစ်နေ့ အဲဒီအပေါ်ကကျလာတဲ့ ဆောင်းပါးဆိုတော့ ဒီအတိုင်းမဖတ်ဘဲ စာစီခန်းကို ချပေးလိုက်တယ်။ တော်ကြာကျတော့ အောက်မှာ ပွစိပွစိဖြစ်လာပြီး စာစီခေါင်းဆောင်က တက်လာတယ်။ ဆရာတဲ့ ဒီဆောင်းပါးက စာစီသမားတွေ မကျေမလည်ဖြစ်နေတယ်တဲ့။ အခုဆောင်းပါးက တော်တော်ဆိုးတယ်ဆရာတဲ့။ အဲဒါပါရင် သိပ်မလွယ်ဘူးတဲ့ဆိုတော့ ယူဖတ်လိုက်တော့ လူထုဆန္ဒပြပွဲတွေ စကုန်ကြပြီဆိုတော့ အဲဒီ လူထုဆန္ဒပြတဲ့သူတွေဟာ မကောင်းတဲ့မိန်းမတွေ၊ လမ်းဘေးက မိန်းမတွေ၊ လမ်းဘေးကလူတွေ ကြမ်းပိုးသူခိုးတွေဆိုတဲ့ ပုံစံမျိုးနဲ့ ရေးထည့်ထားတာ။ ဆိုတော့ ဒီဆောင်းပါးကို ထည့်လိုက်လို့ မနက်မိုးလင်းပါသွားရင် တို့ကြေးမုံ မလွယ်တော့ဘူး။ အဲဒီတော့ ဗိုလ်မှူးကြီးခင်မောင်အေးဆီ ဖုန်းဆက်တယ်။ အဲဒီအချိန်က ကာဖျူးထုတ်ထားပြီ ညမထွက်ရဘူး။ စစ်အုပ်ချုပ်ရေးကိုင်နေပြီဆိုတော့ ဒီလိုပဲ စာစီသမားတွေက မကျေလည်ဘူး။ အလုပ်မလုပ်ဘူး ပြောနေကြတယ် ဆိုတော့ ဒီဆောင်းပါးကို မထည့်နိုင်ဘူး။ ဘယ်လိုလုပ်ရမလဲဆိုတော့ သူ့ဆီလာခဲ့တဲ့။ သက်ဆိုင်ရာကို အကြောင်းကြားပြီး ဖြစ်တဲ့နည်းနဲ့လာခဲ့ဆိုတော့ ကြေးမုံက (၅)လမ်းမှာ။ သူနေတာက အခု ဗိုလ်ရွှဲလမ်းခေါ်တဲ့ လသာဘက်မှာ။ တို့ရှေ့မှာ တပ်က ကင်းစွဲထားတော့ တို့နယ်မြေကို ကိုင်တဲ့ ဗိုလ်မှူးဆီလှမ်းဆက်ပြီး လမ်းကြောင်းလေး ဖန်တီးပေးနိုင်မလားဆိုပြီးပြောတော့ ရမယ်ဗျာ ကြေးမုံကို တည့်တည့်သွား ဘယ်မှမကွေ့နဲ့ဆိုပြီး ခွင့်ပြုလို့ သွားတော့ ဗိုလ်မှူးကြီးခင်မောင်အေးကိုပြပြီး သူကလည်း အဆုံးအဖြတ်မပေးနိုင်တော့ အပေါ်ကိုထပ်တင်ပြီး အဆင့်ဆင့်နဲ့ မနက်ကျရင် ကော်ပီနဲ့တင်ဆိုပြီး မထည့်လိုက်ရဘူး ဖြစ်သွားတယ်။ အဲဒီသတင်းက သတင်းစာတိုက်ပေါင်းစုံကို ပျံ့သွားပြီး တိုက်က ဝန်ထမ်းတွေကလည်း မကျေမလည်ဖြစ်ကာ အားလုံးက အပြင်မှာထွက်ပြီး ဆန္ဒပြဖို့ ဆန္ဒပြုလာကြတယ်။ တို့လည်း အဲဒါနဲ့ သတင်းစာတိုက်တွေအားလုံးစည်းရုံးပြီး အားလုံးစုပြီး ဆန္ဒပြကြ။ ရန်ကုန်မြို့ပတ်လည်အော်ပြီးတော့ တို့သတင်းစာက သတင်းစာတိုက်ပွဲမှာ ဝင်ပါခဲ့တဲ့အတွက် သတင်းစာက နေပြီး မကြာပါဘူး ရက်ပိုင်းအတွင်း တာဝန်ကနေ ရပ်စဲပစ်လိုက်တယ်။

တာဝန်ယူတာကတော့ အားကစားသတင်းဆိုပေမယ့် လူထု စိတ်ဝင်စားတဲ့ သတင်းမျိုးကတော့ မနန်းစိုး၊ မနန်းစံ ဆိုရင် တို့လည်းအပြင်ထွက်ပြီး တွဲလိုက်တာပေါ့။ မနန်းစိုး၊ မနန်းစံ မမွေးသေးဘူး။ သူတို့ အဖေနဲ့ အမေလာတော့ ကြေးမုံကနေ သူတို့ကို သွားပြီးခေါ် အဲဒီတုန်းက သတင်းအတိုလေးပဲထည့်ပြီး သူတို့ကို သင်္ဘောဆိပ်မှာ သွားကြို စောင့်နေ။ ခေါ်သွားပြီး ကလေးဆေးရုံပို့။ ကလေးဆေးရုံက သူနာပြုတွေ၊ ဆရာဝန်တွေအကူနဲ့ သတင်းကို ကျန်တဲ့သူ မရအောင် ခွဲစိတ်တဲ့အခါ အထဲဝင်မရတော့ ဆရာဝန်ကို ကင်မရာပေးရိုက်ခိုင်းပြီးတော့ မနန်းစိုး၊ မနန်းစံ သတင်းဆိုရင် အဲဒီအချိန်က ကြေးမုံက ထိပ်ဆုံးကဖြစ်သွားတာ။ နာမည်ပေးတာကအစ မနန်းစိုး၊ မနန်းစံဆိုတာ ကြေးမုံက ပေးခဲ့တဲ့ နာမည်။ ဟိုတုန်းကတော့ အမ္ဘာ (၁) အမ္ဘာ (၂) ဆိုပြီး စခေါ်ကြတာ။ နောက်မှ မနန်းစိုး မနန်းစံဆိုပြီး ကြေးမုံက ကင်ပွန်းတပ်ပေးလိုက်တော့ အဲဒါ တွင်သွားတာ။

ရှေးရိုးပုံစံအတိုင်းမသွားဘူး

ဦးမြတ်ဆွေ

အသက် ၇၈ ။ ကြေးမုံက ၅၇ မှာ စထွက်တယ်။ စလုပ်ကတည်းက ပါတယ်ဆိုပါတော့။ ၅၈ မှာ စရောက်တာပေါ့။ အရင်ကတော့ ပြည်သူ့ဂျာနယ်မှာလုပ်တယ်။ သခင်မြသန်းတို့ဆီမှာ။ ကြေးမုံဝင်ခါစက အလုပ်သင်သတင်းထောက် အနေနဲ့ စာပြင်ဌာနမှာ တစ်နှစ်လောက်ထိုင်ရတယ်။ နောက်မှ သတင်းထောက်ဘက် ရောက်တယ်။ ရုပ်ရှင်၊ စာပေယဉ်ကျေးမှုလိုင်းပေါ့။

၆၄ မှာ ကြေးမုံ ပြည်သူ့ပိုင်သိမ်းခံရတယ်။ အားလုံးပုံသဏ္ဌာန်တွေက ပြောင်းလဲသွားတယ်။ အစိုးရ ရုံးပုံစံတွေ ဖြစ်သွားတယ်။ အရင်လို မိသားစုပုံစံ မဖြစ်တော့ဘူး။ ပြည်သူ့ပိုင်မသိမ်းခင် အောင်ဗလလက်ထက် နောက်စိန်ခင်မောင်ရီ။ အရေးပါတဲ့ အယ်ဒီတာတစ်ဦး။ သတင်းပိုင်းမှာ အဓိကကတော့ အောင်ဗလပဲ။ သူက အယ်ဒီတာချုပ်လည်းဖြစ်တယ်။ ပိုင်ရှင်လည်း ဖြစ်တယ်။ သူက တစ်ခါတစ်ခါ ကိုယ်တိုင်သတင်းထွက်လိုက်တယ်။ တချို့ စိတ်ဝင်စားဖို့ကောင်းတဲ့ လူမှုရေးသတင်းတွေဟာ ဆရာအောင်ဗလ သူကိုယ်တိုင်လိုက်တာပေါ့။ အဲဒါတွေက ကြေးမုံမတိုင်ခင် ဗမာ့ခေတ် ခေတ်ကပေါ့။

ဟန်ဂေရီ ဦးကိုကိုကြီး

ဦးမြတ်ဆွေ

ဦးသော်

ဟိုတုန်းက ဟံသာဝတီတို့၊ ရန်ကုန်တို့၊ ဘာတို့ အဲဒီ သတင်းစာတွေရှိတယ်။ သူတို့ ရှေးရိုးပုံစံအတိုင်းပဲ သွားနေတယ်။ အဲဒီမှာ ကြေးမုံက သတင်းထည့်ပုံ ပြုပုံကအစ တိုတိုတုတ်တုတ်နဲ့ လိုရင်းထည့်တာလေးတွေရှိတယ်။ နောက် သတင်းခေါင်းပေးတာလေးတွေ သူများနဲ့မတူ အောင် လုပ်တာလေးတွေရှိတယ်။ အဲဒါ အဓိကကတော့ စိန်ခင်မောင်ရီပေါ့လေ။ အဲဒီအချိန်က သူက အယ်ဒီတာချုပ် လို လုပ်နေတာ။

ကြေးမုံဦးသောင်းက တိုက်ပိုင်ရှင်လည်းဖြစ်တယ်။သူ ကိုယ်တိုင်ကလည်း အယ်ဒီတာစားပွဲမှာ ထိုင်တယ်။ သတင်းစာမှာ အင်မတန်စိတ်ဝင်စားတဲ့ လူကြီးတစ်ယောက် ပေါ့။ သူကတော့ အခုဆုံးသွားပြီ။

စာပေ၊ ယဉ်ကျေးမှုလိုင်း ပေးတယ်။ ဆိုတော့ ရုပ်ရှင် ကောင်စီခေတ်ဆိုတော့ ရုပ်ရှင်သတင်းတွေဘက် တာဝန်ယူရတယ်။ စာလေးဘာလေး နည်းနည်းပါးပါးရေးတော့ စာပေနဲ့ပတ်သက်တဲ့သတင်း သတင်းစာဆရာကြီးတွေ သာရေးနာရေးသတင်းတွေ ရေးရတယ်။ သူ့ခေတ် သူ့အခါနဲ့တော့ ထူးခြားမှုတွေရှိတာပေါ့။ အဓိကကတော့ လူမှုရေးနဲ့ပတ်သက်တာတွေပါပဲ။

ဟိုတုန်းကတော့ ရုပ်ရှင်ကောင်စီကလည်း လွတ်လပ်ပါတယ်။ သတင်းထောက်တွေ တော်တော်များများကလည်း မင်းသားမင်းသမီးတွေနဲ့ ရင်းနှီးကြတာများတော့ ရုပ်ရှင်ကောင်စီမှာ ဟိုတုန်းကဘားရှိတယ်။ အဲဒီမှာ သတင်းထောက်တွေက တော်တော်များများ ဇရပ်ကျတာပေါ့လေ။

အခုတော့ ရှေးဟောင်းနှောင်းဖြစ် အတွေ့အကြုံလေးတွေ ပြန်ရေးဖြစ်တယ်။ ကြေးမုံမှာ နောက်ဆုံး ၈၀၊ ၈၂ လောက်ထိ လုပ်ခဲ့တယ်။ ပင်စင်ယူခါနီးပေါ့။ ဒါပေမယ့် တရားဝင်ပင်စင် မယူနိုင်ဘူး။ ကိုယ်ကလည်း ထွက်ချင်တာနဲ့ပဲ ဆေးပင်စင်နဲ့ပဲ ထွက်လာတယ်။ ထွက်တာက အဲဒီတုန်းက အခြေအနေက မကောင်းဘူး။ အများအားဖြင့် မိုးကျရွှေကိုယ်တွေ။ သူတို့ကဝင်ပါ ဟိုသြဇာပေး ဒီသြဇာပေး။ ကိုယ်က သတင်းထောက်တစ်ယောက် သတင်းပဲ ရေးချင်တယ်။ သတင်းပဲ လိုက်ချင်တယ်။ သတင်းထောက်ကို သတင်းလိုက်မခိုင်းဘဲနဲ့ စာအုပ်တိုက်တွေ ထွက်သမျှ စာအုပ်လိုက်တောင်းခိုင်းတယ်။ ထုတ်ဝေသူတွေက ကိုယ်နဲ့ ရင်းနှီးတော့ ပေးကြပါတယ်။ ဒါပေမယ့် တချို့ကဆို ခင်ဗျားတော့ ပေးချင်တယ်။ သူတို့ကို မပေးချင်ဘူးဆိုပြီး ဖြောင်ကို ပြောတာ။ သတင်းထောက်တွေကို ကိုယ်ရေးကိုယ်တာတွေ ခိုင်းတယ်။ စိတ်ပျက်တာနဲ့ ထွက်လိုက်တာ။

ပြည်သူ့ပိုင်မသိမ်းခင်က အယ်ဒီတာအဖွဲ့ အတွင်းရေးမှူး နောက် ပြည်သူ့ပိုင်သိမ်းလိုက်တော့မှ သတင်းထောက်ဖြစ်တာ။

ကြေးမုံဦးသောင်းအကြောင်းပြောရရင် ဗမာ့ခေတ်ဝင်းကြီးအကြောင်း ပြောရမယ်

ဦးသော်

ပြည်သူ့ပိုင်သိမ်းတော့ တစ်လ ၅၀၀ လား။ ၆၀၀ လားပေးပြီး နောက်တော့ လုံးဝဖြတ်ချပစ်လိုက်တယ်။ တခြားဂျာနယ်တွေမှာ ကြေးမုံဦးသော်လို့ ရေးရင်တောင် ဖြတ်ပစ်တယ်။ ကြေးမုံဦးသောင်းဆိုတာတော့ ပါးစပ်ထဲတောင် ထည့်မပြောရဲတော့ဘူး။ အစုရှင်တုန်းကလည်း ဒီအလုပ်ပဲ။ ပြည်သူ့ပိုင်သိမ်းတော့လည်း ဒီအလုပ်ပဲ။ ပြန်လုပ်ပါဆိုတော့ ကျွန်တော်တို့ကတော့ တိုက်အုပ်လို့ခေါ်တယ်။ သူတို့ကတော့ မန်နေဂျာလို့ခေါ်တယ်။

ကြေးမုံဦးသောင်းအကြောင်းပြောရရင် ဗမာ့ခေတ်ဝင်းကြီးအကြောင်း ပြောရမယ်။ ဗမာ့ခေတ်ဝင်းထဲမှာ သတင်းသမားတွေနေဖို့ဆိုပြီးတော့ ဗမာ့ခေတ် ဦးအုန်းခင်ကနေပြီး အိမ်လေးတစ်အိမ်ဆောက်ပေးထားတယ်။ အဲဒီမှာ သွားကြ လာကြ စုကြတာပေါ့။ ဗမာ့ခေတ်ဦးအုန်းခင်နဲ့ သူ့အမျိုးသမီးနဲ့ မတည့်တဲ့အခါကျတော့မှ အဲဒါပျက်သွားတာ။

ကြေးမုံသတင်းစာက အာရှမှာ ပထမဆုံးအော့ဖ်စက်။ ဆယ်သိန်းလောက်တန်တာကို လျော်ကြေးပေးမယ်ဆိုတော့ လေးသိန်းနဲ့ဖြတ်လိုက်ပြီး နှစ် ၂၀ ပေးမယ်ပေါ့။ တစ်နှစ်ကို နှစ်သောင်းထုတ်ပြီးတော့ အစုရှယ်ယာ အချိုးအတိုင်း လိုက်လိုက်ပြီး ပေးရတာပေါ့။ တစ်နှစ်၊ နှစ်နှစ်ပဲ ခံတယ်။ ဦးသောင်းက အမေရိကန်မှာ ဆောင်းပါးတွေ ရေးလိုက်တဲ့အခါမှာ ဦးနေဝင်းက တော်တော် စိတ်ဆိုးသွားပြီးတော့ မပေးတော့ဘူး။ ရှယ်ယာကတော့ ဦးသောင်းက အများဆုံးပေါ့။ စာချုပ်က ငါးထောင်ဆို ငါးထောင်ပဲ ပေးတာ။ အခုခေတ်က ငါးသိန်းဖြစ်သွားပြီဆိုလည်း စာချုပ်ထဲကအတိုင်း ငါးထောင်ပဲပေးတာ။ ခုနှစ်ကိုကြည့်ရင် အဲဒီခုနှစ်က တစ်ကျပ်ကို အများကြီးတန်တယ်။ ပင်စင်က ၉၀၀ ရတာ။ အရင်က မိတ်ဟောင်းဆွေဟောင်းတွေနဲ့ တွေ့ချင်လို့ သွားသွားထုတ်နေတာ။ အခုတော့ သုံးသောင်း ကျော်လောက်ရပါတယ်။

ဒါက အစုရှယ်ယာရှင်တွေ အစည်းအဝေး မှတ်တမ်းလေ။ ၆၄ ခုနှစ် ဧပြီလ ၁၇ ရက်တွင် ပြုလုပ်တဲ့ အစုရှင် ဦးသောင်း၊ ဒေါ်သန်းတင်၊ ဒေါ်အမာ၊ ဒေါ်ခင်မိ၊ ဦးကြည်ဝင်းလှိုင်၊ ဦးသန်းထွန်း၊ ဦးသော်ခ္ခင့် ဦးသိန်းတို့ တက်ရောက်တယ်။ အစုရှင်တစ်ဦးဖြစ်သူ ဦးခင်မောင်ရီမှာ အထိန်းသိမ်းခံနေရတဲ့အတွက် အစည်းအဝေး မတက်ရောက်နိုင်ပါတဲ့။

အစတုန်းကတော့ တိုက်အုပ်ပေါ့။ ဦးသောင်းက နိုင်ငံခြားတွေဘာတွေသွားရင် General power တို့၊ ဘာတို့ ဦးသော်ကိုပဲ လွှဲတာ။ ဒါကြောင့် ကြေးမုံဦးသောင်းလိုပဲ ကြေးမုံဦးသော်ဆိုပြီး ခေါ်ကြတယ်။ နောက်ဆုံးကျမှ ဗိုလ်တထောင်သတင်းစာတိုက်ကနေ ဆေးပင်စင် ယူလိုက်တာ။

အခု အသက် ၉၁ နှစ်။ ကြေးမုံဦးသောင်းဆိုရင် မရှိတော့ဘူး။ အစိုးရကနေ ခဏခဏအဖမ်းခံရတော့ စိတ်ညစ်ပြီးတော့ သူထွက်သွားတယ်။ အမေရိကန်နိုင်ငံသားခံယူလိုက်ပြီး သေသွားပြီ။ စတုန်းကတည်းကလုပ်ကြတာ ၅၇ ခုနှစ်ပေါ့။ ငွေရေးကြေးရေးနဲ့ပတ်သက်ပြီး လိုတာ ပြောဆိုတဲ့ ဦးပွင့်ကောင်းငံပြာရည် ဦးပွင့်ကောင်းလေ။ အကုန်လုံးမရှိကြတော့ဘူး။ အဘက ကြေးမုံရဲ့ မန်နေဂျာပေါ့။ ကြေးမုံက စထူထောင်ကတည်းက ဘာမှလိုလေးသေးမရှိ။ တောက်လျှောက် စောင်ရေတက်တာပဲ။ လက်ရှိပုံနှိပ်စက်လေးတွေ ဂျပန်ကလာတဲ့ဟာ။ ဟိုတုန်းက ၆၀၀၀၊ ၇၀၀၀ ပေးရတဲ့ စက်တွေ။ အဲဒါ အစိုးရဆီကနေ ဝယ်ယူလို့ရတယ်။ အဲဒါ နှစ်လုံးဝယ်ပြီး စက်က အင်ပရက်ရှင် အင်မတန်ကောင်းတယ်။ ဒါပေမယ့် အင်္ဂလန်က စက်လိုတော့ ခိုင်ခိုင်မာမာကြီး မဟုတ်ဘူး။ ဂျပန်က စစ်လျော်ကြေးပေးတဲ့စက်ကို အစိုးရက ရောင်းတာ။ နောက် ကြေးမုံက သတင်းဦးတယ်။ နောက် ဆရာဇဝနတို့၊ ဦးညိုမြတို့ရေးတဲ့ ဆောင်းပါးတွေ ကောင်းတယ်။ အဲဒါကြောင့် **အထူးထုတ် စာမျက်နှာ ၃ သို့** ◆

❑ အထူးထုတ် စာမျက်နှာ ၁ မှ

ဆိုခဲ့သည့်အတိုင်း ကြေးမုံခင်မှာ အရပ်ထဲက သာမန်မိန်းမပျိုဖြစ်သည့် အလျောက် အရပ်စကားပဲပြော အရပ်သူလေးတစ်ယောက်လို တွေးကြံခဲ့သူ ဖြစ်ပါသည်။

နိုင်ငံရေးတရား တစ်ပိုင်းတစ်စမျှ ဟောခဲ့သူမဟုတ်ပါ။ ဟောဖို့နေနေ သာသာ သူ၏ ခွတီးခွကျအတွေး၊ အမေးတွေက ရံဖန်ရံခါ ရယ်စရာပင် ဖြစ်နေသေး။ ဒါကိုပဲ သာမန်ပြည်သူတွေက ချစ်ရ၊ သဘောတွေ့ရဖြစ်နေခဲ့သည်ထင့်။

သူက နေ့စဉ်ဘဝစားဝတ်နေရေး အကြောင်းတွေလည်း ပြောသည်။ မေးသည်။ ဖြေကြည့်သည်။ ခေတ်အလျောက် ပေါ်ပင်အကြောင်းအရာတွေကိုလည်း သာမန်အရပ်သူတစ်ယောက်ဥာဏ်ဖြင့်ပင် စဉ်းစား၊ ဝေဖန်သည့်အခါ ဝေဖန်သည်။ ခေတ်ကြီးထဲက အလွဲအချော်များ၊ ကိုးရိုးကားရားဖြစ်ရပ်များတွေ့လျှင် သူ့လက်သုံးစကားဖြစ်သည့် "နမူနာပါပဲတော်"ဟု ရေရွတ်လျက် ဩဘာပေးမြဲ။ ထိုခေတ်၏ အားနည်းချက်တစ်ခုဖြစ်သော ကုန်ပစ္စည်းရှားပါးမှုကို သူက မကြာခဏ ခပ်ငေ့ါငေ့ါသော့လေ့ရှိသလို ကာလပေါ်ဖြစ်ပျက်ခြင်းရာတွေကိုလည်း စပ်စုမှတ်ချက်ပေးသေးသည်။ အကြောင်းအရာတွေက ကြီးကျယ်လှချည့်မဆိုနိုင်သော်လည်း နေ့စဉ်သူ့စကားတွေကို လူတွေ အမှတ်ထင်ထင်ရှိကြမြဲ။

ဘာကြောင့် လူတွေ သူ့ကိုစွဲလမ်းအားပေးကြသလဲဟု ကျွန်တော်တွေးမိသည်။ သတင်းစာကြီးတစ်စောင်ပေါ် သူက သာမန်ပြည်သူတွေ ကိုယ်စား၊ စပ်စုပေး၊ မေးခွန်းထုတ်ပေး၊ ဘဝင်မကျစရာတွေ့လည်း မသက်မသာ ရေရွတ်ပေးနေသကိုး။ မနက်ဈေးသွားတိုင်း အိမ်ရှင်မတိုင်းကြုံနေရသည့် ကုန်ဈေးနှုန်းကြီးမှု၊ အခြေခံစားကုန်ရှားပါးမှုပြဿနာများကို ပြည်သူ့ကိုယ်စား ညည်းတွားပေးနေသကိုး။ တစ်နည်းပြောရလျှင် မီးဖိုချောင်ထဲက အသံ သတင်းစာပေါ် ထုတ်ပေးနေသည်ကိုး။

နေ့စဉ်လူမှုဘဝတွေထဲ အဆန်းတစ်ခု၊ အငြင်းပွားဖွယ်တစ်မျိုး ပေါ်လာပြီဆိုလျှင် ထိုခေတ်က လူတွေမှာ ယခုခေတ်လို လူမှုကွန်ရက်ဖေ့ဘွတ်ခ် (Facebook)တွေထဲ ငြင်းခုန်မှတ်ချက်ပြုခွင့်ရသည်မဟုတ်ပါ။ နီးစပ်ရာချင်းပြောလျက် ကြေးမုံခင် ဘယ်လိုဝေဖန်မည် သို့မဟုတ် ဘယ်လိုခွတီးခွကျတုံ့ပြန်မည်ဆိုတာ စောင့်ဖတ်ကြရသည်။ ကြေးမုံခင်ထံမှလည်း အများစုပြောချင်သည့်စကားသာ ထွက်လာကြစမြဲမို့ ဘဝင်ကျမဆုံးကြ။ ကျေနပ်ကြပေမပေ့ါ။ ကြေးမုံခင်က အားလုံး ကိုယ်စား အားလုံးကြားအောင် ပြောပေးနိုင်သည်ကိုး။ ရာနှုန်းပြည့် မကိုက်ညီသည့်တိုင် အတော်နီးစပ်သည့် ခံစားချက်ကို ဖော်ပြပေးနိုင်သည်မို့ လူတွေ သူ့ကိုခင်မင်အားကိုးကြသည်ဟုလည်း ကျွန်တော်ယူဆပါသည်။ ဧည့်ခန်းထဲ၊ အိပ်ခန်းထဲက အသံများကို အထိုက်အလျောက် ကိုယ်စားပြုခဲ့သည်ဟု ဆိုချင်ပါသည်။

သူ့စကားတွေက မိန့်ကြားချက်မဟုတ်သလို မိန့်ခွန်းလေးတွေမပါပါ။ ကြိုက်တာတွေတွေ့ခိုက် ထောက်ခံလိုက်၊ မနှစ်မြို့လျှင် ကန့်ကွက်ချင်သည့် ရိုးရိုးပြည်သူတစ်ယောက်၏ ပွင့်လင်းမှုမျှသာ။ ဒါသည်ကပင် အစိုးရအာဘော်တွေ ပြွတ်သိပ်လျက် မွန်းကျပ်နေသော သတင်းစာစောင်အတွက် အသက်ရှူပေါက်ဖြစ်ခဲ့ပါသည်။

ထိုအချိန်က သတင်းစာများတွင် လူထုအော်သံကဏ္ဍရှိပါသေးသည်။ မကျေနပ်မှုများအတွက် တာဝန်ခံတိုင်ကြားသည့်စာမျက်နှာဖြစ်ပါသည်။ တိုင်စာတွေ တန်းစီတက်သော်လည်း ကြေးမုံခင်တစ်ခွန်းလေအေးအေးဖြင့် မေးခွန်းဝင်ထုတ်တာလောက် အရသာ မတွေ့ပါ။ ကဏ္ဍနှစ်ခု သဘာဝချင်းလည်း မတူတာပါပါလိမ့်မည်။

သူသည် စံပြဇာတ်ကောင် မဟုတ်သည့် အလျောက် သဘာဝကျကျ အားနည်းချက်ရှိသော ဇာတ်ကောင်လည်းဖြစ်ပါသည်။ ဟင်းကောင်းကျွေးသည့်အလှူကို ရွေးချင်သောလေ့။ ထင်ရှားပေါ်လွင်ချင်သော လူသားဘဉ်။ ၄ှက်စာလည်း ကျွေး၊ ၄ှက်ကြော်လည်း ကြိုက်တတ်သည့် လူသဘာဝမျိုး သူမှာအပြည့်ရှိကြောင်း ကြေးမုံခင်ကလေးက မကြာခဏ ပြသဝန်ခံလေ့ရှိပါသည်။ လူတွေကလည်း ဒါကိုပင် သဘာဝကျကျ ငါတို့လို လူထဲကလူဟု မှတ်ယူချစ်ခင်ကြသလား တွေးမိပါသည်။

နောက်ပိုင်းတွင်တော့ တစ်ပါတီစနစ် ထုံးစံအတိုင်း သတင်းစာထဲတွင် အစိုးရအာဘော်တွေချည်းဖြစ်လာ။ အာဏာရှင်ဘုန်းတော်ဘွဲ့နှင့် အစည်းအဝေး ဓာတ်ပုံတွေချည်း ပြည့်လာတော့ ကြေးမုံခင်တစ်ယောက် အိမ်ဧည့်ခန်းတွေ အလည်လာကျဲသွားသည်။

ပြည်သူတို့အတွက် နေ့စဉ် ကြေးမုံပြင်တွင် ပိုစတာဆန်သော ကြွေးကြော်သံတွေ နေရာပိုယူလာသည်။ ပြည်သူ့ကလေးကြေးမုံခင် နောက်ဆုတ်ရပြန်ပြီ။

အာဏာသိမ်းအစိုးရ ဘုန်းတော်ဘွဲ့တီးလုံးတွေ ကျယ်လောင်လာသည်။ အရပ်သူကလေး ကြေးမုံခင်၏ စပ်စုမှတ်ချက်သံတွေ တိုးတိတ်ရပြန်ပြီ။

သို့နှင့် အဆုံးတစ်နေ့တွင်ကား ပြည်သူချစ်သော ကြေးမုံခင်လေး တစ်ယောက် ဝမ်းနည်းဖွယ် ပျောက်ချင်းမလှ ပျောက်ခဲ့ရတော့သည်။

■

၁၉၆၉ ခုနှစ် ဩဂုတ်လအတွင်း ကြေးမုံသတင်းစာတွင် ဖော်ပြခဲ့သည့် အမှတ်တရကာတွန်း။

❖ အထူးထုတ် စာမျက်နှာ ၂ မှ

စောင်ရေကို စက်ကလေးတွေနဲ့ကို မနိုင်တော့ဘူး။ မနိုင်တဲ့အခါကျ ဦးသောင်းကနေပြီး ယာယီတော့ အိန္ဒိယကလာတဲ့စက် အလိပ်နဲ့ ရိုက်တဲ့စက်နဲ့ ရိုက်တာပဲ။ အဲဒီစက်ကတော့ ခေါက်ပြီးသားကျတယ်။ ဒါပေမယ့် သူက လက်ထိုးစက်လောက်ပဲ စောင်ရေက နှေးတယ်။ အဲဒါနဲ့ မဖြစ်သေးဘူးဆိုပြီး ဦးသောင်းက လိုက်ရှာလိုက်ဦးမယ်ဆိုပြီး အမေရိကန်သွားတယ်။ အမေရိကန်က ပုံနှိပ်စက်တွေ ထုတ်တဲ့ လုပ်ငန်းတွေနဲ့ လျှောက်ကြည့်ပြီး အမေရိကန်ကနေ ဂျေ့ဆိုတဲ့ စက်ကတော့ အကောင်းဆုံးပဲဆိုပြီး ဒီကို ကြေးနန်းရိုက်လိုက်တယ်။ စက်ကောင်းတယ်။ ဌေရေးကြေးရေးဘယ်လိုလုပ်မလဲဆို ဦးပွင့်ကောင်းနဲ့ ကျွန်တော်တို့နဲ့ ခင်တော့ ဦးပွင့်ကောင်းက ချလိုက်စမ်းဗျာ ဘာမှ ပူမနေနဲ့ဆိုအားပေးတယ်။ စောင်ရေက လက်ထိုးစက်ကလေးတွေ တစ်သောင်းလောက်ကနေ တက်သွားတာ။ လိုသလောက်ကို စောင်ရေမပေးနိုင်တဲ့အထိ ဖြစ်သွားတယ်။ ဌေကတော့ ကိုယ့်ဘာသာကိုယ် လည်တယ်။ နေရာကလိုတယ်ဆိုပြီး မူလ ကုလားပိုင်တဲ့ နှစ်ထပ်အိမ်အဟောင်းကြီးကို ရောင်းမလားဆို ဝယ်ပစ်လိုက်ပြီး အဲဒီအိမ်အဟောင်းကြီးကို ဖျက်ပစ်လိုက်တယ်။

သတင်းစာလုပ်ရတဲ့လုပ်ငန်းက အတော်ပျော်စရာကောင်းတယ်။ စိတ်ညစ်စရာလည်း ကောင်းတယ်။ စောင်ရေကလည်း မတက်။ ရှိတဲ့ အရင်းအနှီးလေး ကုန်သွားလိုက်။ အဲလိုသတင်းစာတွေကလည်း အများကြီးရှိတယ်။ ကြေးမုံကတော့ ဒီလိုမဟုတ်ဘူး။ တောက်လျှောက် တက်တယ်။ ကိုယ်ပိုင်လုပ်တာနဲ့ ပြည်သူပိုင်ကတော့ မတူဘူးပေ့ါဗျာ။ နောက်ပြီးတော့လည်း ပုဂ္ဂလိကဆိုတဲ့ သတင်းစာတွေက သိပ်မရှိတော့ဘူး။ ပြည်သူပိုင်တွေပဲ ဖြစ်ကုန်ကြတော့ ကျွန်တော်တို့က တက်သွားတာပေ့ါ။ သတင်းစာကလည်းကောင်း၊ စက်ကလည်းကောင်း၊ ကိုယ်ပိုင်ကလည်း တကယ့်ပုဂ္ဂိုလ်တွေရေးတယ်ဆိုတော့ သူတို့ကို လူတွေကကြိုက်နေတော့ သတင်းစာကိုလည်း လူတွေက ကြိုက်နေတာ။ ကြေးမုံကိုတုနိုင်တဲ့ သတင်းစာက မရှိဘူး။ ဦးသောင်းကတော့ တကယ်တော်တဲ့သူ။ စာရေးတာကလည်း ပြတ်ပြတ်သားသားပဲချတယ်။ ဆရာဇဝနတို့ ဦးညိုမြတို့လို ဆောင်းပါးရေးတဲ့သူတွေများလေ ကောင်းလေပဲ။ တချို့စာစီသမားတွေ ဘာတွေလည်း ကျွန်တော် ပင်စင်သွားတော့မှပဲ တွေ့ကြတယ်။ လူဟောင်းတွေက မရှိတော့ဘူး။

ကုသိုလ်ကံလည်းပါတယ်။ အစိုးရကနေ ကိုင်လိုက်တာလည်း ပါတယ်။ ပုဂ္ဂလိကချည်းပဲ လုပ်မိရင်လည်းကောင်း။ အခုတော့ အစိုးရကနေ သတင်းစာတိုက်တွေ ပြည်သူပိုင်သိမ်းလိုက်တော့ အိုးနင်းခွက်နင်းဖြစ်ကုန်ကြတာ။ ကြေးမုံကတော့ တောက်လျှောက် ပြည်သူပိုင်သိမ်းတော့လည်း အင်ပရက်ရှင်ကလည်းကောင်း၊ ရေးတဲ့ဆောင်းပါးရှင်တွေ ကလည်း ကောင်းတာပဲ။ ကျယ်ပြန့်လာလေ လုပ်ငန်းက ရှုပ်လာလေပဲ။ ကြော်ငြာကိစ္စရှုပ်လာမယ်။ ကိုယ်စားလှယ်တွေကိစ္စ ရှုပ်လာတယ်။ ဘာဖြစ်လို့လဲဆို လူတိုင်းမပေးနိုင်တော့ ဘလက်မားကတ် ဖြစ်လာတယ်။ အဲဒီ ဘလက်မားကတ်ကို ကျွန်တော်တို့ ထိန်းရတာပဲ။ ဆောင်းပါးတို့ဘာတို့ကျတော့ ရွေးတဲ့ပုဂ္ဂိုလ်ဆိုပြီး သပ်သပ်ကို ခန့်ထားရတယ်။ ဦးကြီးမောင် (ဆရာဌေဒေါင်း)တို့ ဘာတို့က ရွေးပြီးတော့ ရွေးတဲ့ဟာကို ဆရာဇဝနတို့၊ ဦးသောင်းတို့ကနေပြီးတော့ ဆောင်းပါးရေးတဲ့သူတွေက တော်တော်များတယ်။ ရေးတိုင်းလည်း မထည့်နိုင်ဘူး။ ဆောင်းပါးရွေးတဲ့အဖွဲ့ကနေ ရွေးပေးမှ အဲဒီလိုလုပ်ရတယ်။ စည်းကမ်းတော့ ကောင်းတာပေ့ါ။ အခုဂျာနယ်လေးတွေ ဘာလေးတွေလည်း ကောင်းတယ်။ ဒါပေမယ့် ထိပ်ကမိုးထားတဲ့သူတွေ ရှိနေရင်တော့ ခက်မှာပဲ။

■

❑ အထူးထုတ် စာမျက်နှာ ၁ မှ

စက္ကူလိပ်ကြီးကနေ စက္ကူတွေကို အလိုအလျောက် တစ်ဆက်တည်းလှိမ့်ထုတ်ပေးသွားတော့ တွင်ကျယ်တာပေ့ါ။ စာလုံးတွေကလည်း ခဲစာလုံးမဟုတ်တော့ဘဲ ပထမတစ်မျက်နှာကို စက်နဲ့ရိုက်ပြီး ဓာတ်ပုံကူးသလို ကူးသွားရတာဆိုကိုး။ အဲဒီတော့ ကြေးမုံသတင်းစာ စာမျက်နှာ တစ်ဟုန်ထိုး ခေတ်မီတိုးတက်သွားခဲ့တယ်လို့ ဆိုရပါမယ်။

ဌေပါပဲ။ ဌေရှာနိုင်တော့ ကိုယ်ပိုင်အဆောက်အအုံ၊ ကိုယ်ပိုင်စက်၊ ကိုယ်ပိုင်အယ်ဒီတာအဖွဲ့အစည်းနဲ့ စနစ်တကျ ကျယ်ကျယ်ပြန့်ပြန့် လုပ်နိုင်တာပေ့ါ။ မြန်မာသတင်းစာလောကမှာ သတင်းသမားတွေထဲမှာ အရက်မသောက်တာနဲ့။ ဌေကြေးကိုင်တတ်တာက ခပ်ရှားရှားပဲ။ အဲဒီအထဲမှာ ဦးသောင်းက အရက်မသောက်တတ်ဘူးတဲ့။ ဌေစာရင်းလည်းကိုင်တတ်တယ်။ သတင်းစာဆရာ အများစုက စာပေပညာတော်ပေမယ့် အရက်ကြောင့် ပျက်ရတာ၊ ဌေကြေးစည်းကမ်းမရှိတာတွေကြောင့် ပျက်ရတာများပါတယ်။

ဦးသောင်းဟာ လူတော်တွေကို စုထားနိုင်သူလဲဖြစ်ပါတယ်။ အိုးဝေ ဦးညိုမြ၊ ဆရာဇဝန၊ ဆရာစိန်ခင်မောင်ရီ၊ ဆရာဌေဒေါင်း(ဦးကြီးမောင်)၊ ဦးဝင်းတင်စတဲ့ ဒိတ်ဒိတ်ကြပုဂ္ဂိုလ်တွေကို စုထားနိုင်ခဲ့တာ အံ့သြစရာပါ။ ဦးညိုမြဆိုတာ စစ်ကြီးခေတ်က နိုင်ငံခြားပြန်၊ စာနယ်ဇင်းပညာရှင်ပါ။ ၁၉၄၃ လောက်က အမေရိကန်ပြည်ထောင်စုမှာ သတင်းစာပညာသင်ခဲ့ပြီး မဟာဝိဇ္ဇာဘွဲ့ရခဲ့သူလို့ မှတ်သားရဖူးပါတယ်။

ဦးဝင်းတင်က စစ်ပြီးခေတ်လွတ်လပ်ရေးခေတ်ဦးမှာ နယ်သာလန်နိုင်ငံ အမ္စတာဒမ်မြို့ ဂျမ်ဘာတမ်သတင်းစာကျောင်း(သတင်းစာတိုက်လား) ပညာသင်ခဲ့တဲ့ ထိပ်တန်းပညာရှင်ပဲ။ စာပေဗိမာန်မှာရော အိုးဝေမှာလုပ်ဖူးတာဆိုတော့ စာပေဗိမာန်ဟာ နိုင်ငံခြားပြန်စာနယ်ဇင်းပညာရှင် ဦးထင်ကြီး၊ အိုးဝေက နိုင်ငံခြားပြန် အိုးဝေဦးညိုမြတို့ဆီကလည်း ပညာခံယူခဲ့သူတစ်ဦးပါ။ ဦးကြီးမောင် (ဌေဌေဒေါင်း) က လူပြန်တော်ပညာရှိ အင်္ဂလိပ်စာတတ်သူမဟုတ်ပေမယ့် ဗမာစာ အလွန်နှံ့စပ်အောင်လေ့လာလိုက်စားခဲ့သူဆိုတော့ 'ပညာရှင်' လို့ မပြောချင်တောင်မှ "စာအိုး'လို့ မပြောရင် မဖြစ်သူပါ။

ဆရာစိန်ခင်မောင်ရီက အလွန်ထက်တဲ့ မုံရွာသားပါ။ "ပလိပ်အရာရှိ" ဆိုတဲ့ စာရေးဆရာကြီး ဦးဘသော်ရဲ့ သားတစ်ဦးပါ။ ဆရာကြီးခင်မောင်လတ် (ဒေါ်ခင်မျိုးချစ်)ရဲ့တူအရင်းပါ။ အင်္ဂလိပ်စာရော မြန်မာစာပါတော်တဲ့ ပုဂ္ဂိုလ်ပါ။ တစ်ခုပဲပြောစရာရှိတာက အသောက်အစားများတာပါပဲ။ ဘာပဲဖြစ်ဖြစ် လူတော်တွေချည်း စုထားနိုင်ခဲ့တာကတော့ အမှန်ပါပဲ။

သတင်းစာအမျိုးအစားဆိုတာ အဓိကနှစ်မျိုးရှိတာ အားလုံးသိကြပါတယ်။ "အရိုး"နဲ့ "အဆန်း" ကိုပဲ ဆိုပါတော့။ မြန်မာ့အလင်းက အစဉ်အလာကိုက ရိုးတယ်။ ကြေးမုံက ဆန်းတယ်။ ထွက်ကတည်းက အော်ဟစ်၊ ခုနှစ်ပေါက် ထွက်လာတာပါ။ ဒီပညာက စိန်ခင်မောင်ရီရဲ့ လက်ချက်တွေပဲများ ပါလိမ့်မယ်။ ဦးသောင်းကိုယ်တိုင်ကလည်း "အောင်ဗလ" ဆိုတဲ့ နာမည်တစ်လုံးနဲ့ စာရေးဆရာ၊ ပြဇာတ်ဆရာမဟုတ်လား။ သူတို့အထဲမှာ နေရာမထအလုပ်လုပ်ပြီး သတင်းစာတစ်စောင်လုံးကို ထိန်းကျောင်းနေသူကတော့ ဦးဝင်းတင်ပဲ ဖြစ်တယ်လို့ နားလည်ရပါတယ်။ နောင်အခါ ဟံသာဝတီဦးဝင်းတင်လို့ သမိုင်းတွင်သူတစ်ဦးဖြစ်လာပါတယ်။ မန္တလေးမှာ တစ်စောင်တည်းသော သတင်းစာမှာ တစ်ဦးတည်းသော အယ်ဒီတာကြီးအဖြစ် အထူးပေါ်လွင်ခွင့်ရလာခဲ့ပါတယ်။ ကြေးမုံဝင်းတင်အမည် လုံးဝပျောက်သွားပြီး ဟံသာဝတီ ဦးဝင်းတင်ရယ်လို့ ကျော်ကြားသွားခဲ့ပါတယ်။

ကြေးမုံမှာကျွန်တော်အထူးသတိရနေမိတာက ကြေးမုံကြီးမောင်ရဲ့ စာအုပ်စင်ကဏ္ဍနဲ့ ကာတွန်းလှသိန်းရဲ့ ကြေးမုံနီတိတွေပါပဲ။ ကျွန်တော်နဲ့ လူချင်းတွေ့ကြတော့ "ခင်ဗျားလိုတော့ စာအုပ်ဝေဖန်ရေးတွေမရေးရဲဘူးဗျို့။ စာအုပ်သတင်းလေးလောက်ပဲရေးနေရတာ"လို့ ဦးကြီးမောင်က ပြောဖူးပါတယ်။ ဘာပဲဖြစ်ဖြစ်သူသတင်းပေးတာက ကြီးမားတဲ့စာဖတ်အတွေ့အကြုံနောက်ခံနဲ့ပါ။

ကြေးမုံသတင်းစာက ၁၉၅၇ ခုနှစ်စတင်တည်ထောင်ထုတ်ဝေခဲ့ပြီး ၁၉၆၄ ခုနှစ်မှာ ပြည်သူပိုင်အသိမ်းခံရတာဆိုတော့ နှစ်ပေါင်း ၅၀ ကျော် ၆၀ နီးပါးပဲ သက်ဆိုးရှည်ခဲ့ရပါတယ်။ ဦးသောင်းကတော့ ထောင်ကျပြီး ထောင်ကထွက်တော့ သတင်းစာဆိုင်ရာဌာနခွဲမှာ ဦးနေဝင်းက ညွှန်မှူးလား၊ ညွှန်ချုပ်လား ခန့်ထားခံရပါသေးတယ်။ ပြည်ပမှာ စာအုပ်တွေ လေးငါးအုပ်ထုတ်ဝေတဲ့အထဲမှာ "ဦးနေဝင်း ပြာတဆုပ်ဆို"တာပါတယ်။ နောက်တော့ အမေရိကားကို ထွက်သွားပြီး ပြန်မသွားဘူး။ ပြန်ထွက်ဖို့ကောင်းတယ်။ ကျွန်တော်က အဲဒီတော့မှ ရင်းနှီးခွင့်ကြုံရတယ်။ အရင်က တစ်ကြိမ်ပဲ အဝေးကမြင်ဖူးရုံကြုံဖူးလိုက်ပါတယ်။ ပြည်ပမှာ ဆရာသောင်းရယ်၊ တင်မိုးရယ်၊ ကျွန်တော်ရယ် "သူ့ရဲကောင်းသုံးယောက်" လုပ်ခဲ့ရပါသေးတယ်။ အလံနီလို့သိရပေမယ့် "စွာစွာလန်" ထဲက မဟုတ်။ အလွန်အေးဆေးတည်ငြိမ်သူဖြစ်ပါတယ်။ အရက်လည်း လုံးဝမသောက်ဘူး။ နားလေးလို့ စကားပြောရတာ ခက်ပါတယ်။ ခုတော့ ကျွန်တော် ကိုယ်တိုင်လည်း နားကတော်တော်လေး၊ အချိန်စီးနေပြီဖြစ်လို့ ကိုယ်ချင်းစာရပါတယ်။ ဆရာရဲ့ သတင်းစာဘဝနှစ် 'နှစ် ၆၀' အခမ်းအနားကို ကျွန်တော်တို့ ဝိုင်းဝန်းကျင်းပပေးလိုက်ရဖူးတယ်။ ခုတော့ သူရော၊ တင်မိုးရော၊ မောင်သာရတို့ပါ ကွယ်လွန်သွားကြရပါပြီ။ ကျွန်တော့်ကိုတွေ့တဲ့ မိတ်ဆွေတိုင်းက ဆရာ ကျန်းမာအောင်နေနော်လို့ချည်း နှုတ်ဆက်မှာကြားတာခံနေရလို့စိတ်ညစ်နေရပါတယ်။ တကယ်တော့ ဒီလို သတိပေးကြတာ ကျေးဇူးတင်ရမှာပါ။ ဒါပေမယ့် ကျွန်တော်က ကျန်းမာအောင်မနေဘူးလေ။ ဘာပဲဖြစ်ဖြစ် ကြေးမုံတည်ထောင်သူ သတင်းစာသူရဲကောင်းတစ်ဦးနဲ့ မိတ်ဆွေဖြစ်ခဲ့ရလို့ ဝမ်းသာဂုဏ်ယူရပါ တယ်။

မအောင့်နိုင်လို့ သူနဲ့တွေ့စကအဖြစ်အပျက်တစ်ခု ပြောချင်ပါတယ်။ ပန်းချီဝင်းဖေနဲ့ ကျွန်တော်တို့ သုံးယောက်ခရီးသွားကြရင်း ဆရာက ကျွန်တော့်ကို ဘာပြောတယ် မှတ်သလဲ။ ဆရာကျွန်တော်တို့ မိုးမခမှာ စာရေးခွင့်ပြုဖို့ ပန်ကြားပါရစေတဲ့။ ကောင်းရော၊ ကျွန်တော်ကလေထဲက စာစောင်မှာ အတိုင်ပင်ခံလေ။ သူ့ဆီကို ဆရာကြီးဆီက စာမူမတောင်းရဲပါဘူး။ အားနာလို့ပါ။ စာမူခလည်း တစ်ပြားမှ ပေးမှာမဟုတ်ဘူး။ သူမကွယ်လွန်ခင် မိုးမခ (မောင်ရစ်)ရဲ့လေထဲက စာစောင်မှာ စာတွေရေးပေးသွားခဲ့ရှာပါတယ်။ သူကွယ်လွန်တော့ သူ့ရှိရာအရပ်ကိုလေယာဉ်နဲ့သွားပြီး ဂါရဝပြုလိုက်ပါတယ်။ 'ကြေးမုံ'ဆိုတော့ မှန်မှန်နဲ့လုပ်တာမဟုတ်ဘူးလား။ မကွဲနိုင်ပါဘူး။ ကြေးမုံ ဦးသောင်း ကောင်းရာသုဂတိရောက်ပါစေ။

■

ရန်ကုန်သင်္ကြန် ပြုပြင်ရန်

၁၉၆၉ ခုနှစ် ဧပြီလ ၁ ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ဖော်ပြခဲ့သည့် စာရေးဆရာကြီး သော်တာဆွေ၏ သင်္ကြန်ဆောင်းပါးအား ယနေ့ကြေးမုံပရိသတ်များ သိရှိနိုင်စေရန် မူရင်းရေးသားဖော်ပြမှုပုံစံအတိုင်း တင်ပြလိုက်ပါသည်။

သော်တာဆွေ

ရန်ကုန်သင်္ကြန် သရုပ်ပျက်ခဲ့သည်မှာ ကာလကြာခဲ့လေပြီ။ ကျွန်တော်သည် ၁၉၃၀ ခုနှစ်ကစပြီး ရန်ကုန်ရောက်ခဲ့သည်။ အင်္ဂလိပ်ခေတ်ပေါ့။ ထိုစဉ်အခါ၌ ရန်ကုန်မြို့၏ လူဦးရေက ဤမျှမများသေး။ တရုတ်၊ ကုလား စသည့် လူမျိုးခြားနှင့်ဆိုလျှင် ထက်ဝက်စီဆိုရချေမည်။ အဲသည်တုန်းက လူမျိုးခြားတွေကလည်း ကျွန်တော်တို့ မြန်မာဧလေ့ထဲကို သိပ်ပြီး ဝင်ရောက်စွက်ဖက်ခြင်းမရှိသေးပေ။ သင်္ကြန်ခါဆိုလျှင် မြန်မာများ ရပ်ကွက်ဖြစ်သော အလုံ၊ ကြည့်မြင်တိုင်၊ စမ်းချောင်း၊ ကျောက်မြောင်း၊ တာမွေလောက်သာလျှင် စည်ကားသိုက်မြိုက်၏။

ထိုစဉ်အခါ၌ ရန်ကုန်သင်္ကြန်သည် ရေပက်သိမ်မကြမ်း၊ နှုတ်သရမ်းခြင်းလည်း မရှိသေး။ ရေပက်ခံထွက်ကြသည့် ကားများ ထက် ဧည့်ခံမဏ္ဍပ်က ဂုဏ်ယူသည့်မုန့်ဟင်းခါး၊ ခေါက်ဆွဲ၊ ကြာဆန်ချက်၊ ဖာလူဒါ၊ ကော်ဖီ၊ လက်ဖက်ရည် စသည့် စားသောက်ဖွယ်များကို ကျွေးမွေးကြသည်။

ရေပက်ခံကားတစ်စီး ရေပက်ခံလာပြီ ဆိုပါတော့။ ပထမ ကိုယ့်မဏ္ဍာပ်၌ အစားအသောက်နှင့် ဧည့်ခံလိုက်သည်။ ပြီးမှ ရေပက်ကြ၏။ ယခုလို မီးသတ်ပိုက်ကြီးများ မသုံး၊ ဖလား၊ ပြွတ်၊ ခုပ်ခွက်လောက်နှင့်သာ ကိစ္စပြီးကြသည်။ အချို့မဏ္ဍာပ်မူ ဤသို့ပင် မပက်ကြ၊ ငွေဖလားတွင် သနပ်ခါးရေနှင့် ရေမွှေးစွက်၍ သပြေခက်နှင့် ဆွတ်ဖျန်းကြသည်။

ထိုအခါဝယ် တရုတ်၊ ကုလား စသည့် လူမျိုးခြားတို့က ပါဝင်စွက်ဖက်ခြင်း မပြုသေးပေ။ ယင်းခေတ်၌ ကုလားသည် ကုလား ရပ်ကွက်သတ်သတ်၊ တရုတ်လည်း တရုတ်ရပ်ကွက်သတ်သတ်၊ မျက်နှာဖြူများ ကတော့ အထူးပြောစရာမရှိဘူးပေါ့ခင်ဗျာ။

အဲသည်တုန်းက ရန်ကုန်မြို့မှာ စျေးဝယ်လျှင် ကုလားလိုတတ်ရသည်။ လန်ချားစီးလျှင် ကုလားလိုပြောရသည်။

ဟေ-လန်ချား၊ ခါလီမဲ၊ အောင်နား၊ ဆီးတား၊ တားယားဒိုင်းနား၊ ဂိုမောင်း၊ ရပ်ခိုး ဒါမျိုးတွေတတ်ရသည်။ ဒီလိုမှ မပြောတတ်လျှင် သင့်ကို ကုလားက တောသားပဲဆိုပြီး စျေးပိုတောင်းပေလိမ့်မည်။

ကုလားဆိုင်စျေးဝယ်လျှင်လည်း ကစ်တနားဟဲ့-ကမ်မတီးနိမ်းဟဲ ရေဂရူးပြား၊ ပန်းခြနားဒေကားစသည်များ ပြောတတ်၊ ဆစ်တတ်ရမည်။ အဲဒီလိုမှ ကုလားလို မပြောတတ်ဘူးဆိုပါက တောအမဲပဲဆိုပြီး တွယ်ပြီသာ မှတ်ပေရော့။ အင်္ဂလိပ်လိုပြောလျှင် ပို၍ ကောင်းသည်။ သင့်ကို အထင်ကြီးစွာ လေးစားစွာဆက်ဆံသည်။ ထိုစဉ်မှာ စျေးရောင်းသည့် ကုလား-တရုတ်တို့လည်း အင်္ဂလိပ်လို စျေးရောင်းစျေးဝယ်လောက်တော့ ပြောတတ်ကြသည်သာ။

ယင်းသို့ ရန်ကုန်မြို့ကြီးတည်ရှိခဲ့ရာမှ ဂျပန်ခေတ်ရောက်လာ၊ အင်္ဂလိပ်ပုံးတွေ တဝုန်းဝုန်းချ၊ လူတွေ ဟိုပြေးဒီရောက်ဖြင့် ကျုပ်တို့ ဗမာ၊ တရုတ်၊ ကုလားတို့ စုပေါင်းမိသွားကြကာ လူမျိုးဧလေ့တို့လည်း စပ်ယှက်ကုန်လေသည်။ ထိုခေတ်မှစ၍ တရုတ်၊ ကုလားများ ဗမာသင်္ကြန်တွင် ပါဝင်လာကြသည်။ မပါချင်လို့လဲမနေရ၊ ဗမာက လူမျိုးမရွေး လိုက်ပက်ပြီလေ။

ယင်းမှတစ်ဖန် တိုင်းပြည်လွတ်လပ်ရေးကိုရွှေသောင်းကျန်းသူတို့ထ၊ ကျေးရွာတွေက လူများ ရန်ကုန်မြို့ကြီးလာပြီး ခိုလှုံ၊ မြို့ရန်ကုန်မှာ လူတွေဆတက်ထမ်းပိုး တိုးတက်လာတော့ ဒို့ဗမာများ မဟာသင်္ကြန်ကြီးဟာ ကြီးသည်ထက်ကြီးလာ ကြမ်းသည်ထက် ကြမ်းလာခဲ့ရာ ယခုအခြေမှဖြင့် နှုတ်အာသရမ်းကြပုံက တောင်ပြုံးပွဲတော်ကို ဝင်နေချေပြီ။ ကျားနှင့် မ မလျော်သော စကားများကို ပြောဆိုကုန်ကြသည်။ မြန်မာ့ယဉ်ကျေးမှုကြီးဟာ မြန်မာ့ရိုင်းစိုင်းမှုကြီး ဖြစ်နေချေပြီ။

စူးစမ်းကြည့်ကြစမ်းပါ။ သင်္ကြန် ရေပက်ကြတဲ့လူတွေ စိတ်ထားကိုက ရေပက်ခံရတဲ့သူအပေါ်မှာ မေတ္တာ စေတနာမရှိ၊ ငါ့ရေဇာ်ကို ဒင်းမခံနိုင်ပါစေနှင့် ၊ မချိမဆံ့ဖြစ်သွားပါစေ၊ ကျောကွဲသွားပါစေ၊ အမျိုးသမီးလေးများ ဆိုလျှင် အင်္ကျီစုတ်ပြဲသွားပါစေ၊ ထမီကျွတ်သွားပါစေဟူသော ကြိုးပမ်းမှုဖြင့် သဲသဲမဲမဲလုပ်ကြခြင်းဖြစ်သည်။ အရပ်ထဲရေပက်သည့် ကလေးတွေကအစ ဤစိတ်ဓာတ်မျိုးဝင်သည်။

ကြည့်စမ်းပါဦး ရေပက်ခံရာကားပေါ်တွင် မိန်းကလေးတွေနှင့်အတူပါသော တဘက်ခြုံလူများကို အချို့က သူတို့အချင်းချင်း ပြောကြသည်။ ကာနယ်ကြီးတွေတဲ့၊ ဤအဓိပ္ပာယ်ကိုရှင်း၍ မကောင်းပါ။ အများနားလည်ကြပါသည်။ မသိလဲနေကြပေရော့။

စင်စစ် ယခု ရန်ကုန်သင်္ကြန်သည် စိတ်ယုတ်မာ မွေးမြူပေါက်ဖွားရာ၊ ကိုယ်နှုတ်ရုန့်ရင်းကြမ်းတမ်းရာ ပွဲတော်ကြီးဖြစ်နေသည်။ ယင်းကို နှစ်သက်သူများထက် မနှစ်သက်သူများက များကြသည်။ မည်သို့ခွဲခြားသနည်းဟူမူ နှစ်သက်သူများက သူတို့ကိုယ်တိုင် ရေပက်ကြသည်။ ရေပက်ခံထွက်ကြသည်။ မနှစ်သက်သူများကား ယင်းအမှုတို့ကို ရှောင်ကြဉ်ကြသည်။

သို့သော်ယင်းသို့ မကောင်းမှုစရိုက်ကို သူတို့နှစ်သက်တိုင်း လက်ပိုက်ကြည့်နေ၍ မဖြစ်ပေ။ သက်ဆိုင်ရာတာဝန်ရှိသူတို့သည် မြန်မာ့ယဉ်ကျေးမှုအတွက် တားဆီးသင့်သည်။ မည်သို့မည်ပုံ မပြုရ၊ မပြောမဆိုရဟုပိတ်ပင်ညွှန်ကြား၍ ပညာပေးသင့်သည်။

ယင်းသို့ သူတို့ ကြမ်းကြ၊ ရမ်းကြခြင်းဖြင့် တိုက်ရိုက်အကျိုးသက်ရောက်သည်ကတော့ အချင်းချင်းရိုက်နှက်ထိုးခုတ်မှုတွေ ဖြစ်တတ်သည်။ သုံးရက်မျှ အပျော်ကြူးလိုက်သော ရေဇာ်၊ နေဇာ်၊ လေဇာ်တို့ဖြင့် အချို့ ချက်ချင်းဖျားကြသည်။ အချို့နောက်မှ တဖြည်းဖြည်းရောဂါရသည်။

ယခုလောလောဆယ်အားဖြင့် တားမြစ်သင့်သည်မှာ မီးသတ်ပိုက် မီးသတ်ရေများဖြင့် ရေပက်ခြင်းခွင့်မပြုသင့်ပါ။ တမင်တကာ ရေပက်ခံထွက်လာသူများမှလွဲ၍ အခြားခရီးသွားများ၊ ဘတ်စ်ကား၊ မီးရထားနှင့် မော်တော်ကားများကို ရေမပက်ကြရန် လေးနက်စွာတားမြစ်သင့်ပါကြောင်း။

သင်္ကြန်တွင်းမှာ ရေပက်မခံချင်ဘဲနှင့် မလွှဲမရှောင်သာ၍ သွားလာကြရသူများ ရှိပါသည်။ ■

ကြေးမုံသတင်းစာကို စတင်ထုတ်ဝေစဉ်အခါက ပုဂ္ဂလိကသတင်းစာတစ်စောင်အဖြစ် ထုတ်ဝေခဲ့သည်။ ထိုစဉ်က ကြေးမုံဦးသောင်း(အောင်ဗလ)နှင့် ဆရာစိန်ခင်မောင်ရီတို့ ဦးစီးဦးဆောင်ပြု၍ ဆရာဇနတို့လည်း တွဲဖက်လုပ်ဆောင်ခဲ့ကြသည်။ အဆိုပါခေတ်ကြေးမုံတွင် ပင်တိုင်ဆောင်းပါးရှင်များဖြစ်ကြသော ဆရာညီမြ၊ ဆရာဇဝန၊ ဆရာဌေဥဒေါင်းတို့ ဆောင်းပါးများက မြိုင်မြိုင်ဆိုင်ဆိုင် အားကောင်းလှသလို သတင်းများမှာလည်း ခပ်သွက်သွက် သတင်းဦး သတင်းထူးများဖြစ်နေတတ်သည်။ ကြေးမုံသတင်းစာသည် ထိုခေတ်ကပင် စောင်ရေသောင်းချီရောင်းရသော ထိပ်တန်းသတင်းစာတစ်စောင်ဖြစ်ကာ ပြည်သူ့ပိုင်သိမ်းပိုက်ပြီး နောက်ပိုင်းပုဂ္ဂလိကသတင်းစာများ ရပ်ဆိုင်းသွားသည့်အချိန်တွင် ကြေးမုံသတင်းစာ၌ ဆောင်းပါးရှင်များ ဆက်လက်ရေးသားကြသောကြောင့် လူစိတ်ဝင်စားသော အားပေးမှုအများဆုံးသတင်းစာတစ်စောင်အဖြစ် ဆက်လက်ရပ်တည်ခဲ့သည်။ ထို့နောက်တွင် ကြေးမုံသတင်းစာအာဘော်ကို ဝင်ရောက်စွက်ဖက်မှုများ ရှိလာခဲ့ပြီး ၁၉၈၈ နောက်ပိုင်းတွင် ကြေးမုံနှင့် မြန်မာ့အလင်းသတင်းစာနှစ်စောင်သာ အစိုးရပိုင်သတင်းစာနှစ်စောင်အဖြစ် ဆက်လက်ထုတ်ဝေခဲ့သည်။
ယခုဧပြီ ၁၆ရက်တွင် ကြေးမုံသတင်းစာထုတ်ဝေခဲ့သည်မှာ ၅၉ နှစ်ပြည့်မြောက်ပြီဖြစ်သည်။ ယခုတစ်ဖန် အသွင်သစ်အမြင်သစ်ဖြင့် ထုတ်ဝေလျက်ရှိသော ကြေးမုံသတင်းစာ ၅၉ နှစ်မြောက်အမှတ်တရအဖြစ် ကြေးမုံစတင်ထူထောင်စဉ်ကပင် တစ်တပ်တစ်အားပိုင်းဝန်းပါဝင်ဆောင်ရွက်ခဲ့ကြသူများကို မေးမြန်း၍ ပြန်လည်ဖော်ပြလိုက်ပါသည်။

အဲဒီအချိန်က သတင်းစာက သွက်တယ် သတင်းစာအင်္ဂါနဲ့ ပြည့်စုံတယ်

တွေ့ဆုံမေးမြန်း - ခင်ဘုန်းသွယ်
ဓာတ်ပုံ - နေခ၊ မျိုးမင်းစိုး

ကြေးမုံနှစ်(၅၀)ပြည့်နေ့တွင် တွေ့မြင်ရသည့် ကြေးမုံသတင်းစာဆရာဝိုင်းတော်သားများ။

ဟန်ဂေရီ ဦးကိုကိုကြီး

ကြေးမုံကတော့ အခုဆိုရင် ၅၉ နှစ်တောင် ပြည့်တော့မယ်။ တို့လုပ်တာက ပြည်သူ့ပိုင် သိမ်းပြီးမှလုပ်တယ်။ ၆၅ မှာ သတင်းစာတိုက်တွေမှာ အင်အားလိုလို့ဆိုပြီး အပြင်မှာရှိနေတဲ့ စာနယ်ဇင်းသမားဟောင်းတွေ၊ သတင်းစာ ဆရာဟောင်းတွေကိုခေါ်တယ်။ အဲဒီအချိန်က ပုဂ္ဂလိကသတင်းစာအတော်များများက ရပ်သွားကြတဲ့အခါကျတော့ အပြင်မှာ သတင်းစာဆရာ လူဟောင်းတွေက အများကြီးပေါ့။ အဲဒီမှာ တို့က ဝင်လျှောက်တော့ အခု ကန်တော်လေး အထကပေါ့။ အဲဒီမှာ စာမေးပွဲစစ်တယ်။ အဲဒီက ရွေးလိုက်တော့ ၆၅ အကုန် ၆၆ မှာ ကြေးမုံကို ရောက်သွားတယ်။ သတင်းထောက်ပေါ့။ အဲဒီမှာ အပြင်ရောက်နေတဲ့ သတင်းစာသမားတွေ အများကြီး ပြန်ရောက်လာကြတယ်။ အဲဒီအချိန်က ကြေးမုံမှာ ဆရာဇဝနက အယ်ဒီတာချုပ်။ ဦးဝင်းတင်က အမှုဆောင်အယ်ဒီတာ။ ၇၀ မတိုင်မီ ၆၈၊ ၆၉ လောက်မှာ အစိုးရက သတင်းစာသင်တန်းဖွင့်တယ်။ အဲဒီကနေပြီးတော့ ၇၀ပြည့်နှစ်မှာ ဟန်ဂေရီနိုင်ငံကို သတင်းစာပညာသင်ဆိုပြီး ရွှေးချယ်ခံရတော့ သွားရတယ်။ ကျွန်တော်နဲ့ ဗိုလ်မှူးစောမြင့် (သတင်းစဉ်မှာ အယ်ဒီတာချုပ်)နဲ့ ကိုးလ သင်တန်းတက်ရတယ်။ ၇၄ လောက်မှာ မန္တလေး ဟံသာဝတီသတင်းစာကို ပြောင်းရတယ်။ မန္တလေးမှာ လေးနှစ်ကျော် ငါးနှစ်လောက် လုပ်ရတယ်။ အဲဒီတုန်းက ဦးဝင်းတင်က အယ်ဒီတာချုပ်။ ဦးဝင်းတင်လက်အောက်မှာ အလုပ်လုပ်ရတယ်။ အဲဒီကနေ တကျော့ ပြန်ပြောင်းလာတော့ မြန်မာ့အလင်းကို ပြန်ပြောင်းလာရတယ်။ နှစ်နှစ် သုံးနှစ်ကြာတော့ လုပ်သားပြည်သူ့နေ့စဉ်ကိုပြောင်းချပြီး နောက်မှ မြန်မာ့အလင်းပြန်ရောက်ပြီး ၈၇ လောက်မှ ကြေးမုံကို ပြန်ရောက်တာ။ အဲဒီအချိန်ကျတော့ အယ်ဒီတာချုပ်က ဗိုလ်မှူးကြီး ခင်မောင်အေးခေတ် ရောက်သွားပြီ။ အဲဒီမှာ ဒုတိယအယ်ဒီတာချုပ်တာဝန်နဲ့ လုပ်ခဲ့ရတယ်။ လုပ်ရင်းနဲ့ ၈၈ အရေးအခင်းမှာ သတင်းစာတွေ သပိတ်မှောက်ဖို့ ကျွန်တော်ကဦးဆောင်ပြီးတော့ စည်းရုံးတာ။ အကုန်လုံးတိုက်ပေါင်းစုံသတင်းစာတိုက်တွေ ပါလာပြီးတော့ ဆန္ဒပြတယ်။ မိန့်ခွန်းတွေ ပြောကြ ဘာညာနဲ့လုပ်တော့ အဲဒီလူပ်ရှားမှုကာလ အပြီးမှာ တာဝန်ကရပ်စဲခံရတယ်။ ထောက်လှမ်းရေးက ခေါ်စစ်ပြီးတော့ သဘောထားတွေမေး ဘာတွေမေးပြီးတော့ ဖြုတ်ပါဆိုပြီး ဝန်ကြီးဌာနကို စာပို့လိုက်တယ်။

အဲဒီမှာ သတင်းစာတွေ အကုန်လုံးရပ်သွားပြီးမှ တို့ကိုခေါ်သွားတာ ရက် ၂၀ လောက်ကြာတယ်။ ပြန်လွှတ်လိုက်ပြီးတော့ ကံကောင်းချင်တော့ ဝန်ထမ်းတစ်ယောက်ကိုအပြစ် နှစ်ခါ မပေးရဘူးဆိုတဲ့ မူရှိတော့ ပင်စင်လေးရတယ်။ အပြင်ရောက်လာတော့ အားကစားဂျာနယ်တို့ ဘာတို့မှာ လုပ်တယ်။

စာမျက်နှာ ၂ ကော်လံ ၁ သို့ ○

တက္ကသိုလ်ဝင်တန်းပေးခွန်းပုံစံသည် ယခုနှစ်(၂၀၁၆)ပုံစံအတိုင်းတတ်သိနားလည်မှုကို စစ်ဆေးသော ဉာဏ်စမ်းပေးခွန်းများကိုသာပေးတော့မည်ဖြစ်သည်။
ဒီလိုပေးခွန်းများကိုဝင်ဖြေနိုင်ရန် N-3 ကျောင်းတွင် ပညာသင်ကြားပါ။

ဦးဉာဏ်လွင် (ရူပဗေဒ)
ဦးညီညီ (ဓါတုဗေဒ)
ဒေါက်တာဂီဝ (ဇီဝဗေဒ)

N-3
ကိုယ်ပိုင်အထက်တန်းကျောင်း နှင့်
အဆင့်မြင့်ထူးချွန်ရေးဘော်ဒါ

၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် မေလ(၃)ရက် ဖွင့်မည်။

သင်ကြားတည်ထောင်ဖွင့်လှစ်သော...
ကျောင်းအပ်လက်ခံပြီ

အမှတ်(၁၃၄)လွတ်လပ်ရေးလမ်း။ သုဝဏ္ဏစေတီအနီး။ သယံန်းကျွန်းမြို့နယ်။
Ph: 01-577874, 09-73180267, 09-421167047, 09-420046938

အိမ်ခြံမြေ သင်တန်း

ဝဇ္ဇာဝေဇ ၄ဝ၄ဃ
fb, PAGE kyisoeic

သွေးသည်အသက်

MYANMAR INSTITUTE OF EDUCATION

BBA EMBA

ENROL NOW! CALL US!
09254045682
01667009
09972656540
(သမိုင်းလမ်းဆုံ)

- BA (Hons) Business Administration
- သင်တန်းကာလ (၃)နှစ်
- ၁တန်းဖြေဆိုအောင်မြင်ပြီးသူ/ HND or ABE level 5 ကို အောင်မြင်ပြီးသူများ
- သင်တန်းပြီးဆုံးပါက International Business Academy of SCANDINAVIA, Switzerland မှ ဘွဲ့လက်မှတ်ကို ရရှိပါမည်။

- Executive Master of Business Administration
- April လတန်းခန့်
- ၀၂ လ သင်တန်း
- ဘွဲ့တစ်ခုရ ရရှိထားသူ (သို့) အလုပ်အကိုင်အတွေ့အကြုံရှိသူ
- Installment Payment Available
- သင်တန်းပြီးဆုံးပါက AeU မှ ပေးအပ်သော ဘွဲ့လက်မှတ်ကို ရရှိပါမည်။

ဖြည့်တွင်းမှသတင်းယူပြီး မေလရောက်(သို့)ဇွန်ဆလက်မှ ဆက်သွယ်ရမှာဖြစ်၊
You can email us at info@myanmarinstitutefoeducation.com

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)မှ ယာယီအိမ်ရှင်အဖြစ်ဆောင်ရွက်၍ ဆောက်လုပ်ခဲ့သော တိုက်ရိုက် တိုက်ခန်းအား ကန်ထရိုက်တာထံမှ တစ်ဆင့်ဝယ်ယူပြီး အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် စာချုပ်ချုပ်ဆိုခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
၁။	ဦးအောင်မြင့်(LC-202) ရတနာ၁မြိုင်ဆောက်လုပ်ရေး(မှ) ဦးကြည်ရွှေ K/RGN-၀၃၀၆၂၂၈(မှ)	ဒေါ်သန်းတင် [၈/မသန(နိုင်)၀၁၁၇၃၆] ဦးမိုးမြင့်အောင် [၁၂/ပဘတ(နိုင်)၀၁၅၂၄၃]	တိုက်အမှတ်(၅၂)၊ အခန်းအမှတ်(၇)လွှာ-ဘီ၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

အများသိစေရန်ကြေညာချက်

